
www.burmeseclassic.com



# နုတ်သမီး

လရောင်သေညများစွာထဲမှာ

GRAPHIC DESIGN THEIN SHWE KYI

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်နီ (မြ-၀၄၅၀၆) (ဖူးစာပေ)
အမှတ်- ၅၂၈(က) အင်းဝ (၄)လမ်း၊
(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးတင့်ရှင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
နတ်သမီး
လရောင်သေညများရွာထဲမှာ
ဖူးစာပေ ၊ ၂၀၁၄။
၂၇၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) လရောင်သေညများရွာထဲမှာ

## အခန်း (၁)

တကယ့်ကို မမျှော်လင့်သောဆုံတွေ့မှုပဲ ဖြစ်သည်။ ဒီလိုနေရာမျိုးမှာ သူမနှင့် ပြန်ဆုံတွေ့မည်ဟု သူ ဘယ်တုန်းကမှ မျှော်လင့်မထားပါ။

အညိုရောင် ဆံပင်ဖြောင့်စင်းစင်းတွေက ကျောလယ်သာသာလောက် ပိုရှည်လာတာကလွဲရင် သူမသည် အရင်အတိုင်း မပြောင်းလဲပါ။

မြရိပ်ညို၏ ကော်ဖီဘားလေးမှာ သူ ဝင်လာတော့ သူမကို ကော်ဖီသောက်နေတာ တွေ့လိုက်သည်။ အဖော်မပါဘဲ တစ်ယောက်တည်းထိုင်နေသော သူမရဲ့စားပွဲဝိုင်းလေးဆီကိုပဲ သူ တည့်မတ်စွာ ဦးတည်သွားမိသည်။

သူ့ကိုမြင်တော့ အကဲခတ်ရခက်သော သူမ မျက်ဝန်းတွေလည်း အံ့ဩစိတ်နှင့် တောက်ပသွားခဲ့သေးသည်။ ပြီးမှ ပန်းဆီရောင်ဖျော့ဖျော့

www.burmeseclassic.com



နှင့် လှပသော နှုတ်ခမ်းတွေ လွန့်ခနဲပြုံးကာ

"ထိုင်လေ"

သူမ ခွင့်ပြုချက်အဆုံးမှာ သူလည်း ဝင်ထိုင်ပြီးဖြစ်နေခဲ့သည်။ သူ့နှုတ်က ဘာစကားမှ မဆိုနိုင်ခဲ့တဲ့ သူမမျက်နှာကို အတော်ကြာအောင်စိုက်ကြည့်နေမိ၏။

မျက်ခုံးစိမ်းစိမ်းတန်းတန်းလေးအောက်က မျက်ဝန်းတွေက စွဲဆောင်မှုတို့အပြည့်ရှိနေဆဲ။ နှာတံလေးက ချွန်မြနေတာမဟုတ်တဲ့ ကြည့်ကောင်းပေါ်လွင်သည်။ အစက်အပြောက်တို့ကင်းစင်နူညက်သော မျက်နှာလေးက ဟိုးအရင်ကလိုပဲ ငေးကြည့်စရာ ကောင်းနေဆဲ။

သူ့ကို ခံရခက်အောင် လုပ်နိုင်စွမ်းသော သူမ နှုတ်ခမ်းလေးတွေ မထီတရီ ပြုံးရိပ်သမ်းသွားခဲ့ကာ

"ရှင် တကယ် မပြောင်းလဲဘူး"

အက်ရှရှ အသံက အရင်လို သူ့နားထဲမှာ နာခံရခက်ဆဲ ဖျတ်ခနဲ အသိတရားတို့ စုစည်းမိချိန်မှာ သူမကတော့ သူ့ကို တရင်းတနှီးစကားတွေ စတင်ပြောလာသည်။

"မတွေ့တာ ကြာပြီနော်၊ အခုဘယ်မှာနေတာလဲ၊ ဘာတွေလုပ်နေလဲ၊ အရင်လို တေတေပေပေနေတုန်းလား အဟင်း"

ပြောင်သလို နောက်သလို သူမရယ်မောရင်း မေးသောမေးခွန်းတွေကို သူ အပြုံးယဲ့ယဲ့လေးနှင့်တုံ့ပြန်ရင်း

"ဒီလိုပါပဲ ဒါနဲ့ မင်းအမျိုးသားရော"





သူ့ အမေးကို သူမ ပခုံးတွန့်ပြုံးရင်း

"ကိုယ် အခုချိန်ထိ Single ပဲ"

သူမရဲ့ မပြောင်းလဲသေးသော နှမ်စား 'ကိုယ်'ဟု သုံးစွဲပြောဆိုသံကို ပြန်ကြားတော့ မဝေးသေးသော အတိတ်က အဖြစ်တွေကို ပြန်သတိရမိသေးသည်။ လှပချောမောမှုနှင့်အတူ သူမရဲ့ မထီတရီ အပြုံးတွေကို ပြန်အမှတ်ရမိစေ၏။

တစ်ဖက်သားသူ့ ခံရခက်အောင် ပြောဆိုတတ်သော နှုတ်ခမ်းလေး တစ်စုံနှင့် 'ညအလင်း' ဆိုသော သူမသည် ခင်မင်စရာကောင်းပြီး သူ့အပေါ်မှာ လွှမ်းမိုးခဲ့တာ သူ့ပဲ အသိဆုံးဖြစ်သည်။

နှစ်ဦးကြားမှာ တိတ်ဆိတ်ခြင်းတွေဖြင့် စက္ကန့်အတော်ကြာအောင် ငြိမ်သက်သွားခဲ့ကြသည်။ သူမ အတွေးတွေလည်း အတိတ်ကို ပြန်အလည်ရောက်သွားခဲ့သည်လား။

ခဏကြာတော့ သူမကပဲ စားပွဲပေါ်က လက်ကိုင်အိတ်ကို သိမ်းယူရင်း

"ကိုယ်သွားတော့မယ်"

ပြောရင်းထရပ်တော့ သူ မော့ကြည့်မိသည်။ မျက်တောင်ရှည်တော့ကြီးတွေ ကာရံသော မျက်ဝန်းတွေကို ငေးစိုက်ကြည့်ကာ တစ်ခုခုပြောချင်သည်။ ဒါပေမဲ့ စကားသံတွေက နှုတ်ဖျားမှာ တွန့်ဆုတ်နေသည်။

"ဪ ကိုယ်ကပဲစပြီး တောင်းဆိုချင်တယ်"

သူ့ထက်စာလျှင် သူမကတော့ တည်ငြိမ်စွာ စကားတွေဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။ အခုလည်း သူမ တောင်းဆိုချက်ကို သူ နားထောင်သူသက်သက်ပဲ ဖြစ်နေခဲ့၏။

"အခုချိန်မှာ ရှင်ဘက်က အခြေအနေကို ကိုယ် ဘာမှမသိချင်တော့ဘူး၊ နောက်ဆုံး ကိုယ်တို့ ခွဲခွာခဲ့ကြတဲ့နေ့ကစပြီး ကိုယ်တို့ မသိခဲ့ကြဘူးလို့ပဲ မှတ်လိုက်ပါ။ ဒီနေရာမှာလည်း သူငယ်ချင်းတွေအဖြစ် ကိုယ်တို့ ပြန်မဆုံချင်တော့ဘူး"

စကားအဆုံးမှာ သူမ သူ့ကို ကျောခိုင်းထွက်သွားခဲ့သည်။ အနီရဲရဲ အင်္ကျီအကျပ်လေးနှင့် ပြေပြစ်လှပသော သူမရဲ့ ခန္ဓာကိုယ်လေးက မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်စွာရှိသည်။

သူ့ရင်ထဲမှာတော့ ကြေကွဲဝမ်းနည်းစွာ ခံစားနေရသည်။

တစ်ခါတုန်းကလည်း ဒီလိုပဲ သူမနှုတ်က စိမ်းပြတ်စွာ ပြောဆိုသွားခဲ့တာ ဖြစ်သည်။

သူ့ရင်ဘတ်ထဲမှာ စူးခဲ့သော ဆူးတစ်ချောင်းကို မနှုတ်ခဲ့သည့် အဖြစ်ကိုတော့ နောင်တရလိုက်မိ၏။

ပြန်မဆုံချင်ဘူးတဲ့လား ညအလင်းရယ် ...။

■ ■ ■

## အခန်း (၂)

"ဒါ ငါတို့မြို့က ညအလင်းတဲ့ ဒုတိယနှစ် အီကိုမှာတက်နေတာ"

နောင်ထွေးက မိတ်ဆက်ပေးလာတာ ဖြစ်သည်။ သူနှင့်နောင်ထွေး လက်ဖက်ရည်ဆိုင်ထဲအဝင်မှာ သူမက တစ်ယောက်တည်း ထိုင်နေ၏။

အခြားစားပွဲတွေလည်း ဝိုင်းလွတ်မကျန်အောင် လူပြည့်နေသောကြောင့် ညအလင်းရဲ့ ဝိုင်းမှာ နောင်ထွေးနှင့်သူ ဝင်ထိုင်ဖြစ်ကြသည်။

"ညအလင်း၊ သူကငါနဲ့ တစ်ခန်းတည်း Second Civil ကပဲ ကျော်ညီညာ တဲ့"

သူမ မျက်ဝန်းအကြည်တွေ သူ့ဆီ ဦးတည်လာကာ နှုတ်ခမ်းတွေက လွန့်ခနဲပြုံးသွားပြီးမှ

"မန္တလေး အဆောင်ရှေ့မှာ ဆယ့်တစ်နာရီ ဂျူတီဝင်လေ့ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာ လောင်းလျာလေးပါလား''

သူမစကားကြောင့် သူ နည်းနည်းတော့ ရှက်ရွံ့သွားမိသည်။ မန္တလေးအဆောင်မှာ ညဘက်စစ်တာတီးတာကို သူမ သိနေသည်ကိုး။

တစ်စက်သားကို လှောင်ရိပ်တို့သမ်းသော မျက်ဝန်းတွေနှင့် ကြည့်တတ်သော သူမကို အလေးအနက်မထားသလို သူ သောက်လက်စ လက်ဖက်ရည်ကို ငုံသောက်နေလိုက်သည်။

တစ်ဆိုင်လုံး ခြုံကြည့်လျှင် ယောကျ်ားလေး ဦးရေသာများသော ဒီနေရာမှာ သူမ တစ်ယောက်တည်း ထိုင်နေရဲသည့် ရဲတင်းလှသော စိတ်အခြေအနေကို သူ မှန်းဆမိပြီး စိတ်ပျက်ချင်မိ၏။

"နင် ရိုးမထဲက အဆောင်မှာပဲလား"

နောင်ထွေး အမေးကို သူမ ခေါင်းညိတ်ဖြေလျက် အသောက်အစားမပျက် ရှိနေသည်။ သူ့ရှေ့မှာ ရှိနေသော ရေနွေးဓာတ်ဘူးကို မသိမကမ်း လှမ်းယူနေတာမို့ သူက အလိုက်တသိ ဘူးကိုလှမ်းယူ ငှဲ့ပေးဖို့ ပြင်တော့

"ရပါတယ် ကိုယ့်ကို ရေနွေးဘူးသာ ကမ်းလိုက်ပါ"

စေတနာကို အလိုက်ကမ်းဆိုး မသိပြင်းပယ်သော သူမကို သူ နည်းနည်းတော့ ချဉ်သွားမိသည်။ မကောင်းတတ်တာမို့ ဓာတ်ဘူးကို ကမ်းပေးလိုက်တော့ သူမဘာသာ ငှဲ့ထည့်နေသည်။

ဖြူသွယ်သော လက်ချောင်းလေးတွေမှာ လက်သည်းနှဲ့လေးတွေက ပန်းရောင်သမ်းလျှက် တိတိပပ ညှပ်ထားတာ သူ သတိထားမိသည်။

မိုးမိုး ၁၁၄၂



"စာမေးပွဲပြီးရင် နင်တို့ field ဆင်းရဦးမှာပေါ့"

နောင်ထွေး အမေးကို သူမ ခေါင်းတစ်ချက် ညိတ်ပြရင်း

"အေး field စရိတ်တောင် မရှိသေးဘူး၊ နင့်ဆီက ချေးရဦးမယ်"

နောင်ထွေးကို ပြောရင်း ရေနွေးကြမ်းကို မော့သောက်မလို ပြုပြီးမှ ဆိုင်ထဲဝင်လာသော ခေါင်းတုံးဆံပင်ပေါက်နှင့် ယောကျ်ား တစ်ယောက်ကို လှမ်းခေါ်၏။

"ဟော့ကောင် အီးစီ"

သူမအသံက ကျယ်သလို နာမည်မဟုတ်တဲ့ နာမည်ပြောင်လို ဖြစ်တာမို့ ဆိုင်ထဲက တချို့တောင် လှည့်ကြည့်ကြသည်။ သူမကတော့ ဘာကိုမှ အလေးထားပုံမရပါ။

"ဟာ ဟော့ကောင် ညအလင်း၊ မင့်ကဒီရောက်နေတာကိုး ဟိုကောင် ကျော်မျိုး မင်းကို လိုက်ရှာနေတယ်"

"ဟုတ်လား ရှာပစေ တမင်ရှောင်နေတာ ဒီကောင်ကိုယ့်ဆီက ပိုက်ဆံချေးချင်လို့ ရှာနေတာ"

"ဟုတ်လား ကောင်းတယ် ဒီကောင့်ကို ပညာပေးထားလိုက်"

ယောကျ်ားလေး သူငယ်ချင်းတွေနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းတတ်ပုံရသော ညအလင်းသည် ယောကျ်ားလျှာ စိတ်ပေါက်နေသူလား ဟု သူထင်မိသေးသည်။

ဒါပေမဲ့ သူမ ဝတ်စားဆင်ယင်ထားပုံကတော့ တကယ့် မိန်း

မိုးမိုး ၁၁၄၂

www.burmeseclassic.com

www.burmeseclassic.com



[illegible]နေခဲ့ပါသည်။

[illegible]ကြည်လင်သော မျက်နှာလေးက ဘာမှ ခြယ်သမထား [illegible]စ်တာ ပခုံးသာသာရှည်သော ဆံပင်အညိုတွေနှင့် [illegible] ပေကြည့်ကောက်သော ခန္ဓာကိုယ် အချိုးအစားကိုလည်း [illegible]ထားသူပါပဲ။

အခုမှ နောင်ထွေးရဲ့ မိတ်ဆက်ပေးမှုနှင့် ဆုံတွေ့ရသော သူ့အတွက်တော့ သူမက တခြားမိန်းကလေးတွေနှင့်မတူ ထူးဆန်းနေသည်။

တစ်မြို့တည်းသားချင်းဖြစ်သော နောင်ထွေးကတော့ ဘာမှ မထူးဆန်းသလိုရှိသည်။ အခုလည်း သူမက နောင်ထွေးကို လှည့်မေးနေ၏။

"နောင်ထွေး နင်ကော လိုက်ဖက်ညီတဲ့ အဖော်မရှိသေးဘူးလား"

"မတွေ့သေးပါဘူးဟာ"

"ဟဲ့ ဘာမတွေ့ရမှာလဲ၊ နင်ရှာရမှာ နင်ရဲ့စံချိန်နဲ့ ညှိုင်းယှဉ်ပြီး ပိုက်စိပ်တိုက်ရှာသင့်တယ်၊ နင်ကလည်း မညံ့စမ်းပါနဲ့၊ ဘယ်သူမှ အလိုလို လာမတွေ့ဘူး၊ ဖူးစာရေးနတ်ဆိုတာကလည်း ဟိုး ပုံပြင်ထဲမှာ ကျန်ရစ်ခဲ့ပြီ အိုးစီတို့ ကျော်မျိုးတို့ဆို အတွဲလေးတွေနဲ့၊ နင် အားမကျဘူးလား နောင်ထွေးရာ"

ဆိုင်ထဲမှာ ကိုယ့်တစ်ဝိုင်းတည်း ရှိသလို သူမက ပြောချင်တာပြောသည်။ ရယ်စရာကိုလည်း ဟန်ဆောင်မထားဘဲ ရယ်သည်။





သူမှာတော့ သူတို့နှစ်ယောက်ပြောတာ နားထောင်ရင်း ကျောက်ရုပ်လို ရှိနေ၏။

"ငါ့ကိုပဲ ပြောမနေပါနဲ့၊ မင်းကရော စံချိန်မီတဲ့သူ မတွေ့သေးဘူးလားကွ ညအလင်းရဲ့"

နောင်ထွေး အမေးကို သူမ ခေါင်းလေးခါကာ ရယ်နေသည်။ ညီညာသွယ်တန်းသော သွားလေးတွေနှင့် အရယ်မျက်နှာလေးက နှစ်သက်စရာ ကောင်းပါသည်။

"ငါလား အဲဒီ သုခချောက်ထဲ ခုန်ဆင်းနည်းဆိုတဲ့ စာအုပ်တစ်အုပ်ရေးနိုင်ဖို့ အနီးကပ် သမ္မာရင့် ပုဂ္ဂိုလ်တွေကို လိုက်လေ့လာနေတာဟ အဟင်း"

နောင်ထွေးကိုပြောရင်း သူ့ဘက်ကိုလည်း မျက်စပစ်လိုက်တာမို့ သူ ဒီတစ်ခါတော့ မျက်မှောင်ကုပ် ပြန်ကြည့်ပစ်လိုက်ရင်း

"ခင်ဗျား ကျွန်တော့်ကို ခုလုတ်တိုက်နေတာလား၊ ခင်ဗျားနဲ့ ကျွန်တော် ဘာရန်ငြိုးမှ မရှိခဲ့ပါဘူးနော် ညအလင်း"

"မိတ်ဆွေတစ်ရာရှိက နည်းသေးသည်၊ ရန်သူတစ်ယောက်ရှိလျှင် များလှပြီတဲ့ ကိုယ်က အဲဒီစကားပုံအတိုင်းပဲ ကျင့်ကြံတာ ဘယ်သူမှ ရန်ငြိုးမဖွဲ့ပါဘူး ကဲ ကဲ လစ်တော့မယ်"

သူ့ကိုပြောပြီး ပေါင်ပေါ်တင်ထားသော ကျောပိုးအိတ်ထဲ လက်နှိုက်ကာ ငွေရှင်းဖို့ သူမကြံစည်တော့ နောင်ထွေး လက်ကာပြရင်း

"မရှင်းနဲ့ ငါရှင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ဒါဆိုလည်းပြီးရော အခုလောက်ဆို ကျော်မျိုး ငါ့ကို ရှာရင်း ခေါသူ့ပုန်ထနေလောက်ပြီ သွားလိုက်ဦးမယ် ဘော်ဒါ ဒိုးပြီနော်"

နောင်ထွေးကိုလည်း နှုတ်ဆက်၊ သူ့ကိုလည်း မျက်စိတစ်ဖက် မှိတ်ပြနှုတ်ဆက်ကာ သူမ ဆိုင်ထဲက ထွက်သွားခဲ့သည်။

"ဘယ်လို ရုပ်ချောချောမျိုးလဲကွ ကြာရင် ခေါင်းမူးပြီးတောင် လဲကျသွားနိုင်တယ်"

သူ့စကားကို နောင်ထွေးက သဘောကျသလို ပြုံးသည်။ သူ လည်း စိတ်ကျဉ်းကြပ်မှုကြားက လွတ်မြောက်သွားသလို ပြုံးလိုက်မိ ပါသည်။

ညအလင်း တဲ့။

ချစ်စရာကောင်းသော ရုပ်ရည်လေးပိုင်ဆိုင်ပြီး ယောကျ်ားလေး တွေနှင့် ပေါင်းသင်းကာ ဘုကျကျ ကောင်မလေးထင်ပါသည်။

အခုမှ ဆုံဖူးမြင်ဖူးပေမယ့် သူ့ကို ငယ်ပေါင်းတစ်ယောက်လို နောက်ပြောင် ဆက်ဆံသွားပုံက ရဲတင်းလွန်းသည်။

ညအလင်း ဆိုသော သူမလေးကိုတော့ သူခပ်လန့်လန့်ပါပဲ။

■ ■ ■

အခန်း (၃)

"ဟော့ ဟော့ ဟိုတစ်ယောက် အင်ဂျင်နီယာလောင်း"

ဒီလို မဟုတ်တရုတ် ခေါ်သံကို ကြားကတည်းက သူ တွန့်ခနဲ ဖြစ်သွားကာ လှည့်ကြည့်မိသည်။ ထင်သည့်အတိုင်း ညအလင်း ပဲဖြစ် သည်။

ကိုယ့်နာမည်ကို သိလျက်နှင့် ရှုတ်နောက်နောက်ခေါ်ပုံကြောင့် အမြင်ကတ်စွာ လှည့်မကြည့်တော့ဘဲ ဆက်လျှောက်ခဲ့သည်။

"ဟော့ ဒီမှာ နေဦးလေ"

ခြေလှမ်းတို့ ရပ်မပစ်ဘဲ ဆက်လျှောက်တော့ တဖျပ်ဖျပ် ပြေး လိုက်လာသော သူမ ခြေသံကိုကြားသည်။

"အင်ဂျင်နီယာလောင်းလေး ကိုကျော်ညီညာ ဟူး မောလိုက် တာ"

မိုး မိုး ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ဟပြီး အသက်ပြင်းပြင်းရှူနေသော သူမကို ကြည့်ကာ တကယ်မောသွားသလားဟုတောင် စာနာမိသေး၏။

ဒီနေ့ မြင်ရသည့် သူမရဲ့ စတိုင်က တစ်မျိုးဖြစ်နေခဲ့သည်။ ဖုံးသာသော ဆံပင်တွေကိုပဲ အနောက်ကို လှန်သိမ်းကာ ခေါင်းစည်းကြိုးလေးနှင့် စည်းနှောင်ထား၏။

နဖူးပြေပြေ ဝင်းဝင်းလေးနှင့် ရှင်းသန့်သော မျက်နှာလေးက ပိုလို့ပေါ်လွင် ထင်ရှားစေ၏။ နားမှာ ပလက်တီနမ် နားကွင်းလေးပဲ ဆင်ယင်ထားကာ ဆင်စွယ်ရောင် တီရှပ်အကျႌလေးနှင့် အနက်ရောင် လုံချည်လေး ဆင်မြန်းထား၏။

"ဒီမှာ စာလေးတစ်စောင် ပေးချင်လို့"

"ဗျာ"

သူမ စကားကြောင့် သူ အလန့်တကြားဖြစ်ကာ မျက်မှောင်ကြီးကုပ်ကြည့်မိသည်။

"သြော် ဟော် ဆောရီး အဓိပ္ပါယ်ကောက် မလွဲပါနဲ့ဦး၊ နောင်ထွေးဆီ ကိုယ် စာလေးတစ်စောင် လူကြုံပါးလိုက်ချင်လို့"

အခုမှပဲ သူ သူမစကားကို သဘောပေါက်ကာ ခေါင်းညိတ်တော့ သူမက

"ဟို စက္ကူဟောင်း စက္ကူပြတ်လေးများ ပါသလား"

"ကျွန်တော့်ဆီမှာ ခင်ဗျားငှားချင်တာ ဘာမှမပါဘူး"

တမင်ပဲ သူ ဘုပြောပစ်လိုက်မိသည်။ နောင်ထွေးဆီ စာလေး

မိုးမိုး



ည့်သူက ကိုယ့်ဆီက စာရွက်ပြန်ငှားနေတာ မဟုတ်သေး။

"အင်ဂျင်နီယာလောင်းတို့များ ကြဲဖန်ပြီး ကတ်တယ်"

သူမပြောရင်း လွယ်ထားသော ကျောပိုးအိတ် အညိုလေးထဲမှာ ထိုးမွှေနှောက် ရှာနေသည်။ အိတ်ထဲကပါလာသည်က စက္ကူအပိုင်းအစလေး တစ်ရွက်ပဲဖြစ်သည်။

ထိုစာရွက်ပိုင်းလေးကိုပဲ သူမ ဘယ်လက်ဝါးပေါ်တင်ကာ မညီညာ စားလုံးပုံလေးတွေနှင့် ရေးသည်။ ပြီးတော့ သူ့ဆီကမ်းပေးရင်း

"ရော နောင်ထွေးဆီ ငွေချေးတဲ့စာ"

သူမက ရိုးရိုးရှင်းရှင်းနှင့် နောင်ထွေးဆီက ငွေချေးတာဟု ပွင့်လင်းစွာ ပြောပြတာကိုပဲ သူ မဆီမဆိုင် မျက်နှာပူမိသေးသည်။

ညအလင်း ပြန်လှည့်ထွက်ဖို့ ဟန်ပြင်တော့ သူလက်ပြတားမိနိုး

"ခဏ ဟို နောင်ထွေးက အတန်းပြီးကတည်းက မော်ဘီကအစ်ကိုရဲ့ခြံမှာ ညအိပ်မယ်ဆိုပြီး သွားပြီဗျ"

သူ ရှင်းပြတာကို နားထောင်နေသော ညအလင်း မျက်ခုံးလေးတွေ စုကျုံ့သွားပေမယ့် ဘာမှခွန်းတုံ့မပြန်ပါ။ ငွေကြေးကိစ္စမှာ ခက်ခဲနေသလားဟု မဆီမဆိုင် ထပ်ပူမိသော သူကပဲ ဆက်ပြောမိ၏

"ဒါနဲ့ ပိုက်ဆံက အမြန်လိုလား။ သူက သဘက်ခါမှ ပြန်လာမှာ"

မိုးမိုး၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် တပေးပြီးရင် ချပြီ သင့်ခယူး"

ပြောပြီးသည်နှင့် ယက်ထဲက ဆော့ပင်နီ ခလုတ်လေးကို တဖျောက်ဖျောက် နှိပ်ကစားရင်း သူမ လှည့်ထွက်သွားခဲ့သည်။

ဘော့ဂိုးအိတ်ကလေး လွယ်ကာ တစ်လှမ်းချင်း လှမ်းလျှောက်သွားသော သူမရဲ့ခန္ဓာကိုယ် နွဲ့နွဲ့လေးက မြင့်မားသော အရပ်အမောင်းနှင့် ကြည့်ကောင်းပါသည်။

ထက်ထဲမှာ ကိုင်ထားဆဲ သူမ ပေးခဲ့သော စာရွက်ပိုင်းလေးကို သူ့အကျႌအိတ်ကပ်ထဲ ထည့်လိုက်မိ၏။

ညအလင်း ဆိုသော ကောင်မလေးကတော့ တကယ့်ကို ဘယ်သူနဲ့မှမတူဘဲ နားလည်ရခက်ခက်ပါလား။

အခန်း (၄)

တဝေါဝေါနှင့် လေပြင်းချိုသံပေးကာ အနောက်ဘက်မှ ယိမ်းတိုက်လာသော မုတ်သုန်အပြန် နှုတ်ဆက်မိုးကြောင့် သူမလည်း ဂျက်ဆင်ဂိတ်ထဲ ခပ်သုတ်သုတ် ပြေးဝင်မိုးခိုလိုက်ရသည်။

သူမလိုပဲ မိုးခိုဖို့ ဂျက်ဆင်ဂိတ်ထဲ ပြေးဝင်လာကြသော ကျောင်းသား ကျောင်းသူအုပ်စုတွေလည်း အတော်များသည်။

''ထီး ကိုယ့်ကိုပေး''

သူမ မှတ်မိနားယဉ်နေသော အသံကြောင့် နံဘေးကို လှည့်ကြည့်မိသည်။ အသေအချာပါပဲ။ အင်ဂျင်နီယာလောင်းလေး ကျော်ညီညာပဲ ဖြစ်သည်။ တစ်ယောက်တည်း မဟုတ်တဲ့ သူ့ရဲ့အဖော်မိန်းကလေးခ နံဘေးမှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ ကောင်မလေး မိုးစိုမှာစိုးကာ ထီးဖွင့်ဆောင်းပေးနေသော သူကတော့ သူမကို ချက်ချင်းမြင်တွေ့ပုံ မရပါ။

နာမည်ကို သိပေမယ့် မျက်နှာလေးက အရုပ်လေးတစ်ရုပ်လို ချောမောချစ်စရာကောင်းသော မိန်းကလေးက သူ့ရဲ့ချစ်သူ ရည်းစား ဆိုတာ မကြာခဏ မြင်တွေ့ထားလို့ သူမ သိပါသည်။

မိုးကသည်းသည်း ရွာနေသည့်အထဲမှာ ဂိတ်မှာရပ်လာသော ခရီးသည်တင် ကားတွေကလည်း လူအပြည့်အသိပ်နှင့် ဖြစ်နေသည်။

တစ်စီးရပ်တိုင်း တိုးဝှေ့တက်ကြသော ကျောင်းသား၊ ကျောင်း သူတွေကြောင့် သူမ လုယက်တိုးဝှေ့တက်ဖို့ အတော်မလွယ်ပါ။

သူမလိုပဲ သူတို့စုံတွဲလည်း ကားဂိတ်လေးထဲမှာပဲ စောင့်နေရ ရှာသည်။ ခဏကြာတော့မှ သူမကို မြင်သွားသော သူပြုံးပြတာကို သူမလည်း အလိုက်သင့် ပြန်ပြုံးပြရ၏။

လေနှင့်မိုး ပူးပေါင်းကောင်း တိုက်စစ်ဆင်နေတာမို့ ကားဂိတ် အမိုးရဲ့အောက်မှာပေမယ့် မလုံခြုံနိုင်ပါ။ ကျောပိုးအိတ်လေးကို ရင်ခွင်မှာ ပိုက်ရင်း လွင့်ဖွာနေသော ဆံနွယ်တွေကို သပ်တင်လိုက် တဖျပ်ဖျပ် လွင့်ထွက်နေသော စကပ်စကို ဆွဲစေ့လိုက်နှင့် သူမပုံစံက ကသီကယို တော့ နိုင်နေလိမ့်မည်။

ဒီနေ့ကျမှ ထီးလည်းမပါ၊ ဝတ်လာသော အင်္ကျီက လက်ပြတ် ပါးပါးလေးမို့ လူက ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

"ဟတ်ချိုး"



"ပရိုကို၊ နိုးပလောဘလမ်"

ဘယ်လိုမှချုပ်ထိန်းလို့ မရဘဲ သူမ နှာချေမိတော့ ဂိတ်ထဲက ကျောင်းသားအုပ်စုရဲ့ နောက်ပြောင်သံတွေ ထွက်လာသည်။

သူကလည်း သူ့ရည်းစားကောင်မလေး ပခုံးကို တစ်ဖက် လှမ်း ဖက်ထားရင်း သူမကို လှမ်းကြည့်၏။

ဒူးအထက်ပိုင်းထိ မိုးရေတွေ ရွှဲရွှဲစိုကာ အေးစိမ့်စိမ့် အရသာက နေလို့ကောင်းပေမယ့် ကြာရင်တော့ မလွယ်ဟု တွေးမိသည့်ကြားက သူမ ပြုံးမိသေးသည်။

"ညအလင်း ထီးမပါဘူးလား"

သူ လှမ်းမေးသံကြောင့် သူမ ပြုံးပြရင်း ခေါင်းကိုခါယမ်း ပြလိုက်ရသေးသည်။

သူက လက်ထဲမှ ထီးကို သူ့ကောင်မလေးလက်ထဲ ပြန်ထိုး ထည့်ပြီး ကိုယ်ပေါ်က မိုးကာအင်္ကျီကို ချွတ်နေသည်။ သူမ ဘယ်လိုမှ မျှော်လင့်မထားသော အပြုအမူကို သူပြုပါသည်။

"ရော့ မိုးကာ ဝတ်ထားလိုက် ဖျားနေဦးမယ်၊ ဒီတစ်ခါ ဘတ်စ် ကားလာရင် ပါအောင်တိုးတက်သွားလိုက်"

မိုးကာအင်္ကျီကို ကမ်းပေးရင်း ပြောနေသော သူ့ကို သူမ ကြောင်အအလေးပဲ ကြည့်နေမိဆဲ။ သူကလည်း လက်ကို ပြန်မရုတ်ဘဲ ကမ်းပေးနေသည်။

"ယူထားလိုက်ပါ နောက်ကြုံမှ ပြန်ပေးတော့"

www.burmeseclassic.com

www.burmeseclassic.com



သူ့နံဘေးက ရည်းစားလေး၏ အကဲခတ်အကြည့်တွေ သူ့မတစ်ကိုယ်လုံး ရှုပြုလာသည်။ သူမလည်း ငြင်းဆန်မနေတော့ဘဲ လှမ်းယူပြီး ချက်ချင်းပဲ ဝတ်လိုက်၏။

စောစောက အခြေအနေနှင့်စာလျှင် နွေးထွေးသော ခံစားမှုတွေက သူမတစ်ကိုယ်လုံးကို စိမ့်ဝင်သွားစေတာတော့ အမှန်ပဲဖြစ်သည်။

ထိုအခိုက်မှာပင် ကားတစ်စီး ထိုးရပ်လာသည်မို့ ဂိတ်ထဲက လှစ်ခနဲထွက်ကာ အမြန်တက်လိုက်ရသည်။

ထိုင်စရာ ထိုင်ခုံလွတ်မရှိပေမယ့် အနည်းငယ်တော့ ချောင်ပါသည်။

ဂိတ်ထဲမှာပဲ ကျန်ရစ်ခဲ့သော သူတို့စုံတွဲကို ကားပြတင်းတံခါးမှန်က လှမ်းကြည့်လိုက်မိ၏။

သူ့ရည်းစား ကောင်မလေးက ဘာတွေမေးနေသည်မသိ။ သူကလည်း ဘာတွေရှင်းပြနေသည် မသိ။

သူမကို မိုးအကာအကျႌ ပေးလိုက်လို့ ကောင်မလေး ဝန်တိုစိတ်ဆိုးနေသည်လား။

သူမကတော့ ယှဲယှဲလေးပြုံးရင်း ကျေနပ်ကြည်နူးနေမိတာ အမှန်။

■ ■ ■

ပါးစပ်ကို လက်ကိုင်ပဝါနှင့်အုပ်ကာ ချောင်းတဟွတ်ဟွတ်ဆိုးနေသော သူမကိုကြည့်ကာ သူ စိုးရိမ်မိသည်။





"မင်း ချောင်းတွေဆိုးနေတုန်းပဲ မနေ့ကမှားပြီထင်တယ်၊ ဆေးသောက်မထားဘူးလား"

"ရတယ် သောက်ထားတယ် အပြန်မှာ ခေါင်းလျှော်လိုက်လို့ပါ"

အရာရာကို ပေါ့ပေါ့ပဲ သဘောထားတတ်ပုံရသည့် သူမ အဖြေတ အလေးအနက်မရှိဘဲ ဆိုင်ထဲက ပစ္စည်းတွေမှာပဲ အာရုံရှိနေပုံ ဖြစ်သည်။

မနေ့က သူ ပေးလိုက်သော မိုးကာအကျႌကို ပြန်ပေးရင်း သူမက ဒီဆိုင်လေးကို ခေါ်လာတာ ဖြစ်သည်။

"ရှင့် ကောင်မလေးအတွက် လက်ဆောင် ဝယ်ပေးမလို့"

"ဟာ၊ မလိုပါဘူး မပေးပါနဲ့"

"လိုတာပေါ့ မနေ့က သူ ရှင့်ကို စိတ်ကောက်သွားတယ် မဟုတ်လား ကျွန်မ သိတယ်"

သူမက အပိုင်ပြောနေပုံနှင့်ဆိုတော့ သူ ခေါင်းမညိတ် ခေါင်းခါဖြစ်ဘဲ

"ချာနီက စိတ်ကောက်တာ မဟုတ်ပါဘူး၊ ကျွန်တော် ရှင်းပြသို့ ခင်ဗျားကိုသိသွားပါပြီ၊ ကျွန်တော်တို့က မိတ်ဆွေတွေပဲ မိုးရွာထဲမှာ ခင်ဗျား ဒုက္ခရောက်နေလို့ ကျွန်တော် ကူညီတာ သူ နားလည်ပါတယ်"

"ကျွန်မကလည်း မိန်းကလေးချင်း ဆိုတော့ ရှင့်ထက် ပိုနားလည်တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မဝယ်ပေးတဲ့ လက်ဆောင်ကိုတော့ ရှင် ယူသွားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောရတဲ့ ဒီဆိုင်လေးထဲ ပါလာတာဖြစ်သည်။ အခုလည်း လက်ဆောင်ပန်းခြင်းတွေကို စိတ်တိုင်းကျ ရှာဖွေရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေတာကြည့်ရင်း သူ စိတ်မသက်သာလှပါ။

"ဒီမှာ အားတော့နာပါရဲ့ဗျာ ခင်ဗျား ရွေးပေးတဲ့ လက်ဆောင်ကို ကျွန်တော့် ကောင်မလေးကြိုက်မှာ မဟုတ်ဘူး"

"ကျွတ်ခ် အသာနေစမ်းပါ လက်ဆောင်တစ်ခါမှ မပေးဘူးတဲ့ ဝိုင်တီတူ ကျောင်းသားလေးရဲ့"

သူ့ကိုပြောရင်း သူမ လက်တွေက လက်တစ်ဝါးစာလောက် ပန်းခြင်းလေးကို လှမ်းယူပြီး ဖြစ်နေသည်။

"ဒီမှာကြည့် ဒါဆို ရှင့် Sweet Heart လေး အသည်းနိုက်သွားမှာ"

ခြင်းကိုင်းလေးမှာ အနီရောင် အသည်းလေးနှစ်ခု ပူးကပ်ချည်ထားကာ You and Me ဟုရေးထားသည်။ တကယ့်ကို ကဗျာဆန်ပြီး ချစ်စရာလေးမို့ သူ သဘောကျသွားမိ၏။

သူ့ကို စိတ်ကောက်နေသော ရည်းစားလေးက ချစ်မျက်စောင်းလေးထိုးကာ ဒီလက်ဆောင်လေးကို လက်ခံကောင်းပါရဲ့။

"ကဲ ရှင့်ကောင်မလေးကို ဒီလက်ဆောင်လေး ပေးလိုက်၊ ကျွန်မတော့လစ်ပြီး အင်ဂျင်နီယာလောင်း"

ပြောရင်း ကောင်တာကိုသွားကာ သူမ ကျသင့်ငွေရှင်းသည်။ ပြီးတော့ သူ့ကိုတောင် ပြန်ငဲ့မကြည့်ဘဲ ဆိုင်ထဲက ခပ်သုတ်သုတ် ခြေ





လှမ်းတွေနှင့် သူမ ထွက်သွားခဲ့လေသည်။

ညအလင်း ဆိုသော သူမကိုတော့ သူ တကယ့်ကို နားလည်ရခက်နေခဲ၊ သူမကို မိုးကာအင်္ကျီပေးလိုက်တာကြောင့် ချာန် စိတ်ကောက်သွားတာကိုလည်း သူမ သိနေသည်။

တကယ်ဆို ထိုနေ့က သူမခမြာ မိုးထဲလေထဲမှာ လက်ပြတ်အင်္ကျီပါးပါးလေးနှင့်မို့ သူ ပေးလိုက်တာဖြစ်၏။

ထို့အတွက် ချာန်ရဲ့ သံသယ မေးခွန်းများစွာကို သူ ရင်ဆိုင်ရဦးသေးသည်။

"မောင် အဲဒါဘယ်သူလဲ ဘယ်ကလဲ မောင်နဲ့ တော်တော်ရင်းနှီးသလား"

"ကိုယ့်သူငယ်ချင်းရဲ့ မိတ်ဆွေပါ ညအလင်း တဲ့ နောင်ထွေးနဲ့ တစ်မြို့တည်းသားတွေ"

"ဒီလောက် ရင်းနှီးတာမဟုတ်ဘဲ မောင်ကဘာလို့ အင်္ကျီချွတ်ပေးလိုက်ရတာလဲ"

"ဟာကွာ ချာန်ကလည်း မိုးထဲလေထဲမှာ သူ့ခမြာ ထီးမပါလို့ အခက်အခဲဖြစ်နေတာကို မိုးရွာထဲ မိန်းကလေးတစ်ယောက် ဒီအတိုင်းပြန်ဖို့ မသင့်ဘူးလေ"

"ဟုတ်ပါတယ် မောင်ပဲ ဒီအတိုင်းမိုးရွာထဲပြန် သိလား"

ချာန် စိတ်ဆိုးကာ သူ့ကို ခပ်ရွဲ့ရွဲ့ပြောသည်။ ဒါပေမဲ့ ချာန့်ကို ပို့ပေးပြီး သူပြန်တော့ ချာန်က သူမရဲ့ထီးလေးကို ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီညနေ ရှာန်ဆီ ထီးပြန်ပို့ပေးရင်း ညအလင်း ဝယ်ပေးသော လက်ဆောင်လေး ပေးရမည်။

ဒါပေမဲ့ ညအလင်း ဝယ်ပေးတာဟုတော့ ရှာန်သိလို့ မဖြစ်ပါ။

■ ■ ■

## အခန်း (၅)

ကျောင်းတွေပိတ်ပြီဟု သူ့စိတ်က သိရှိထားခြင်းနှင့်အတူ ညအလင်းဆိုသော သူမနှင့်ပတ်သက်သော အရာတွေက သူ့ရင်မှာ စူးနစ်ခိုတွယ်နေဆဲ။

သူနှင့်သူမ ပတ်သက်ခဲ့သမျှတွေက သူ့အတွက် မှတ်မှတ်ရရ ထင်ကျန်နေသလို သူမ စိတ်ထဲမှာလည်း ထင်ကျန်နေသည်ဟု ယုံကြည်ပါသည်။

အခုတော့ နောင်ထွေးနှင့်သူမ ချိန်းထားသော ဒီလက်ဖက်ရည်ဆိုင်လေးထဲမှာ သူလည်း ရှိနေသည်။

နောင်ထွေး ရောက်မလာသေးတာမို့ နှစ်ယောက်သား တိတ်ဆိတ်စွာ ထိုင်နေမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နီနီတောက်ကပ် မြင်တွေ့နေရသော သူမ မျက်နှာလေးကို ကြည့်တော နှောင်ပြန်ဆုံတွေ့ဖို့ မလွယ်တော့ဟုသော အသိက သူ့ရင်ကို ခပ်တည်တည် သေချာသည်က ထိုတဒင်္ဂလေးမှာ ဗျာန်ဆိုသော ချစ်သူလေးကိုလည်း သူ မေ့လျော့နေခဲ့သည်။

ဘာကြောင့်မှန်းမသိပါ။ ညအလင်း ဆိုသောသူမနှင့် ကျော်ညီညာ ဆိုသော သူ့ကြားမှာ မိတ်ဆွေသူငယ်ချင်းဆိုတာထက် မပိုခဲ့ကြတာလည်း အမှန်ပဲဖြစ်၏။

"နောင်တွေး က နောက်ကျလိုက်တာ"

"သူ နည်းနည်း နောက်ကျမယ်တော့ ပြောလိုက်တယ်၊ ဒါနဲ့ ဒီအထုပ်တွေကဘာလဲ"

သူမေးတော့ ညအလင်းက စားပွဲလေးပေါ် တင်ထားသော ကြွပ်ကြွပ်အိတ်ကိုကြည့်ရင်း

"နောင်တွေးဆီက ချေးထား ငှားထားတာတွေလေ အခုအားလုံး ပြန်ပေးတာ အဟင်း သံသရာအကြွေး ပါမှာစိုးလို့"

ရယ်သလို မောသလို ပြောရင်း ခွက်ထဲက လက်ကျန်ကော်ဖီကို သူမ တစ်ကျိုက်တည်း မော့သောက်သည်။ သူ အမြဲတမ်း ခန့်မှန်းရခက်ခဲ့သော ညအလင်း မျက်ဝန်းတွေကို စိုက်ကြည့်ရင်း ပင့်သက်ရှိုက်မိ၏။

"အခု ကျောင်းပြီးပြီဆိုတော့ ဘာလုပ်မယ် စိတ်ကူးထားလဲ ဟင်"

ဝိုးမိုး၁၁၄၆



သူမေးတော့ ညအလင်း မျက်ခုံးလေးတွေ ပင့်ကြည့်ရင်း

"တစ်ခုခုတော့ လုပ်ရမှာပေါ့ ယောကျ်ားယူရင် ကောင်းမလား"

ပြောင်ချော်ချော် မျက်နှာလေးနှင့် ဘာကိုမှ အလေးအနက်မထားလွန်းသော သူမကို သူကြည့်ရင်း စိတ်ကဘာယ်လိုမှ သည်းခံမရတော့ပါ။

"မင်းလို ပေါ့ပျက်ပျက်နိုင်လွန်းတဲ့ မိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

သူ့စကားကို သူမက နာကျင်ဟန်မပြဘဲ တည်တည်လေးပဲ မော့ကြည့်ရင်း

"နောက်လည်း တွေ့ကြမှာမှ မဟုတ်တာ၊ မတွေ့ဖူးဘူးလို့ပဲ မှတ်လိုက်ပေါ့"

"ညအလင်း"

သူ မချိုသိပ်နိုင်ဘဲ အော်ဟစ်လိုက်သံကြောင့် ဆိုင်ထဲက တခြားဝိုင်းတွေကပါ လှမ်းကြည့်ကြသည်။

ညအလင်း ကလည်း သူ့ဒေါသကို တစ်ခါမှ မမြင်တွေ့ဖူးသလို မျက်တောင်ကော့ကြီးတွေ တစ်ချက်ပုတ်ခတ်ပြီး ကြည့်နေ၏။

"ဆောရီး ကျွန်တော် တောင်းပန်တယ်"

သူ့အမှားအတွက် တောင်းပန်စကားကို သူမ ခွန်းတုံ့မပြန်ဘဲ ကျောပိုးအိတ်လေးကို ကောက်လွယ်သည်။

"ကိုယ်ပြန်တော့မယ် နောင်တွေးလာရင် အဲဒီအိတ်လေး ပေးပေးပါ"

ဝိုးမိုး၁၁၄၆

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားထောက်ကာ ထရပ်တော့ သူ လက်ကာတားမိသည်။ သူမက သူ့ကိုစေ့စိုက်ကြည့်နေဆဲ။

"ညအလင်း ခင်ဗျား ဒီအတိုင်းထွက်သွားမှာလား ကျွန်တော်တို့ ဒီလိုခွဲခွာ သွားချင်တာမဟုတ်ဘူး။ အနည်းဆုံးတော့ ကျွန်တော်တို့ နှုတ်ဆက်သင့်ပါတယ်ဗျာ"

"အဟင်း မလိုအပ်ဘူးထင်တယ် ကျော်ညီညာ နောက်ထပ်ဆုံတွေ့စရာမှ မရှိတာ"

"မဟုတ်ဘူး မဟုတ်ဘူးလေဗျာ"

သူ ကယောင်ကတန်းပြောရင်း ထရပ်မိသည်။ နှစ်ဦးမျက်နှာချင်းဆိုင်ဆုံမိသော မျက်ဝန်းအကြည့်တွေ တခဏတော့ စူးစူးနစ်နစ်ရင်ဆိုင်မိကြသည်။

"အားလုံးပြီးသွားပြီ ကျော်ညီညာ"

ထိုစကားလေး တစ်ခွန်းနှင့် သူမ သူ့ကိုကျောခိုင်းထွက်သွားခဲ့၏။ သူမ တရွေ့ရွေ့ ဝေးသွားသည်ကို ငေးကြည့်ရင်း သူ့ရင်ထဲမှာ တစ်စုံတစ်ခုကို ရှုံးနိမ့်သွားသလို ခံစားနေရဆဲ။

ဘယ်တော့မှ မဆုံတွေ့သင့်သည့် လူနှစ်ယောက်ရဲ့ တွေ့ဆုံခြင်းက ဒီနေရာမှာပဲ အဆုံးသတ်သွားခဲ့ပြီလား။

■ ■ ■



## အခန်း (၆)

'မြရိပ်ညို' ကော်ဖီဘားလေးထဲမှာ သူနှင့်သူမ ပြန်ဆုံခဲ့သည်။ ပြီးတော့ သူမကပဲ သူ့ကို နှုတ်ဆက်ထွက်သွားခဲ့သည်။

အတိတ်က အဖြစ်အပျက်တချို့ သူ့အာရုံထဲ ပြန်ရောက်လာသည့်တိုင် သူမသည် သူ့ကို ဥပေက္ခာပြုသွားခဲ့ပြန်ပါ၏။

သူငယ်ချင်းတွေ အဖြစ်နဲ့တောင် ပြန်မဆုံချင်တော့ဘူးတဲ့လား ညအလင်းရယ်။

ဘယ်တုန်းကမှ မင်းရင်ထဲမှာ ခံစားချက်တွေ မရှိခဲ့ဘူးလား။ အရာရာကို အိပ်မက်တစ်ခုလိုပဲ သဘောထားသတဲ့လား။

အတိတ်ပုံရိပ်တွေကို အာရုံထဲက ဖြတ်တောက်ပြီး သူအိမ်ပြန်ခဲ့၏။ ပေါ်တီကိုအောက်မှာ သူ့ကားလေးကို ထိုးရပ်လိုက်သည်နှင့် ဧည့်ခန်းထဲက ညီမလေး ပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုကို ဒီနေ့ နောက်ကျလိုက်တာ ကိုကို့ကို ညီမလေး ပြောရောနိုလို"

ကားတံခါး ဖွင့်ဆင်းလာသော သူ့ပခုံးကို သိုင်းဖက်မှီတွယ်ရင်း ပြောလာသော ငယ်လေးကို သူပြုံးကြည့်ရင်း

"ဘာများတုန်း ငယ်လေးရဲ့"

"ဒီနေ့ ငယ်လေး သတင်းစာထဲမှာရော ဂျာနယ်ထဲမှာပါ ကြော်ငြာတစ်ခု တွေ့တယ် ကိုကိုရဲ့"

ဧည့်ခန်းထဲအထိ သူ့လက်မောင်းကို ဆုပ်ကိုင်ပြီး ညီမလေးက လိုက်လာရင်း ဆိုဖာထိုင်ခုံမှာ အတူဝင်ထိုင်သည်။

"ဘာကြော်ငြာလဲ ညီမလေး"

"အကသင်တန်းလေ ကိုကိုရဲ့"

"ဘယ်လို"

သူ အံ့သြသလို မေးမိသည်။ ညီမလေး စကားကိုလည်း စိတ်ဝင်စားသလို နားစိုက်ထောင်ပေးလိုက်ပါသည်။

"ဟုတ်တယ် ကိုကိုရဲ့ အကသင်တန်းတဲ့ မြန်မာ့ရိုးရာ အကရော အနောက်တိုင်းအကရော ကိုယ်ဝါသနာပါတာ တက်လို့ရတယ် အဲဒါ ငယ်လေး တက်ချင်လို့"

ဆယ်တန်းစာမေးပွဲဖြေပြီးထားသည့် ညီမလေး အိမ်မှာနေနေရတာ ပျင်းနေပြီထင်သည်။ ဒယ်ဒီနှင့်မာမီ ရေခြားမြေခြားတိုင်းပြည်မှာ စီးပွားရှာနေချိန်မှာ သူသာ ညီမလေး အနားမှာရှိခဲ့သည်။





သူ့ထက် ခြောက်နှစ်ကျော်ခန့် ငယ်ရွယ်သော ညီမလေးကို သူပဲ ဂရုစိုက်စောင့်ရှောက်ခဲ့ရသည်။

"ကိုကို ငယ်လေး အဲဒီသင်တန်းတက်ချင်လို့"

ညီမလေး ပူဆာနေတော့ သူ လိုက်လျောပေးဖို့ အသင့်ဖြစ်ပြီးသားဖြစ်သည်။ ညီမလေး ဝါသနာ ပါသည်ဆိုတော့လည်း. . .။

"ငယ်လေး တက်ချင်တယ်ဆိုရင် တက်လေ"

"တကယ်နော် ကိုကို"

"အင်း ဒါနဲ့ သင်တန်းက ဘယ်မှာလဲ ယောကျ်ားလေးတွေရောပါလား ငယ်လေးကကော ဘာအက သင်ချင်တာလဲ"

မေးသင့်သည့် မေးခွန်းတွေကို သူ တရစပ် မေးမိသည်။ ဆက်ရှိမှာ ညီမလေးရဲ့ အုပ်ထိန်းသူကလည်း သူပဲ ဖြစ်နေသည်ကိုး။

"သင်တန်းက စမ်းချောင်းထဲမှာ ကိုကိုရဲ့ ဘယ်ယောကျ်ားလေးမှ မပါပါဘူး၊ မိန်းကလေးသီးသန့်ပါ ငယ်လေးက မြန်မာအကရော အနောက်တိုင်းအကရော နှစ်မျိုးစလုံးသင်ချင်တာ"

"နှစ်မျိုးစလုံး ဖြစ်ပါ့မလား ငယ်လေးရဲ့"

"အံမယ် ဘာလို့ မဖြစ်ရမှာလဲ ကိုကိုရဲ့၊ ကိုကိုစောင့်ကြည့်လိုက်လေ၊ ကျော်ညီညာရဲ့ညီမ ငယ်ညီညာပါ အထင်မသေးပါနဲ့နော်"

ညီမလေး စိတ်ထက်သန်သလို တက်ကြွစွာဆိုနေတော့ သူ ပြုံးရင်း နဖူးကို ဖွဖွလေးတောက်လိုက်၏။

"ဟုတ်ပါပြီ သင်တန်းက ဘယ်တော့စမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဧနေတာ တစ်ပတ်လောက်ရှိပြီ မနက်ဖြန် သွားတက်ချင်တယ်”

“အိုခေ ကိုကို ကိုယ်တိုင်လိုက်အပ်ပေးမယ်၊ အဲ သင်တန်းအချိန်တွေကကော”

သူမေးတော့ ညီမလေးက အသေအချာ မှတ်သားလေ့လာထားသူလို ချက်ချင်းပဲဖြေ၏။

“မြန်မာ အကက မနက်ရှစ်နာရီခွဲကနေ ဆယ်နာရီခွဲအထိ ပြီးတော့ ဆယ့်တစ်ခွဲကနေ တစ်နာရီအထိ နား၊ ပြီးရင် နှစ်နာရီကနေ ငါးနာရီအထိက အနောက်တိုင်းအက သင်တန်းချိန် ကိုကိုလာကြိုရင် အတော်ပဲလေ”

“နေဦး ကိုကို စဉ်းစားနေတာ နေ့လည်စာ ထမင်းစားချိန် ညီမလေးကို ကိုကိုလာကြိုဖို့လေ”

“ဟင့်အင်း ကြိုစရာမလိုဘူး ငယ်လေး မနက်ကတည်းက ထမင်းချိုင့် တစ်ခါတည်း ယူသွားမှာ”

ဒီလိုဆိုတော့လည်း အဆင်ပြေနေတာမို့ သူခေါင်းညိတ်လက်ခံရတော့၏။

“ဟုတ်ပြီ မနက်ကျရင် သွားတာပေါ့ ကဲ ကိုကို ရေမိုးချိုးဦးမယ်”

“ချိုးလိုက်လေ ကိုကို ပြီးရင် ထမင်းအတူစားမယ် ငယ်လေး ဒေါ်လေးမြိုင်ကို သွားဝိုင်းကူ နူးလိုက်ဦးမယ်”

ပြောရင်း ညီမလေး မီးဖိုခန်းဘက် ထွက်သွားတာ ကြည့်ရင်း





သူ ပြုံးမိသည်။

တကယ့်ကို ချစ်စရာကောင်းသော ညီမလေးပါပဲ။ ဒယ်ဒီနှင့်မာမိက အမေရိကားမှာပဲ ပညာသင်ဖို့ တိုက်တွန်းပေမယ့် ညီမလေးက သူနဲ့ပဲ မြန်မာပြည်မှာ နေမည်ဆိုကာ နေရစ်ခဲ့၏။

သူ့စကားကို နားထောင်ကာ ပညာရေးကိုလည်း ကြိုးစားသော ညီမလေးက လိမ္မာသည်။

အခုချိန်မှာ ညီမလေးသည် သူ့ဘဝတစ်ခုပါပဲ။

ရှာန်ဆိုသော ခင်မိုးရှာန် မရှိတော့ချိန်ကတည်းက ညီမလေးအပေါ်မှာပဲ သူ အရာရာပုံအပ် ဂရုစိုက်ခဲ့သည်လေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သူ မနက်အိပ်ရာနိုးတော့ ဝီရိယကောင်းသော ညီမလေးက စောစီးစွာ နိုးနေသည်။

"ဟာ ငါ့ညီမလေးက တယ် ဝီရိယ ကောင်းနေပါလားဟေ့"

"ကိုကိုသာ အိပ်ပုတ်ကြီးနေတာ ငယ်လေးက အားလုံးပြီးပြီ ကိုကို ကော်ဖီသောက်ပြီးတာနဲ့ သွားဖို့အသင့်ပဲ"

"အခုမှ ခုနစ်နာရီပဲ ရှိပါသေးတယ်ကွာ၊ ညီမလေးပြောတဲ့ သင်တန်းက ရှစ်နာရီခွဲမှ စမှာပါ မိုပါတယ်၊ စမ်းချောင်းဘက်မောင်းမှာ ဘယ်လောက်ကြာမှာမို့လဲ"

"ဟုတ်ပါတယ် ကိုကို ရေချိုးလေ၊ ဒေါ်လေးမြိုင် နန်းကြီးသုပ် တွေ စီစဉ်ထားတယ်"

မိုးမိုး ၁၁၆၀



"အိုကေ အိုကေ"

ရေချိုးခန်းထဲ ဝင်ခဲ့ကာ သူ ရေမိုးချိုးပြီး အဝတ်အစားလဲလှယ်လိုက်သည်။

ကော်ဖီဝိုင်းထဲ ဝင်ခဲ့တော့ ညီမလေးက သူ့အတွက် နန်းကြီးသုပ်ပွဲကို ကိုယ်တိုင်ပြင်ဆင်ပေးနေ၏၊ ဒေါ်လေးမြိုင်က ညီမလေးအတွက် ထမင်းချိုင့် စီစဉ်ပေးနေသည်။

"ညီမလေးကော စားပြီးပြီလား"

"ပြီးပြီ ကိုကို တမင်စောစော စားထားတာ ဟိုရောက်ရင် သင်တန်းရှိတော့ နည်းနည်းပဲစားထားတယ် ထမင်းဟင်းတွေ ပိုထည့်ထားတယ် သင်တန်းနားမှ စားမယ်"

ညီမလေးပြောတာ ခေါင်းလေးညိတ်နားထောင်ပြီး သူ နန်းကြီးသုပ်ပွဲကို စားလိုက်သည်။ ကော်ဖီတစ်ခွက်သောက်ပြီးတော့ ခုနစ်နာရီခွဲလုပြီ။

"ကဲ သွားစို့ ညီမလေးရေ"

သတင်းစာထဲမှ ညီမလေး မှတ်ထားသော သင်တန်းရှိရာ စမ်းချောင်းဘက်က ခြံကိုရောက်ခဲ့ကြသည်။

ခြံလေးက ကျယ်ဝန်းကာ အထဲမှာ နှစ်ထပ်တိုက်ပြာပြာလေးက သစ်လွင်တောက်ပသည်။

ခြံစောင့်ကြီးကို အကသင်တန်း လာတက်တာဟုပြောတော့ ခြံတံခါးကို အလွယ်တကူ ဖွင့်ပေး၏။ ခြံထဲကို ကားမောင်းဝင်မိရင်း

မိုးမိုး ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ပြီဝင်သဲဲတ မြင်တွင်းတွေကို အကဲခတ်မိ၏။

လှပသော ဝန်းပင်လေးတွေ မြက်ခင်းစိမ်းစိမ်းလေးနှင့် ရေကူး ကန်လေးတော့ပါ ပြည့်စုံချစ်စရာကောင်းသည်။

"ငယ်လေး"

"ရှင် ကိုကို"

"အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အားလုံးပြီးဆုံးအောင်မြင် အောင်လုပ်ရတယ်နော် ဟိုမရောက် ဒီမရောက်တော့ မလုပ်နဲ့"

"ဟုတ်ကဲ့ပါ ကိုကိုရဲ့"

ညီမလေး စိတ်ကို သူ သိပြီးဖြစ်ပေမယ့် ကြိုတင်မှာထားရသည်။ ပေါ်တီကိုအောက်မှာ ကားလေးရပ်တော့ ဧည့်ခန်းတံခါးက ဖွင့်ထား သည်။ ဒါပေမဲ့ ဧည့်ခန်းထဲမှာက လူတစ်ယောက်မှ မရှိပါ။

"ညီမလေး ဒီခြံဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ကိုကိုရဲ့ ဟော ဟိုမှာ"

သူမေးတာကို ညီမလေး ပြန်ဖြေနေတုန်းမှာပဲ ဧည့်ခန်းထဲကို ထွက်လာသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ကြသည်။

"ဘာကိစ္စများ ရှိပါသလဲရှင်"

"အကသင်တန်း တက်ချင်လို့ပါရှင်"

"ဪ ဟုတ်ကဲ့ ခဏထိုင်ဦးနော်၊ မမက သင်တန်းခန်းမ ထဲမှာမို့ ခဏလေး ထိုင်စောင့်ပေးပါ ကျွန်မ သွားခေါ်ပေးပါ့မယ်"

သူနှင့် ညီမလေး ဆိုဖာထိုင်ခုံတွေမှာ ထိုင်စောင့်လိုက်ကြသည်။



မကြာခင်မှာပဲ ကောင်မလေး ဝင်သွားသော အခန်းတံခါးမှ တစ်ယောက် ထွက်လာသည်။

"ဟင်"

သူ့ မျက်ဝန်းတွေ မယုံနိုင်အောင် အံ့ဩသွားခဲ့ကာ ဆိုဖာထိုင် ခုံက ယောင်ယမ်း ထရပ်မိတဲ့အထိ။

"ကိုကို"

ငယ်လေး မော့ကြည့်ကြည့် လှမ်းခေါ်မှ သူ သတိဝင်ကာ ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရ၏။

သူမှာသာ ရင်တွေခုန်ကာ တုန်လှုပ်သွားရပေမယ့် သူမကတော့ တန်ဆောင်ကောင်းလွန်းပါသည်။

အနီရဲရဲ အင်္ကျီလက်ပြတ်ကို အနက်ရောင်အသားကပ် စတော် ကင်နှင့် တွဲဖက်ဝတ်ဆင်ထားသော သူမကတော့ သူ့အပေါ်တွင် တစ်ခါမှ မြင်တွေ့ဖူးဟန်မရှိသော မျက်ဝန်းတွေနှင့် ဝေ့ကြည့်ရင်း

"ထိုင်ကြပါ ကိုယ်က ဒီသင်တန်းဖွင့်ထားတဲ့ အကဆရာမ ညအလင်းပါ"

ဆံပင်အညိုတွေကို လှန်သိမ်းကာ နဖူးမှာ အဖြူရောင်စည်း ကြိုးလေးနှင့် စည်းနှောင်ထားသော ညအလင်းသည် သူ့ရှေ့ထိုင်ခုံမှာ ခြေတစ်ဖက်ချိတ်ကာ ဟန်မပျက် ဝင်ထိုင်၏။

သူ့ရင်ဘတ်ထဲက မနွတ်ဖြစ်ခဲ့သော ဆူးတစ်ချောင်းသည် ရှင် နာစရာကောင်းလောက်အောင်ပဲ လှုပနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းအပ်ချင်လို့ပါ ဆရာမ ကျွန်မနာမည်က ငယ်ညိုညာ ပါ"

နံဘေးက ညီမလေး အသံကြားမှ သူ သတိဝင်လာရသည်။ သူမက ဟန်ဆောင်ကောင်းသလို သူကလည်း ဟန်ဆောင်ဖို့ ကြိုးစား ၏။

"ဒါ ကျွန်တော့်ညီမလေးပါ၊ ဆရာမရဲ့အကသင်တန်းမှာ အပ် ချင်လို့ပါခင်ဗျာ"

သူ့ဆီမှာ တစ်ချက်ပဲ ဝေ့ကြည့်ကာ ညအလင်း အကြည့်တွေ ညီမလေးဆီ ရောက်သွားခဲ့ကာ

"ကောင်းပြီလေ ညီမက ဘယ်အက တက်ချင်တာလဲ"

"ငယ်လေးက အက နှစ်မျိုးစလုံး တက်ချင်တာပါ ဆရာမ"

ညီမလေး စကားကို ညအလင်း ခေါင်းတစ်ချက်ညိတ်ပြုံး

"ကိုယ့်ကို ဆရာမလို့ မခေါ်ပါနဲ့ မမလို့ပဲခေါ်လို့ ရပါတယ် ညီမလေးကိုလည်း ငယ်လေးလို့ပဲ ခေါ်မယ် ဟုတ်လား"

"ဟုတ်ကဲ့ မမ"

ညအလင်း က ခင်မင်ရင်းနှီးစွာ ပြောဆို မိတ်ဆက်နေ ညီမလေးကလည်း ရင်းနှီးဖော်ရွေစွာ ဆက်ဆံနေ၏။ ထိုအချိန် ကော်ဖီဘန်းလေးကိုင်ကာ ကောင်မလေး တစ်ယောက် ရောက်လာ

"သုံးဆောင်ကြပါဦး ဒါနဲ့ ငယ်လေးက အကနှစ်မျိုးစလုံး တက်ချင်တာဆိုတော့ ပင်ပန်းမှာနော် သင်တန်းချိန်တွေ သိပြီ





ထင်တယ် နှစ်ချိန်စလုံးဆိုရင် ညနေ ငါးနာရီမှ ပြီးမှာ"

"ဟုတ်ကဲ့ သိပါတယ် မမ ဒါကြောင့် ငယ်လေး ထမင်းချိုင့် တောင် တစ်ခါတည်း ယူလာတယ်"

ညီမလေးနှင့် ညအလင်း ပြောဆိုနေချိန်မှာ သူက နားထောင်သူ သက်သက်ပမာပဲ ရှိနေခဲ့၏။

"ထမင်းချိုင့်က အဓိကမဟုတ်ပါဘူး၊ ကိုယ့်အိမ်မှာ စားလည်း ရပါတယ် ငယ်လေး ပင်ပန်းမှာစိုးလို့ပါ"

"ရပါတယ် မမ ငယ်လေး နှစ်ခုစလုံး သင်ချင်လို့ပါ"

"အိုကေ ဒါဆို ငယ်လေးကို လက်ခံလိုက်ပါပြီ"

ညီမလေးကို သင်တန်းအပ်နှံပေးဖို့ ကိုယ်တိုင်လိုက်ခဲ့သော သူက ကျောက်ရုပ်လိုဖြစ်ကာ ဘာမှဝင်မပြောဘဲ အားလုံး အဆင်ပြေ သွားခဲ့၏။ ညီမလေးက သူ့ကိုလှည့်ကြည့်ရင်း

"ကိုကို ပြန်တော့လေ ငယ်လေး ကျန်ခဲ့လိုက်တော့မယ်"

"အိုကေ ဒါဆို ကိုကိုသွားပြီနော်"

"ငယ်လေးအတွက် ဘာမှမပူပါနဲ့ ကိုယ့်ဘက်က အပြည့်အဝ တာဝန်ယူပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

သူ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ ထွက်ခဲ့ချိန်အထိ ညရဲ့ ခေါ်သံလေးကို တောင့်တ မျှော်လင့်မိသေးသည်။

ဒါပေမဲ့ သူ မျှော်လင့်ချက်တွေ ဘယ်လိုမှ မပြည့်ဝခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချည်ရှည် နေနိုင်လိုက်တာ။ သူငယ်ချင်းဆိုတဲ့ ခင်မင်
ကောင်း ဘယ်ရောက်သွားတာလဲ။

အိမ်ထောက်အထိ စိမ်းကားပြတ်တောက်ဖို့ ကိုယ်တို့ နှစ်
ယောက်ကြားမှာ လိုအပ်ခဲ့လို့လား။

မင်း ခံစားမှု ကင်းမဲ့လွန်းတယ် ညအလင်းရယ်။

■ ■ ■

သူ ပိုင်ဆိုင်သော Doe Doe ရက်စတောရင့်ဆိုင်လေးကို ရောက်သည်အထိ စိတ်တို့က မတည်ငြိမ်ပါ။

မြရိပ်ညို ကော်ဖီဘားလေးမှာ ညအလင်းနှင့် မထင်မှတ်ဘဲ ပြန်ဆုံခဲ့သည်။ တစ်ရက်ပဲခြားကာ အခု ထပ်ဆုံရပြန်ပါပြီ။

ဒါပေမဲ့ ညအလင်းရဲ့ သံယောဇဉ်တွေက ပြတ်တောက်နေခဲ့ပြီဆိုတာ သူမ ဆက်ဆံမှုတွေက သက်သေခံနေခဲ့သည်။

သူ့ရဲ့ ရုံးခန်းလေးထဲ ဝင်လာကာ ထိုင်ခုံမှာ ကျောမှီ ထိုင်ရင်း ညအလင်း အကြောင်းတွေးနေခိုက်မှာ ဖုန်းကမြည်လာ၏။

သူကောက်ယူ နားထောင်လိုက်တော့ သူ မသိသော ဖုန်းနံပါတ်တစ်ခုဖြစ်နေသည်။

"ဟယ်လို အမိန့်ရှိပါခင်ဗျား ကျွန်တော် ကျော်ညီညွှာပါ"

"မောင် မောင်လား"

"ဟင် မင်း ဘယ်သူလဲ"

"မောင်ရယ် မိုးဈာန်ကိုတောင် မမှတ်မိတော့ဘူးလားဟင်"





သူဘယ်လိုမှ မယုံနိုင်အောင် မင်သက်နေမိသည်။ ငါးနှစ်ကျော်
ဘဝထဲက နှုတ်မဆက်ဘဲ ထွက်သွားခဲ့သော ခင်မိုးဈာန်။

"မောင် မိုးဈာန် ပြန်လာတော့မှာပါ၊ မောင့်ကို အရမ်းလွမ်း
ယ်သိလား"

"မင်းဘာတွေ ပြောနေတာလဲ"

"တွေ့မှပဲ စကားတွေ ပြောရအောင်နော် မောင်၊ မောင့်ရင်ခွင်
ကို ဈာန်အပြီး ပြန်လာခဲ့မှာပါ"

သူ့ရဲ့ အံ့ဩမင်သက်မှုတွေ အဆုံးမသတ်နိုင်ခင်မှာပဲ ခင်မိုးဈာန်
ပိတ်သွားခဲ့သည်။

ငါးနှစ်ကျော်ခန့် မဆုံတွေ့ခဲ့သော ခင်မိုးဈာန်ဆီက ပြန်ဆက်
ယ်လာတာ ယုံနိုင်စရာမရှိ။ ပြီးတော့ သူ့အသိ သူ့နှလုံးသားကလည်း
ယ်လိုမှ လက်မခံနိုင်ပါ။

သူ့အချစ်၊ သူ့နှလုံးသားကို ရက်စက် ဥပေက္ခာပြုစွာ စိမ်းပြတ်
ခဲ့ပြီးမှ မဖိတ်ခေါ်ဘဲ ပြန်ရောက်လာမှ လက်ကမ်းကြိုဆိုစရာလား။

ဟင့်အင်း မင်းကိုငါ နာကျည်းတယ် သိပ်မုန်းတယ် ခင်မိုးဈာန်။
ဘဝထဲကို ပြန်ဝင်မလာပါနဲ့တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကံကြမ္မာက သူနှင့်သူမကို ပြန်ဆုံစည်းစေမည်ဟု ညအလင်း မျှော်လင့်မထားခဲ့မိတာ အမှန်ပဲဖြစ်၏။

မြရိပ်ညို ကော်ဖီဘားမှာ ပြန်ဆုံတော့ သူမရင်တွေ လှုပ်ခတ်ခါနေခဲ့တာ ကိုယ်တိုင်ပဲအသိဆုံးဖြစ်သည်။ ဒါပေမဲ့ သူမ ဟန်ဆောင် ကောင်းခဲ့သည် ထင်ပါသည်။

သူနှင့် မထင်မှတ်ဘဲ ပြန်ဆုံချိန်မှာ သွေးအေးတည်ငြိမ်စွာနှင့် ပဲ ခင်မင်မှုတွေ ရှေ့မဆက်ဖို့ ပြောထွက်ခဲ့သည်။

တကယ်ဆို အတိတ်တုန်းကလည်း သူ့ကို ညအလင်း ပိုင်ဆိုင် ခွင့်မရှိခဲ့ပါ။ သူ့ရဲ့ချစ်ခြင်းက ခင်မိုးဇာန် ဆိုသောချစ်သူနှင့်အတူ ရှိခဲ့တာ သူမ သိသည်။





ဒါကြောင့်လည်း ယတိပြတ် သံယောဇဉ်ပြတ်ခဲ့ပြီးမှ သူမက သူ့ထံကို ဆိုက်ဆိုက်မြိုက်မြိုက် ထပ်ရောက်လာပြန်၏။

သူမရဲ့ ဟန်ဆောင်မှုတွေက လွန်ကဲနေခဲ့ပြီလား။

တကယ်ဆို သူမဘက်က ကျော်ညီညာဆိုသော သူ့အပေါ်မှာ သယ်သူငယ်ချင်း မိတ်ဆွေအဖြစ်ပဲဖြစ်ဖြစ် ခင်မင်စွာ ဆက်ဆံသင့်သည်။

ညအလင်းရဲ့ အပြုအမူတွေက သူ့အပေါ် လွန်ကဲသွားပြီလား။

သင်တန်းခဏ နားချိန်မှာ သင်တန်းသူများက နားနေခန်းသို့ ညအလင်း ရောက်ခဲ့သည်။

ကျော်ညီညာရဲ့ ညီမလေး ယယ်ညီညာက သင်တန်းသူတွေနှင့် စကားပြော နားနေ၏။

"ယယ်လေးရေ အမောပြေရင် ကိုယ်နဲ့ခဏ စကားပြောရအောင် ဧည့်ခန်းထဲ ခဏလာခဲ့နော် ကိုယ်စောင့်နေမယ်"

"ဟုတ်ကဲ့ မမ ယယ်လေး လာခဲ့မယ်"

သူမ ဧည့်ခန်းထဲရောက်ပြီး မကြာခင်မှာပဲ ယယ်လေး ဧည့်ခန်း ထဲကို ရောက်လာသည်။

"မမ ဘာပြောစရာ ရှိလို့လဲဟင်"

"ထိုင်ဦး ယယ်လေး ကိုယ် မေးစရာလေးရှိလို့"

ယယ်လေးက သူမ နံဘေးမှာ ဝင်ထိုင်သည်။ ပြီးတော့ သူမ စကားကိုပဲ ငြိမ်သက်စွာ နားစိုက်ထောင်နေ၏။

"ကိုယ် မင်းအစ်ကိုရဲ့ ဖုန်းနံပါတ်ကို လိုချင်လို့ပါ ယယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"မှန်"

သူမ စကားကြောင့် ယဉ်ညီညာ ပါးစပ်လေး အဟောင်းသား ဖြစ်သက်သွားခဲ့သည်။

"အံ့သြသွားလား ယဉ်လေး။ ကိုယ် ပွင့်ပွင့်လင်းလင်း ပြောရရင် ကျော်ညီညာနဲ့ ကိုယ်နဲ့က ကျောင်းနေဖက် သူငယ်ချင်းတွေပါ"

ယဉ်လေး မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ မယုံမရဲ ဖြစ်နေပုံရ သည်။ တကယ်ဆို သူမ အစ်ကိုနှင့် သင်တန်းအပ်သည့် နေ့ကတည်းက ဆုံခဲ့ကြတာ ဖြစ်သည်။

နေ့တိုင်းလည်း ကျော်ညီညာက သင်တန်းကြိုပို့ လုပ်ပေးနေ လျက်က မသိသလို နေခဲ့ကြတာကို အံ့သြနေပုံရ၏။

"ယဉ်လေး အံ့သြလို့ ဟိုလေ မမနဲ့ကိုကိုက ယဉ်လေး သင် တန်းစအပ်တဲ့ နေ့ကတည်းက ဆုံကြသေးတာပဲ၊ မမတို့ ဘာလို့ နှုတ် မဆက်ကြတာလဲဟင်"

"အဟင်း ကိုယ်သူ့ကို ဇဝေဇဝါ ဖြစ်နေလို့ပါ၊ သူက အခု ခြေထောက်က နည်းနည်း တောင့်တောင့်လေး ဖြစ်နေသလားလို့"

သူမ စကားကို ယဉ်လေး မျက်နှာလေးညှိုးကာ ငေးသွားခဲ့ပြီး

"ဟုတ်တယ် မမ ကိုကို ကားအက်ဆီးဒင့် ဖြစ်ထားဖူးတယ်လေ အရင်ကဆို ကားတောင်မမောင်းဘူး အခုမှ ပြန်မောင်းတာ သိပ်မကြာ သေးဘူး၊ ကိုကိုရဲ့ ခြေထောက်က ခြောက်ခါတောင်မှ ခွဲစိတ်ထားခဲ့ရတာ ဆိုတော့ ပုံမှန်အတိုင်း လူကောင်းတစ်ယောက်လို မဟုတ်တော့ဘူးပေါ့"





ညအလင်း မသိထားသော သူ့အကြောင်းတွေကို ယဉ်လေး ပြောပြနေတော့ စိတ်ဝင်စားသွားမိ၏။ ဒါတွေကို ညအလင်း မသိပါ။ ဆုံဖြစ်ခဲ့သော ကာလကြီးမှာ သူ ဘာတွေဖြစ်ခဲ့သည်လဲ။

"ဒါနဲ့ ကားအက်ဆီးဒင့်က ဘယ်တုန်းက ဖြစ်ခဲ့တာလဲဟင်"

"လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကျော်လောက်ကပါ မမ"

"အင်း သိပ်တော့ မသိသာဘူးနော် တော်သေးတာပေါ့ ဆိုးဆိုး ဝါး မဖြစ်လို့"

ယဉ်လေးက ခေါင်းလေးညိတ်ရင်း ကျော်ညီညာ ရင်ဆိုင်ခဲ့ ရသော အခြေအနေတွေကို ပြောပြ၏။

"ဒဏ်ရာက အတော်ဆိုးခဲ့တာ မြန်မာပြည်မှာ ခွဲစိတ်တာ သည် သုံးကြိမ်၊ စင်ကာပူဆေးရုံမှာ သုံးကြိမ်၊ ဒါကြောင့် ပြန်ကောင်းသွား တာ အဲဒီတုန်းက ကိုကို့ကို ယဉ်လေး အရမ်းသနားတာပဲ"

သူ အတိတ်မှာ ဆိုးဝါးသော ထိခိုက်ဒဏ်ရာ ရမှုကြီးနှင့် ကြုံခဲ့သည် ဆိုတော့လည်း ညအလင်း စာနာသနားမိပါသည်။

"ဒါနဲ့ ယဉ်လေးတို့ မိဘတွေကရောဟင် အခုကော ကျော်ညီ ညာက ဘာလုပ်နေသလဲ"

"ကိုကိုက Doe Doe ဆိုတဲ့ အမည်နဲ့ ရက်စတောရင့်ဆိုင်လေး ဖွင့်ထားတယ် မမ၊ ဒယ်ဒီနဲ့မာမီကတော့ အမေရိကားမှာ အလုပ်လုပ် နေကြတယ်လေ၊ မြန်မာပြည်မှာက ယဉ်လေးတို့ မောင်နှမပဲ ကျန်ရစ် ခဲ့သား မကြာခင်မှာ မာမီတို့ မြန်မာပြည် အပြီးပြန်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ငယ်လေး ပြောပြနေသည့် အကြောင်းတွေထဲမှာ ခင်မိုးချမ်း နှင့်သော ချစ်ခဲ့ကောင်လေး အကြောင်းမပါတာ ညအလင်း သတိထား မိသည်။ ထောက်မပြောတာလား ငယ်လေး မသိတာလား မသိ။

ထိုအကြောင်းတာမို့လည်း မမေးတော့ပါ။ သေချာသည်က သူ ခင်မိုးချမ်းနှင့် အိမ်ထောင်မကျသေးတာ သေချာ၏။

"ကိုကိုက ကျောင်းပြီးတော့ ဆောက်လုပ်ရေးဌာနမှာ အလုပ် ဝင်သေးတယ်၊ ဒါပေမဲ့ ကားအက်ဆီးဆင့် ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ အလုပ်ကထွက်လိုက်တာ"

"အင်း Doe Doe က နာမည်ကြီးပါတယ်၊ ဆိုင်ခွဲတွေ တောင် သုံးဆိုင်ရှိနေတာပဲ၊ ကျော်ညီညာက စီးပွားရေးမှာလည်း တော်သားပဲ"

"ဟုတ်တယ်မမ မန္တလေးဘက်မှာလည်း ကိုကို ဆိုင်ခွဲတွေ ဖွင့်ဖို့စီစဉ်နေတယ်၊ ဪ ဒီမှာ မမပြောတဲ့ ကိုကို့ဖုန်းနံပါတ်နဲ့ ဆိုင် လိပ်စာ"

"အိုကေ သင့်ခယူပါ ငယ်လေး"

ငယ်လေး ကမ်းပေးသော လိပ်စာကဒ်လေးကို သူမ လှမ်းယူ လိုက်မိ၏။ ပြန်ဆုံကတည်းက ဒီအကြောင်းတွေ သိခဲ့လျှင် သူနှင့် ညအလင်း စကားတွေ စုံလင်အောင် ပြောဖြစ်ခဲ့မှာသေချာ၏။

သူမ ဖုန်းဆက်လျှင် သူ အံ့သြသွားမည်လား။

သေချာသည်ကတော့ သူနှင့်အတူ စကားတွေ ဖောင်ဖွဲ့ပြောရင်း ခင်မင်ခဲ့ဖူးသော အတိတ်လေးကို ပြန်တွေးကာ သူမ ရင်ခုန်လှုပ်ခတ်





နေမိတာတော့ အသေအချာပဲ ဖြစ်၏။

ကိုယ်တို့ နှစ်ယောက်ကြားမှာ သံယောဇဉ်တွေက ခိုင်မြဲနေတုန်း ပါ ကျော်ညီညာရယ်။

■ ■ ■

"ဟဲလို ကျော်ညီညာပါ"

သူ့အသံက မပြောင်းလဲသေးဘဲ ကြည်လင်စွာ ဖုန်းလေးထဲက ကြားလိုက်တော့ ညအလင်း ယဲ့ယဲ့လေး ပြုံးမိရင်း

"ကိုယ် ညအလင်းပါ"

တစ်ဖက်က သူ့အသံတွေ တဒင် တိတ်ဆိတ်သွားခဲ့သည်။ အတန်ကြာမှ မယုံနိုင်သော လေသံနှင့်

"ည ညအလင်း ကျွန်တော့်ဆီ ဖုန်းဆက်တယ်"

"အဟင်း ဟုတ်တယ်လေ အဲဒါ ထူးဆန်းလို့လား"

"ထူးဆန်း အံ့သြနေတာပေါ့ သူငယ်ချင်းတွေအဖြစ်ကတောင် ဆက်မခံချင်တော့ဘူးလို့ ည ပြောခဲ့တယ်လေ"

သူ့စကားကို သဘောကျသလို ညအလင်း ရယ်ပစ်လိုက်မိ၏။

"အဟင်း ဟင်း ညအလင်း ဆိုတဲ့ မိန်းမက ခပ်ကြောင်ကြောင် နဲ့ နားလည်ရခက်တာ ရှင်မသိဘူးလား၊ အင်ဂျင်နီယာလောင်းရဲ့"

"ဝမ်းသာလိုက်တာဗျာ မသိဘူးလေ၊ ခင်ဗျားက တကယ်ပြော ဆယ်ထင်တာပေါ့၊ ပထမဆုံး ပြန်ဆုံတုန်းကလည်း ဒီလိုပဲ ညီမလေးနဲ့ ပြန်ဆုံတုန်းကလည်း မသိလိုက် မသိဘာသာကြီးနဲ့ကိုး"



www.burmeseclassic.com

www.burmeseclassic.com



"**အတောင်း တင်း ကိုယ်လုပ်နေတာတွေ အိုတာဖြစ်နေလို့ အခုပြန်ပြောင်းလဲလိုက်တာ**"

"ခင်ဗျားကိုတော့ တော်တော် နားလည်ရခက်နေပြီ"

"အဲဒါပဲ ကောင်းပါတယ်၊ ကိုယ်ဒီည ခုနစ်နာရီလောက် ရှင့်ဆိုင်လာခဲ့မယ်"

"ညအလင်း တကယ်ပြောနေတာလား"

"နောက်စရာမှ မဟုတ်တာ၊ ကိုယ်က ရှေ့ဆရား အဟင်း တကယ်ပြောနေတာပါ ကျော်ညီညာရဲ့"

အရယ်အသောလေးစွက်ကာ သူမပြောတော့ တစ်ဖက်က သူ့စကားကို ပြန်ကြားရ၏။

"လာခဲ့ပါဗျာ ကျွန်တော်မျှော်နေမယ်၊ ပြီးမှ စိတ်ပြောင်းမသွားလိုက်နဲ့ဦး။ ကျွန်တော် စောင့်နေမှာ"

"စိတ်ချ စိတ်ချ ကိုယ်အခု နည်းနည်း ရင့်ကျက်နေပါပြီ လာခဲ့မယ် ဒါပဲနော် အိုကေ"

သူမ ဖုန်းလေးပြန်ချရင်း ရင်ထဲမှာ ကြည်နူးပျော်တွေ ဝေနေခဲ့သည်။ ကျော်ညီညာလည်း သူမလို ခံစားနေရသည်လား။

■ ■ ■

ညခြောက်နာရီ ဆယ့်ငါးမိနစ်မှာပဲ ညအလင်း ရေမိုးချိုး ပြင်ဆင်ပြီးနေပြီ။ လိမ္မော်နှင့် အဖြူအစင်ကျား ကိုယ်ကြပ်လက်ပြတ် အကျီနှင့် လိမ္မော်ရောင် စကပ်ရှည်ရှည်လေးကို တွဲဝတ်ဆင်လိုက်၏





ဆံပင်အညိုရောင် စင်းစင်းတွေကိုတော့ ဒီအတိုင်းပဲ ချထားလိုက်၏။ ပြင်ဆင်ခြယ်သစရာ မလိုသော မျက်နှာကိုတော့ တို့ပတ်စ်လေးရိုက်ကာ ပန်းနုရောင် ဆိုးဆေးလေး နှုတ်ခမ်းမှာတင်မိ၏။

ဆယ်ကျော်သက် အပျိုရိုင်းလေးလို စိတ်လိုလက်ရ ပြင်ဆင်နေမိတာကိုတောင် သူမဘာသာ ရှက်နေမိသေး၏။

ဘာကြောင့်မှန်းမသိတဲ့ သူမစိတ်တွေ လန်းဆန်းတက်ကြွ နေခဲ့တာတော့ အသေအချာ။

Mark II ကားလေးကို ကိုယ်တိုင်မောင်းပြီး သူ့ရဲ့ဆိုင်လေးသို့ ထွက်ခဲ့သည်။

ဆိုင်ရှေ့ကားစတင်းမှာ သူမကားလေး ထိုးရပ်တော့ ခုနစ်နာရီထိုးဖို့ ဆယ်မိနစ်လောက်လိုသေးသည်။ ဒါပေမဲ့ ဆိုင်အပြင်ဘက်က သူက ထွက်ကြိုနေခဲ့သည်။

ညအလင်းကိုမြင်တော့ အပြုံးလေးနှင့် သူ ခပ်သွက်သွက် လျှောက်လာနေသည်။

သူ ဝတ်ဆင်ထားသည်က အပြာနုနု စပို့ရှပ်နှင့် အနက်ရောင်ဘောင်းဘီရှည်နှင့် ...။ သူ့မျက်နှာက ကြည်လင်ဝင်းပကာ လူငယ်လေးတစ်ယောက်လိုပဲ ရှိနေသည်ထင်မိ၏။

"ကိုယ် နောက်မကျပါဘူးနော်"

"ဟင့်အင်း ကျွန်တော်က စိတ်လောနေခဲ့တာပါ"

သူ ဖိတ်ခေါ်ညွှန်ပြသည့် သီးသန့်အခန်းလေးထဲက စားပွဲဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



သေမှာ အတူတိုင်မိကြတော့ ညအလင်းကပဲ နှုတ်ဆက်လိုက်၏။

"မြန်ဆုံရတာ ဝမ်းသာပါတယ်၊ အင်ဂျင်နီယာလောင်း"

"အဟွန်း အခုမှပဲ အရင်တုန်းက ညအလင်းနဲ့ တူသွား

တော့တယ်"

သူ့ မှတ်ချက်စကားကြောင့် သူမ သဘောကျသလို ရယ်မော

လိုက်မိသည်။ သူကလည်း ကြည်နူးစွာ ပြုံးလို့နေ၏။

"ကိုယ်က အမြဲတမ်း ညအလင်းပါပဲ"

"ဒါဆို ဟိုတစ်ခါ မြရိပ်ညိုမှာ တွေ့တုန်းက"

"အဲဒီတုန်းက ကိုယ် စိတ်မကြည်လို့"

"ဟုတ်ပါပြီ အခု ကျွန်တော့်ဆီလာတဲ့ ကိစ္စကကော"

"ကိုယ်တစ်ယောက်တည်း ပျင်းလို့လေ အဟင်း"

"ဒါဆို ကျွန်တော်က ပျော်တော်ဆက်ပေါ့"

"ဟင့်အင်း မဟုတ်ပါဘူး ဂျိုကာပါ"

"ညအလင်းအတွက်ပဲလေ ဂျိုကာဖြစ်ရလည်း ရတယ် ဟား

ဟား ဟား"

နှစ်ယောက်သား အပူအပင်ကင်းမဲ့စွာ ဟားတိုက်ရယ်မော

မိကြသည်။ ထိုညက သူကျွေးမွေးသော ညစာကိုစားရင်း ကျောင်းတုန်း

အဖြစ်တွေကို ပြန်ပြောဖြစ်ကြသည်။

ရယ်စရာတွေ အမှတ်ရစရာတွေ ပြန်ပြောရင်း အတိတ်

ပြန်သတိရခွင့် ရခဲ့တာလည်း ရင်ခုန်ကြည်နူးစရာပါပဲ။





ကိုယ်နဲ့မင်းကြားမှာ ဘာဟန်ဆောင်မှုတွေမှ မရှိကြေးနော် ကျော်

ညိုညာ။

ကိုယ်တို့ ခင်မင်မှု သံယောဇဉ်တွေ ဆက်တည်မြဲကြစို့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သူနှင့် သူမတို့နှစ်ဦး ပြန်လည်ရင်းနှီး ခင်မင်သွားခဲ့ခြင်းက နှစ်ဦးစလုံးအတွက် ကြည်နူးပျော်စရာတွေကိုပဲ ပိုင်ဆိုင်ခဲ့ရတာတော့ သေချာသည်။

တစ်ယောက်နှင့်တစ်ယောက်ကြားမှာ နားလည်မှုတွေနှင့် ပြန်လည်ခင်မင် ရင်းနှီးခဲ့ကြသည့် အခြေအနေကို ငယ်လေးကလည်း ဝမ်းသာ နေခဲ့၏။

"ကိုကိုနဲ့ မမက အရမ်းခင်မင်ခဲ့ကြသူတွေ မဟုတ်လား။ အခု ဆို ကိုကိုအရင်နဲ့ မတူဘူး"

"ဟင် ဘာဖြစ်နေလို့လဲ ငယ်လေးရဲ့"

"ကိုကိုကြည့်ရတာ အရမ်းပျော်ရွှင် သွက်လက်နေတာ မမရဲ့ မမရဲ့အကြောင်းတွေလည်း ငယ်လေးကို ပြောပြတယ် သိလား"





"ကျော်ညီညာက ဘာတွေ လျှောက်ပြောလို့လဲ"

"မကောင်းတာ တစ်ခုမှ မဟုတ်ပါဘူး မမရဲ့ မမက ခင်မင်စရာ ကောင်းတဲ့အကြောင်း အရမ်းပွင့်လင်း ဖြူစင်တဲ့အကြောင်းတွေပါ"

"ဟုတ်လား တို့က နားလည်ရခက်ပြီး ခပ်ကြောင်ကြောင်နိုင်တဲ့ အကြောင်းကော သူ မပြောပြဘူးလား အဟင်း ဟင်း"

"မမက ဘယ်သူနဲ့မှ မတူဘူးတဲ့ အဲဒါကိုတော့ ကိုကိုပြောတယ် အဟင်း ဟင်း"

သူနှင့် သူမတို့ ခင်မင်ရင်းနှီးနေမှုကို ငယ်လေးက ကျေနပ်ဝမ်းသာနေခြင်းအတွက် သူမကလည်း ကျေနပ်မိပါသည်။

ထိုထက်ပိုမို ကျေနပ်စရာ ကောင်းခဲ့သည်က ကျော်ညီညာရဲ့ အပြုအမူတွေကြောင့် ပဲဖြစ်သည်။

ကျောင်းတုန်းကတောင် ချစ်သူကို နှစ်သက် သဘောကျမည့် လက်ဆောင် မပေးတတ်ခဲ့သော ကျော်ညီညာသည် သူမအတွက်တော့ လက်ဆောင်တွေ မကြာခဏ ပို့ပေးတတ်၏။

လှပသော ပန်းစည်းလေးတွေနှင့် အရုပ်လေးတွေ သူမအတွက် မကြာခဏ ဝယ်ပေးတတ်သည်။

သူမအပေါ် တိမ်းညွတ်နေသလိုရှိသော သူ့မျက်ဝန်းတွေကြောင့်လည်း သူမ ရင်ခုန်ကြည်နူးရ၏။ ဘယ်အချိန်မှာ သူ့ရဲ့ ရင်ဖွင့်စကားကို ကြားရမည်လဲဟု သူမ မျှော်လင့်နေတာလည်း အမှန်ပင်ဖြစ်၏။

သင်တန်းပိတ်ရက်တွေမှာလည်း ငယ်လေးကို အကြောင်းပြကာ

www.burmeseclassic.com



[illegible] ညအလင်း ရောက်တတ်စမြဲ။

"[illegible] တင်းချက်ကောင်းတယ်၊ ည လိုက်ခဲ့စမ်းပါ [illegible] ချင်လို့"

"သင်တန်းနားရက်ကျ ညီမလေးက ရွှေတောင်ခေါက်ဆွဲ လုပ် [illegible] လို့ ည လာခဲ့နော်"

အကြောင်းပြချက်များစွာနှင့် သူခေါ်လာတိုင်းလည်း ညအလင်း ခြင်းဖြစ်ခဲ့ပါ။

တကယ်ဆို သူ့ရဲ့ခင်မင်ရင်းနှီးမှုမှာ သူမလည်း ယစ်မူးသာယာ ခဲ့မိတာ မညာချင်ပါ။

သူနှင့်သူမကြားက ကြည်နူးစရာ အချိန်တွေကို မထင်မှတ်သော ကံကြမ္မာက ဖျက်ဆီးမည်ဟု မထင်ခဲ့မိပါ။

ထိုနေ့က သင်တန်းပိတ်ရက်မို့ သူတို့အိမ်မှာပဲ မနက်စာ စား ရင်း နေ့လယ်အထိ ရှိနေခဲ့သည်။

နှစ်ယောက်သား စကားတွေဖောင်ဖွဲ့ပြောရင်း ညနေလေးနာရီ ကျော်တော့ သူမ ပြန်ဖို့ နှုတ်ဆက်မိ၏။

"ပြန်တော့မယ်ကွာ လေးနာရီကျော်နေပြီ"

"ဟာ နေပါဦး ညအလင်းရဲ့ ကျွန်တော်ပြန်လိုက်ပို့ပေးမှာပေါ့"

သူတားမြစ်တော့ သူမ ပြုံးပြုံးလေး ပြန်ထိုင်လိုက်ရင်း

"ဒါဆို ကိုယ့်ကို ဂစ်တာတီးပြလေ ကိုယ်မပြန်ဘူး"

"အိုကေ ကိုယ်တီးပြမယ် ဘာသီချင်းဆိုရမလဲ"





ပြောရင်း သူ ဂစ်တာကို ကောက်ယူသည်။ ဂစ်တာကြိုးတွေ ပေါ်မှာ သူ့လက်ချောင်းတွေ တို့ခတ်ကစားနေတာ ကြည့်ရင်း

"လေးဖြူရဲ့ စာမျက်နှာ တစ်ဆယ့်ငါး အဲဒါဆိုပြကွာ"

"ဟာ ကျွန်တော် အဲဒီသီချင်းမတီးချင်ပါဘူး ပြီးတော့ ဆိုလည်း ဆိုချင်ဘူး"

"မရဘူး ကိုယ် အဲဒါပဲ နားထောင်ချင်တယ်၊ မဆိုပြရင်လည်း ပြန်တော့မယ်"

"ဟား မပြန်ပါနဲ့ ကျွန်တော် ဆိုပြပါ့မယ်"

"အိုကေ ဆိုပြလေ"

သူ ခေါင်းညိတ်ကာ ဂစ်တာကို တီးသည်။ သူ့အသံကိုပဲ သူမ နားစိုက်ထောင်နေလိုက်၏။

"အတိတ်တွေက မှုန်ဝါးပေမယ့် . . . ငါတို့နှစ်ဦး ဖာတ်လမ်းမှာ [illegible] နေရာက အကောင်းတိုင်း ရှိနေဆဲပါပဲ . . . ဟိုတစ်ကွက် ဒီတစ် [illegible] . . . ပိတ်ကားထက် . . . ကြည့်မကောင်းပေမယ့် မြင်ရတယ်"

သီချင်းထဲမှာ သူက နစ်မျော သီဆိုနေသလို သူမကလည်း [illegible] သက်သက်လေး နားစိုက်ထောင်နေမိဆဲ။

"အမိပ္ပါယ်မရှိတာ သိထားလည်း . . . တစ်ခါတလေ တိုက် [illegible] တွေ ရှိလာတိုင်း . . . အမှတ်တမဲ့မင်းကို လွမ်းပါတယ် . . . အပေါ်ယံ [illegible] သော ဒဏ်ရာမဟုတ်တော့ . . . အလွယ်တကူ ငါမေ့မရဘူးကွယ် [illegible] ဘယ်ဆီကိုမင်းရောက်နေသလဲ . . . ဘယ်နေရာမှာ မင်းရှိနေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



... ဘာတွေကို စဉ်းလုပ်နေသလဲ ... တွေးမိပါတယ် ... ငါလွမ်းမော ချိန်နဲ့ ... တစ်ခါတလေတော့ သတိရပါတယ်''

"သူ သီချင်းသံ ဆုံးသွားတော့ ညအလင်း အားပေးလက်ခုပ် ဆေးတီးသည်။ ဒါပေမဲ့ အခြားသော လက်ခုပ်သံလေးကလည်း အနောက်က ထွက်လာတာမို့ လှည့်ကြည့်တော့

''ဟင်''

''ဟင် ခင်မိုးရျာန်''

သူမ အံ့သြသွားသလို သူကလည်း မယုံနိုင်သလို ရေရွတ်သည်။ ကြည်ပြာရောင် ဂါဝန်လေးနှင့် ခင်မိုးရျာန် သူတို့ဆီကို ပြုံးပြုံးလေး လျှောက်လာသည်။

ရွှေရောင်ဆံပင် အခွေအလိပ်လေးတွေကြားမှာ ချစ်ရာကောင်း သော မျက်နှာလေးက နဂိုအတိုင်းလှပဆဲ။

သူမ ခန္ဓာကိုယ်လေးကတော့ အနည်းငယ် ပိန်သွားခဲ့သည် ထင်သည်။

''မောင် မောင့်ဆီကို ရျာန် ပြန်လာပြီလေ''

''မင်း ဘာလာလုပ်တာလဲ''

''မောင့်ကိုမခွဲနိုင်လို့ အပြီးပြန်လာတာပေါ့၊ မောင်နဲ့စကား တွေ အများကြီးပြောချင်လို့''

ကျော်ညီညာ ခေါင်းကိုခါရမ်းကာ သူမဘက်လှည့်ကြည့်သည်။ သူမ နားလည်နိုင်သလို ပြုံးရင်း ထရပ်လိုက်သည်။





ညအလင်း ဆိုတဲ့ သူမက ဟန်ဆောင်ကောင်းတတ်သူပဲလေ။

''ညီညာ ကိုယ်ပြန်တော့မယ် မင်းတို့ အေးအေးစကား ပြော ကြပါ''

သူ မတားခင်မှာပဲ သူမ ကျောခိုင်းထွက်ခဲ့လိုက်သည်။

ပိုင်ရှင် ပြန်လာပြီပဲ။ ခင်မိုးရျာန် ဆိုတာ ကျော်ညီညာရဲ့ ပိုင်ရှင်ချစ်သူပဲလေ။ ညအလင်းဆိုတာ သူ့အတွက် မလိုအပ်တော့ဘူး ထင်ပါတယ်။

ပျော်ရွှင်ခဲ့ရတဲ့ အချိန်တွေအတွက်တော့ ကျေးဇူးတင်ပါတယ် ကျော်ညီညာ။

ကိုယ်တို့ နှစ်ယောက်ကြားမှာ တစ်ခုခုရှိခဲ့ရင် အဲဒီအတစ်ခုကို ဆာဝရ သိမ်းဆည်းထားခွင့်ပြုပါ ကျော်ညီညာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''မောင် သူနဲ့တွဲနေတုန်းပဲ နော်''

''ဟုတ်တယ်''

မိုးရျာန် အမေးကို သူကျေကျေနပ်နပ်ကြီး ခေါင်းညိတ်လိုက်သည်။ သူ့ကို စူးစူးစိုက်စိုက်လေး ကြည့်နေသော မိုးရျာန် အကြည့်တွေကို တမင်ပဲ ဥပေက္ခာပြုထားလိုက်သည်။

သူ့အိမ်အထိ မိုးရျာန် ရောက်လာခြင်းက အံ့ဩတုန်လှုပ်စရာပါပဲ။ ညအလင်း သူ့ကို ဘယ်လိုထင်သွားမည်လဲ အခုချိန်ထိ စိတ်မကောင်း ဖြစ်နေခဲ့သည်။

ခင်မိုးရျာန် ခေါ်ရာ ကော်ဖီဆိုင်လေးကို လိုက်ခဲ့ရပေမယ့် သူ့စိတ်တွေက ညအလင်းဆီမှာပဲ ကျန်ရစ်ခဲ့သလို ခံစားနေရ၏။

''မောင့်ကို မိုးရျာန်ချစ်တယ်''

သူ့ပခုံးလေးကို မှီရင်း ဆိုလာသော မိုးရျာန်ဆီမှာ သူ ရှုန်းထွက်





ရှောင်တိမ်းပစ်ရင်း

''အပိုတွေ မပြောနဲ့ မိုးရျာန်၊ အဲဒါတွေမလိုဘူး အခု မင်းဘာလို့ ပြန်လာတာလဲ''

သူ့အမေးကို မိုးရျာန် အပြုံးလှလှလေးနှင့် ပြုံးပြရင်း တည်တည် ငြိမ်းလေးပဲ ပြန်ဖြေသည်။

''မောင့်ကို လွမ်းလို့ မောင်နဲ့အတူနေဖို့ ပြန်လာတာပေါ့ မောင်ရယ်''

မိုးရျာန်စကားက သူ့ရင်ထဲကို စူးစူးနစ်နစ် နာကျင်စေတာ အမှန်။ သူ့ကို ရက်စက်လွန်းစွာ ဥပေက္ခာပြုသွားခဲ့ပြီးမှ သူမနှုတ်က ဒီစကားကို ပြောထွက်လွန်းသည်။

''တော် တော် မိုးရျာန် မင်းလောက်ရက်စက်တဲ့မိန်းမ ရှိမှာမဟုတ်ဘူး။ ကားအက်ဆီးဒင့် ဖြစ်နေတဲ့ငါ့ကို ထားရစ်ခဲ့ပြီး မင်းအင်္ဂလန်မှာ ကျောင်းသွားတက်တယ်၊ မင်းသွားပြီးနောက်ပိုင်း ငါ့ခြေထောက်ကို ခြောက်ခါခွဲစိတ်ခဲ့ရတယ်၊ မင်းအနားမှာ မရှိခဲ့ဘူး။ အင်္ဂလန်မှာမင်းကို ဆက်သွယ်ရှာခဲ့တယ်၊ ဘယ်မှာမှ ရှာမတွေ့ဘူး။ ကဲ မင်းဘာတွေများ လိမ်ညာချင်သေးလဲ''

''မဟုတ်ဘူး မောင် ရျာန်က ကယ်လီဖိုးနီးယားမှာ တက်တာ''

သူ နာကျင်စွာ နှုတ်ခမ်းတွေကို မဲ့ချပစ်ရင်း

''မင်း ဖုန်းတစ်ချက်တောင် မဆက်နိုင်အောင် အလုပ်တွေ ရှုပ်တွေးနေခဲ့သလား ခင်မိုးရျာန်''



www.burmeseclassic.com

www.burmeseclassic.com



"စွာန် နေမကောင်းလို့ ဆေးရုံတက်ခဲ့ရသေးတယ် မောင် ပြီတော့ မောင့်သတင်းတွေကို ဈာန် နားထောင်နေခဲ့ရပါတယ်၊ မောင် ရပ်တည်နေနိုင်တာပဲ မောင့်ရဲ့ Doe Doe ဆိုင်ကြီး အောင်မြင်နေတာပဲ"

"အဲဒါတွေ အားလုံး မင်းမရှိလို့ ငါရဲ့ မကျေနပ်ချက်တွေနဲ့ ကြိုးစားခဲ့တာကွ၊ ငါတကယ် လုပ်ချင်တာက ဆောက်လုပ်ရေးလုပ်ငန်း ဒါပေမဲ့ အခုငါ့ရဲ့ ခြေထောက်တွေကြောင့် ငါ့ဝါသနာကို စွန့်ခဲ့ရတာ မင်းကို ငါ့ဘဝထဲက ထုတ်ပစ်ခဲ့တာကြာပြီ ခင်မိုးဈာန်"

မိုးဈာန် ဆတ်ခနဲ ခန္ဓာကိုယ်လေး မတ်ခနဲဖြစ်ကာ သူ့ကို မော့ကြည့်၏။ သူမ မျက်ဝန်းတွေထဲမှာ ကြေကွဲဝမ်းနည်းရိပ်တွေလား ဟင့်အင်း သူ မယုံချင်ပါ။

"မောင့်အနားမှာ ဟိုမိန်းမရှိနေလို့ ဈာန်ကို မလိုအပ်တော့တာ လား မောင်"

"ညအလင်းနဲ့ ဘာမှ မဆိုင်ဘူး သူက အေးဆေးပဲ"

"မောင် ဈာန်ကို နားလည်မပေးနိုင်ဘူးလား ဈာန် ဈာန်မှာ"

မိုးဈာန် အသံတွေ တိမ်ဝင်သွားခဲ့ပြီး ခေါင်းကိုခါသည်။ ပြီး ပင့်သက်လေးတွေ ရှိုက်ရင်း

"ဈာန်မှာ မောင့်ကို ပြောပြလို့မဖြစ်လို့ အကြောင်းတရားတွေ ရှိနေတယ် မောင်ရယ် ဈာန့်ကိုနားလည်ပါ"

သူဘာကို နားလည်ပေးရမှာလဲ၊ ချစ်သူကို ဥပေက္ခာပြု ရက် စက်စွာ စွန့်ခွာပြီး ရခြားမြေခြားမှာ အေးဆေးစွာ ပညာသွားသင်နေ





သည့် သူမကို ဘယ်လို နားလည်ရမှာလဲ။

အဆက်အသွယ်မဲ့ကာ ထွက်သွား။ ပြန်ချိန်တန်တော့ ပြန်လာ ကို သူက ရင်ဖွင့်ကြိုဆိုရမှာတဲ့လား။

တွေးရင်း ရင်ထဲမှာ သူ တဆစ်ဆစ် နာကျင်လာသည်။ မိုးဈာန် အနားမှာ သူ တစ်စက္ကန့်လေးတောင် မနေချင်တော့ပါ။

"ဘာဆိုဘာမှ ငါမကြားချင်တော့ဘူး မိုးဈာန် မင်းနဲ့ငါ ဘာမှ ဆက်သက်တော့ဘူး"

စကားအဆုံးမှာ သူ ထထွက်တော့ မိုးဈာန်က သူ့လက်ကို ဆွဲ၏။ သူမ လက်ကို ဖျတ်ခနဲ ပုတ်ရှောင်တိမ်းရင်း သူ ဆိုင်ထဲက ထွက်ခဲ့သည်။

"မောင် မောင် နေပါဦး"

မိုးဈာန် ခေါ်သံကို သူ ဥပေက္ခာပြုပစ်လိုက်သည်။ ရပ်ထား သော ကားပေါ်တက်ကာ မောင်းထွက်ခဲ့သည်။

ဘယ်ဆီကို ဦးတည်နေမိမှန်း မသိပေမယ့် အခုချိန်မှာ သူ့ မျက်လုံးတွေ မှုန်းကြုပ် ညစ်ညူးနေတာတော့ သိနေသည်။

■ ■ ■

သူ သတိထားမိချိန်မှာ ဘီယာဆိုင် တစ်ဆိုင်ထဲ ရောက်နေခဲ့ သည်။ တစ်ခွက်ပြီး တစ်ခွက်မှာသောက်ထားသော ဘီယာခွက်တွေက သူ့အမြင်မှာ ဝေဝါးလို့နေသည်။

"အစ်ကို ကျွန်တော်တို့ ဆိုင်ပိတ်တော့မယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဘေးပွဲထိုးလေး လာပြောမှ/ဆိုင်အပြင်မှာ ရပ်ထားသော ကားဆီ ရှေ့ည်အားတင်း လျှောက်ခဲ့လိုက်သည်။

သူ အရမ်းမူးနေတာ ကိုယ်တိုင်ပဲသိသည်။ ဒါပေမဲ့ ကားကိုတော့ သတိထား မောင်းနှင်ခဲ့သည်။ ကားပြတင်းတံခါးမှ တိုးဝင်လာသော လေကြောင့် လူက အမူးရှိန်ပိုလို့ တိုးလာလေသလားမသိ။

ခင်မိုးချာန် မင်း ငါ့ဘဝကို ဒုတိယအကြိမ် မနှောင့်ယှက်ပါနဲ့

သူ့စိတ်ထဲမှာ အကြိမ်ကြိမ် အသံမဲ့စွာ တောင်းပန်ရင်း ကားလေး ထိုးရပ်လိုက်မှ သူရောက်ခဲ့တာ ညအလင်းတို့အိမ်မှန်း သိတော့သည်။

"ဟား မောင်ကျော်ညီညာ၊ အချိန်မတော်ကြီးပါ့ဟား"

"ဟုတ်ကဲ့ ဦးမိုး ညညရှိလား"

"ရှိတယ် မောင်ကျော်ညီညာ"

"ကျွန်တော် ကိစ္စရှိလို့ ကားကိုတော့ ခြံဝမှာပဲရပ်ခဲ့မယ်"

ခြံစောင့်ကြီး ဦးမိုးက သူ့ကို တရင်းတနှီး သိနေတာမို့ ခေါင်းညိတ်ပြီး ခြံတံခါးသော့ကို ဖွင့်ပေးသည်။ ဘယ်အချိန် ဘယ်အခါဆိုတာလည်း အခုချိန်မှာ သူ့စိတ်က မသိပါ။

ဧည့်ခန်းရှေ့ကို သူရောက်သည်နှင့် အိမ်ဖော်ကောင်မလေး တအံ့တဩနှင့် တံခါးဝအနားထိ လျှောက်လာရင်း

"ဘာကိစ္စများ ရှိလို့လဲ ကိုကျော်ညီညာ"

ညအလင်း အိမ်ကို မကြာခဏ ရောက်တတ်သော သူ့ကို





အားလုံးက သိနေခဲ့သည်။

"ညည ရှိလား အိပ်နေပြီလား"

"မအိပ်သေးဘူးရှင့် ဘုရားရှိခိုးနေတယ်"

"ကျွန်တော် ခဏတွေ့ချင်လို့"

"ဟုတ်ကဲ့ ခဏထိုင်ပါ ကိုကျော်ညီညာ"

ဧည့်ခန်းတံခါးကို ဖွင့်ပေးပြီး ကောင်မလေး အခန်းတစ်ခုထဲ လှမ်းဝင်သွားချိန်မှာ သူ ဆိုဖာပေါ် ဝင်ထိုင်လိုက်သည်။

မထောင်နိုင်အောင် မူးဝေနေသော ဦးခေါင်းကို ဆိုဖာထိုင်ခုံမှာ မှီရင်း သူ့မျက်ခွံတွေ လေးပင်စွာ ပိတ်သွားခဲ့သည်။

အေးမနှင့်အတူ ညအလင်း ရောက်လာချိန်မှာတော့ သူ ဆိုဖာထိုင်ခုံကြီးပေါ်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီ။

"ဒုက္ခပါပဲ အိပ်ပျော်နေပြီ ထင်တယ် မမလေး"

အေးမ ခေါင်းလေးကုတ်ကာ စိတ်ပျက်ညစ်ညူးသံနှင့် ဆိုသည်။ ယမကာနံ့ တထောင်းထောင်းနှင့် ကျော်ညီညာကတော့ ဘာမှ မသိရှာတော့။

"အင်း ဘယ်လို လုပ်ရမလဲ၊ သူ့ကို ကိုယ့်အိမ်မှာ သိပ်လို့တော့ မရဘူး၊ နေဦး သူ့မှာ ကားမပါဘူးလား"

"ပါတယ် မမလေး ကားကခြံရှေ့မှာ ရပ်ထားတယ်"

"ဒါဆို ကိုယ်သူ့ကို အိမ်ပြန်ပို့ပေးလိုက်မယ်"

"ဆယ့်တစ်နာရီ ကျော်နေပြီ မမလေးရဲ့ ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



အေးတော နံရံပေါ်က နာရီကို လှမ်းကြည့်ရင်း စိုးရိမ်သလို ပြောတော့ ညအလင်း ခေါင်းလေးညိတ်ရင်း

"ရပါတယ် အပြန်ကျတော့ သူ့ကားကိုပဲ ပြန်မောင်းခဲ့လိုက်မှာ ပေါ့"

အေးမ ခေါင်းလေးညိတ်ကာ ရပ်ကျန်ရစ်ခဲ့တုန်းမှာပဲ သူမ ခြံထဲကို ဆင်းခဲ့သည်။ ခြံစောင့်ကြီး ဦးမိုးက ခြံတံခါးနားမှာ ရှိနေ၏။

"ဦးလေးမိုး ကျွန်မ ကျော်ညီညာကို အိမ်ပြန်ပို့မှ ဖြစ်မယ်။ သူ သိပ်မူးနေပြီ"

"ဟုတ်လား၊ ထင်တော့ ထင်သား၊ ဒီကောင်လေး မသောက်စ ဖူးနဲ့ကွယ်"

ညအလင်း ခြံရှေ့က ကားလေးကို အိမ်ရှေ့ ဆင်ဝင်အောက်အ ထိ မောင်းခဲ့ပြီးမှ စိတ်ကူးပြောင်းကာ

"အေးမ ကိုယ့်ကားနဲ့ပဲ သွားတော့မယ် သူ့ကားကို ထားရစ်ခဲ့ မယ်"

"ဟုတ်ကဲ့ မမလေး"

သူမရဲ့ Mark II ကားကိုပဲ ယူသွားဖို့ ဆုံးဖြတ်ကာ ကျော်ညီညာ ကို ဦးမိုး အကူအညီနှင့် ကားပေါ်တွဲတင်လိုက်ကြသည်။

"ကိုယ် အကျီလဲလိုက်ဦးမယ်၊ ဟာ ရှုပ်ပါတယ်ကွာ မလဲတော့ ဘူး"

ညအလင်း ဒူးဖုံးဂါဝန်လေးနှင့်ပဲ ထွက်ခဲ့လိုက်သည်။ လမ်း





ပေါ်မှာ ကားတွေက ရှင်းလင်းနေသည်။ ကျော်ညီညာကတော့ သူမ အိမ်ပြန်ပို့တာတောင် သိပုံမရတော့ပါ။

ဘာကြောင့် ဒီလောက်အထိ သောက်ထားသလဲဆိုတာ ည အလင်းပဲ နားလည်ပါသည်၊ ခင်မိုးစုနာနဲ့ ပြဿနာကြောင့်ပဲ ထင်သည်။

ကျော်ညီညာက ဒီလောက်အထိ အသိမဲ့အောင် သောက်တတ် သူမှ မဟုတ်ဘဲ။

ကြိုတွေးထားသည့်အတိုင်း သူတို့ အိမ်ကိုရောက်တော့ ယယ် လေးက ညေ့ခန်းထဲမှာ စိုးရိမ်ပူပန်စွာ မျှော်နေခဲ့၏။

"ယယ်လေးရေ ဒီမှာ ယယ်လေးအစ်ကိုတော့ ကိုယ့်အိမ်ရောက် လာပြီး ခေါင်းသွားလို့ လိုက်ပို့တာ"

"ဟယ် ကိုကိုက အရမ်းဆိုးတာပဲ၊ တကယ်ပါ ယယ်လေး တောင်းပန်ပါတယ် မမရယ်၊ ကိုကိုတစ်ခါမှ ဒီလိုမသောက်ဖူးပါဘူး။ ခုမှ ဘာဖြစ်တာလဲ မသိတော့ဘူး"

ယယ်လေး နှုတ်က ပွစိပွစိပြောရင်း ညအလင်းနှင့်အတူ ကျော် ညီညာကို ဆိုဖာပေါ် ဆွဲတင်ပေးရှာသည်။

"ကိုကို ဖုန်းကိုထားခဲ့တော့ ယယ်လေး ဆက်လို့မရဘူး ဖြစ်နေ တာ မမဆီ လှမ်းဆက်ဦးမလို့ ညည့်နက်နေတော့ အားနာလို့"

"ကိုယ့်အိမ်မှာ သိပ်မသင့်တော်ဘူးထင်လို့ လာပို့တာ ကဲ ကိုယ် ပြန်တော့မယ် သူ့ကားကတော့ ကိုယ့်အိမ်မှာ မနက်ကျမှပဲ ကြည့်ယူတော့ နော်"



www.burmeseclassic.com

www.burmeseclassic.com



"မမ ဒီအချိန်ကြီးမှ ပြန်လို့ မသင့်တော်ပါဘူး ဒီမှာပဲ ငယ်လေးနဲ့အိပ်ပါလားဟင် ငယ်လေးရှိတာပဲ အခုပဲ ဆယ့်နှစ်နာရီ ထိုးတော့မယ်"

ငယ်လေးက တောင်းပန်သလို ပြောပေမယ့် ညအလင်းတွေခနဲဖြစ်ကာ ခေါင်းကိုခါမိ၏။

"ကိုယ် အိပ်ချင်ဘူး ငယ်လေး မသင့်တော်ဘူး ထင်တယ်"

"ဟာ ဘာလို့ မသင့်တော်ရမှာလဲ မမရဲ့၊ ငယ်လေးနဲ့ အတူအိပ်လေ မနက်မှပြန်ပါ၊ မမ မတော်တဆ လမ်းမှာတစ်ခုခုဖြစ်မှာစိုးလို့ပါ"

ငယ်လေးပြောမှပဲ ညအလင်း စဉ်းစားမိတော့သည်၊ တကယ်ဆိုအချိန်က သိပ်ကို ညဉ့်နက်နေပြီ။ မတော်တဆ လမ်းမှာ အန္တရာယ်တစ်ခုကြုံလျှင်အခက်၊

"အင်း ဒါဆို ကိုယ့်အိမ်ကို ဖုန်းဆက်ဦးမယ်၊ အေးမတို့ စိတ်ပူနေမှာစိုးလို့"

"ဟုတ်ကဲ့ ဆက်ပါ မမ"

ညအလင်း ဖုန်းဆက်ပြီး အေးမကို အကျိုးအကြောင်း ပြောပြလိုက်၏။ ကျော်ညီညာကို ခြံစောင့်ကြီး အကူအညီနှင့် သူ့အခန်း ပို့ပေးလိုက်သည်။ ညအလင်းကတော့ ငယ်လေး အခန်းမှာပဲ အတူအိပ်လိုက်ပါသည်။

"ငယ်လေး မနက်ကျရင် အလှူတစ်ခုသွားရဦးမယ် သူငယ်ချင်းတစ်ယောက်အိမ်မှာလေ"



"ဟုတ်လား စောစောသွားမှာလား"

"ဟုတ် နည်းနည်းပါးပါး ဝိုင်းကူရင်း တရားနာအမီသွားမှာမမ ဘာမှ အားမနာနဲ့ အဆင်ပြေတဲ့ အချိန်ထနော်"

"အင်း ရတယ် ငယ်လေး ကဲ ကိုယ့် အရမ်းပင်ပန်းနေပြီငယ်လေးလည်း စောစောထရမှာဆိုတော့ အိပ်ကြစို့နော်"

မီးတွေမှိတ် အိပ်ရာဝင်ခဲ့တော့လည်း ကိုယ့် အိပ်ရာမဟုတ်သာမို့ ညအလင်း ချက်ချင်းအိပ်မပျော်ပါ။

တစ်နေကုန် သင်တန်းမှာ ပင်ပန်းခဲ့တာတွေကြောင့် ကြိုးစားပြီး အိပ်ပျော်အောင် အိပ်ပစ်လိုက်ရသည်။

■ ■ ■

မနက်မိုးလင်းတော့ သူ့မဘေးမှာ ငယ်လေးမရှိတော့ပါ။ ကသာကမျော လှုးလဲထကာ အောက်ထပ်ဆင်းခဲ့သည်။

"ဟော သမီးလေး နိုးပြီလား မနက်စာ စားဦးနော်၊ ငယ်ငယ်တော့ အစောကြီး ထထွက်သွားပြီကွဲ့"

ညအလင်း ရေချိုးခန်းထဲဝင်ကာ ကိုယ်လက် သန့်စင်လိုက်သည်။ ပြီးတော့ ကော်ဖီဝိုင်းထဲ ဝင်ထိုင်လိုက်သည်။ ကော်ဖီဝိုင်းမှာ ဒေါ်လေးမြိုင်က မနက်စာအတွက် ပြင်ဆင်ပြီးနေပြီ။

"ကျော်ညီညာ မနိုးသေးဘူးလား ဒေါ်လေးမြိုင်"

"မောင်ကျော် ဟော ဟိုမှာ လာပါပြီ"

ဒေါ်လေးမြိုင် မျက်ဝန်းတွေက တံခါးဝကို လှည့်ကြည့်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သာမို့ ညအလင်း လှည့်ကြည့်တော့ ကျော်ညီညာ ကော်ဖီခန်းထဲ ဝင်လာ
သည်။

"ညည ကျွန်တော် တောင်းပန်ပါတယ်နော် မနက်က ငယ်လေး
ပြောတယ် ကျွန်တော်ညက တော်တော်မူးနေတာတဲ့ ညညကို အားနာ
လိုက်တာဗျာ ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင်"

ကော်ဖီဝိုင်းမှာ ဝင်ထိုင်ရင်း ကျော်ညီညာ ရှင်းပြတောင်းပန်
စကားတွေ အများကြီးပြောတော့ ညအလင်း မော့ကြည့်ရင်း

"ညကြီးမိုးချုပ် အလုပ်လာရှုပ်လို့ စိတ်တိုမိတာပေါ့၊ ဒါပေမဲ့
ကိုယ်တို့က သူငယ်ချင်းတွေဆိုတော့ ဒီလောက်တော့ ကူညီရမှာပေါ့"

"တကယ်ပြောတာနော် ညည ကျေးဇူးတင်ပါတယ်ဗျာ ကဲ
မနက်ဖြန် စားပါဦးနော်"

ထမင်းကြော်ပန်းကန်ကို ညအလင်း ရှေ့တိုးပေးရင်း ကော်ဖီ
ခရားထဲက ကော်ဖီကိုလည်း ကျော်ညီညာ ကိုယ်တိုင်ငှဲ့ထည့်ပေး၏။

"ငယ်လေးက အလျှုသွားစရာရှိတယ်လို့ ညကတည်းက ကိုယ့်
ကိုပြောတယ်"

"ဟုတ်တယ် ညည ဒီအနီးအနား ပတ်ဝန်းကျင်က သာရေးနာ
ရေးကိစ္စ အလျှုမှန်သမျှကို ငယ်လေးပဲ ခိုင်းသွားရတာလေ၊ ကျွန်တော်က
အိမ်သိပ်မကပ်တော့ သူ့ကိုပဲ သွားခိုင်းရတာပေါ့"

"ဒါနဲ့ ညက တော်တော်စိတ်ညစ်လို့ သောက်လာပုံပဲ"

ညအလင်း မေးတော့ ကျော်ညီညာ မော့ကြည့်ရင်း





"နောက်တော့ ကျွန်တော် ညညကို ကျွန်တော် ပြောပြပါ့မယ်၊
အခုတော့ ခဏလေး သည်းခံလိုက်ဦးနော်၊ အေးအေးဆေးဆေးမှ ကျွန်
တော် ရှင်းပြချင်လို့ပါ"

"ဟုတ်ပါပြီ ညီညာ၊ စိတ်ပါတဲ့ နေ့ကျရင် ကိုယ် နားထောင်
ပေးပါ့မယ်"

သူနှင့် ညအလင်းတို့ စားသောက်ပြီး ကော်ဖီသောက်နေတုန်း
မှာပဲ ဒေါ်လေးမြိုင် ရောက်လာခဲ့ကာ

"မောင်ကျော် အိမ်ရှေ့မှာ ညွှန့်သည်ရောက်နေလို့"

"ဩော် ဟုတ်ကဲ့ ဒေါ်လေးမြိုင် ခဏနော် ညည"

သူ့ကိုခွင့်တောင်းပြီး ကျော်ညီညာ ထွက်သွားသည်။ ဒါပေမဲ့
စားသောက်ခန်း တံခါးဝမှာပဲ ဆုံလိုက်သည့် ညွှန့်သည်က

"မောင့်ဆီကို ရှာန်လိုက်လာတာ မောင် အထင်လွဲနေတာတွေ
ကို ရှင်းပြချင်လို့ ပြီးတော့ ဟင် သူ သူက"

ခင်မိုးရှာန် စကားတွေပြောရင်း ထမင်းစားခန်းထဲကို ကျော်ညီ
ညာ ရှေ့က ဝင်လာတာမို့ ညအလင်းကိုတွေ့တော့ တုံ့ခနဲ ရပ်သွားသည်။
ပြောလက်စ စကားတွေလည်း ရပ်ကာန်ကာ မျက်ဝန်းလေးတွေ ဝိုင်းစက်
သေးကြည့်နေ၏။

"မောင် မောင်တို့က"

ညအလင်း ကော်ဖီဝိုင်းက ထရပ်လိုက်သည်။

"ကျော်ညီညာ ကိုယ်ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ညအလင်း နှုတ်ဆက်တော့ ခင်မိုးချာန် ခေါင်းလေညိတ် ပြုံးပြုံး ရှုံး

"ကျေးဇူးတင်ပါတယ် ညအလင်း တို့နှစ်ယောက်ထဲ အေးအေး ဆေးဆေး စကားပြောစရာရှိလို့ အခုလို ရှောင်ပေးတာ ကျေးဇူးပဲ"

သူမ စကားက ကိုယ့်ကို လှောင်လိုက်တာလားဟု စိတ်ထဲက ဆစ်ခနဲတော့ ဖြစ်မိသေးသည်။ ဒါပေမဲ့ ဘာမှထပ်မပြောတော့ဘဲ ကျော် ညီညာ ရှေ့က ဖြတ်အထွက်မှာ

"ခဏလေး ညည"

တားရင်း သူ့လက်က ညအလင်းလက်ကိုဆွဲကာ ပခုံးကို သိုင်း ဖက်လိုက်သည်။

"ခင်မိုးချာန် ညညက မကြာခင် ငါနဲ့လက်ထပ်တော့မယ့် ဇနီးလောင်း၊ ငါဘယ်တော့မှ တခြားမိန်းမတစ်ယောက်နဲ့ သူ့ကွယ်ရာမှာ စကားမပြောဖူးဘူး၊ မင်းပြောတာတွေ သူ့ရှေ့မှာပဲ ပြောလို့ရတယ်၊ သူ့ ဘာမှရှောင်ပေးစရာ မလိုဘူး။ ဘာလို့လဲဆိုတော့ ညညက ငါအရမ်းချစ်တဲ့ ချစ်သူ ဖြစ်နေလို့ပဲ"

ကျော်ညီညာ စကားတွေကြောင့် ညအလင်းတောင် မျက်ဝန်း လေးတွေ ဝိုင်းစက်သွားရပါသည်။

ဒီစကားတွေက ခင်မိုးချာန်ရှေ့မှာမို့ တမင်ပြောလိုက်သော စကားတွေလား ဒါမှမဟုတ် သူ့ရင်ထဲက စကားတွေပဲလား။

ညအလင်း တိကျစွာ မဝေခွဲတတ်တာ အမှန်။





အင့်ခနဲ ရှိုက်သံတစ်ချက်နှင့်အတူ ခင်မိုးချာန် သူမတို့ရှေ့က ခြေးထွက်သွားခဲ့လေသည်။

သည့်တော့မှ ညအလင်း သတိဝင်လာကာ ပခုံးပေါ်မှာရှိနေ သော သူ့လက်ကို ဖျတ်ခနဲ ပုတ်ချပစ်လိုက်မိ၏။

"ရှင်နဲ့ သူနဲ့ကြားမှာ ဘာပြဿနာတွေ ရှိနေခဲ့သလဲဆိုတာ ကိုယ်မသိဘူး သိဖို့လည်း မလိုအပ်ဘူးလို့ ကိုယ်ထင်ခဲ့တယ်၊ ဒါပေမဲ့ အခု ဒီပြဿနာတွေထဲ ကိုယ်ပါနေပြီဆိုတော့ ကိုယ့်ကိုပြောပြသင့်ပြီ ရှင် အခုလုပ်လိုက်တဲ့ ကိစ္စက ကိုယ့်သိက္ခာကို စော်ကားလိုက်တာပဲ ရှင့်အိမ်မှာ လာအိပ်ရဲတဲ့ မိန်းမဆိုပြီး ရှင်အထင်သေးလိုက်တာပေါ့လေ ဟုတ်လား"

"ဟာ မဟုတ်ဘူး ဆော ဆောရီးပါ ညညရယ် ကိုယ်တောင်း ပန်ပါတယ်၊ တကယ်ပါ ကိုယ်အဲဒီလို မတွေးခဲ့ပါဘူး။ ညကို အသုံးချသလို ဖြစ်သွားတာ ခွင့်လွှတ်ပါ ဒါပေမဲ့ ကိုယ် ကိုယ် ဟာကွာ"

သူ ခေါင်းတွေခါ လက်တွေအငြိမ်မနေဘဲ စိတ်တွေလှုပ်ရှား နေသည်ကို ညအလင်း အသေအချာ မြင်တွေ့နေခဲ့၏။

"ကဲ ကျော်ညီညာ ရှင့်စိတ်တွေ အရမ်းလှုပ်ရှားနေတယ်၊ ဖြစ်ခဲ့ တဲ့ကိစ္စတွေ ကိုယ့်ကို သေချာပြောပြဖို့ လိုအပ်တယ်၊ ဒါမှ ကိုယ် သူ့ရှေ့မှာ ရှင့်ကို ကူညီနိုင်မှာ"

ညအလင်း စိတ်ကိုလျှော့ကာ ပြောတော့မှ သူ ညအလင်းကို ငေးနစ်နစ် စိုက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို ညညက သူ့ရှေ့မှာ ကိုယ်နဲ့ဟန်ဆောင်ပေးမယ် ဆိုနော် ကိုယ့်ကို စိတ်မဆိုးဘူးပေါ့နော်၊ ကိုယ် ညအပေါ်မှာ အပြစ်လုပ် မိတာ သိပ်များသွားပြီ ဘယ်လိုလုပ် ဒီအပြစ်တွေကို ပေးဆပ်ရမလဲတောင် မသိတော့ဘူး ညညရယ်"

"အဲဒါက နောက်ကိစ္စပါ ရှင်တို့နှစ်ယောက်ကိစ္စကို ကိုယ့်ဘ အရင်ဆုံးရှင်းပြဖို့ လိုအပ်တယ်"

ပြောရင်း ညအလင်း ထိုင်ခုံမှာ ပြန်ထိုင်တော့မှ ကျော်ညီညာ လည်း မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ပြန်ဝင်ထိုင်သည်။

"အဖြစ်အပျက်တွေက ဒီလိုပါညရယ်၊ ကိုယ်တို့ကျောင်းတုန်း တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခဲ့ကြတာ မှန်ပါတယ်၊ ကျောင်းပြီး တော့လည်း သူ့ကိုပဲ လက်ထပ်မယ်လို့ ကိုယ် သစ္စာရှိခဲ့ပါတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကပေါ့ဗျာ ကျွန်တော်နဲ့သူ လက်ထပ်ဖို့ ငါးလကျော်လောက် အလိုမှာပေါ့"

"ရှင် သိပ် စိတ်ထိခိုက်နေတယ် ထင်တယ်"

သူ့စိတ်တွေ မတည်ငြိမ်တာကို ကြည့်ပြီး ညအလင်းမေးတော့ သူမော့ကြည့်ရင်း

"ဘာဖြစ်လဲလို့ဟင် ညည"

"ရှင်ပြောနေတဲ့ စကားတွေထဲမှာ ကိုယ်ဖြစ်လိုက် ကျွန်တော် ဖြစ်လိုက်နဲ့ နာမ်စားအမျိုးမျိုး ပြောင်းနေလို့ပါ"

သူ့စကားတွေကို သတိထားမိစွာ ညအလင်း ပြောပြတော့





သူ ခေါင်းညိတ် ဝန်ခံရင်း

"ကိုယ်လို့ပဲ ပြောတော့မယ်"

"ရပါတယ် ရှင် အဆင်ပြေသလိုပြောပါ"

"အင်း ကိုယ် ကားအက်ဆီးဒင့်ဖြစ်တယ်၊ ခြေထောက် တစ်ခု ဆုံး လုံးဝလှုပ်မရတော့ဘူး ငါးဝခုံးပြီလို့တောင် ကိုယ့်ကိုကိုယ် ထင်မှတ် ခဲ့တာ၊ အဲဒီအချိန်မှာ သူ ကိုယ့်ကိုထားခဲ့ပြီး ကျောင်းသွားတက်တယ်၊ ကိုယ့်ဆီ စာလေးတစ်စောင်ပဲ ရောက်လာတာပါ၊ သူကျောင်းသွားတက် မယ်တဲ့ အင်္ဂလန်မှာ ခြောက်နှစ်လောက် ကြာမယ်တဲ့"

"ရှင် ဒဏ်ရာတွေနဲ့ ကျန်ရစ်ခဲ့တာပေါ့"

"ဟုတ်တယ် အရမ်းစိတ်ဓာတ်ကျနေချိန်မှာ ကိုယ့်ဘေးနားမှာ သူ မရှိခဲ့ဘူး၊ သူထားရစ်သွားတယ်၊ ဒယ်ဒီနဲ့မာမီတောင် ကိုယ့်အနား ပြန်လာကြတာ သူက ကိုယ့်ခြေထောက် ခြောက်ချိုခွဲတာတောင် တစ်ခါမှ ရောက်မလာဘူး"

သူ့ခံစားချက်တွေကို နားလည်စွာ ညအလင်း ခေါင်းလေး ညိတ်နားထောင်ပေးလိုက်ပါသည်။

"ကိုယ့်ခြေထောက် ဒဏ်ရာသက်သာတော့ အင်္ဂလန်ကို ကိုယ် ရောက်တယ်၊ ခင်မိုးချွန်သတင်း လိုက်စုံစမ်းတယ်၊ လုံးဝ အဆက် အသွယ်ပြတ်ပါပဲ၊ ကိုယ် စိတ်မနာသင့်ဘူးလားဟင် ကိုယ့်စိတ်တွေကို Doe Doe ဆိုင်လေးမှာပဲ မြှုပ်နှံပစ်လိုက်တာ၊ အခုမှ သူပြန်ရောက်လာတာ အကြောင်းပြချက်တွေ ပေးနေတာ လက်ခံရအောင် ကိုယ်က အရူးတစ်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်လား ညညရယ်"

"ဒါက ရှင့်အပိုင်းလေ"

"ဟင့်အင်း ကိုယ် သူ့ကိုလုံးဝ မတွေ့ချင်တော့ဘူး"

"ကိုယ် ကိုယ်ချင်းစာပါတယ်၊ ကိုယ် အားငယ်တဲ့အချိန်မှာ ချစ်သူကို ဘေးနားမှာ ရှိစေချင်တာ လူတိုင်းရဲ့ သဘာဝပဲလေ၊ ရှင် ခွဲစိတ်ခန်းဝင်တဲ့အချိန်မှာ အရမ်းအားငယ်နေမှာပေါ့"

"အားငယ်တာထက် ဝမ်းနည်းခဲ့ရတာ နာကျင်ခဲ့ရတာပါ"

ကျော်ညီညာ အသွင်က တည်ငြိမ်သွားခဲ့ပြီ၊ ရင်ထဲက ခံစားချက် တွေကို ဖွင့်ဟလိုက်ရတာမို့ သူ ရင်တွေ ပေါ့ပါးသွားပြီ ထင်ပါသည်။

ညအလင်း လက်က နာရီကို တစ်ချက်ငုံ့ကြည့် လိုက်ရင်း

"ကဲ နေတောင် အတော်မြင့်နေပြီ ကိုယ်ပြန်တော့မယ်၊ ဪ ရှင့်ကားက ကိုယ့်အိမ်မှာ ညက ကိုယ့်ကားပဲ ယူလာတာ၊ ရှင်သွားချင် လာဖို့ အခက်အခဲဖြစ်နေမှာစိုးရင် ကိုယ်နဲ့ တစ်ခါတည်း လိုက်ယူလေ"

"ကျေးဇူးပဲ ကိုယ် အဝတ်အစား လဲလိုက်ဦးမယ်"

"အိုကေ ကိုယ် ဧည့်ခန်းက စောင့်မယ်"

ဧည့်ခန်းထွက်ခဲ့ရင်း သူ့အကြောင်းကို ညအလင်း တွေးမိသည်။ ခင်မိုးဈာန်ရှေ့မှာ ပြောခဲ့သောစကားတွေက ဟန်ဆောင်စကားတွေချည်း

သူမကတော့ ရင်ခုန်ခဲ့သေး၏။ ရုက်စရာကောင်းလိုက်တာ တကယ်ဆို ဒီပွဲမှာ သူမက ဘေးကလူတစ်ယောက်ပါပဲ။

အချိန်တန်ရင် ဒီပွဲက နုတ်ထွက်ပေးရမယ့်သူ။





ရှင် အလိုရှိချိန်မှာတော့ ညအလင်းဆိုတဲ့ ကျွန်မက အနားမှာ အသင့်ရှိနေမယ့်သူပါ ကျော်ညီညာရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ရက်စက်လိုက်တာ မောင်ရယ်။

ဟိုးအဝေးကြီးက မောင့်ရင်ခွင်ထဲ အရောက်ပြန်လာတဲ့သူကို အမုန်းတွေ နာကျည်းမှုတွေနဲ့ပဲ မောင် ဆီးကြိုရက်သလား။

ချာန်ဘာများ မှားခဲ့လို့လဲ မောင်ရယ်။ ချာန်ဘက်က အပြစ်တွေက ဘယ်လောက်ကြီးမားနေခဲ့လို့လဲ မောင်ရယ်။

ချာန် ကျောင်းသွားတက်ဖြစ်တာလည်း ချာန်ရဲ့ နဂိုရည်ရွယ်ချက်ဆိုတာ မောင်အသိပါ။ မောင့်ကို ယုံကြည်စွာနဲ့ ဖုန်းတစ်ချက်လေး မဆက်ဖြစ်ခဲ့တာကို မောင် နားမလည်နိုင်ဘူးလား။

တကယ်ဆို ချာန်ဘက်က ဘာအခွင့်အရေးမှ မရခဲ့တာပါ မောင်။

ဒါတွေကို မောင် ဘာသိမှာမို့လဲ။ ချာန့်မှာ ဘာမှ ပြောပြခွင့်





ရှိခဲ့သလို ဖြေရှင်းခွင့်လည်း မပိုင်ဆိုင်ခဲ့ရပါဘူး။

ချာန်အားလုံးကို ရှင်းပြ ပြောပြချင်တယ်။ ဒါပေမဲ့ ချာန်က သူများရဲ့ ချုပ်ကိုင်မှုအောက်မှာ ရှင်သန်နေခဲ့ရတာပါ။ အခု ပြန်လာတာ ဆောင် ဘယ်သူဆုံးဖြတ်ချက်မှ မခံယူတဲ့ ကိုယ့်သဘောနဲ့ကိုယ် ပြန်လာခဲ့တာပါ မောင်ရယ်။

ချာန် ရှုံးလို့ အဖြစ်ဘူး မောင်။ မောင့်ကို ပိုလို့တောင် အရှုံးခံနိုင်ဘူး။

"တူ တူ တူ"

အတွေးတွေနှင့် မှုန်းကြုပ်နေတုန်းမှာ ဖုန်းသံလေး မြည်လာတာ နှင့် သူမ ဖွင့်ကိုင်လိုက်သည်။

"ဟဲလို မိန့်ရှိပါ ခင်မိုးချာန်ပါ"

"ရှိန်း"

သူမ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသည်။ သူမအမည်ကို Rain လို့ခေါ်တက်တာ တစ်ယောက်ပဲရှိ၏။

"ဒယ်နီရယ်လ်"

"Rain နင်ငါ့ကို မှတ်မိသေးတယ်နော်"

"မှတ်မိတာပေါ့ နင့်ကိုငါ ဘယ်တုန်းကမှ မမေ့ခဲ့ဘူး။ အခုနင် ဘယ်က ဆက်နေတာလဲ ဒယ်နီရယ်၊ ငါ့ဆီကို တကူးတက ဖုန်းခေါ်တာ ကိစ္စရှိလို့လား"

"ငါအခု စင်ကာပူက ဆက်နေတာ နင့်ကိုသတိရလို့ ပြီးတော့



www.burmeseclassic.com

ငါ့ရွာအဝတ်ထဲ မြန်မာပြည်ကို လာလည်မယ်၊ နင်လေယာဉ်ကွင်းမှာ လာကြိုနော်''

''နင် တကယ်လာမှာနော် ဒယ်နီ''

''တကယ်ပေါ့ Rain နင့်ကို အားကိုးပြီး လာတာနော်၊ ငါ့ကို တော့ ပစ်မထားနဲ့''

''စိတ်ချပါ အဟင်း နင်တောင် မြန်မာစကား အတော်ကျွမ်း နေပြီနော်''

''အဲဒါ နင့်ကျေးဇူးတွေလေ Rain ရဲ့''

ဒယ်နီ ကို မြန်မာဘာသာစကား ကျွမ်းကျင်အောင် သူမ သင်ပေးခဲ့သည်။ နဂိုအခြေခံ ကြေညက်သော ဒယ်နီ မြန်မာစကား ကျွမ်းကျင်နေခဲ့ပြီ။

''ဒါနဲ့ Rain နင့်ရဲ့ကိစ္စတွေကော အဆင်ပြေရဲ့လား''

''ဟင့်အင်း အခုလောလောဆယ်တော့ negative နက်ဂတ် ပြနေတယ် ဒယ်နီ''

''ငါရောက်လာရင် နင့်ဘက်က ရှင်းပြပေးမယ်လေ''

သူမနှင့် မောင့်အကြောင်းတွေ ပြောပြထား၍ သိနေသော ဒယ်နီက ပြောလာတော့ သူ ပင့်သက်လေး ခိုးချရင်း

''ရပါတယ် ငါတစ်ယောက်တည်း ဖြေရှင်းလို့ ရမယ်ထင် တယ်''

''OK ဒါဆို ငါဝမ်းသာပါတယ်၊ ဖုန်းပိတ်လိုက်တော့မယ်





မြန်မာပြည်ရောက်မယ့်နေ့ကို ဖုန်းကြိုဆက်လိုက်မယ် ဘိုင့်''

''ဘိုင့် ဒယ်နီ''

ဒယ်နီ ဖုန်းချသွားတော့ သူမ ဖုန်းကိုပိတ်ကာ ထရပ်လိုက်သည်။ ညစ်ညူးနေသော စိတ်တွေက ဒယ်နီ အသံကြားတော့ အလိုလို မြန်အားပြည့် လန်းဆန်းသွားသလို ခံစားရသည်။

ဒယ်နီသည် ရွေခြားမြေခြား ရောက်နေချိန်မှာ သူမအတွက် အကောင်းဆုံးသော မိတ်ဆွေ သူငယ်ချင်းဖြစ်ခဲ့သည်။

ညစ်ညူးစရာ အခြေအနေတွေကို မေ့ပျော်ပဲ သူမ ဖြတ်သန်း ချင်သည်။ သူ့ဘဝမှာ ဒီထက်ဆိုးရွားသော အခြေအနေတွေကိုတောင် ရင်ဆိုင်ဖူးခဲ့ပြီးပဲလေ။

ရေမိုးချိုး အဝတ်အစားလဲကာ မြို့ထဲဘက်သို့ ထွက်ခဲ့သည်။ House ဆိုင်မှာ ဖန်နှစ်ပစ္စည်းလေးတွေ ဝင်ဝယ်ဖို့ စိတ်ကူးရင်း ဆိုင်ထဲဝင်ခဲ့၏။

စိတ်တိုင်းကျ ပစ္စည်းလေးတွေ ရွေးချယ်နေတုန်းမှာ ကောင်တာ စာရေးမလေးနှစ်ယောက် စကားသံတွေက နားထဲဝင်လာ၏။

''ကြည့်စမ်း ငြိမ်း ဟိုမမက တကယ်ချောတယ်နော်''

''အေးဟယ် တကယ်ချောတယ်ဟ''

ဘာရယ်မဟုတ် သူမလှည့်ကြည့်တော့ စာရေးမလေးတွေ ခိုး ကြည့်ဝေဖန်နေကြသူက ညအလင်း ဖြစ်နေသည်။

ညအလင်းရဲ့ အလှက ထင်ရှားပေါ်လွင်လွန်းပါသည်။ ကြည့်ကြ

www.burmeseclassic.com



ရောင် ကိုယ်ကျပ်ကြိုးတစ်ချောင်း အင်္ကျီကို အနက်ရောင်စကပ်ဖြင့် တွဲဖက်ဝတ်ဆင်ထား၏။

ညအလင်း၏ စွဲမက်ဖွယ်အလှက လူတွေကြားထဲမှာ ထင်းရှင်း နေသည်။ ညအလင်းရဲ့ဒီဇိုင်းက ကျောင်းတုန်းမှာကတည်းက ကျောင်း သားတွေကြားမှာ ပေါ်ပြူလာ ဖြစ်ခဲ့တာဖြစ်၏။

ဒါပေမဲ့ ရည်စားမထားသော ညအလင်းသည် မောင်နှင့် မိတ် ဆွေသူငယ်ချင်းတွေ ဖြစ်နေခဲ့သည်။

အခုတော့ ညအလင်းသည် ဈာန်ရဲ့နှလုံးသားကို လုယူမယ့် ပြိုင်ဘက်တစ်ယောက် ဖြစ်နေလေပြီ။

သူမ ညအလင်းထံ လျှောက်ခဲ့တော့ ညအလင်းက ကျောက် စိမ်းရောင် ပလက်တီနမ် ဆွဲကြိုးလေးကို ကိုင်ကြည့်နေ၏။

"ညအလင်း"

မော့ကြည့်သည့် မျက်ဝန်းတွေက အရောင်တစ်ချက်ပဲ ဖျတ်ခနဲ လက်သွားခဲ့ကာ ချက်ချင်း တည်ငြိမ်သွားတာက ညအလင်းရဲ့ စွမ်းရည် တစ်မျိုးပဲဟု ဆိုရမည်ထင်ပါသည်။

ညအလင်း သရုပ်ဟန်ဆောင် မျိုသိပ်မှု၌ သူမထက် အပုံကြီး သာလွန်ပါ၏။

"တို့ ညအလင်းနဲ့ ဆွေးနွေးစရာရှိလို့ တို့ကို အချိန်နည်းနည်း လောက် ပေးနိုင်မလားဟင်"

"အင်း ရပါတယ်၊ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး၊





ကိုယ် အခုမအားသေးဘူး သွားစရာ ကိစ္စလေး ရှိသေးလို့"

ဖျတ်ခနဲ သူမကိုကြည့်ကာ ပြောပြီး ကြည့်လက်စ ဆွဲကြိုး လေးကိုပဲ သူမပြန်ပြီး စိတ်ဝင်တစား ကြည့်နေ၏။

"ညအလင်း ဘယ်အချိန်လောက် အားမလဲ"

"နောက် နှစ်နာရီလောက်ဆိုရင်တော့ ရပါပြီ၊ T Star ဆိုင်ကို သိတယ် မဟုတ်လား၊ အဲဒီကိုလာခဲ့လိုက်လေ ကိုယ်စောင့်နေမယ်"

"အိုကေ သင့်ခယ္ယ See You"

ဈာန် နှုတ်ဆက် ထွက်ခဲ့လိုက်သည်။ နောက်ထပ် နှစ်နာရီ လောက် အချိန်တွေ မြန်မြန်ကုန်ဆုံးအောင် ဖြုန်းရဦးမည်။

အင်တာနက် ကဖီးဆိုင်လေးထဲမှာ ဝင်ထိုင်နေလိုက်သည်။ နှစ်နာရီလောက် အချိန်တွေဖြုန်းပြီးမှ ညအလင်းနှင့် ချိန်းဆိုထားရာ ဆိုင်လေးသို့ ထွက်ခဲ့လိုက်သည်။

ဆိုင်လေးထဲကို သူမရောက်တော့ ညအလင်း မရောက်သေး ပါ။

ကော်ဖီတစ်အိုးနှင့် ဟမ်ဘာဂါတစ်ပွဲမှာစားကာ စောင့်နေလိုက် သည်။ ငါးမိနစ်ကျော်လောက် နောက်ကျပြီးမှ ညအလင်း ဆိုင်ထဲ လှမ်း ဝင်လာ၏။

"ရောက်နေတာကြာပြီလား ကိုယ်နည်းနည်းနောက်ကျသွား သယ်"

"ရပါတယ် တို့လည်း သိပ်မကြာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အနားကို ရောက်လာသော စားပွဲထိုးလေးကို ညအလင်းက ကိုယ်တိုင်မှာ၏။

"ကိုယ့်ကို ကော်ဖီအေးတစ်ခွက်၊ ဆင်းဒဝဲ တစ်ပွဲပေးပါ"

စားပွဲပေါ်ကို လက်ဆွဲအိတ်လေး လှမ်းတင်ပြီးမှ ချာန်ကို တစ်ချက်မော့ကြည့်ရင်း

"ကိုယ်နဲ့ ဆွေးနွေးစရာရှိတယ်ဆိုတာ ဘာကိစ္စလဲ ခင်မိုးချာန် ပြောလေ"

"မောင်နဲ့ ညအလင်း ကိစ္စပါ၊ ရှင်တို့ကျောင်းပြီးကတည်းက အဆက်အသွယ် ပြတ်သွားကြတယ် မဟုတ်လား၊ အခု ပြန်ဆုံကြတာ ဘယ်လောက်ကြာပြီလဲ ဟင်"

"သုံးလကျော်လောက်တော့ ရှိပြီ"

"ဒီကာလလေးမှာပဲ ညအလင်းတို့ ချစ်သူတွေ ဖြစ်သွားကြတာလား"

ချာန်မေးတာကို ခေါင်းလေးပဲညိတ်ပြကာ စားပွဲထိုးလေးလာချပေးသော ဆင်းဒဝဲနှင့် ကော်ဖီအေးကို ညအလင်း စားသောက်နေသည်။

"ရှင် သူ့မိဘတွေနဲ့ရော တွေ့ပြီးပြီလားဟင်"

ကော်ဖီအေး တစ်ခွက်ကို တစ်ကျိုက်မော့သောက်ပြီးမှ ညအလင်း ခေါင်းခါသည်။

"ဟင့်အင်း အသိမပေးရသေးပါဘူး၊ ဒါပေမဲ့ ကိုယ်တို့ လက်ထပ်ဖြစ်မှာတော့ သေချာပါတယ်"





"တို့နှစ်ယောက်က တရားဝင် မပြတ်သေးဘူးလေ၊ အခြေအနေကြောင့် ခဏခွဲနေရတာပါ တို့နှစ်ယောက်အကြောင်းကို မောင်က ပြောမပြထားဘူးလား ဟင်"

ဆင်းဒဝဲကိုစားလိုက် ကော်ဖီအေးကို မော့သောက်လိုက်နှင့် တည်ငြိမ်လွန်းနေသော ညအလင်းကို ကြည့်ကာ ချာန် အားမလို အားမရဖြစ်လာမိသည်။ တကယ်ဆို ချာန်မှာသာ ရင်တွေတုန်ကာ လှုပ်ခတ်နေတာဖြစ်သည်။

ညအလင်းက ဟန်ဆောင်ကောင်းလွန်းတာပဲလား။ တမင်ပဲသူမရှေ့မှာ တည်ငြိမ်ပြနေတာလား ဝေခွဲရခက်သည်။

"အင်း ခင်မိုးချာန်ဆိုတဲ့ မင်းနဲ့ အကြောင်းတွေတော့ ပြောပြထားပါတယ်၊ ဒဏ်ရာတွေနဲ့ သူ့ကိုထားခဲ့ပြီး နိုင်ငံခြားကို မင်းထွက်သွားတဲ့ အကြောင်းပေါ့"

"အင်း ဟုတ်တယ် တို့ ကိုယ်ရေးကိုယ်တာကိစ္စကြောင့်ပါ မောင်က အဲဒီကိစ္စတွေကြောင့် တို့ကို မကျေနပ်ဘူး"

"အဲဒီတော့ မင်းက အခုဘာဖြစ်ချင်လို့လဲ"

"တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် နောက်ဆုတ်ပေးရမယ်ထင်တယ်၊ တို့ကတော့ အဝေးကြီးကတောင် မောင့်ကို ချစ်လွန်းလို့ ပြန်လာရတာဆိုတော့"

"ဒါဆို တို့က နောက်ဆုတ်ပေးရမယ်ပေါ့ ဟုတ်လား"

စားလက်စ ဆင်းဒဝဲကို ကော်ဖီအေးနှင့် မျောချကာ ည



www.burmeseclassic.com

www.burmeseclassic.com



အလင်း တည်ငြိမ်စွာပဲမေးသည်။

"ဒါ အဖြစ်သင့်ဆုံးပဲလေ"

"ကျော်ညီညာကို တစ်ယောက် တစ်ခြမ်း ခွဲယူလိုက်ရင်ရော"

စကားအကောင်းကို ပြောနေရင်းမှ ရှုတ်နောက်နောက် ပြော

လာသော သူမစကားကြောင့် ချာန်စိတ်မှာ အနှောင့်အယှက် ဖြစ်သွား

တာအမှန်။

"ညအလင်း က လူကြီးဆန်မလို့နဲ့ ကလေးဆန်လွန်းတယ်

နော်"

"အဟင်း ဟင်း ကိုယ်က ကလေးဆန်ပါတယ်၊ ဒါပေမဲ့ ချစ်ရ

ကို တစ်ယောက်ထဲ ထားရစ်ခဲ့ရဲလောက်အောင် ကိုယ့်မှာသတ္တိမရှိဘူး"

"အဲဒီကိစ္စ ခဏခဏ ခလုတ်မတိုက်စမ်းပါနဲ့"

သူမ စိတ်တိုတိုနှင့် အော်ဟစ်ပစ်လိုက်တော့ ညအလင်း ရ

တစ်ချက်တွန့်ကာ မထိတရိ ပြုံးသည်။

"မင်းပြောချင်တာ ဒီကိစ္စတွေပဲဆိုရင် သိပ်အချိန်ကုန်မခံ

ကိုယ်လိုက်လျှောနိုင်မှာ မဟုတ်ဘူး။ ကိုယ်သူ့ကိုသိပ်ချစ်တယ်၊ ဘယ်တော့

မှ လက်လွှတ် ဆုံးရှုံးခံနိုင်မှာ မဟုတ်ဘူး"

"တို့လည်း အဲဒီလိုပဲလေ"

"အဲဒါ မင်းကိစ္စပါ ခင်မိုးချာန်၊ ကဲ ကိုယ်သွားတော့မ

ကိုယ် နောက်ဆုတ်ပေးမှာ မဟုတ်ဘူး"

စကားအဆုံးမှာ ညအလင်း ကောင်တာမှာ ကျသင့်ငွေ သွား

ဝိုးဝိုး၀၇၆ပ



သည်။ ပြီးတော့ သူမကို ပြန်လှည့်မကြည့်ဘဲ ထွက်သွားခဲ့လေပြီ။

တကယ်မလွယ်ပါလား။ ချာန် ဒီမိန်းမရှေ့မှာ ဒူးထောက်ရ

တော့မှာလား။

သူမ အိပ်မပြန်ဖြစ်တဲ့ ကားတစ်စီးနှင့် ခြေဦးတည့်ရာ လျှောက်

မောင်းသွားနေမိသည်။ အချိန်တွေက အကုန်နှေးလွန်းလိုက်တာ။

အခုချိန်မှာ မောင် ဘယ်မှာရှိနေမှာလဲ။ ညအလင်း ရင်ခွင်ထဲမှာ

ရောက်နေမှာလား။

ချာန် သိပ်စိတ်ညစ်တာပဲ မောင်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဒီနေ့ သင်တန်းပိတ်ရက်မို့ မနက်ကတည်းက ညအလင်း အိမ်ကထွက်ခဲ့တာ ဖြစ်သည်။

ဘယ်သွားမည်ဟု ရည်ရွယ်ချက်မရှိပေမယ့် မစွတာ ဘရောင်း တွင်ဝင်ထိုင်ကာ ကော်ဖီသောက်ဖြစ်သည်။ တစ်နေ့က ခင်မိုးချာန် နှင့်တွေ့ပြီးကတည်းက ကျော်ညီညာ ဖုန်းအကြိမ်ကြိမ်ဆက်သည်။

ညအလင်း တမင်မကိုင်ဘဲ နေသည်။ မက်ဆေ့ ျတွေ ပို့တာ ကိုလည်း သိပေမယ့် အကြောင်းမပြန်ဘဲ ထားလိုက်၏။

တမင် ဥပေက္ခာပြုထားမိပေမယ့် သူမ အတွေးထဲမှာတော့ ကျော်ညီညာဘဲ နေရာယူထားသည်။

ကျော်ညီညာ အိမ်ကို ကိုယ်တိုင်ရောက်လာတော့လည်း မိအေး ကို မရှိဟု လိမ်ညာခိုင်းကာ ထွက်မတွေ့ဖြစ်ခဲ့ပါ။





တကယ်ဆို ကျော်ညီညာကို စိတ်ဆိုးနေခဲ့ခြင်းလည်း မဟုတ်။ ခင်မိုးချာန်ကြောင့်လည်း မဟုတ်တာ သေချာသည်။ ဘာကြောင့်လဲဟု ဆိုလည်း သူမကိုယ်သူမ မဝေခွဲနိုင်ပါ။

ကိုယ့်စိတ်တွေ ဘာဖြစ်နေတာလဲဟု တွေးမရနိုင်သည့် အခြေအနေမှာ သူမ တစ်ယောက်တည်းပဲ နေချင်သည်။

ကျောင်းတုန်းက အဖြစ်အပျက်လေးတွေကို ပြန်တွေးကြည့်လိုက်ပြီး သူနှင့် ပတ်သက်သော ခံစားမှုလေးတွေက ညအလင်း ရင်ထဲမှာ စိမ်းမြဲ ရှိနေဆဲ။

နောင်ထွေးနှင့် ပတ်သက်ပြီး သူနှင့်ဆုံခဲ့စဉ်ကတည်းက ကျော်ညီညာဆိုသော သူ့မှာ ချစ်သူမိန်းကလေး ရှိနေတာ သူသိခဲ့၏။ ခင်မိုးချာန်ဆိုသော ကောင်မလေးရဲ့ချစ်သူအဖြစ်ဟုသာ သူ သိခဲ့တာဖြစ်သည်။

သည့်နောက်ပိုင်းမှာတော့ သူသည် ညအလင်း ရင်ထဲကို ခြေရာက်မှန်းမသိ ဝင်ရောက်ခဲ့တာပဲ ဖြစ်သည်။

ကျော်ညီညာနှင့် နောင်ထွေး သူမဆီလာလည်တတ်သော အချိန်ချိန်တွေမှာ စာသင်ရတာကို သူမ စိတ်မဝင်စားတတ်တော့ပါ။ သူတို့နှင့်အတူ ကော်ဖီဆိုင်အတူထိုင်ကာ စကားတွေ ဖောင်ဖွဲ့ပြောရတာ ပျော်စရာကောင်းသည်။

နောင်ထွေး မပါဘဲ သူရောက်လာသည့် နေ့တွေဆိုလျှင်တော့ သူမ ပိုလို့ပျော်ရွှင်နေခဲ့သည်။

သေချာသည်က သူနှင့် သူမကြားမှာ သာမာန်သူငယ်ချင်းထွေး



www.burmeseclassic.com

www.burmeseclassic.com



၏ ခင်မင်မှုထက် ပိုခဲ့ကြတာ သူမဝန်ခံမိသလို သူလည်း ငြင်းနိုင်ခဲ့မည် မဟုတ်ပါ။

ဒါတွေကြောင့်လည်း ရည်းစားရှိသော သူ့အတွက် သူမဘက်က သံယောဇဉ်တွေ မပိုခင် ရှောင်ထွက်ခဲ့မိတာပဲ ဖြစ်သည်။

အခုတော့ ကံကြမ္မာက သူမတို့ကိုထပ်ဆုံခွင့် ပေးခဲ့ပြန်ပါသည်။ သူ့အနားမှာ ခင်မိုးချာန် မရှိတော့တာမို့ ညအလင်း ဝမ်းသာခဲ့ရပေမယ့် မိုးချာန်က မဖိတ်ခေါ်ဘဲ ပြန်ရောက်လာပြန်ပြီ။

အမုန်းတွေ နာကျည်းမှုတွေနှင့် သူက ခင်မိုးချာန်ကို မုန်းထား နေခဲ့ပြီလား။

ဒီအတွက် သူမ ဝမ်းသာရမည်လား။ ကျော်ညီညာကရော သူမအပေါ် တကယ်ချစ်ခင်ခဲ့တာလား။

မရေရာမသေချာသော မေးခွန်းတွေအတွက် ညအလင်း အဖြေ တမ်း အတွေးတွေ ရှုပ်ထွေးခဲ့ရသည်။

ကျော်ညီညာက မိုးချာန် အရိပ်ကလွတ်ကင်းဖို့ သူမကိုအသုံး ချနေခဲ့ခြင်းဆိုလျှင်တော့ ညအလင်းကို ကြားခံအသုံးချဖို့ အရုပ်ထား ရုပ်လို သဘောမထားပါနဲ့ ကျော်ညီညာရယ်။

ရှင်နဲ့ကျွန်မကြားမှာ အမှတ်ရစရာတွေ အများကြီး ရှိခဲ့ပါ တယ်။ အဲဒီအမှတ်ရစရာတွေက သံယောဇဉ်ကြိုးလေးတွေလိုပဲ ခိုင်မာခဲ့ တာပါ။

ညအလင်း ဆိုတဲ့ ကျွန်မရင်ဘတ်ထဲမှာ ရှင်နဲ့ပတ်သက်ပြီး





အမှတ်ရစရာတွေ လှပစွာ တည်ရှိနေခဲ့တာပါ ကျော်ညီညာ။

■ ■ ■

မှတ်မှတ်ရရ ထိုနေ့က ကျော်ညီညာနှင့် နောင်ထွေးတို့ သူမဆီ ရောက်လာကြသည်။

မိုးဖွဲဖွဲလေးကျကာ အေးစိမ့်နေသော ရာသီဥတုမို့ ညအလင်း လည်း ကျောင်းစာသင်ခန်းထဲကလစ်ပြီး ကင်တင်းန်မှာ ထိုင်နေခဲ့ချိန် ဖြစ်သည်။

ထိုအချိန်မှာပဲ မထင်မှတ်ဘဲ နောင်ထွေးနှင့် ကျော်ညီညာ ကင်တင်းန်ကို ပေါက်ချလာတာဖြစ်သည်။

"ရှာလိုက်ရတာ ဗိုညရယ်၊ နင်က ဒီမှာလာဖိမ်ကျနေတာကိုး"

သူမ ထိုင်နေသော စားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း နောင်ထွေး ပြောတော့

"လာလေဟာ အရေးကြီးကိစ္စရှိလို့လား၊ စာသင်ခန်းထဲမှာ ဆိုရင် ကိုယ်ဒီမှာ ရှိတတ်တာများ အဆန်းလုပ်လို့"

နောင်ထွေးနှင့် အတူပါလာသော ကျော်ညီညာကို ပြုံးနှုတ်ဆက် ရင်း သူမ ပြောလိုက်သည်။ နောင်ထွေးနှင့်သူ ခုံလွတ်တွေမှာ ဝင်ထိုင် ကြသည်။

"ဒီကောင် ညီညာလေ အတန်းမရှိတာနဲ့ မင်းဆီသွားမယ်ပြော နေလို့ မိုးစိုစိုထဲ ရောက်ခဲ့ရတာ"

"ဘာရယ် ညီညာက"



www.burmeseclassic.com

www.burmeseclassic.com



နောင်ထွေးက ကျော်ညီညာဘက် မြှားဦးတည်တာမို့ သူမ အံ့ဩသလို မျက်မှောင်လေးကျုံ့မိတော့ သူ ကသောမမျော ဝင်ဖြေရှင်း

"ဟို ဒီလိုပါ ကျွန်တော့်မှာ သူငယ်ချင်းဆိုလို့ ညအလင်း ရယ် နောင်ထွေးရယ်ပဲ ရှိတာလေ ဒါကြောင့်ပါဗျာ"

သူ့စကားကို သူမ သဘောကျသလို ပြုံးမိရင်း

"အို ကိုယ်တို့ နှစ်ယောက်တည်း မဟုတ်ပါဘူးနော် ရှင့်ရဲ့ နောက်တစ်ယောက် ရှိပါသေးတယ် အင်ဂျင်နီယာလောင်းရဲ့"

"ဟာ ညအလင်းကလည်းဗျာ"

သူ ရှက်ရယ်ရယ်နေတော့ သူမလည်း လိုက်ရယ်ရင်း ပန်းနု ရောင်သမ်းနေသော သူ့မျက်နှာလေးကို ငေးကြည့်မိသည်။

အမြဲတမ်း ဆံပင်တိုတို သေသေသပ်သပ်နှင့် ရှင်းသန့်နေ သော သူ့မျက်နှာသည် စွဲမက်စရာ ကောင်းပါသည်။

မျက်ခုံးထင်းထင်းတွေအောက်က တိုစိပ်စိပ် မျက်တောင်တွေ ကာရံသော မျက်ဝန်းတွေက ဖြူစင်ရိုးသားရိပ်တို့ အစဉ်ထင်ဟပ်နေ နှာတံကျစ်ကျစ်နှင့် ပန်းသွေးရောင်စိုသော နှုတ်ခမ်း၊ စိမ်းမြနေသော မုတ်ဆိတ်ပါးသိုင်းရာကလည်း ယောက်ျားပီသ ခန့်ညားစေသည်။

စကားပြောဆိုလျှင် သိမ်မွေ့ညင်သာပြီး အနေလည်းတည် သော ကျော်ညီညာသည် သူမကို ဘာကြောင့် ခင်တွယ်သွားသည်လည်း မသိပါ။

သူ့ကို စချင်စိတ်နှင့် သူမ ပခုံးလေးကို ဆတ်ခနဲပုတ်လိုက်ရင်း





"ဒီမှာ ရှင့်ကို ကြိုမှာထားမယ် နောက်တစ်ခါ ကိုယ့်ဆီလာရင် လက်ချည်းသက်သက် ဘယ်တော့မှမလာခဲ့နဲ့"

"ဗျာ"

သူ အူတူတူမျက်နှာနှင့် သူမကိုတစ်လှည့် နောင်ထွေးကို တစ် လှည့် ကြည့်နေတာမို့

"နောင်ထွေး မင်းသူငယ်ချင်းကို ရှင်းပြလိုက်ဦး တုံးလွန်းတယ် ကွာ"

"ဒီလိုကွ ဖိုးညီညာရ မိညက နောက်တစ်ခါ ငါတို့ သူ့ဆီလာရင် နှံ့ဝယ်လာဖို့ ပြောနေတာ၊ မိညက အဝတ်တိုင်းပြည်က လာတာကွ ...ပ်နဲ့မုန့်နဲ့ မပြတ်ဘူး"

နောင်ထွေးပြောရင်း ငှဲ့ထားသော ရေနွေးခွက်ကို မော့သောက် သည်။ ရေနွေးက အတော်ပူနေသေးတာမို့ နောင်ထွေး လျှာပူကာ အ ...တ်ခံစားသွားရရှာ၏။

"လောလောဆယ် အဝတ်တိုင်းပြည်က လာတာ ဘယ်သူလဲ ...ို့ လက်တွေပြနေပြီနော် အဟင်း ဟင်း"

ညအလင်း စကားကြောင့် ကျော်ညီညာလည်း သဘောကျစွာ ...ုံးနေရင်းမှ

"ညအလင်းက ဘာမုန့်ကြိုက်တတ်လဲဟင် ကျွန်တော် ဝယ်လာ ...ိုမယ်"

"ကိုယ်က ဈေးကြီးတဲ့မုန့်ပဲကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ ဘာလဲ"

"ဂျယ်လီ လေ"

"ဗျာ ဂျယ်လီ"

သူမ စကားကို သူက တအံ့တဩ လိုက်ရေရွတ်နေတာမို့

"ဟုတ်တယ် ကိုယ်က အသည်းပုံဂျယ်လီ သေးသေးလေး တွေဆို အရမ်းကြိုက်တယ်၊ အကြီးကြီးတွေ မဝယ်နဲ့နော်၊ ကိုယ်မကြိုက်ဘူး အသည်းသေးသေးလေးတွေမှ အရသာရှိတာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ နောက်တစ်ခါ ကျွန်တော်လာရင် ဝယ်လာ ခဲ့ပါ့မယ်"

"အိုကေ"

တစ်ခါတလေမှာ ကျော်ညီညာသည် ဧလိုနောက်လို ကောင်းတာ မို့ သူမ ခင်မင်ပျော်ရွှင်စွာ စနောက်တတ်စမြဲ။

"ကဲ ငါတို့လည်း အတန်းတက်စရာ ရှိသေးတယ် ဒိုးတော့ မယ်"

နောင်ထွေးက ပြန်ဖို့ပြောတော့ ညအလင်း ခေါင်းဘစ်ချ ညိတ်ရင်း

"အေး ပိုက်ဆံတော့ ရှင်းသွားနော်"

"ကျွန်တော် ရှင်းခဲ့ပါ့မယ်"

နောင်ထွေးကို နောက်တာကို သူက ကြားဝင်ရင်း အိတ်ထဲက ပိုက်ဆံကို ကပျာကသီ ထုတ်ရှင်းဖို့ပြင်သည်။ ညအလင်း သူ့လက်





ချက်ခနဲ လှမ်းပုတ်ထုတ်ပစ်ရင်း

"မရှင်းနဲ့ ကျော်ညီညာ၊ ကိုယ်က နောင်ထွေးကို ညှင်းချင်လို့"

"ကျွန်တော်ကလည်း တကယ် ရှင်းပေးချင်လို့ပါ"

"အဲဒီလောက် သဒ္ဓါစိတ်ကြီးနေရင်လည်း ရှင်းလိုက်လေ အိုကေ ကိုယ်သွားတော့မယ် ဘိုင့်"

ညအလင်း နှုတ်ဆက်ပြီး အတန်းထဲပြန်ဝင်ခဲ့သည်။ အတန်းထဲ ရောက်ပြီး နာရီဝက်လောက်အကြာမှာပဲ ကျော်ညီညာကို အခန်းအပြင် မှာ မယောင်မလည် ရပ်နေတာကို တွေ့သည်။

"ညအလင်း ယူ့ကိုကြည့်နေတယ် ယူ့ဥ္စ္စ်သည် ထင်တယ်"

သီတာမိုး ပြောတာကို ခေါင်းညိတ်ပြရင်း ညအလင်းအခန်း ထဲက အသာထွက်ခဲ့လိုက်သည်။ စောစောကပဲ ကင်တင်းနံမှာ ဆုံခဲ့ကြ ပြီးပြီ။ ဘာကိစ္စအတွက် သူပြန်ရောက်လာပြန်တာလဲ စဉ်းစားမရ။

"ဘာကိစ္စ ရှိလို့လဲ ကျော်ညီညာ"

"ဟို ညအလင်း အတွက် ဂျယ်လီ လာပေးတာပါ"

"ဗုဒ္ဓေါ ရေ"

လက်ထဲက အထုပ်ကို ကမ်းပေးရင်း သူပြောတာကြောင့် သူမ တကယ်ပဲ အံ့ဩ မင်သက်သွားခဲ့သည်။

"ကိုယ်က ရှင်နောက်တစ်ခါ လာမှလို့ပြောတာ၊ အခုလို တကူး တကကြီး မလိုပါဘူး။ ကိုယ် အားနာလိုက်တာ ကျော်ညီညာရယ်"

"ဟို အားမနာပါနဲ့ ကျွန်တော်က စားစေချင်လို့ လာပေးတာပါ



www.burmeseclassic.com

www.burmeseclassic.com



စားလိုက်နော်''

ကျော်ညီညာ ဆိုသောသူ့ကိုတော့ သူမ ရယ်လည်း ရယ်ချင် ခင်လည်း ခင်မင်သွားရပါသည်။

''အိုကေ ကျေးဇူးပဲ ရှင့်ကို ကိုယ်အရမ်းခင်သွားပြီ အင်ဂျင် နီယာလောင်း သွားမယ်နော် ဆရာမ စာသင်နေလို့''

သူ ပေးသော ဂျယ်လီထုပ်ကြီးကို ပိုက်ကာ ညအလင်း စာသင် ခန်းထဲ ပြန်ဝင်ခဲ့သည်။ ဆရာမ သင်သော သင်ခန်းစာတွေထက် သူ့ရဲ့ မျက်နှာကိုပဲ ထိုနေ့က ညအလင်း မြင်ယောင်နေခဲ့သည်။

သူနဲ့ ပတ်သက်ပြီး တကယ့်ကို အမှတ်တရဖြစ်စရာ နေ့ကလေး ပါပဲ။

■ ■ ■

## အခန်း (၁၃)

စိတ်ညစ်ညူးစွာနှင့် ထိုနေ့က သူမ ကန်ဘောင်မှာ တစ်ယောက် တည်း ထိုင်နေခဲ့တာဖြစ်သည်။

စိတ်ထဲမှာတော့ ကိုယ့်ကိုကိုယ် အလိုမကျမှုတွေက အလိုလို ဖြစ်တည်နေသလို ဝမ်းလည်းဝမ်းနည်းမိ၏။

လွန်ခဲ့သော သုံးရက်လောက်က အဘိုးနှင့်အဘွား သူမကိုတွေ့ ချင်သည်ဆိုကာ ရန်ကုန်ရောက်လာကြသည်။ မိဘနှစ်ပါးစလုံး မရှိတော့ သော သူမဘဝမှာ အဘိုးအဘွားသည်သာ ချစ်ခင်နှောင်တွယ်ရာ ဖြစ်ခဲ့၏။

နယ်မှာနေသော အဘိုးနှင့်အဘွားက ရန်ကုန်မှာ အဆောင်နေ ကျောင်းတက်နေသော သူမဆီ လာလည်ကြတာ တော်ရုံသံယောဇဉ် ကြောင့်မဟုတ်ပါ။

''သမီးက ရန်ကုန်မှာပဲ ပျော်တယ်ဆိုတော့ ဘိုးတို့က သမီး အတွက် ရန်ကုန်မှာ ခြံနဲ့တိုက်ဝယ်ပေးဖို့ ဆုံးဖြတ်ထားတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး သမီးကျောင်းမပြီးခင် ရန်ကုန်မှာ ခြံနဲ့တိုက် ကို ဘွားတို့ဝယ်ပေးမယ်"

"ဟင် ဘွားတို့ကလည်း သမီးတစ်ယောက်တည်း နေရမှာလား ဒါတယ်" ဘွားတို့ပါ မနေဘူးလား"

"ဘွားတို့က သမီးလေးကိုမှ မခွဲနိုင်တာပဲကွယ် လာနေရ ရမှာပေါ့၊ ဟိုမှာရှိတဲ့ လုပ်ငန်းတွေကို အရင်ဆုံးပြီးပြတ်အောင် စီစဉ် ရင် ဘွားတို့လာကြမှာပါ"

"ဟာ တကယ်နော် ဝမ်းသာလိုက်တာ"

ဘွားနှင့်ဘိုးက ညအလင်းကို ထိုမျှအထိ ချစ်ကြတာဖြစ်သည် အခုလည်း ခြံနှင့်တိုက်ဝယ်ဖို့ လာကြည့်ရင်း မိတ်ဆွေတွေ အိမ်မှာတည် ကြသည်။

ဘွားတို့ရောက်နေသော ရက်တွေမှာ ကျောင်းပျက်ခွင့်ယူ ညအလင်း ရန်ကုန်အနှံ့ ဘုရားတွေပို့ပေးဖြစ်သည်။

သုံးရက်ကျောင်းပျက်ခဲ့တာမို့ ဒီနေ့တော့ ကျောင်းတက်သည် မနက်ပိုင်း အရေးကြီးသော စာသင်ချိန်တွေပြီးလျှင် နယ်ပြန်မည့် ဘိုး ဘွားကို အဝေးပြေးကားဂိတ်အထိ ညအလင်း လိုက်ပို့ဖို့ စီစဉ်ထားသည်

ဒါပေမဲ့ အစီအစဉ်တွေ လွဲချော်ကုန်သည်။ စာသင်ချိန်ပြီး တော့ အချိန်က အတော်နောက်ကျနေပြီ။

ဘိုးနှင့်ဘွားတို့ အခုလောက်ဆို အဝေးပြေးကားဂိတ်ကို ရောက်နေလောက်ပြီ။





"သမီး ကျောင်းတစ်ဖက်နဲ့ လိုက်မပို့နဲ့တော့ ဘိုးတို့နားလည်

ဘိုးပြောခဲ့ပေမယ့် မြေးကိုတော့ မပြန်ခင်မှာ မျက်နှာလေးတော့ တွေ့ချင်မှာ ညအလင်း သိပါသည်။

ဒါကြောင့်လည်း တက္ကစီငှားကာ အဝေးပြေးကားဂိတ် လိုက်ဖို့ ဆုံးဖြတ်မိပေမယ့် သူမရဲ့ နှမော်နမဲ့ နိုင်မှုကြောင့် ပိုက်ဆံအိတ်က အဆောင်မှာ ကျန်ရစ်ခဲ့သည်။

သိတာမှာလည်း ပိုက်ဆံအပိုမပါ။ ကျန်သော သူတွေဆီက ည်း မချေးငှားချင်တာမို့ ခက်သည်။

နောင်ထွေးတို့ ကျောင်းသွားကာ ချေးဖို့လည်း အချိန်က မရှိ တော့ စိတ်ညစ်ညစ်နှင့် ကန်ဘောင်မှာ လာထိုင်နေမိတာဖြစ်၏။

စိတ်ထဲမှာ အဘိုးနှင့်အဘွားကို နှုတ်ဆက်မကန်တော့ လိုက်ရ ကိုတွေးပြီး ဝမ်းနည်းမဆုံးပါ။

"ဟင်"

သူမ ဝေးမိရာဝေးရင်း ဘူးသီးကြော်ဆိုင်လေးထဲမှ ထွက်လာ ာ ကျော်ညီညာနှင့် သူ့ကောင်မလေးကို မြင်လိုက်တာမို့ ဝမ်းသာ သည်။

သူမ ခြေလှမ်းတွေက သူတို့စုံတွဲဆီသို့ အပြေးလေး လိုက်သွား

"ဟိတ် အင်ဂျင်နီယာလောင်း"



www.burmeseclassic.com

www.burmeseclassic.com



ညအလင်း ပြေးလည်းပြေး ခေါ်လည်းခေါ်တော့ ကျော်ညီ...
တော သူရဲ့ကောင်မလေးပါ လှည့်ကြည့်သည်။

"ဟင် ညအလင်းပါလား တစ်ယောက်တည်းလား ဘယ်...
လာတာလဲ"

"မေးခွန်းတွေက များလိုက်တာ ကိုယ်ကရှင့်လို အဖော်မ...
တစ်ယောက်တည်းပေါ့ ဒီမှာစိတ်ညစ်လွန်းလို့ လာထိုင်နေတာ"

"ဗျာ စိတ်ညစ်လို့"

"ဟုတ်တယ် ကိုယ့်ကို တစ်ခုလောက် ရှင်ကူညီစမ်းပါ"

"ပြောလေ ညအလင်း ကျွန်တော်တာကူညီပေးရမလဲ ပြော..."

သူနှင့်ညအလင်း ပြောနေတာကို နံဘေးက ရှာန်ဆို...
သူ့ ကောင်မလေးက ငေးငေးလေးကြည့်နားထောင်နေခဲ့၏။

"ကိုယ့်ကို ရှင် အဝေးပြေးကားဂိတ် ခဏလောက် လို...
ပေးစမ်းပါ။ အရမ်းအရေးကြီးနေလို့ပါ၊ ရှင့်မှာ ကားပါတယ်မို့လား။ အ...
အဘွားက ကိုယ့်ကို အဝေးပြေးဂိတ်မှာ မျှော်နေမှာမို့ပါ၊ ကိုယ် သူ...
ကန်တော့ချင်လို့"

သူမ စကားအဆုံးမှာ သူ ချက်ချင်းခေါင်းညိတ်ပေမယ့် နံ...
က ကောင်မလေးက မျက်ခုံးလေးကျုံ့ရင်း

"အဝေးပြေးဂိတ်သွားမယ့်သူက ဒီမှာဘာလာလုပ်နေတာ..."

"ဘာလို့လဲဆိုတော့ ကိုယ့်ပိုက်ဆံအိတ် အဆောင်မှာကျ...
ညစ်ပြီး ထိုင်နေတာပါ၊ တက္ကစီဖိုးတောင် မရှိလို့"





"ဖြစ်ရမယ် ညအလင်းကတော့လေ၊ ကဲပါ ကျွန်တော်လိုက်ပို့...
...မယ်၊ တကယ်ဆို ဒီနေ့ ညအလင်း ကျောင်းမတက်တဲ့ လိုက်ပို့သင့်
..."

"မရလို့ပါ ကိုယ်ကျောင်းပျက်တာက သုံးရက်၊ ဒီနေ့က ကျူ...
...ရယ် ဖြေရလို့ပေါ့ အင်ဂျင်နီယာလောင်းရဲ့"

"ဟုတ်ပြီ ဟုတ်ပြီ ရတယ် ဒီမှာပါ ကျွန်တော် အမြန်မောင်းပေး
..."

"မောင် ရှာန်တို့ ရုပ်ရှင်သွားကြည့်ဖို့ ကိစ္စက"

သူ့ကောင်မလေးက သူ့လက်မောင်းကို ဆုပ်ကိုင်ထားရင်း ဆူဆူ
...အောင့် ဝင်ပြောသည်။ သူက သူ့ကောင်မလေးခေါင်းကို ကြည့်စယ်
... လှမ်းပုတ်ရင်း

"မနက်ဖြန်မှ ကြည့်တော့နော် ရှာန်ကို မနက်ဖြန် ကိုယ်လိုက်
...မယ်၊ ဒီမှာ မောင့်သူငယ်ချင်းက သိပ်အရေးကြီးနေလို့"

"မောင်"

"ရှာန် အဲဒီလို မဆိုးရဘူးလေ၊ သူများဒုက္ခရောက်နေတာကို"

သူ့ကောင်မလေး မကျေမနပ်ဖြစ်နေတာကို ညအလင်း နား
...ပေးနိုင်သည်။ တကယ်ဆို ကိုယ့်မှာလည်း အရေးကြီးနေတာမို့
...ညီညာကို အကူအညီ တောင်းမိတာဖြစ်သည်။

"ဟော ဟိုမှာ စနိုးတို့ပါလား၊ ရှာန် စနိုးတို့နဲ့ တစ်ခါတည်း
...သွားနော် မောင် လိုက်မပို့တော့ဘူး ဟိတ် စနိုး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ညီညာ ပြောရင်း ကန်တောင်က ဆင်းလာသော ကောင်မလေးနှစ်ယောက်ကို လှမ်းခေါ်သည်။ ချာန်မျက်နှာလေးက ဆူပုတ်လို့နေဆဲ။

"ဟာ ညီညာနဲ့ မိုးချာန် ဘယ်သွားကြမလို့လဲ"

"ဒီမှာ ငါ့သူငယ်ချင်းကို ကားဂိတ်လိုက်ပို့ရမှာမို့ အဲဒါနဲ့ နင်တို့ပြန်ရင် ချာန်ကိုတစ်ခါတည်း ခေါ်သွားလိုက်ပါဟာ၊ နင်တို့မှာကားပါတယ်မို့လား"

"အေး ပါတယ် ခေါ်သွားပါ့မယ်ဟာ စိတ်ချ၊ နင့်ချာန်ကိုရောင်းမစားပါဘူး၊ လာလေ မိုးချာန် ငါတို့လည်း အခုပြန်တော့မှာဟ"

"မောင် မနက်ကျရင် ချာန်ဆီ စောစောလာခဲ့နော်"

"အင်းပါ မောင်လာခဲ့မှာပါ"

မိုးချာန် စနိုးတို့အဖွဲ့နှင့် ပါသွားခဲ့သည်။ ကျော်ညီညာနှင့်သူရပ်ထားသော ကားလေးဆီကို ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။

"တက် ညအလင်း ကျွန်တော် အမြန်မောင်းပို့ပေးပါ့မယ်"

"ကျေးဇူးပဲ ကျော်ညီညာ၊ ကိုယ့်ကို ရှင်သာ မကူရင် ကူမယ့်သူမရှိဘူး အခုချိန်မျိုးကျ သူငယ်ချင်းတွေ ဘယ်ပျောက်ကုန်မှန်း မသိဘူး"

"ကျွန်တော်ကဲ ညအလင်း သူငယ်ချင်းပဲလေ"

"အဟင်း ရှင့်ကောင်မလေးကတော့ အတော့်ကို စိတ်ဆိုးသွားမှာပဲ ရှင်ချော့ရတော့မှာ သေချာတယ်၊ တကယ်အရေးကြီးလို့ ကိုယ်အကူအညီ တောင်းတာပါ".





ကျော်ညီညာက ကားလေးကို ကျွမ်းကျင်စွာ မောင်းနှင်နေရင်းခေါင်းကိုခါသည်။

"ပြဿနာမရှိပါဘူး ညအလင်းရဲ့ ချာန်နားလည်ပေးရမှာပေါ့နားမလည်ပေးရင် သူမှားမှာလေ"

"သူ့အပေါ်မှာ အပြစ်မတင်ပါနဲ့၊ ကိုယ်လည်း သူ့နေရာမှာဆိုစိတ်ဆိုးမိမှာပဲ၊ မိန်းကလေးဆိုတာ ဒီလိုပဲလေ ကိုယ့်ချစ်သူကို တခြားမိန်းမတစ်ယောက်နဲ့ နှစ်ယောက်တည်း အတူသွားတာ ဘယ်စိတ်ချပါ့မလဲ အဟင်း ကိုယ်ကရှင့်ကို ညာခေါ်တာဆို ဘယ်လိုလုပ်မလဲ"

သူမစကားကို ကျော်ညီညာ သဘောကျစွာ ပြုံးရင်း

"ညအလင်း ကျွန်တော့်အပေါ် ဘယ်တော့မှ အဲဒီလို မလုပ်ဖူးဆိုတာ ကျွန်တော် သိတာပေါ့၊ တကယ်လို့ ညာခဲ့ရင်တောင် ကျွန်တော့်ကိုခင်မင်လို့ စတာလို့ပဲ ယူဆမှာပါ"

"ရှင့်ကို ကိုယ် အရမ်းကျေးဇူးတင်တယ်"

အဝေးပြေး ကားဂိတ်ကို ရောက်တော့ ညအလင်း ကံကောင်းသည်။ ကားက မထွက်သေးတာမို့ ဘိုးနှင့်ဘွားကို တွေ့ခဲ့ရသည်။

"ဟာ သမီးရဲ့ ဘာလို့လိုက်လာတာလဲ ပင်ပန်းလိုက်တာ"

"ဘိုးနဲ့ဘွားကို ကန်တော့ချင်လို့"

ညအလင်း မျက်ရည်လေးဝဲကာ ဘိုးနှင့်ဘွားကို ကန်တော့ဖြစ်သည်။ ဘိုးနှင့်ဘွားကလည်း မျက်ရည်လေးတွေဝဲကာ ဆုတောင်းပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ညီညာ ခဏလေးနော်"

"ရတယ် ကားထွက်မှ ကျွန်တော်တို့ ပြန်မယ်လေ"

သူက အလိုက်တသိနှင့် စောင့်ပေးသည်။ ဘိုးတို့နှင့်သူမ စကားတွေပြောနေတာ ငြိမ်ငြိမ်လေး ထိုင်စောင့်ပေး၏။

ကားထွက်တော့ ညအလင်း လက်ပြနှုတ်ဆက်ရင်း ရင်ထဲမှာ လှိုက်ဖိုလာသည်။ ဘိုးနှင့်ဘွားကိုခွဲကာ ရန်ကုန်မှာ ကျောင်းတက်ချင်ခဲ့တာ သူမဆန္ဒ။

ဒါကိုလည်း ခွင့်ပြုလိုက်လျောပေးသည်။ အဆောင်မှာ စား သောက်ရေး အဆင်ပြေဖို့ ဘိုးတို့က စားစရာတွေ နှစ်ပတ်တစ်ခါလောက် ပို့ပေးသည်။ အခုလည်း ရန်ကုန်မှာပျော်သော မြေးအတွက် မြို့နှင့်တိုက် ဝယ်ပေးမည်တဲ့။

ဘိုးနှင့်ဘွားရဲ့ ချစ်ခြင်းတွေကို ပြန်သတိရခံစားရင်း ညအလင်း ဝမ်းသာဝမ်းနည်း မျက်ရည်လေး ဝေ့နေ၏။

"ညအလင်း ကျွန်တော်တို့ ပြန်ကြရအောင်လေ"

ကျော်ညီညာ သတိပေးမှ သူမ ခေါင်းလေးညိတ်ကာ ရပ်ထား သော ကားဆီ ပြန်ခဲ့ကြသည်။

ကားပေါ်ရောက်တော့ ချုပ်ထိန်းထားသော မျက်ရည်တွေ အဆီးအတားမဲ့ ကျလာ၏။

"ကိုယ်က အဘိုးနဲ့အဘွားကို သိပ်ချစ်တာ"

ရှိုက်သံနှင့် ညအလင်းပြောတော့ သူက နှစ်သိမ့်ပါသည်။



"ကျောင်းတွေပိတ်ရင်လည်း တွေ့ရမှာပဲ ညအလင်းရယ်"

"ကျောင်းပိတ်ဖို့က အဝေးကြီး လိုသေးတာကို"

ပြန်ပြောရင်း အသံလေးတိမ်ဝင်ကာ မျက်ရည်တွေ စီးကျလာ သမို့ လက်ဖမိုးနှင့် ပွတ်သုတ်မိပြန်သည်။ ကျော်ညီညာက ဒက်ရှ်ဘုတ် ပေါ်ရှိ ဘူးလေးထဲမှ တစ်ရှူးတစ်ရွက် ဆွဲယူ ကမ်းပေးသည်။

ထိုတစ်ရှူးစနှင့်ပဲ ညအလင်း မျက်ရည်တွေသုတ် နှပ်ကိုညှစ် တော့ ကျော်ညီညာ အသံထွက်အောင် ရယ်ပါသည်။

သူဒီလို အားပါးတရ ရယ်တာမျိုး မတွေ့ဖူးတာမို့ ညအလင်း အံ့တသြ ခေါင်းလေးမော့ကြည့်မိ၏။

"ကျွန်တော့်ကို ဘာကြည့်တာလဲ ညအလင်းရဲ့"

"ရှင် တစ်ခါမှ ကိုယ့်ရှေ့မှာ အခုလို မရယ်ဘူးလို့ပါ"

"အဟွန်း ကျွန်တော် ညအလင်းကို သဘောကျလို့ ရယ်မိတာပါ"

"ဘယ်လို"

သူ့စကားကို အံ့သြသလို ညအလင်း မျက်ဝန်းလေးဝိုင်းကာ မေးတော့ သူ အပြုံးနှင့်ထပ်ပြော၏။

"ဟိုလေ ကျွန်တော်က ညအလင်းကို လူကြီးဆန်လိမ့်မယ်လို့ ထင်ထားတာလေ"

"အခုရောဟင်"

"ကျွန်တော်ထင်တာ မှားသွားလို့"

သူ့စကားကြောင့် ညအလင်း ယဲ့ယဲ့လေးပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုယ်တောင်မှတစ်ခါတလေ ကိုယ့်ကိုကိုယ် နားမလည်ဘူး"

"ထားလိုက်ပါတော့ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်က ပျော်အောင်ထားမှာပါ"

ပြောရင်း ကျော်ညီညာ ကားစက်ကို နှိုးသည်။ သူမ မျက်နှာ တည်တည်လေးနှင့် ကြည့်နေတုန်း ကားလေးက ငြိမ့်ခနဲထွက်သည်။

"ကဲ အခု ကားလမ်းမပေါ်က ညအလင်းတို့ အဆောင်ကို မောင်းမောင်း၊ ညအလင်းတို့အဆောင်က ကျွန်တော်တို့အိမ်ကို မောင်းမောင်းမောင်း"

ခေါင်းကိုခါရမ်းပြီး ခန္ဓာကိုယ်ကို လှုပ်ကာ သီချင်းဆိုသလို ဒုံးယိမ်းကသလို ဆိုနေတာမို့ ညအလင်း ရယ်ချင်လာသည်။

"ကျွန်တော်တို့အိမ်ကို ကျွန်တော် ကျော်ညီညာက မောင်း မောင်း မောင်း ဟေး"

ပါးစပ်က မနားတမ်းဆို ကားကိုလည်း ဟိုယိုင်ဒီယိုင်နှင့် မောင်းနေသဖြင့် ညအလင်း မျက်ရည်တွေထွက်သည်အထိ ရယ်မိတော့သည်။

"အဟင်း ဟင်း တော်ပါတော့ ကျော်ညီညာရယ် ဒီမှာ ရယ်ရလွန်းလို့ မျက်ရည်တွေထွက်လာပြီ တော်ကြာ ယာဉ်ထိန်းရဲနဲ့တွေလို့ ရှင့်ကို မူးပြီးမောင်းတယ်ဆိုပြီး ဖမ်းနေဦးမယ် အဟင်း ဟင်း ဟင်း"

"ကျွန်တော်က ညအလင်း စိတ်ညစ်နေလို့ ပျော်အောင်စတာပါ"

ဝိုးမိုး၁၁၆ပေ



"တကယ့်ကို ကျေးဇူးတင်ပါတယ် ကျော်ညီညာရယ်"

"ရပါတယ် ကျွန်တော်တို့က သူငယ်ချင်းတွေပဲဟာ ကျွန်တော် အကူအညီလိုရင်လည်း လာတောင်းမှာနော်၊ ညအလင်း ငြင်းမလွှတ်ဘူး"

"စိတ်ချပါ ကိုယ် ရှင့်အတွက် အကူအညီလိုရင် ဘယ်တော့မှ ငြင်းပါဘူး"

အဆောင်ရှေ့အထိ ကျော်ညီညာက လိုက်ပို့ပေးသည်။ ကားပေါ်က ဆင်းတော့ ညအလင်း ဝမ်းနည်းစိတ်ညစ်တာတွေ ပျောက်ဆုံးနေသာအမှန်။

"ကျေးဇူးပဲ ကျော်ညီညာ၊ ကားကို ဂရုစိုက်မောင်းဦး ဘိုင့်ဘိုင့်တာတာ"

သူမ လက်ကလေးပြကာ နှုတ်ဆက်တော့ သူ သဘောကျစွာ ရယ်မောရင်း

"အဟွန်း ကလေးလေးကျနေတာပဲ ကျွန်တော်သွားမယ် ညအလင်း ဘိုင့်ဘိုင်"

ရှင်မသိဘူးလား ကျော်ညီညာ။ မိန်းကလေးတွေက သူတို့ချစ်တဲ့ သူ့ရှေ့မှာ ကလေးဆန်တတ်တာ သဘာဝပဲလေ။

ရှင့်အပေါ်မှာ ကိုယ်တွယ်တာနေမိပြီ ထင်တယ်။ တကယ်ဆို မဖြစ်သင့်ဘူးနော်။ ကိုယ် ဆင်ခြင်ပါ့မယ်ကွယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟယ် ကျော့်ညီညာ"

ဘယ်လိုမှ ထင်မှတ်မထားတာမို့ သူမ သိပ်ကို အံ့ဩသွားမိသည်။ ကျောင်းပိတ်ရက်မို့ ဒီဆိုင်လေးမှာ ဆံပင်ပေါင်းတင်ဖို့ လာခဲ့တာဖြစ်သည်။

ဒါကိုပဲ ကျော့်ညီညာက ဆိုင်ထဲအထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်းက တကယ်အံ့ဩစရာ။

"တော်သေးတယ် ကျွန်တော်က ညအလင်း ရှိမရှိပဲ့မလားလို့"

"ရှင့်ကို ကိုယ်ဒီဆိုင်မှာ ရှိလိမ့်မယ်လို့ ဘယ်သူပြောလိုက်တာလဲ"

"ညအလင်းတို့ အဆောင်က အခန်းဖော်က ပြောလိုက်တာလေ ညအလင်း ဆံပင်သွားပေါင်းတင်မယ်လို့ ညကပြောတယ်တဲ့၊ သူသွားနေ





ကျ ဆိုင်ကတော့ ရှစ်မိုင်လမ်းဆုံက စင်ဒရဲလားမြို့တော်လို့ ပြောလိုက်လို့လေ"

အစိမ်းကွက် ရှပ်အင်္ကျီနှင့် ဂျင်းပင်န်အပြာကို ဝတ်ဆင်ထားသော သူ့ရဲ့အသွင်က ကြည်လင်ရှင်းသန့်နေသည်။

"ဘာကိစ္စရှိလို့လဲ ကျော့်ညီညာ အရေးကြီးလား"

"အင်း မေးစရာလေး ရှိလို့ပါ ပြီးတော့ ဒီနေ့က ကျွန်တော့် မွေးနေ့လေ၊ အဲဒါ ညအလင်းကို ဟိုတယ်မှာ Dim Sum လိုက်ကျွေးခင်လို့"

သူ့စကားကြောင့် ညအလင်း မကျေမနပ် မျက်ခုံးလေး ပင့်ကြည့်လိုက်ရင်း

"ရှင်ဘာလို့ စောစောက ကိုယ့်ကိုကြိုမပြောတာလဲ ကိုယ်မွေးနေ့လက်ဆောင် ဝယ်ပေးမှာပေါ့၊ ရပါတယ်လေ နောက်နေ့ဝယ်ပေးလည်းဖြစ်တယ်မို့လား"

"ဟား အရေးမကြီးပါဘူး မဝယ်ပေးလည်း ရတယ် ရော့"

သူက စက္ကူဘူးလှလှကြီးကို ကမ်းပေးနေတော့ ညအလင်း ဆူတူတူကြည့်ရင်း

"ဘာတွေလဲ ကျော့်ညီညာ"

"ဘူးလေးကလှလို့ ဘာတွေလဲ တစ်မျိုးမထင်နဲ့ဦး၊ ထည့်စရာမရှိလို့ ဒီဘူးနဲ့ထည့်လာတာ ခြံထဲက မာလကာသီးတွေပါ နောင်တွေးပြောဖူးတယ်၊ မီညက မာလကာသီး သိပ်ကြိုက်တာတဲ့၊ အဲဒါကြောင့် ခြံထဲက အပင်ကို ညီမလေးနဲ့လုပြီး ခူးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"တကူးတကကြီးဟယ် ကျေးဇူးတင်ပါတယ်၊ ကိုယ်က အေ
လကာသီး သိပ်ကြိုက်တာ ကိုယ်တစ်ယောက်တည်း အကုန်စားမယ်မှာ"

"ဟာ တစ်ရက်တည်းနဲ့တော့ အကုန်မစားပါနဲ့ ရောဂါရဦး
စိုးလို့ပါ"

သူ့ တကယ်ပဲ စိုးရိမ်သလိုပြောတော့ ညအလင်း ခေါင်းလေး
ညိတ်ပြုံးရင်း

"အင်းပါ အင်းပါ ဒါနဲ့ မွေးနေ့လိုက်ကျွေးမှာ ကိုယ်တစ်ယောက်
တည်းလား နောင်ထွေးမပါဘူးလား ရှင့်ကောင်မလေးရော"

"နောင်ထွေးက မနေ့ကတည်းက မော်ဘီမှာ သွားအိပ်တာ
ရှာနက သူ့သူငယ်ချင်းတွေနဲ့ ချောင်းသာလိုက်သွားတယ်၊ အဲဒါကြောင့်
ညအလင်းနဲ့ နှစ်ယောက်တည်း သွားစားမလို့"

"အိုကေ ဒါဆိုခဏစောင့် ခေါင်းလျှော်ရဦးမှာ"

"ရပါတယ် ညအလင်း ကိစ္စတွေပြီးမှ သွားမှာ"

ပြောရင်း သူက ထိုင်ခုံလေးပေါ်က ဂျာနယ်ကို ကောက်ယူပြီး
အေးဆေးစွာ ထိုင်စောင့်ဖို့ပြင်သည်။

ညအလင်း အခန်းထဲဝင်ကာ ဆံပင်တွေကို ခေါင်းလျှော်နေတုန်း
မှာ ဆိုင်ကမမက

"တို့ညီမက ကံကောင်းတယ်ဟေ့ ချစ်သူဆံပင်အလှပြင်တာကို
မညည်းမညူ ထိုင်စောင့်ပေးသူ ပိုင်ထားတာကိုး အဟင်း ကောင်လေးက
ချောချောလေးနော် ညီမကလည်း ချောတော့ တကယ်လိုက်ဖက်ညီတယ်"





"ဟား အစ်မကလည်း သူငယ်ချင်းတွေပါ"

"တကယ် သူငယ်ချင်းဘဝတောင် ဒီလောက်အနွံ့တာခံရင်
ချစ်သူတွေဆိုရင်တော့ အရမ်းကို အလိုလိုက်ခံရမှာပဲ"

"အစ်မကလည်း လျှောက်ပြောနေပြန်ပြီ မဟုတ်ပါဘူးဆို"

"တို့ကတော့ မယုံဘူးဟေ့"

ဆိုင်ကအစ်မကတော့ ညအလင်းနှင့် ခင်မင်ရင်းနှီးနေတာမို့
နောက်ပြောင်နေသည်။ အခန်းအပြင်က သူကတော့ ဘယ်လိုနေမည်
သိပါ။

ညအလင်းကတော့ ရှက်မျက်နှာလေးရဲကာ ရင်ထဲမှာလည်း
ကြည်နူးစိတ်လေးတွေ ဖြာဝေနေသည်။

သူမ ခေါင်းလျှော်ပြီးတော့ ကျော်ညီညာနှင့်အတူ ထွက်ခဲ့ကြ
သည်။

"ဟိုတယ်မှာ ကျွေးမှာဆိုတော့ အရမ်းဈေးကြီးမှာပဲ၊ မစား
ချင်ပါဘူး Dim Sum ကို ကိုယ်မကြိုက်ပါဘူး"

"ညာပြန်ပြီ၊ အိမ်က ပိုက်ဆံရောက်တဲ့နေ့တိုင်း ညအလင်း
Dim Sum သွားစားတတ်တာ ကျွန်တော် သိထားတယ်နော်"

သူ့အပိုင်ပြောနေတာမို့ ညအလင်း သူ့ကို စူးစူးလေးကြည့်ရင်း

"ဒီသတင်းက နောင်ထွေးဆီကဖြစ်မယ်"

"အမှန်ပဲ ဒါကြောင့် ညအလင်း ကြိုက်တတ်တဲ့ အစားအ
သောက်ပဲ ကျွန်တော်ကျွေးမှာ အားမနာနဲ့ ကျွန်တော် ကုသိုလ်အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရအောင်စားပါဗျာ''

ကျော်ညီညာ ပြောရင်း ကားလေးကို မောင်းနှင်နေတုန်း ည

အလင်း မျက်ဝန်းတွေက ဆိုင်အပြင်ဘက်က ဖက်ရှင်အထည်ဆိုင်ဆေ

ကို မြင်လိုက်တာမို့

''ခဏလေး ကျော်ညီညာ အဲဒီဆိုင်ရှေ့မှာ ကားခဏရပ်၊ ရှင့်

လက်ဆောင်ဝယ်ပေးမလို့''

''ဟား နေပါစေ ကျွန်တော်ဘာမှ မလိုချင်ပါဘူး''

''ဘာလဲ ကိုယ်ဝယ်ပေးတာ မလိုချင်ဘူးပေါ့''

သူမ မကျေနပ်သလို မျက်ခုံးလေးတွန့် ရန်တွေ့တော့

ပျာပျာသလဲနှင့် ခေါင်းခါရင်း

''ဟို အဲဒီလို ပြောတာ မဟုတ်ပါဘူး၊ ညအလင်းပေး

ကျွန်တော် လိုချင်တယ် တကူးတကကြီး မလုပ်ပါနဲ့ ကြုံမှ''

''ကဲ ရှင့်ကားကို ရပ်စမ်းပါ ကိုယ်ဝယ်ပေးတာမယူရင် ကို

လည်း မလိုက်တော့ဘူး''

ဆိုင်ရှေ့မှာ သူ့ကားကို တုံ့ခနဲရပ်ပစ်ရင်း သူမဘက်လှည့်

ထပ်တောင်းပန်နေသေး၏။

''စိတ်မဆိုးပါနဲ့ ကျွန်တော် ညအလင်း ပေးတဲ့လက်ဆောင်

ယူပါ့မယ် မလိုက်ဘဲတော့ မနေပါနဲ့ဗျာ''

''အိုကေ ဒါဆို ဆိုင်ထဲဝင်ရအောင်လေ''

ညအလင်းကပဲ ရှေ့က ဦးဆောင်ကာ ဆိုင်ထဲလှမ်းဝင်တေ





ူလည်း အနောက်က တစ်ဖဝါးမခွာ ပါလာရတော့၏။

Giordano အင်္ကျီ ရေညှိစိမ်းရောင် နုနုလေးတစ်ထည် သူမ

ချယ်ယူလိုက်ရင်း

''ဒီအရောင်လေးကို ကိုယ်တော့ကြိုက်တယ်၊ ရှင်ကြိုက်ရဲ့လား

ျော်ညီညာ၊ ကြိုက်တယ်ဆိုရင် အဝတ်လဲခန်းထဲမှာ တစ်ခါတည်း လဲဝတ်

ိုက်နော်''

''ကျွန်တော် ကြိုက်ပါတယ် အိုကေ''

ညအလင်း စေခိုင်းသည့်အတိုင်း အင်္ကျီလေးကိုယူကာ သူ

ဝတ်လဲခန်းထဲ ဝင်သွားသည်။

သူ အဝတ်လဲနေတုန်းမှာပဲ ညအလင်း အနက်ရောင် ပုလဲ

ာက် ပုဆိုးလေးတစ်ထည် ထပ်ဝယ်ထားလိုက်၏။

သူပြန်ထွက်လာတော့ ညအလင်း လက်ဆောင်ဝယ်ပေးသော

ကျီလေးနှင့် ကြည့်ကောင်းအောင် လှပနေသည်။

''ရှင်နဲ့လိုက်တယ် ကျော်ညီညာ ရော့''

''ဟင် ဘာလဲ ညအလင်း''

''ပုဆိုးလေ ရှင် အဝတ်လဲနေတုန်း ကိုယ်ရွေးပြီး ဝယ်ထားတာ

ှင့်ကိုပေးချင်လို့ ကိုယ်ပေးတဲ့ ပုဆိုးလေးဝတ်နော်၊ နေဦး အခု အင်္ကျီနဲ့

ိုက်သေးဘူး နောက်ရက်တွေကျမှ ဝတ်ပါ''

''တော်တော့နော် ညအလင်း ကျွန်တော့်ကိုပေးတာတွေ များ

ပြီ''



www.burmeseclassic.com

www.burmeseclassic.com



“မများပါဘူး ကိုယ်ပေးတာ နှစ်ခုတည်းပါ”

ကျသင့်ငွေကို ညအလင်း ထုတ်ရှင်းကာ နှစ်ဦးသား ဆိုင်လေး ထဲမှ ထွက်ခဲ့ကြသည်။

“ကျွန်တော် ဒီနေ့ တော်တော်ပျော်တယ် သိလား”

“ဘာလို့လဲ”

“ကျွန်တော့်ချစ်သူတောင် အခုလို တကူးတက အကျီပုဆိုး လိုက်ဝယ်မပေးဖူးဘူး၊ ညအလင်းက ဝယ်ပေးတော့ တစ်မျိုးပဲ ဝမ်းသာ နေတာ”

“ဘာလဲ ကိုယ်က ရှင့်ကို ကြိုက်နေလို့ အခုလိုဝယ်ပေးတာလို့ ထင်နေလို့လား”

“ဟား မဟုတ်ပါဘူး၊ ကျွန်တော် ခံစားရတာကို ပြောတာပါ”

“အဟင်း ဟင်း နောက်တာပါ၊ ရှင်နဲ့ကိုယ်က အခင်မင်ဆုံး သူငယ်ချင်းတွေလေ”

သူက ကားလေးကို ဟိုတယ်ဆီသို့ ဦးတည်မောင်းနှင်ခဲ့သည်။ ဆိုင်လေးထဲကိုရောက်တော့ စားစရာတွေကို သူ စိတ်တိုင်းကျမှာသည်။

မှာထားသည့် ဟင်းတွေစောင့်ရင်း အချိုရည်ဘူးလေးတွေကို တစိမ့်စိမ့်သောက်ကာ စကားတွေပြောကြ၏။

“ညအလင်းက အရမ်းပွင့်လင်းတယ်နော်၊ ကျွန်တော်က အဲ လို စိတ်ဓာတ်မျိုးကို သဘောကျတယ်၊ ရျာန်ကတော့ အရမ်းမျိုသိပ်နိုင် တယ်၊ ရျာန့်မှာက အဖေရော အမေပါမရှိတော့ဘူးလေ၊ ဘန်ကောက်

မိုးမိုး ၁၁၁ ပေ



ရောသည်သွားရင်း လေယာဉ်ပျက်ကျပြီး ဆုံးရှာတာ”

“ဩော် စိတ်မကောင်းစရာပဲနော် ဒါဆို သူက အခုဘယ်သူနဲ့ နေတာလဲဟင်”

“သူ့ဦးလေးလူပျိုကြီးနဲ့ နေတာလေ သူ့အဖေဘက်က ညီပေါ့”

“ဒါဆို သူ အရမ်းစိတ်အားငယ်မှာပဲနော် ကျော်ညီညာ၊ ရှင် သူ့ကို ဂရုစိုက်နော်၊ သူပျော်ရွှင်နေရင် ရင်ထဲက ခံစားနေရတာတွေ ပြေသွားတာပေါ့”

“ကျွန်တော် သူ စိတ်ချမ်းသာအောင် ထားပါတယ်၊ ရျာန့်ကို ကျွန်တော် သနားတယ်၊ ဒါကြောင့်လည်း ချစ်သွားမိတာ ထင်ပါရဲ့”

ခင်မိုးရျာန် ဘဝလေးကို စာနာသနားပြီး ကျော်ညီညာ ချစ်သွားတာတဲ့လား၊ ညအလင်း ဘဝကလည်း မိုးရျာန့်လိုပဲ မိဘတွေ မရှိတာသိလျှင် ကျော်ညီညာ သနားဦးမှာလား။

မှာထားသော ဟင်းတွေ စားစရာတွေ ရောက်လာတော့

“ညအလင်း အားမနာစတမ်း အဝသာစားနော်”

“ဟား စိတ်ချ စိတ်ချ အဝကြိတ်ပစ်မှာ၊ နောက်မှ ကြောက်ပါပြီ မပြောနဲ့နော်၊ ကိုယ်က အစားအရမ်းပုတ်တာ နောင်ထွေး ပြောဖူးမှာပါ ကိုယ့်အကြောင်းတွေကိုလေ၊ ဒါနဲ့နေစမ်းပါဦး နောင်ထွေးက အားအားရှိ ရင် ဟိုယ့်အတင်းပဲ ရှင်နဲ့ထိုင်ပြောနေတာလား”

“မဟုတ်ပါဘူး၊ ကျွန်တော်က မေးလို့ပါ”

သူ့ကို ညအလင်း မျက်ခုံးလေးတွန့်ပြီး စူးစူးလေးစိုက်ကြည့်

မိုးမိုး ၁၁၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မိသည်။

"ရှင်က ကိုယ့်အကြောင်း ဘာလို့ မေးရတာတုန်း"

"ကျွန်တော် ညအလင်းကို ခင်မင်ချင်လို့ ညအလင်း စိတ်[...] သိထားချင်လို့ပါ"

"အင်း အရင်ဘဝက ကိုယ်တို့နှစ်ယောက် မောင်နှမ[...] ဖြစ်ခဲ့ချင်ဖြစ်ခဲ့မှာ အဟင်း ဟင်း"

ရယ်ရယ်မောမော ပြောရင်း သူမ စားစရာတွေကို အား[...] တရ စားပြလိုက်သည်။ သူကလည်း ညအလင်းစားနေတာကို ကျေ[...] နပ်နပ်ကြည့်ကာ အတူစားနေ၏။

ဟင်းတစ်ခွက်ကို သူဇွန်းနှင့်ခပ်လိုက်စဉ်မှာ ညအလင်း [...] လက်သည်းတွေ ရှည်နေတာကို မြင်တွေ့လိုက်တာမို့

"ရှင့်လက်သည်းတွေ ရှည်နေပြီ၊ ယောကျာ်းလေးဖြစ်[...] လက်သည်းအရှည်နဲ့ မအပ်စပ်လိုက်တာ"

"တမင်ထားတာ မဟုတ်ပါဘူး၊ မညှပ်ဖြစ်တာပါ၊ ဒါ[...] ကျွန်တော့်လက်သည်းကြားမှာ ကျီးမရှိပါဘူး"

"ဖြစ်မှဖြစ်ရလေ၊ မညှပ်ဖြစ်ရအောင် ရှင် အလုပ်တွေ[...] များနေလို့လား။ အင်းပေါ့လေ ချစ်သူရှိတဲ့သူတွေ အလုပ်များတာ မ[...] ပါဘူး"

"ဗျာ"

သူ အူတူတူနဲ့မော့ကြည့်တော့ ညအလင်း ပြုံးလိုက်ရင်း





"ကိုယ်က ရိုးရိုးသားသားပြောတာပါ၊ တစ်မျိုးတွေ လျှောက် [...]တွေးပါနဲ့၊ ချစ်သူရှိတော့ ချစ်သူက ဟိုဟာနိုင်း ဒီဟာနိုင်းရင် လုပ်ပေး [...]ပေါ့"

"အင်း အဲဒါတွေလည်းပါချင်ပါမှာပေါ့ဗျာ"

"ထားလိုက်ပါ၊ မနက်ဖြန် ကိုယ့်ကျောင်းကိုလာခဲ့၊ ကိုယ်လက် [...]ညှပ်ယူလာခဲ့မယ်၊ ရှင့်ကိုကိုယ်တိုင် ညှပ်ပေးမယ်၊ ဒါပေမဲ့ အလကား [...]မရဘူးနော်၊ ကိုယ်လည်း လက်သည်းရှည်နေပြီ၊ ရှင်က ကိုယ့်ကို [...]ညှပ်ပေးရမယ် ဘယ်လိုလဲ"

"ပြန်ညှပ်ပေးတာ ရပါတယ်၊ ညအလင်းက မိန်းကလေးဖြစ်ပြီး [...]လို့ လက်သည်းအရှည်မထားတာလဲ၊ ချာန်ဆိုရင် လက်သည်းအလှ [...]တာနဲ့ ပုံဖော်ရတာနဲ့ စုံနေတာပဲ၊ ညအလင်းက ဝါသနာမပါဘူး [...]"

"ဟင့်အင်း ကိုယ်က လက်သည်းအရှည်ထားရတာ စိတ်ရှုပ် [...]လို့"

ပြောရင်း သူမ စားလက်စကို လက်စသပ်ကာ တစ်ရှူးစလေး [...]ယူသုတ်လိုက်၏။

"ဟင် ညအလင်း ဝပြီလား"

"တော်ပြီ၊ ဒီနေ့ ကိုယ်အများကြီး စားလိုက်တာ၊ ဗိုက်တောင် [...]တော်တင်းသွားတယ်၊ တကယ် စားလို့ကောင်းတယ် ဂွတ်"

"ဒါဆို အချိုပွဲတစ်ခုခု သွားစားရအောင်၊ ရေခဲမုန့်စားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဖိုက် တကယ်မဆန်တော့လို့ပါ။ နောက်နေ့မှ ဝယ်ရော
နော် ဟုတ်လား"

"ဒါဆို ကျွန်တော် မနက်ဖြန် ညအလင်းတို့ကျောင်းကို လာ
မယ်လေ"

"လာခဲ့လေ ကိုယ်စောင့်နေပါ့မယ်"

သူက ညအလင်းတို့အဆောင်အထိ ပြန်လိုက်ပို့ပေးသည်။ အဆောင်ဝရန်တာက သူမကို ဝိုင်းဝန်းစပ်စုနေကြသော အဆောင်သူ တွေ၏မျက်ဝန်းတွေကို ဂရုမစိုက်သလို ဥပေက္ခာပြုရင်း အခန်းထဲဝင် လိုက်သည်။

အခန်းထဲရောက်တော့ အခန်းဖော်သူငယ်ချင်း နေရီက သူ့ ကို တန်းမေးပါတော့သည်။

"ည အခုမင်းနဲ့တွဲနေတဲ့သူက Physics က ကွင်း ဆင်း ရှာန်ရဲ့ချစ်သူ မဟုတ်လား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဒါဆို မင်းနဲ့က"

"ကိုယ်နဲ့က အရမ်းခင်တဲ့ သူငယ်ချင်းပါ။ လူတွေအထင်လွဲ တာပါ၊ ဘာမှမဟုတ်ဘူး"

"အေးလေ နင် ဆင်ခြင်ဦးနော်"

"နေပါဦး ကိုယ်က အနေအထိုင် ဆင်ခြင်ရအောင် သူနဲ့ကိုယ် က ဘာဖြစ်နေလို့လဲ၊ ယောက်ျားနဲ့မိန်းမ သူငယ်ချင်းမဖြစ်ရတော့ဘူး





လား။ ကိုယ်ကတော့ ကိုယ်မှန်တယ်ထင်ရင် ဘယ်တော့မှ နောက်မဆုတ် ဘူး။ ဒီမှာ နေရီ မလိုတဲ့သူတွေစကားကြောင့် ကိုယ့်သိက္ခာထိခိုက်နိုင်တာ မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ်နဲ့သူက ရိုးသားတယ်၊ တကယ့်အဖြူရောင်ပဲ"

ဒေါသမသင့်ပေမယ့် သူမစကားတွေက မာထန်နေတာတော့ အမှန်။ နေရီက နားလည်စွာခေါင်းညိတ်ရင်း

"ငါ မင်းကိုနားလည်ပါတယ် ညရဲ့၊ ငါက နင့်ဘက်ကပါ"

"ကျေးဇူးပဲ ငါ ပင်ပန်းပြီဟာ၊ ခဏနားပြီး ရေမိုးချိုးလိုက်ဦး မယ်"

"အိုကေ ငါလည်းအပြင်သွားမလို့"

"ဘယ်သွားမလို့လဲ ကြာမှာလား"

"မကြာပါဘူး ဗိုလ်ချုပ်ဈေးကို"

"ညနေမှပြန်ရောက်မှာကို မကြာဘူးလား၊ ကဲ ကဲ ကြွတော်မူ ပါ"

ပြောပြီး ညအလင်း ခုတင်ပေါ် ပစ်လှဲလိုက်သည်။ မျက်ဝန်းတွေ ကို မှိတ်ပစ်လိုက်ပေမယ့် သူ့ပုံရိပ်က အာရုံထဲဝင်လာသည်။

သူနှင့်ညအလင်းကြားမှာ အဖြူရောင်သံယောဇဉ်ပဲတဲ့လား။

ကိုယ့်ကိုယ့်ကိုယ် ပြန်မေးခွန်းထုတ်ဖို့တောင် မဝံ့ရဲပါ။ အင်း ကြာရင်တော့ မလွယ်ဘူးထင်ရဲ့ ကျော်ညီညာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ညအလင်း ကျွန်တော့်ကို လက်သည်းညှပ်ပေးမယ်ဆို"

နှစ်ယောက်သား ကင်တင်းနံဘက်ကို ဦးတည်ထွက်လာ တုန်း ညအလင်း ခေါင်းလေးညိတ်ပြရင်း

"ဟုတ်သားပဲ ကိုယ် လက်သည်းညှပ် ယူလာပါတယ်၊ ညှ ပေးမှာတော့ ဟော ဟိုခုံတန်းမှာ ညှပ်ရအောင်"

သစ်ရိပ်အောက်က ခုံတန်းလေးဆီကို ရောက်ခဲ့တော့ နှ ယောက်သား ဝင်ထိုင်လိုက်ကြသည်။

ညအလင်းကကျောပိုးအိတ် ဘေးအိတ်ထဲက လက်သည်းညှ လေးကို ထုတ်ယူလိုက်ရင်း

"ရှင့်လက် ကျွန်မကိုပေးလေ"





"မလုပ်ပါနဲ့ တခြားသူမြင်ရင် အထင်လွဲနေဦးမယ်၊ ကျွန်တော့် ာပဲ ညှပ်ပါ့မယ်"

"ဂရုစိုက်လို့ ကိုယ်တို့က ရိုးသားတာပဲ၊ ဘယ်သူ့ကို ကြောက် ယဲ၊ ဒီမှာ ကိုယ်မှန်တယ်ထင်ရင် ဘယ်သူ့မှ မကြောက်ဘူး"

"ကျွန်တော်က ညအလင်းကို အားနာလို့ပါ"

"ရတယ် ရှင့်ကို ကိုယ်ညှပ်ပေးမယ်၊ ပြီးရင် ရှင် ကိုယ့်ကို ညှပ်ပေးကြေးပဲ"

ပြောပြောဆိုဆို သူ့လက်ကိုဆွဲယူကာ ညအလင်း ညှပ်ပေးလိုက် ည်။ သူကတော့ ခပ်ပြုံးပြုံးလေးကြည့်ကာ သူမကိုငေးကြည့်နေသည်။

သူ့လက်ချောင်းလေးတွေကို ညီညီညာညာလေးဖြစ်အောင် ည င်း ဂရုတစိုက်နှင့် ညှပ်ပေးလိုက်ပါသည်။

"ကဲ ပြီးပြီ၊ အိုကေရဲ့လား ကျော်ညီညာ"

"အိုကေပါတယ်၊ ကဲ ညအလင်းကို ကျွန်တော် ညှပ်ပေးမယ်"

သူ့ဆီကို ညအလင်း လက်ချောင်းလေးတွေ ကမ်းပေးလိုက် တော့ သူ လှမ်းကိုင်ကာ ညှပ်ပေးပါတော့သည်။

သူ့မျက်နှာလေးကို ငေးကြည့်ရင်း ရင်ထဲမှာ ကြည်နူးမှုက မ့်စိမ့်နွေးနေခဲ့သည်။ ထိုစဉ်မှာပဲ လှစ်ခနဲ မြင်တွေ့လိုက်သော အရိပ် ခ်ကို သူမ မြင်လိုက်သည်။

ဒါပေမဲ့ မသိချင်ယောင်ဆောင်ကာ ညအလင်း ဥပေက္ခာပြုပစ် ်သည်။ ထိုတဒင်္ဂမှာ သူမ တမင်မိုက်မဲပစ်လိုက်ခဲ့ခြင်းဆိုတာ သူ

www.burmeseclassic.com



ကတော့ သိနိုင်မှာ မဟုတ်ပါ။

"မောင်"

ရုတ်တရက် ပေါ်ထွက်လာသော ချာန်အသံကြောင့် ကျော်ညီ[...] ညာ လန့်သွားတာတော့ သေချာပါသည်။ ကိုင်ထားသော ညအလင်း[...] လက်တွေကိုတောင် လွှတ်ချလိုက်၏။

"ဟင် ချာန်"

မယုံနိုင်မှု၊ ဝန်တိုမှုတွေနှင့် ရောယှက်နေသော ဒေါသမျက်[...] တွေကို ညအလင်း တည်တည်ငြိမ်ငြိမ်ပဲ ပြန်ရင်ဆိုင်ကြည့်ပစ်လိုက်[...]

"ဒါ ဒါဘာလုပ်နေကြတာလဲ၊ လုံးဝကို အရှက်တရားမရှိကြ[...] လား။ ရှင်တို့ သိပ်ရက်စက်ကြပါလားဟင်၊ မောင် ရှင် ဘာလို့ [...] ပွေ့ရှုပ်တတ်သွားတာလဲဟင်၊ ရှင့်ကိုယုံကြည်မိတာ ကျွန်မအမှားပဲ [...] တို့ သိပ်ပျော်နေကြတယ်ပေါ့ ဟုတ်လား"

ဒေါသကြောင့် ခင်မိုးချာန် အသံတွေ တုန်ခါနေသည်။ [...] သော မျက်နှာလေးက ရဲရဲနီနေ၏။ ကျော်ညီညာ ခေါင်းကို တွင်တွင်[...]

"မ မဟုတ်ဘူး ချာန်၊ မောင်တို့က ရိုးရိုးသားသား"

"ဘာရိုးရိုးသားသားလဲ၊ တစ်ယောက်လက်သည်း တစ်ယော[...] ညှပ်နေတာ ရိုးသားတာလား မောင်၊ ချာန်လက်သည်းကို အခုလို [...] တုန်းက မောင်ညှပ်ပေးဖူးလို့လဲ၊ တကယ်လို့ မောင့်ဘက်က ရိုးသာ[...] ရင်တောင် ဒီမိန်းမဘက်က လုံးဝမရိုးသားဘူးဆိုတာ သေချာတယ်[...]

"ချာန် တော်တော့ မောင်တို့သိက္ခာကို မစော်ကားနဲ့"



ရှုံးရှုံးရဲရဲဒေါသနှင့် ကျော်ညီညာ အော်သည်အထိ ညအလင်း နှုတ်ဆိတ်စွာ ကြည့်နေလိုက်သည်။

"ဘာသိက္ခာလဲ မောင်၊ မြောင်းထဲရောက်နေတဲ့ သိက္ခာလား။ ချာန်သိပ်ရှက်တယ် မောင်၊ ပတ်ဝန်းကျင်က ပြောတာတွေကို အစက ချာန်မယုံကြည်ခဲ့ဘူး။ အခုတော့ ချာန် ယုံကြည်ချက်ကို မောင်တို့ [...]ချိုးပစ်လိုက်တာပဲ"

"မင်း မဟုတ်တာတွေ မပြောနဲ့ ချာန်"

"တော်ပါတော့ မောင်"

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျကာ ခင်မိုးချာန် ပြေးထွက် [...]သွားခဲ့သည်။ ကျော်ညီညာ ချက်ချင်းထလိုက်ရတော့မလို ဝေခွဲမရ ဖြစ်နေ [...]ကြည့်ရင်း

"ကျော်ညီညာ အခုချိန်မှာ ရှင် သွားရှင်းပြလည်း သူလက်ခံမှာ [...]ဟုတ်ဘူး။ ဒေါသပွနေတဲ့ အချိန်မှာ လွှတ်ထားလိုက်ဦး၊ ဒီအချိန်မှာ [...]ရှင်းပြရင် အခြေအနေတွေက ပိုရှုပ်ထွေးသွားနိုင်တယ်၊ မနက်ဖြန်မှ [...] ရှင်းပြပေါ့၊ လိုအပ်ရင် ကိုယ့်ကိုပြော ကိုယ်ပါရှင်းပြပေးမယ်"

ညအလင်း စကားကို သူလက်ခံသလို ခေါင်းညိတ်ပြသည်။

"ကျေးဇူးပဲ ညအလင်း ကျွန်တော်သွားတော့မယ်"

သူ နှုတ်ဆက်ထွက်သွားတော့မှ သူမ သတိရကာ လှမ်းခေါ် [...] လှည့်ကြည့်၏။

"ဘာလဲဟင် ညအလင်း"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ဖြစ်ပျက်သွားတာအတွက် ကိုယ် တောင်းပန်ပါတယ်"

"ဟာ ညအလင်းနဲ့ မဆိုင်ဘူး၊ ကျွန်တော်တို့ တမင်တကာ ရည်ရွယ်ပြီး လုပ်ခဲ့ကြတာမှမဟုတ်တာ၊ ခေါင်းထဲမထားပါနဲ့"

ပြောပြီး ကျော်ညီညာ ခပ်သွက်သွက် ထွက်သွားခဲ့သည်။ သူ့ဘက်က ရိုးသားမှုအပေါ်မှာ သူမ အခွင့်အရေးယူသလို ဖြစ်နေခဲ့ပြီလား မသိပါ။

တကယ်ဆို ခင်မိုးချာန် ရောက်လာတာကို အဝေးကတည်းက ညအလင်း မြင်တွေ့ခဲ့သည်။ ဒါပေမဲ့ သူ့ကိုလည်း တမင်ဖွင့်မပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့မိသည်။

ဒီမြင်ကွင်းကို ခင်မိုးချာန် မြင်တွေ့စေချင်တာ သူမရဲ့ မရိုးသားမှုဆိုတာ ကိုယ်တိုင်ပဲသိသည်။

ကိုယ် ရှင့်အပေါ်မှာ ကောက်ကျစ်လွန်းရာ ကျသွားပြီ ကျော်ညီညာ။ တကယ်တော့ ကိုယ်ဒီလိုမလုပ်သင့်ပါဘူး။ ဒါပေမဲ့ ကိုယ့်စိတ်ဆန္ဒတွေဖြစ်ကုန်တာလဲ။

ဒါ ကိုယ့်နှလုံးသား အချစ်လား။ ဟင့်အင်း ကိုယ်ရှင့်ကို မချစ်ချင်ဘူး ကျော်ညီညာ။ ကိုယ်ရှုံးမှာကြောက်တယ်၊ အဲဒီအရှုံးကို ရင်မဆိုင်ရဲဘူး။

အခုတော့ ကိုယ်ရှုံးနိမ့်ပြီဆိုတာကို လက်ခံလိုက်ပါပြီလေ။

ရှင့်ကို ခင်မိုးချာန် အထင်လွဲသွားစေတာ မဖြစ်သင့်ပါဘူး။

နိုးမိုး၁၁၄ပေ



မြူစင်တဲ့ ရှင့်သိက္ခာကို မထိခိုက်သင့်ပါဘူး။

နောက်ထပ် ကိုယ်တို့ ထပ်မတွေ့သင့်တော့ဘူး ကျော်ညီညာ။

Good Bye ပါ ကျော်ညီညာရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သည့်နောက်ပိုင်းမှာ သူ့ကို ညအလင်း တမင်ပဲ ရှောင်နေဖြ ခဲ့၏။ သူရောက်လာမှာစိုး၍ ကင်တင်းန်မှာလည်း မထိုင်ဖြစ်ခဲ့ပါ။

သူနှင့် ခင်မိုးချာန်တို့ ပြန်လည်သင့်မြတ် အဆင်ပြေသွား သည်ဆိုသော သတင်းအတွက်တော့ စိတ်က ဝမ်းသာကျေနပ်မိ၏။

ဖြစ်သင့်ပါတယ် ကျော်ညီညာ။

အရှုံးကို ကိုယ်လက်ခံတတ်ခဲ့ပါပြီ၊ ဘဝမှာ တစ်ခါပဲ ချစ်ခဲ့သော နှလုံးသားအတွက်တော့။

သူကလည်း အခြေအနေကို ဆင်ခြင်သွားခဲ့သည် ထင်ပါသည်၊ နောင်ထွေး ဆီက ပြန်ကြားရသော စကားတွေက သူမကို ခံစားရစေ၏

"မဖြစ်သင့်ဘူးကွာ၊ ငါကလည်း မှားတာပါ၊ ငါ့ကြောင့် ည အလင်း အထင်လွဲခံရတာပါ"





"ခင်မိုးချာန် ပြောခဲ့တဲ့ စကားတွေအတွက် သူတောင်းပန်လိုက် သယ် မိည၊ ကိုယ်တိုင်လာတောင်းပန်ချင်ပေမယ့် ပတ်ဝန်းကျင်က နှင့် ဆပ်ပြီး အထင်လွဲမှာစိုးလို့တဲ့"

တကယ့်ကို ကျော်ညီညာတက်က စိတ်ထားက သူမထက်တောင် င်ရိုးသားခဲ့ပါသည်။

"ကောင်းပါတယ်ဟာ ကိုယ်နဲ့သူ တကယ်ဆို ရင်းနှီးစွာ မခင်မင် ့ပါဘူး"

"အင်း စိတ်ထဲက မေ့ပစ်လိုက်ပြီး စာမေးပွဲအတွက် နင်ဂရု ်တော့ မိည စာမေးပွဲက အရေးကြီးတယ်"

နောင်ထွေး စကားကို ခေါင်းညိတ်မိသည်။ ရင်ထဲမှာ ကိုယ်တိုင် ခံစားနေရတာ ကိုယ်ပဲသိခဲ့သည်။

စာမေးပွဲတွေပြီးတော့ နောင်ထွေးဆီက ချေးငှားထားတာတွေ ပြန်ပေးရင်း သူနှင့် ထပ်ဆုံဖြစ်သည်။

သေချာသည်က သူနှင့်ညအလင်း ကြားမှာ စည်းတစ်ချောင်း ခြားနားထားခဲ့တာ စိတ်က သိနေ၏။

"အခု ကျောင်းပြီးသွားပြီဆိုတော့ ဘာလုပ်မယ် စိတ်ကူးထား င်"

"တစ်ခုခုတော့ လုပ်ရမှာပေါ့ ယောက်ျားယူရင် ကောင်းမလား"

သူ အလေးအနက်မေးသမျှ ညအလင်း ပြောင်ချော်ချော်နှင့် းမထားသလို ခပ်ပေါ့ပေါ့ ဖြေပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလို ပေါ့ပျက်ပျက်နိုင်လွန်းတဲ့ မိန်းကလေးမျိုး တစ်
မတွေ့ဖူးဘူး"

"နောင်လည်း တွေ့ကြမှာမှမဟုတ်တာ၊ မတွေ့ဖူးဘူး
မှတ်လိုက်ပေါ့"

"ညအလင်း"

သူ့ကို အလေးအနက် စကားမပြောဘဲ ပေါ့ပေါ့ရွှတ်ရွှတ်
တုံ့ပြန်တော့ သူ ဒေါသနှင့် အော်သည်။

သူ့ဒေါသတွေကိုပဲ ညအလင်း တည်တည်ငြိမ်ငြိမ်လေး ပြ
ကြည့်တော့။

"ဆောရီး ကျွန်တော် တောင်းပန်တယ်"

သူမ မြတ်နိုးငြိတွယ်စေခဲ့သော သူ့ မျက်ဝန်းတွေထဲမှာ နော
တစ်ကြိမ် ကျဆုံးမခံနိုင်တော့ပါ။ ကျောပိုးအိတ်ကောက်ယူကာ ထရ

"ကိုယ်ပြန်တော့မယ် နောင်တွေးလာရင် အဲဒီအိတ်လေး
ပေးပါ"

"ညအလင်း ခင်ဗျားဒီအတိုင်း ထွက်သွားမှာလား၊ ကျွန်တော်
ဒီလို ခွဲခွာသွားချင်တာ မဟုတ်ဘူး၊ အနည်းဆုံး ကျွန်တော်တို့ နှုတ်
သင့်ပါတယ်ဗျာ"

"အဟင်း မလိုအပ်ဘူးထင်တယ် ကျော်ညီညာ၊ နောက်
ဆုံတွေ့စရာမှ မရှိတာ"

"မဟုတ်ဘူး မဟုတ်ဘူးလေဗျာ"





"အားလုံး ပြီးသွားပြီ ကျော်ညီညာ"

ဘယ်တော့မှမဆုံတွေ့သင့်သည့် လူနှစ်ယောက်ရဲ့ တွေ့ဆုံခြင်း
ကို ဒီမှာပဲ ညအလင်း အဆုံးသတ်ချင်ပါသည်။

တကယ်တော့ ရှင်နဲ့ကိုယ်က ဘယ်တော့မှ မဆုံခွင့်ရှိတဲ့ မျဉ်း
ပြိုင်နှစ်ကြောင်း မဟုတ်ခဲ့ပေမယ့်လည်း ...။

ခင်းမိုးရှာနိဆိုတဲ့ ရှင့်ရဲ့အနားကချစ်သူက ကိုယ်တို့နှစ်ယောက်
ကို တားမြစ်ထားတဲ့ စည်းတစ်ချောင်းပဲလေ။

နှစ်ယောက်စလုံးရဲ့ သိက္ခာ၊ ကိုယ်ကျင့်တရားနဲ့ မာနတွေ
အတွက် အဲဒီစည်းကို ကိုယ်တို့တယ်တော့မှ မကျော်ကြေးပေါ့ ကျော်ညီ
ညာ ရယ်။

■ ■ ■

"အတိတ်တွေက မှုန်ဝါးပေမယ့် ... ငါတို့နှစ်ဦး ဖာတ်လမ်း
မှာ ... တချို့နေရာက အကောင်းအတိုင်း ရှိနေဆဲပါပဲ"

နားထဲတိုးဝင်လာသော သီချင်းသံလေးကြောင့် သူမ အတွေး
တွေ လန့်နိုးပြတ်တောက်ကုန်သည်။ အတိတ်ကို တွေးနေမိသဖြင့် တိုက်
ဆိုင်လွန်းစွာ ကြားလိုက်ရသော သီချင်းသံကြောင့် ပြုံးမိသည်။

"ဒီနေ့ မကြီးဘာတွေ တွေးနေတာလဲ အကြာကြီးပဲနော် ဟဲဟဲ
ကြီးလည်း မရိုးတော့ဘူး ထင်တယ်"

ညအလင်း ပြုံးပြသည်ထင်ကာ စားပွဲထိုးချာတိတ်လေးက ပြုံး
ဖြီးနောက်သည်။ ဒီဆိုင်က သူမ အမြဲထိုင်နေကျမို့ တော်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



တခြားဆိုင်ဆိုလျှင် ညအလင်း တမှေ့တမော ထိုင်နေပုံက ရှက်စရာကြီး။

"ရိုးရိုးပါကွာ အလုပ်ကိစ္စတွေ၊ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ အစုံပါပဲ"

"ဟုတ်ရဲ့လား မကြီးရဲ့၊ မကြီးနဲ့တွဲလာမယ့် အစ်ကိုကို ကျွန်တော်တို့တွေက မြင်ချင်နေတာ မကြီးလိုပဲ ချောမှာလို့ ပြောနေကြတာ"

"အဟင်း ဟင်း စိတ်ချ ရှိလာခဲ့ရင် မင်းတို့ဆိုင်ကို ခေါ်လာခဲ့မှာ၊ ငါ့မောင်လေးတွေနဲ့ မိတ်ဆက်ပေးမှာပေါ့"

အောင်အောင်ဆိုသော ချာတိတ်ကိုပြောပြီး ကျသင့်ငွေရှင်းကာ ထွက်ခဲ့လိုက်သည်။ နှစ်နာရီကျော်လောက် ထိုင်ခဲ့ရတော့ လူလည်း ညောင်းညာချင်နေပြီ။

ကားလေးပေါ်တက် မောင်းထွက်ခဲ့ကာ မြကျွန်းသာဘက် ထွက်ခဲ့သည်။ မြကျွန်းသာ နံဘေးက ကန်ဘောင်မှာ လမ်းလျှောက်ရင်း အညောင်းပြေချင်တာကြောင့် ဖြစ်၏။

ကားလေးကို ထိုးရပ်ခဲ့ကာ ကန်ဘောင်ပေါ်တက်ကာ လမ်းလျှောက်နေတုန်းမှာ ဖုန်းသံလေးက မြည်လာသည်။

ဖုန်းဖွင့်ကြည့်တော့ ငယ်လေးဆီက ဖြစ်နေသည်။

"ဟဲလို ညအလင်းပါ"

"မမလား ငယ်လေးပါ ငယ်လေး မမကိုတွေ့ချင်လို့"

"ဘာကိစ္စလဲ ငယ်လေးရဲ့၊ ကိုယ်အခု အိမ်မှာမဟုတ်ဘူး အပြင်မှာ"





"သိတယ် မမ အိမ်ကိုအရင်ဖုန်းဆက်ကြည့်တာ မမ မနက်ကတည်းက အပြင်ထွက်သွားတယ်လို့ အေးမ ပြောတယ်"

"အင်း ဟုတ်တယ် ကိုယ်အခု ကန်ဘောင်မှာ အညောင်းပြေလမ်းလျှောက်နေတာ"

"ဟုတ်လား ငယ်လေး ရန်ကင်းစင်တာ ရောက်နေတာ၊ မမ စောင့်နေလေ ငယ်လေး ခုချက်ချင်း လာခဲ့မယ်နော်"

ကျော်ညီညာနှင့် မဆုံချင်ပေမယ့် ငယ်လေးကိုတော့ ခင်မင်တာမို့ ခေါင်းညိတ်လိုက်ပါသည်။

မိနစ်နှစ်ဆယ်တောင် မကြာလိုက်ပါဘဲ ငယ်လေး ကန်ဘောင်ကို တက္ကစီလေးနှင့် ရောက်လာသည်။ ငယ်လေးက သူမကို မြင်ကာ ပြေးလာ၏။

"ငယ်လေး ကားမပါဘူးလား"

"ဟင့်အင်း တက္ကစီနဲ့ပဲ လာတာ၊ မမနဲ့ အေးအေးဆေးဆေး စကားတွေပြောချင်လို့ တစ်ဆိုင်ဆိုင်ကို သွားကြမလားဟင်"

"ကိုယ် စောစောကပဲ ကော်ဖီဆိုင်က ထလာတာ ဒီလိုလုပ်လေ အိမ်ကို သွားရအောင်"

"ကောင်းတယ် မမ သွားကြမယ်လေ"

ငယ်လေး ဘာတွေပြောချင်နေသည်လဲ မသိပါ။ ညအလင်း ကားကိုမောင်းပြန်ခဲ့လိုက်သည်။ တစ်လမ်းလုံး ငယ်လေး အရေးကြီး စကားတွေမပြောဘဲ သူမ ဝယ်လာသော အဝတ်အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပဲ ပြောလာသည်။

အိမ်ရောက်တော့ ညအလင်း ငယ်လေးကို အိပ်ခန်းထဲကို

ခေါ်ခဲ့၏။

"လာ ငယ်လေး ဒီမှာ လွတ်လွတ်လပ်လပ် ထိုင်နော်"

အိပ်ခန်းထဲက စားပွဲပုလေးရှေ့ ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း ငယ်လေး အိပ်ခန်းထဲအနှံ့ ငေးမောမဆုံး။

"မမ အိပ်ခန်းလေးက ချစ်စရာလေးနော်၊ အရမ်း ကဗျာဆ တာပဲ၊ ဟယ် မှန်တင်ခုံလေးကလည်း ချစ်စရာလေး ဘယ်က ဝယ်လာ တာလဲဟင်"

"ကိုယ့်သူငယ်ချင်းတစ်ယောက် ဘန်ကောက်ကနေ လှမ်း လိုက်တာပါ၊ ငယ်လေး ပြောလေ ကိုယ့်ကို ဘာပြောချင်လို့လဲ"

ငယ်လေးနံဘေးက ခုံပုလေးမှာ ညအလင်း ဝင်ထိုင်လိုက်ရင်း မေးတော့ ငယ်လေးမျက်နှာ တည်သွားခဲ့ကာ

"မမချာန် ပြန်ရောက်လာပြီ မမ"

ညအလင်း ခေါင်းညိတ် အသိအမှတ်ပြုကာ ဆက်နားထောင် နေတော့ ငယ်လေး မျက်ဝန်းလေးတွေက စူးစိုက်ကြည့်နေရင်း

"သူ ကိုကို့ကို ရက်စက်ခဲ့တယ် မမ၊ ကိုကို ကားအက်ဆီးဒင့် ဖြစ်တော့ သူ ကိုကို့ကို ပစ်ထားခဲ့ပြီး နိုင်ငံခြားမှာ ကျောင်းသွားတက်ခဲ့ တယ်၊ ကိုကို့ အခြေအနေကိုသိရက်နဲ့ ဥပေက္ခာပြု ထွက်သွားတာ"

"ဒီကိစ္စတွေ ကိုယ် သိပြီးသားတွေပါ၊ ကျော်ညီညာ သူ့ကိစ္စ





ဖြေရှင်းနိုင်မှာပါ၊ ငယ်လေး စိတ်မပူပါနဲ့ ဒါနဲ့ငယ်လေး ကိုယ့်အိမ်မှာ င်းစားသွားနော်၊ ကိုယ်တစ်ယောက်တည်း အထီးကျန်လွန်းလို့ပါ"

ငယ်လေး မျက်ဝန်းတွေက ညအလင်း မျက်ဝန်းတွေထဲကို နစ်နစ်လေး စိုက်ကြည့်နေခဲ့တာ အတော်ကြာသည်။ ပြီးမှ

"မမ ကိုကို့ကို မချစ်ဘူးလားဟင် မမ မညာပါနဲ့နော်၊ ငယ် အားလုံးသိနေတယ်၊ ကိုကို့ရဲ့ ကျောင်းသားဘဝတုန်းက ဒိုင်ယာရီ အုပ်ကိုလည်း ငယ်လေး ခိုးဖတ်ဖူးတယ်"

"ဟင်"

"ဟုတ်တယ် မမနဲ့ကိုကိုကြားမှာ သံယောဇဉ်တွေက ကြီးကြီး အား ရှိခဲ့တာ မငြင်းနိုင်ပါဘူး"

ငယ်လေးက အားလုံးသိနေသည်တဲ့လား။ ညအလင်း ဆိုတဲ့ နှင့် ကျော်ညီညာတို့ရဲ့ ကျောင်းတုန်းက ဖြစ်ရပ်တွေကို ငယ်လေး ားသည်ဆိုတော့

"မမ ပြောလေ"

"ကိုယ်နဲ့ ကျော်ညီညာ သံယောဇဉ်ကြီးခဲ့ပါတယ်"

"မမတို့ သံယောဇဉ်ကြီးက မမချာန်နဲ့ ကိုကိုကြားက ကြီးထပ် ပါတယ်"

ငယ်လေး စကားကြောင့် ညအလင်း မျက်နှာ ပန်းနုရောင် သွားခဲ့သည်။

မညာချင်တော့ပါ။ တကယ်ဆို ကိုယ့်ကိုကိုယ်ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ညာညာ နှလုံးသားကိုမှ လိမ်ညာလို့မရတာ။

ငယ်လေး ကိုယ်တိုင်ကလည်း သူမဘက်မှာ အပြည့်အ

ပြီဆိုတော့လည်း . . . ။

■ ■ ■

## အခန်း (၁၇)

"ဒါက မနေ့က အော်ဒါမှာသွားတဲ့ မဂ်လာကိတ်မုန့်အတွက် ကုန်ကျစရိတ် စာရင်းတွေပါ မောင်ညီညာ"

သူ့ဆိုင် မန်နေဂျာ အန်တီကြီးစကားကို သူ ခေါင်းညိတ်ပြရင်း စာရင်းဖိုင်ကို လက်ခံယူလိုက်ပေမယ့် အန်တီကြီးက ပြန်မသွားသေးပါ။ သူ မော့ကြည့်တော့ အန်တီကြီး တစ်ခုခု ပြောချင်နေပုံရှိသည်။

"အန်တီ ဘာပြောချင်လို့လဲဟင်"

"မောင်ညီညာက အန်တီ သူငယ်ချင်းရဲ့ သားဆိုတော့ အန်တီ့သားဆိုလည်း မမှားပါဘူး၊ အန်တီတစ်ခု မေးချင်လို့"

"ဟာ မေးပါ အန်တီ"

"ဟိုတစ်နေ့က ဆိုင်ကိုလာသွားတဲ့ ကောင်မလေးက လွန်ခဲ့တဲ့ ငါးနှစ်လောက်က နိုင်ငံခြားကို ထွက်သွားတယ်ဆိုတဲ့ ကောင်မလေးလား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ ဘာဖြစ်လို့လဲဟင်"

"အန်တီ့ဆီကို သူ ခဏ ခဏလာတယ်၊ သားကို သူမှားခဲ့တာတွေအတွက် တောင်းပန်ချင်လို့တဲ့"

ခင်မိုးဈာန် အန်တီကြီးနှင့် မကြာခဏ ဆုံတွေ့ခဲ့ပုံရှိ၏။ အန်တီကြီးကို ဘာတွေ အကူအညီတောင်းသွားသည်မသိ။

"သူ အန်တီကြီးကို ဘာတွေပြောသွားသေးလဲဟင်"

"ဘာမှ ထွေထွေထူးထူးတော့ မပြောပါဘူး အဲ သားနဲ့ ညအလင်း ဆိုတဲ့ မိန်းကလေး အကြောင်းမေးတယ်"

ညအလင်းက ဆိုင်မကြာခဏလာဖူးတာမို့ အန်တီကြီးလည်း မြင်သိနေသည်။ အခုလည်း ဘာတွေ အစ်အောက်သွားပြန်သည်မသိ။ မလွယ်ပါလား ခင်မိုးဈာန်ရယ်။

"အန်တီကြီးကို မင်းတို့နှစ်ယောက် အခြေအနေကို မေးတော့ အန်တီလည်း အသေအချာမသိဘူး၊ ဒါပေမဲ့ သူငယ်ချင်း အဆင့်ထက် ပိုလိမ့်မယ်လို့ ပြောလိုက်တယ်"

"ကောင်းတယ် အန်တီ၊ သူ ဘာထပ်ပြောသေးလဲ"

"ဘာမှတော့ မပြောရှာဘူး၊ သူငိုယိုပြီး ပြန်သွားရှာတယ်"

အန်တီကြီး မျက်ဝန်းမှာ စာနာသနားရိပ်တို့ အရိပ်ထင်နေတာကို တွေ့နေရ၏။ မျက်ရည်လက်နက်နှင့် ခင်မိုးဈာန် အန်တီကြီးကို တိုက်ခိုက်သွားသည်ပဲ ဖြစ်သည်။

"ကောင်မလေးခမြာ သနားစရာပါ၊ သား သူ ရှင်းပြတာကို





နားထောင်ပေးပြီးမှ တစ်ခုခု ဆုံးဖြတ်သင့်တယ် ထင်တယ်"

"အန်တီ မသိပါဘူး"

"ဟုတ်ပါတယ် အန်တီဘာမှ မသိပါဘူး၊ ဒါကြောင့် အမှန်အမှား သားကိုပဲ စဉ်းစားဆုံးဖြတ်နိုင်းတာပါ"

"ဟုတ်ကဲ့ပါ အန်တီ အန်တီ့စကားကို ကျွန်တော် နားလည်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

"အန်တီ သွားတော့မယ်သား"

အန်တီကြီး သူ့စားပွဲရှေ့က ထွက်သွားတော့ သူ ပင့်သက်ရှိုက်ရင်း အတွေးတွေ ရှုပ်ထွေးကျန်ရစ်ခဲ့၏။

ခင်မိုးဈာန် ဘာကြောင့် သူ့ကို ဒုက္ခတွေ ဆက်ပေးနေတာလဲ။ ပြီးတော့ ညအလင်းသည် သူ့ကို ရှောင်တိမ်းနေသည်။ ဖုန်းဆက်တာလည်း မကိုင်။ မက်ဆေ့ချ်တွေကိုလည်း မပြန်ပါ။

ဒါတွေက ခင်မိုးဈာန်ကြောင့် ဆိုတာ သေချာသည်။

ကျောင်းသွားတုန်းကလည်း ခင်မိုးဈာန်ကြောင့်ပဲ သူ ဒုက္ခရောက်ခဲ့ရသေးသည်။ သူနှင့် ညအလင်းကို အထင်လွဲကာ ခင်မိုးဈာန် ချစ်သူဆို စွပ်စွဲခဲ့တာတွေကြောင့်ပါပဲ။

ညအလင်း သိက္ခာတွေ ကျဆင်းကာ သူနှင့် ငယ်သူငယ်ချင်း အဆင်ပြတ်လုမတတ် ဖြစ်ခဲ့သည်။

အခုတစ်ခါ ဒါမျိုး ထပ်ဖြစ်မှာစိုးပြီး ညအလင်း သူ့ကို ရှောင်နေတာထင်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းဘာအတွက် တောင်းပန်ချင်နေတာလဲ မိုးရှာန်။

ဒဏ်ရာတွေနဲ့ ငါ့ကို ဥပေက္ခာပြုထားခဲ့တာကို အကြောင်း

ချက်တွေ ပေးချင်လို့လား။

မလိုဘူးထင်တယ်။ တကယ်ကို မလိုတော့ဘူး ထင်

ခင်မိုးရှာန်။

အခုချိန်မှာ ငါ့နှလုံးသား မင်းနဲ့ပတ်သက်လို့ တည်ငြိမ်ခဲ့

ငါ့နှလုံးသားမှာ ညအလင်းက ခိုင်မာနေခဲ့ပြီ မိုးရှာန်။

■ ■ ■

## အခန်း (၁၈)

ရန်ကုန်လေဆိပ်ထဲ ခြေချမိသည်နှင့် သူ သတိရလိုက်မိတာ Rain ကိုပဲဖြစ်သည်။ Rain ကို ဖုန်းဆက်ရမည်။ သူ မြန်မာပြည်ရောက်တာသိလျှင် သူမ ပျော်သွားမည်ထင်သည်။

ဖုန်းဆက်တော့ တစ်ဖက်က ဖုန်းပိတ်ထား၏။ ခက်ပြီ သူမကို အံ့ဩစေချင်လို့ ကြိုတင် အသိမပေးထားတာ မှားပြီထင်သည်။

အကြိမ်ကြိမ် ခေါ်မရသော ဖုန်းကိုပိတ်ကာ အိတ်ထဲက Rain ပို့ပေးသော သူမအိမ်လိပ်စာနှင့် မြေပုံကို ထုတ်ယူလိုက်သည်။

မြန်မာစကားကို ကျွမ်းကျင်ယုံမက မြန်မာစာကို အတော်အသင့် ရေးတတ်ဖတ်တတ်သော သူ့အတွက် အဆင်ပြေပါသည်။

လေဆိပ်ရှေ့က တက္ကစီငှားတော့ မြန်မာစကားကို ပီသစွာ ပြောသော သူ့ကို တက္ကစီ ဒရိုင်ဘာတောင် အံ့ဩသွား၏။

"ဒီလိပ်စာအတိုင်း မောင်းပါ ကားဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဟုတ်ကဲ့"

ရွှေရောင်ဆံပင် အခွေအလိပ်တွေနှင့် အသားက ဖြူဖွေးကာ ထောင်ထောင်မောင်းမောင်း အရပ်နှင့် သူ့ပုံစံက တကယ့်နိုင်ငံခြားသား နိုင်ငံခြားသား ရုပ်သွင်ပါပဲ။

တကယ်ဆို သူလည်း ပြင်သစ်လူမျိုး ဆိုပေမယ့် မြန်မာသွေး က တစ်ဝက်ပါသည်။ မေမေက မြန်မာစစ်စစ်ဖြစ်၏။ မြန်မာတောင် ပုဂံမြို့သူ စစ်စစ်တစ်ယောက် ဖြစ်သည်။

မေမေ ချက်ကျွေးဖူးသော မြန်မာထမင်းဟင်းကို သူကော ပြင်သစ်လူမျိုး ဖေဖေပါ အကြိုက်တွေ့ခဲ့ကြသည်။

ဖေဖေနှင့် မေမေ လူမျိုးခြင်း မတူညီပေမယ့် အိမ်ထောင်ရေး မှာတော့ စံပြဖြစ်ခဲ့ကြသည်။

ဒါကလည်း မေမေရဲ့ မြန်မာအမျိုးသမီး ပီသသောစိတ်နှင့် ဖေဖေရဲ့ မြန်မာ့ယဉ်ကျေးမှုကို လေးစားကြည်ညိုမှုကြောင့် ဖြစ်၏။

သူလည်း မိဘနှစ်ပါးကိုကြည့်ကာ အိမ်ထောင်ပြုလျှင် မြန်မာ အမျိုးသမီး တစ်ယောက်ကိုပဲ ယူဖို့ဆုံးဖြတ်ထားခဲ့သည်။

မေမေ သင်ပေးစဉ်က မြန်မာစကားကို တတ်ကျွမ်းခဲ့ပေမယ့် Rain နှင့်ဆုံတော့မှ ပိုမိုတတ်ကျွမ်းခဲ့တာ ဖြစ်သည်။

မေမေသင်ပေးစဉ်က ကျွမ်းကျင်စွာ မတတ်ခဲ့သော စကားကို Rain သင်ပေးမှ တတ်သည်ဆိုတော့ မေမေပြုံးသည်။

"မေမေ သားက Rain ကို ရည်ရွယ်ထားတာလား"





"နိုး ဒါတော့ သားကံဆိုးတယ် မေမေရဲ့၊ Rain က ချစ်သူရှိ တယ် မြန်မာပြည်မှာ ရှိတယ်"

မေမေ မျှော်လင့်ဆန္ဒလေး လျော့သွားပေမယ့် တစ်နေ့ကျ ရင်မှာ အမျိုးသမီးကိုပဲ လက်ထပ်မည်ဟု သူ ကတိပေးခဲ့၏။

အခုတော့ မြန်မာပြည်ကို ဖေဖေကော မေမေကပါ လိုက်ချင် ပေမယ့် ခွင့်မရတာမို့ မလိုက်ဖြစ်ခဲ့ကြပါ။

"ရောက်ပြီ ဆရာသမား"

တက္ကစီဆရာ ပြောမှ သူ အပြင်ကိုကြည့်မိသည်။ ခြံနံပါတ်နှင့် လမ်း ရပ်ကွက်ကအစ မှန်သည်။

"ကျေးဇူးပဲဗျာ ဒီမှာကားခ"

ကျသင့်ငွေရှင်းပြီး သူခြံတံခါးရောက်တော့ စိတ်ညစ်သွားမိ၏။ တံခါးသော့က ပိတ်လျက်သား ဖြစ်နေ၏။

Rain က တစ်ယောက်တည်းနေသည်ဟု သူ့ကိုပြောသည်။ ခြံ စောင့်တွေ အိမ်ဖော်တွေ ငှားမထားဟု ပြောသည်။

တစ်လတစ်ကြိမ်ပဲ ခြံရှင်းသူတွေ ခေါ်ကာရှင်းသည်။ အိမ်သန့် ရှင်းရေးအတွက်လည်း နှစ်ပတ်တစ်ခါ လာရှင်းပေးသူထားသည်။

ညအိပ်ညနေ အတွက်တော့ သူမရဲ့ ငယ်သူငယ်ချင်း တစ် ယောက်၏ ညီမလေးက လာအိပ်ပေးသည်ဟု သူ သိထား၏။

အခုတော့ သူ ခြံရှေ့က အုတ်ခုံလေးမှာပဲ ခရီးဆောင်အိတ်ကြီး နှင့် ငုတ်တုတ် ထိုင်စောင့်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲက ဖုန်းထုတ်ကာ ဆက်ကြည့်တော့ ထုံးစံအတိုင်း ဖုန်းက ပိတ်ထားဆဲ။

Rain နင်ဘာတွေ ဖြစ်နေတာလဲ။

■ ■ ■

ဒီနေ့တော့ မောင့်ကို မတွေ့တွေ့အောင် စောင့်မည်ဟု ဆုံးဖြတ်ကာဧည့်ခန်းမှာ ချာန်တစ်ယောက်တည်း ထိုင်စောင့်သည်။

မောင့်ရဲ့ ညီမငယ် ညီညာလည်း မရှိ၊ အကဆရာမ ညအလင်းကို အိမ်မှာ ညအိပ်ဖို့ သွားမည်ဟု ဒေါ်မြိုင်ပြောတော့ အံ့ဩမိသေးသည်။

''တခါတလေမှ သွားတာပါ''

''ဟင် သူ့ အစ်ကိုက မတားဘူးလား။ ကိုယ့်ညီမ အပျိုလေး သူစိမ်းအိမ်မှာ ညအိပ်တာကို''

''မောင်ကျော်က ညအလင်းကို ယုံပြီးသားပါကွယ်။ ညအလင်းကလည်း ငယ်လေးရဲ့ အကဆရာမလေ၊ နှစ်အိမ်တစ်အိမ် ရင်းနှီးနေသူတွေပါ''

ဒေါ်မြိုင် စကားအရဆိုလျှင် ငယ်လေးနှင့် ညအလင်း က အတော့်ကို ရင်းနှီးနေတာ သေချာ၏။

ညအလင်းသည် အခုချိန်မှာ ချာန်ထက် မောင့်အပေါ်မှာ လွှမ်းမိုးနိုင်မှုတွေ ကြီးမားနေသည်ပဲ။

မောင့်ကို ဘယ်သောအခါမှ မစွန့်လွှတ်နိုင်ဟု စိန်ခေါ်ခဲ့သော ညအလင်း စကားကို သူမ နားထဲမှာကြားနေမိဆဲ။





''တီ''

ဟွန်းသံတစ်ချက်နှင့်အတူ ခြံထဲမောင်းဝင်လာသော မောင့်ကားလေးကိုမြင်တော့ ချာန် ထိုင်ခုံက ထရပ်မိသည်။

ဆင်ဝင်အောက်မှာ ကားကို ထိုးရပ်ပြီး တံခါးဖွင့် ဆင်းလာသော မောင် ချာန်ကို မြင်တော့ အံ့ဩသွားပုံရ၏။

''မောင်''

''မင်း ဘာလာလုပ်တာလဲ ခင်မိုးချာန်''

ပြောရင်း မောင် ခြေလှမ်းကျဲကြီးတွေနှင့် အိမ်ထဲဝင်လာသည်။ နေသော ချာန်ကို ရှောင်တိမ်းကျော်သွားကာ ဆိုဖာထိုင်ခုံမှာ မောင် နိုင်သည်။

''မောင့် မောင့်ကို ချာန်တွေချင်လို့ အိမ်အထိ လာစောင့်နေခဲ့ ပါ''

မျက်ခုံးတွေကျုံ့ကာ စိုက်ကြည့်နေရင်း မောင် ခေါင်းကို ခါရမ်း ည်။

''မင်းနဲ့ငါ ဘာမှ ပတ်သက်စရာ အကြောင်းမရှိတော့ဘူးလို့ ပြီးပြီပဲ ခင်မိုးချာန်''

''မောင် ဒီလိုမပြောပါနဲ့၊ ချာန်မောင့်ကို ချစ်လွန်းလို့ ဟိုးအဝေး က လာခဲ့ရတာပါ''

''တော်ပါတော့ ခင်မိုးချာန်၊ မင်းရဲ့အတ္တကြီးမှုကို ငါ ကြောက် လို့ပါ၊ မင်း ငါ့ကိုချစ်တယ်ဆိုတာ ဘာလဲ၊ ငါ ဒုက္ခရောက်နေချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ မင်း ထွက်သွားတယ်၊ ခဏလေး မဟုတ်ဘူး၊ မင်း ငါးနှစ်ကျော် ငါ့ကို အဆက်အသွယ်ဖြတ်ထားခဲ့တာ၊ ငါ ဘယ်လိုခံစားခဲ့ရသလဲ နာကျင်ခဲ့ရသလဲ၊ မင်း စဉ်းစားမိရဲ့လား ခင်မိုးချာန်၊ မင်းအကြောင်းတွေ ငါ မတွေးမိအောင်လို့ ငါ အိပ်ဆေးတွေ သောက်နေခဲ့ရတယ်၊ မင်း ငါ အိပ်မက်တွေထဲမှာတောင် မုန်းနေခဲ့တာကွ သိရဲ့လား''

''မောင် မောင်ရယ်''

မောင့်စကားတွေကို ဆက်ပြီး နားထောင်နိုင်စွမ်းမရှိဘဲ ချာန် မောင့်အနားကို လျှောက်ခဲ့သည်။

''မင်း ငါ့အနားမကပ်နဲ့ ခင်မိုးချာန်''

မောင် ရှုရှာစွာဆိုရင်း ဆတ်ခနဲ ထရပ်သည်။ မျက်နှာချင်းဆိုင် ရပ်နေမိမှ မောင့်မျက်ဝန်းတွေထဲက ဒေါသတွေကို ချာန် ထင်ထင်ရှား ရှား မြင်တွေ့နိုင်တော့သည်။

မောင် တကယ်ပဲ ချာန်ကို နာကျည်းမုန်းနေသည်လား။

''မောင် ဘာလို့ ချာန်ကို ခါးခါးသီးသီးမုန်းနေတာလဲဟာ ညအလင်းကြောင့်လား ပြောစမ်းပါ မောင်''

ချာန်ဆိုရင်း မောင့်ပခုံးကို လှမ်းကိုင်တော့ ချာန်လက်တွေကို ဆုပ်ကိုင်ပြီး မောင်တွန်းထုတ်သည်။

''ငါ့ကို မင်းမထိနဲ့ မိုးချာန်''

''အို''

ဆိုဖာထိုင်ခုံပေါ် ချာန် ငုတ်တုတ်လဲပြိုကျသည်။ မောင်





နားနစ်နစ် အကြည့်တွေနှင့် စိုက်ကြည့်နေရင်း

''မင်း ညအလင်းနဲ့ပတ်သက်ပြီး ဘာမှမေးစရာမလိုဘူး၊ ပြော ခွင့်မရှိဘူး မိုးချာန်၊ ငါ့ကို အရုပ်တစ်ရုပ်လို မင်းသဘောထား ဆက်ဆံ တာ ငါ လက်မခံနိုင်ဘူး''

''မောင် သိပ်ရက်စက်တယ်''

''ဘာကွ ငါက ရက်စက်တယ်လား ခင်မိုးချာန်၊ ဒီစကားကို ဘာ ပြောရမှာကွ၊ မင်းသွားတော့ကွာ၊ ငါ့အနားက ထွက်သွားပါတော့၊ သွားပါတော့''

မောင် ခါးခါးသီးသီး နှင်ထုတ်နေသည်။ ရင်ထဲမှာ ဝမ်းနည်း ကြေကွဲမှုတွေနှင့် ချာန်မျက်ရည်တွေ တားဆီးမရ လိမ့်ဆင်းလာသည်။

''မင်း သွားပါတော့၊ သွားပါတော့''

''ကောင်းပြီ မောင်၊ မောင် အလိုမရှိဘဲ ချာန်မရှိပါဘူး၊ တစ်ခု ပြောခဲ့မယ် မောင်၊ ချာန်နဲ့မောင့်ကြားမှာ မောင်မသိတဲ့ လျှို့ဝှက်ချက် ရှိတယ်၊ ဒါကို ချာန် ရှင်းပြခွင့်မရရင်လည်း''

ရှိုက်သံတွေနှင့် ချာန် အသံတွေ တိမ်ဝင်သွားခဲ့သည်။ မောင့် နားမှာလည်း ဆက်ပြီး ရပ်တည်မနေချင်ပါ။ မျက်ရည်တွေနှင့် မောင့် ချာန် အနိုင်ယူသည်ဟုလည်း မထင်စေချင်ပါ။

ခြံအပြင်မှာ ရပ်ထားသောကားဆီကို ရောက်ခဲ့ချိန်အထိ မောင် ခေါ်သံကို မကြားရပါ။

ကားပေါ်တက်ကာ ချာန် မောင်းထွက်လာသည်အထိ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေက ပါးပြင်နှစ်ဖက်ပေါ် စီးကျနေဆဲ။

ကားလေး ခြံရှေ့ရောက်တော့ ချာန် မျက်ဝန်းတွေ ဝိုင်းစက်သွားစေတာ အုတ်ခုံမှာ ငုတ်တုတ်ရှိနေသော ယောကျ်ားတစ်ယောက်ကြောင့် ...။

"ဒယ်နီ"

" Rain"

ချာန် ကားတံခါးဖွင့်အဆင်းမှာပဲ ဒယ်နီက အနားရောက်လာသည်။ နှစ်ဦးသား ဝမ်းသာအားရ ပွေ့ဖက်မိကြသည်။

"ငါရောက်တာ ကြာပြီ၊ နင့်ဆီဖုန်းဆက်တာလည်း မရဘူး နင်က ဖုန်းပိတ်ထားတာကိုး Rain ရဲ့"

"ငါ ငါ"

"ဟင် Rain နင် ငိုထားတာလား။ ဘာဖြစ်လို့လဲ နင့်ချစ်သူနဲ့ စိတ်ကောက်လာတာလား။ ဘာဖြစ်လို့လဲဟင်"

ဒယ်နီ စိုးရိမ်စွာ မေးနေတာကို ချာန် ဘာမှပြန်မဖြေနိုင်ပါ။ ဒယ်နီကိုတွေ့မှ မောင့်အပြုအမူတွေအတွက် ပိုဝမ်းနည်းလာကာ မျက်ရည်တွေက ပိုလို့ကျဆင်းလာ၏။

"Rain မငိုပါနဲ့ဟာ၊ မငိုနဲ့နော်၊ နင် ဘာတွေဖြစ်နေသလဲ ငါ့ကိုပြောပြနော်၊ ငါ ရောက်လာပြီပဲ၊ ကဲ လာ အိမ်ထဲဝင်ရအောင်"

သူမပခုံးကို ပွေ့ဖက်ကာ ဒယ်နီက ကားပေါ်ပြန်တက်စေသည်။ ပြီးတော့ မောင်းသူနေရာမှာ ဝင်ထိုင်ကာ ဒယ်နီကားကို ခြံထဲမောင်း





သွင်းလိုက်သည်။

■ ■ ■

"တောက်"

သူ နာကျင်ခံပြင်းစွာ တက်ခေါက်လိုက်မိသည်။ စတီယာရင်ဘီးကို ဆုပ်ကိုင်ထားသောလက်တွေက တင်းကြပ်လာ၏။

ကြည့်စမ်း ဘယ်လောက်အထိ မျက်နှာပြောင်တိုက်လွန်းတဲ့ ခင်မိုးချာန်လဲ။ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ရှိနေတာ သူ့မျက်စိနဲ့ ထင်ထင်ရှားရှား မြင်နေရသည်။

သူ့မှာတော့ ခင်မိုးချာန်ရဲ့ ရှင်းပြချက်တွေကို နားထောင်ပေးဖို့ လိုက်ခဲ့သည်။ ကိုယ့်ဘက်က တစ်ဖက်သတ် မုန်းတီးတာမျိုး မဖြစ်စေချင်သောကြောင့်ဖြစ်၏။

အခုတော့ ရေခြားမြေခြားက ပြန်လာသော ခင်မိုးချာန်မှာ လည်း အဖော်အသစ်နဲ့ပါလား။

ဆံပင်ရွှေရောင် အရွေအလိပ်နှင့် ထောင်ထောင်မောင်းမောင်း ကောင်က နိုင်ငံခြားသားတစ်ယောက်ပဲဖြစ်မည်။

မင်း တော်တော်မျက်နှာများလွန်းတဲ့ မိန်းမပါလား ခင်မိုးချာန်။ မိန်းမကလေးတစ်ယောက်ပေမယ့် မင်းစန္ဒာကိုယ်ထဲမှာ မြန်မာသွေး မရှိတော့ဘူးလား။

ကိုယ်ကျင့်သိက္ခာတရားတွေ မရှိတော့ဘူးလား။ သိပ်ရွံရှာစရာကောင်းတဲ့မိန်းမကို ငါ မုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ သံယောဇဉ်တွေအားလုံး မင်းအပေါ်မှာ အပိုင်းပိုင်း ပြတ်တောက်ခဲ့ပြီဆိုတာ ...။

## အခန်း (၁၉)

''ဗျာ မာမီတို့ မြန်မာပြည်ကိုလာကြမယ် ဟုတ်လား''

''ဟုတ်တယ် သား အရေးကြီးကိစ္စတွေရှိတယ်၊ မာမီတို့ မိတ်ဆွေ ယောက် ပုဂံမှာဟိုတယ်အသစ် တစ်လုံးဆောက်ထားတယ်၊ အဲဒီ ယ်ဖွင့်ပွဲကို မာမီတို့တက်ရမှာ၊ အဲဒါလည်းပါတယ်၊ မြန်မာပြည်မှာ ရာလေးတွေ စီစဉ်စရာလေးတွေ ရှိသေးတယ်''

''ဘာပဲဖြစ်ဖြစ် မာမီတို့ရောက်လာမို့ သား အရမ်းပျော်တယ်ဗျာ၊ လေးလည်း သိပ်ဝမ်းသာသွားမှာ၊ ပြီးတော့ သား မာမီတို့နဲ့တွေ့ပေး သူ တစ်ယောက်ရှိတယ်''

''ဘယ်သူလဲ သား''

''သားလက်ထပ်တော့မယ့် ကောင်မလေးတစ်ယောက်ပါ''

သူ့စကားကြောင့် မာမီ အံ့သြသွားပုံရသည်။ အတော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင် နှုတ်ဆိတ်ငြိမ်သက်နေခဲ့ပြီးမှ

"ဘယ်သူလဲ သား နာမည်က"

"ညအလင်း တဲ့ မာမီ"

"ညအလင်း"

"ဟုတ်တယ်မာမီ Eco နဲ့ကျောင်းပြီးထားတယ်၊ အခု ဒီမှာ အကသင်တန်း ဖွင့်ထားတယ်၊ ညီမလေးတောင် သူ့ဆီမှာ အကသင်တန်း တက်နေတယ်၊ သားနဲ့က ကျောင်းတုန်းက သူငယ်ချင်းတွေပဲ"

သူ ပြောပြသမျှ မာမီ နားထောင်နေခဲ့သည်။ ပြီးမှ

"အေး အေး မာမီရောက်လာတော့ ဆုံကြည့်တာပေါ့ သားရဲ့ ... က ဒါပဲနော် သား"

"အိုကေ မာမီ ဒီရောက်မှ ဆုံကြစို့နော်"

သူ ဖုန်းပိတ်ပြီး ကြည်ကြည်နူးနူး ပြုံးနေတုန်းမှာပဲ ညီမလေး အိမ်ခန်းထဲက ထွက်လာတာမို့

"ညီမလေး မာမီတို့ မြန်မာပြည်ကို လာကြမလို့တဲ့"

"ဟယ် တကယ် တကယ်နော် ဝမ်းသာလိုက်တာ"

ညီမလေး ဝမ်းသာစွာခုန်ပေါက်ရင်း သူ့ကို ပြေးဖက်သည်။ မိဘတွေနှင့် ဝေးကွာနေရသော ညီမလေး ရင်ထဲက အပျော်တွေကို သူ ခံစားနိုင်ပါသည်။

"ကိုကို မာမီတို့နဲ့ မမညအလင်းကို မိတ်ဆက်ပေးရအောင် နော်"





"အင်း ကိုကိုတောင် မာမီတို့ကို ပြောပြလိုက်ပါတယ်"

"ဟုတ်လား မာမီတို့ကို သွားကြိုတဲ့နေ့ကျရင် မမကို ရအောင် ခေါ်ရမယ်"

"ညအလင်း ကလိုက်မယ်တဲ့လား"

"ရအောင် ခေါ်မှာပေါ့ နေဦး ငယ်လေး ဖုန်းဆက်လိုက်မယ်"

ပြောရင်း ငယ်လေးက ရှူးကေ့(စ်)ပေါ်ကဖုန်းကို ကောက်ကိုင် သည်။ ပြီးတော့ ညအလင်းဆီ ဖုန်းခေါ်နေသည်။

"ဟဲလို မမ ငယ်လေးပါ"

"..."

"ငယ်လေးရဲ့ မာမီတို့ မြန်မာပြည်ကို လာမလို့တဲ့ အဲဒါလေဆိပ် ကို သွားကြိုတဲ့နေ့ကျရင် မမ လိုက်ခဲ့ရမယ်နော်"

"..."

"ဟာ ကိုကိုက မမကို ကိုယ်တိုင်လာခေါ်မှာ၊ ငယ်လေးက အရင်ကြိုဖုန်းဆက်တာပါ၊ ဒါပဲနော် ယောက်မလေးကို ချစ်ရင်လိုက်ရမယ် ဆဲ ခစ်"

ငယ်လေး ပြောင်ချော်ချော်လေးဆိုကာ ရယ်မောပြီး ဖုန်းချ သည်။ ပြီးတော့ သူ့ဘက်လှည့်ကြည့်ကာ မျက်စိတစ်ဖက်မှိတ်ပြသည်။

"ညီမလေး ညအလင်းကို ဘယ်လိုခေါ်လိုက်တာလဲ"

"သမီးယောက်မမို့ ယောက်မလေးလို့ ခေါ်တာပေါ့ ကိုကိုရဲ့"

"ဟာကွာ ဟိုက ကြိုက်မကြိုက်မသိဘဲ မျက်နှာပူစရာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မကြိုက်ရမှာလဲ၊ မမက ကိုကို့ကို သံယောဇဉ်ရှိတာ ငယ်လေး သိတာပေါ့"

ငယ်လေးစကားကြောင့် သူ့ရင်ထဲမှာ နွေးခနဲဖြစ်ရသည်။ ညအလင်းနှလုံးသားထဲမှာ သူ တကယ်ပဲ ရှိနေသည်လား။

"ကိုကိုနော် မမမိုးချွန်နဲ့ ငယ်လေး သဘောမတူဘူး၊ မမကို ကိုကိုရွေးနော်"

"ကိုကိုက မာမီတို့ကိုတောင် ချွေးမလောင်းနဲ့တွေ့ပေးမယ်လို့ ပြောလိုက်ပြီ"

"ဟယ် တကယ် မာမီတို့ ဘာပြောလဲဟင်"

"ဘာပြောရမှာလဲ၊ ဒီရောက်မှ တွေ့ကြမှာပေါ့"

ငယ်လေးမျက်နှာလေးက ဝင်းပကြည်လင်လျက် ပျော်ရွှင်နေတာ ဖုံးဖိမရပါ။

"ဘာမှ မာမီတို့သဘောမတူစရာမရှိပါဘူး၊ မမကိုမြင်တာနဲ့ ချွေးမချောလေးကို ချစ်သွားကြမှာ ငယ်လေး ယုံတယ်၊ မမညအလင်းကိုပဲ ယောင်းမအဖြစ်လက်ခံမှာ"

ညီမလေးကတော့ အတိအလင်း ကြေညာကာ ထွက်သွားလေပြီ။ သူ့ရင်ထဲမှာလည်း အပျော်တွေ လှိုင်းထလျက် တငြိမ့်ငြိမ့်မျောနေခဲ့သည်။

ခြံထဲဆင်းခဲ့ကာ ညအလင်းဆီကို ဖုန်းဆက်လိုက်၏။ ဒီတစ်ခါတော့ ညအလင်း ဖုန်းကိုလက်ခံနားထောင်သည်။





"ညညှ"

"ကိုယ် ညည မဟုတ်ဘူး ညအလင်းပါ"

"အဟွန်း ကိုယ် သိပ်ပျော်နေတယ်ကွာ"

"ကျော်ညီညာ ရှင် ပျော်နေရင် အဲဒီအပျော်တစ်ဝက်လောက်ကို ကိုယ့်ကို မျှဝေပေးစမ်းပါ"

"ရတယ်လေ၊ ညည အားရင် ကိုယ့်ဆိုင်လေးကို လာခဲ့ပါလား"

"အခုတော့ ကိုယ်မအားဘူး ကျော်ညီညာ၊ ဒီလိုလုပ် ညနေ ငါးနာရီလောက်မှ လာခဲ့မယ်လေ"

"အိုကေ ညည အဆင်ပြေတဲ့အချိန်ပေါ့၊ ကိုယ်စောင့်နေမယ်နော် ဘိုင်"

သူ ဖုန်းပိတ်လိုက်ရင်း အိမ်ထဲကို ပြန်ဝင်ခဲ့သည်။ ဆိုင်ကို ညအလင်း လာမည်ဆိုတော့ ဒီညနေ သူ ဆိုင်ကိုသွားရမည်။

မတွေ့တာကြာပြီဖြစ်သော ညအလင်းကို တွေ့ချင်လှသည်။

■ ■ ■

ကတိပေးထားသည့် ခုနစ်နာရီအတိအကျမှာပဲ ညအလင်း ရောက်လာပါသည်။

သီးသန့်အခန်းလေးထဲမှာ အအေးထိုင်သောက်ရင်း နှစ်ဦး ငြိမ်ဆိတ်စွာ တစ်ယောက်မျက်နှာတစ်ယောက် ငေးကြည့်ရင်း ဘာစကားမှ မဆိုဖြစ်ကြပါ။

"ကဲ ဘယ်လိုလဲ ကျော်ညီညာ၊ ရှင် ကျွန်မကို ကမ္ဘာန်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားတာတော့ မဟုတ်ပါဘူးနော်''

''ဆောရီး ပြောစရာစကားတွေ များနေလို့ ဘယ်ကစပြော
မှန်းမသိဖြစ်နေတာ၊ အမိကက မာမီတို့ကို သွားကြိုတဲ့နေကျရင် ညည
လိုက်ခဲ့မှာလားဟင်''

''ကိုယ်လိုက်မှာပါ၊ ဒါပေမဲ့ ရှင်က ရှင့်မေမေနဲ့ ကိုယ့်ကို ဘယ
လို မိတ်ဆက်ပေးမှာလဲ''

''ကိုယ် မာမီတို့ကို ပြောထားတဲ့အတိုင်း ညညကို ပြန်ပြော
မှာလား''

သူ့စကားနှင့်အတူ ရန့်တစ်ခုပါ လွင့်ပါလာတာကြောင့်
အလင်း မျက်မှောင်လေးကုပ်သွားရင်း

''ရှင် သောက်ထားတာလား ကျော်ညီညာ''

''ဟုတ်တယ် စောစောကပဲ သင်္ဘောနားပြန်လာတဲ့ သူငယ်ချ
တွေ ရောက်လာလို့ ကိုယ် နည်းနည်းညှော်ခံလိုက်ရတယ်''

သူပြောရင်း ထိုင်ခုံက ထရပ်ကာ သူမဆီ စားပွဲကိုကျော
လျှောက်လာသည်။ ထိုင်ခုံအနောက်မှာ ရုတ်တရက် သိုင်းဖက်လာ
သူမ မင်သက်အံ့ဩစွာ မော့ကြည့်မိ၏။

ထိုအခိုက်မှာပဲ သူ့အနမ်းတွေက သူမနဖူး၊ ပါးပြင်တွေ
ဆင့်ကဲကျရောက်လာသည်။

နူးညံ့သိမ်မွေ့သောအနမ်းတွေထဲမှာ ညအလင်း နစ်မျော
သွားခဲ့တာ စက္ကန့်ပိုင်းလေးမျှသာ။ သတိဝင်လာတော့ ဆတ်ခနဲ ကိုယ





ရုန်းထွက်လိုက်မိ၏။

ရင်ခုန်သံတွေကတော့ လှုပ်ခတ်လို့နေဆဲရှိသည်။

''ဟာ ည ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် စိတ်မထိန်းနိုင်
ဘဲ ဖြစ်သွားတာပါ၊ ကိုယ့်ကိုတစ်ခုခု လုပ်ပစ်လိုက်စမ်းပါ၊ ပါးရိုက်ပစ်
ိုက်စမ်းပါကွာ၊ ကိုယ်ခံယူပါ့မယ်၊ ကိုယ် မှားသွားတယ် ညရယ်''

သူမလက်ကို ဆွဲကိုင်ပြီး သူ တောင်းပန်နေသည်။ လှုပ်ခတ်
နေသော ရင်ခုန်သံတွေကို သူမ တည်ငြိမ်အောင် ထိန်းဖို့ကြိုးစားရင်း
က်ကို သူ့လက်တွေထဲက ရုန်းထွက်လိုက်သည်။

မှားသွားတယ်တဲ့လား။ လူမှားသွားတာလား ကျော်ညီညာ။
ဆိုရင်တော့ ကိုယ် ရင်မခုန်သင့်ဘူးပေါ့။ ရှင့်ကို ရိုက်နိုင်းသတဲ့လား။
င့်အင်း အဲဒီပါးပြင်ကို ကိုယ် မရိုက်ရက်ဘူး ကျော်ညီညာ။

''ထားလိုက်ပါတော့ ခုနက ကိစ္စ ကိုယ်တို့မဖြစ်ခဲ့ဘူး ထားလိုက်
ကိုယ်လည်း မေ့လိုက်မယ်၊ ရှင်လည်း မေ့ထားလိုက်တော့ ဟုတ်လား''

''ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ်ဘယ်တော့မှ နောက်ထပ် ဒီလို
ဖြစ်စေရပါဘူး''

''ကိုယ်ကလည်း လုံးဝအဖြစ်မခံပါဘူး''

တိတ်ဆိတ်စွာဖြင့် နှစ်ဦးစလုံး ငြိမ်သက်သွားကြသည့်တိုင်
ရင်ခုန်သံတွေက မတည်ငြိမ်ချင်သေးတာ ကိုယ့်ကိုယ်ကိုယ် မကျေနပ်
ပါ။

ကိုယ်ကသာ ရင်ခုန်နေတာ။ သူက နောင်တတွေနဲ့ တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



နေတာ။

"ညည ကိုယ် ညကို လက်ထပ်ပါရစေ"

သူ့ကို ညအလင်း တအံ့တသြကြီး မော့ကြည့်လိုက်မိ၏။ ည အလင်း ကြားချင်သောစကားက ဒီစကားမဟုတ်။ ရှင် အဆင့်တွေ ကျော်နေပြီ ကျော်ညီညာ။

"ကိုယ် ညညကို လက်ထပ်ခွင့်ပြုပါ၊ မာမီတို့ကိုလည်း ကိုယ် အသိပေးထားပြီးပြီ"

"နေဦး ကိုယ်က လက်မခံရင်ရော"

"ဟင်"

သူ တုန်လှုပ်စွာမော့ကြည့်သည်၊ သူမဆီက မျှော်လင့်ထားတာ ခေါင်းညိတ်လက်ခံမှုတစ်ခုပဲဟု ယုံကြည်ထားသည်လား။

"ရှင့်မိဘတွေကြိုရင် ကိုယ်လိုက်ခဲ့မှာပါ၊ ဒါပေမဲ့ ရှင်ပြောတဲ့ စကားကို ကိုယ် စဉ်းစားရဦးမယ်၊ ရှင့်စကားတွေက အဆင့်တွေကျော်နေ ပြီ၊ ကဲ ကိုယ်ပြန်တော့မယ်"

သူ ခေါင်းညိတ်ကာ ကားနားအထိ လိုက်ပို့သည်။ ညအလင်း ကားပေါ်ရောက်တော့မှ

"ညည ကိုယ် အလေးအနက်ပြောတာပါ၊ အသေအချာ စဉ်း စားပေးပါနော်"

ခေါင်းမညိတ် ခေါင်းမခါဘဲ ညအလင်း ကားကို မောင်းထွက် ခဲ့လိုက်သည်။

ဝိုး မိုး စ၁ ပေ



ရှင့်စကားတွေကို ပြန်တွေးကြည့်ပါဦး ကျော်ညီညာ။ ရှင် ကိုယ့် ကိုချစ်တယ်လို့ မပြောရသေးဘူးလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ငယ်လေးတို့ အိမ်လာခေါ်မည်ဆိုတာကြောင့် သူမ ကြိုတင်ပြင်ဆင်ပြီး စောင့်နေလိုက်ပါသည်။

အနက်ရောင်ဂါဝန်အပါးပျော့တွဲတွဲ ဒူးဖုံးလေးမှာ စီးကွင်းအကြည်လေးတွေ ထိုးထားတာကြောင့် ဖြူဝင်းနေသော သူမအသားရောင်လေးနှင့် လိုက်ဖက်လွန်းပါသည်။

ဘယ်တုန်းကမှ အလှအပကို ဂရုစိုက်မပြင်ခဲ့သော သူမမျက်နှာလေးကိုလည်း နုညက်အောင် ပြင်ထားတာမြင်လျှင် ငယ်လေးဘာပြောမည်မသိ။

ထိုအခိုက်မှာပဲ ခြံထဲကို မောင်းဝင်လာသောသူ့ကားလေးမြင်သည်။

ဆင်ဝင်အောက်မှာ ထိုးရပ်သွားတော့ အရင်ဆုံးဆင်းလာသူ ငယ်လေးဖြစ်သည်။





"မမရေ ပြီးပြီလား"

ညအလင်း ဆိုဖာထိုင်ခုံက ထရပ်ရင်း ကြိုနေလိုက်တော့ ငယ်လေး မင်တက်တက်လေး ငေးကြည့်ရင်း

"ဟယ် မမရယ် လှလိုက်တာ၊ ကိုကိုတော့ အသက်ရှူမှားတော့မယ်၊ တကယ် အရမ်းလှတာပဲ"

"မမြှောက်နဲ့လေ"

"ဟကယ်ပြောတာပါ"

ငယ်လေးက သူမ လက်မောင်းကိုချိတ်ကိုင်ဆွဲခေါ်လာသည်။ အနက်ရောင် ဒေါက်မြင့်ဖိနပ်လေးစီးကာ ကားဆီရောက်တော့ ကျော်ညီညာက ကားတံခါးဖွင့်ပေးရင်း ငေးကြည့်နေသည်။

နောက်ခန်းထဲမှာ သူမနှင့်ငယ်လေး ဝင်ထိုင်လိုက်သည်။ ကျော်ညီညာ မောင်းသူနေရာမှာ ဝင်ထိုင်ပြီး ကားစက်နှိုးနေတော့ ငယ်လေးက

"ကိုကို ကားကို ဂရုစိုက်မောင်းနော်၊ မမညကိုပဲ ခိုးကြည့်မနေနဲ့"

"ဟာ မိငယ်ကတော့ကွာ"

ကျော်ညီညာ၏ မျက်နှာကြီး ရဲကာ ရှက်သွားတော့ ညအလင်း ပြုံးသေး၏။ လေယာဉ်ကွင်းရောက်တော့လည်း ငယ်လေးက ညအလင်းနားမှာပဲ ပူးကပ်ရှိနေတော့ ကျော်ညီညာ ဘာမှစကားပြောခွင့်မရ ဖြစ်နေသည်။

လေယာဉ်ဆိုက်တော့ ကြိုဆိုသူများနေရာတွင် စောင့်ရင်း ငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးအသံလေးက တစာစာ။

"ဟော ဟိုမှာ ဒယ်ဒီနဲ့မာမီ"

အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်ကို မြင်တော့ ငယ်လေးက ပြေးကြိုရင်း ထွေးပွေ့သည်။ ကျော်ညီညာကလည်း

"ဟိုင်း ဒယ်ဒီနဲ့မာမီ"

"သားကြီး"

သူတို့မိသားစု ဆုံတွေ့မှုကိုကြည့်ရင်း ညအလင်းတောင် ကြား ထဲက ဝမ်းသာကြည်နူးမိသေးသည်။

"မာမီ ဒါ သားပြောထားတဲ့ ညအလင်းလေ"

သူမအကြောင်းတွေ ကျော်ညီညာ ဘာပြောထားသည်မသိ။ သူ့မိခင်အကြည့်တွေက သူမဆီမှာ ခြေဆုံးခေါင်းဆုံး ဝေ့ကြည့်ရင်း

"ဩော် မင်္ဂလာပါကွယ်၊ အန်တီက ဒေါ်နှင်းမြတ်ပါ၊ ဒါက သားရဲ့ဒယ်ဒီ ဦးသိန်းဝါ တဲ့"

"ဟုတ်ကဲ့ မင်္ဂလာပါ အန်တီ၊ ကျွန်မက ညအလင်းပါ"

သူ့ဒယ်ဒီနှင့်မာမီက သူမကိုပဲ ဝိုင်းကြည့်အကဲခတ်နေတော့ မနေတတ်ဖြစ်နေရသေးသည်။ ဒါပေမဲ့ သူမကို သဘောကျ ကြည်ဖြူသော အရိပ်တွေကတော့ မြင်တွေ့နေရ၏။

"အန်ကယ်နဲ့အန်တီရော ကျော်ညီညာနဲ့ငယ်လေးပါ အိမ်ကို လိုက်ခဲ့ကြပါနော်၊ အိမ်မှာ ထမင်းစားဖို့ အားလုံးပြင်ဆင်စီစဉ်ထား





တယ်"

"ဟာ ညအလင်း ဒီအစီအစဉ်ကို ကိုယ် ဘာမှမသိရပါလား"

ကျော်ညီညာ တအံ့တသြ ပြောသည်။ ငယ်လေးက ပြုံးပြုံးလေး သူမကိုဖက်ထားရင်း

"မမက ကိုကိုမသိအောင် စီစဉ်ထားတာလေ"

"အခု ရှင်သိရပြီပဲ ကျော်ညီညာ"

ညအလင်းတို့ ပြောဆိုနေကြတာကို သူ့မိခင်က မျက်ခုံးလေး အချို့ နားထောင်နေရင်းမှ

"ဟယ် နေ နေကြပါဦး၊ သားတို့သမီးတို့က တစ်ယောက်နဲ့ တစ်ယောက် ခေါ်ပုံတွေကလည်း မဟုတ်သေးပါဘူး"

ညအလင်းတို့ ခေါ်ပြောကြပုံတွေကို အံ့သြနေဟန်နှင့် သူ့မာမီ ပြောနေတော့ ငယ်လေးက

"အဟင်း မာမီကလည်း ကိုကိုနဲ့မမက ဒီလိုပဲ နှုတ်ကျိုးနေပြီ"

"မဟုတ်တာကွယ်၊ သမီးက သားကို ကျော်ညီညာလို့ခေါ်တာ ရော ချစ်သူတွေပဲကွယ် တခြားနာမ်စားမျိုး ပြောင်းခေါ်ပေါ့"

ဘုရားရေ သူမနှင့်သူ့ကို ချစ်သူတွေလို့ သူ့မိဘတွေကို ပြော ထားသည်လား။ ညအလင်း မျက်နှာလေးပူကာ အံ့သြနေမိတာလည်း အမှန်။

"ညညနဲ့သားက ကျောင်းတုန်းကတည်းက သူငယ်ချင်းတွေဆို တော့ ရုတ်တရက်ကြီး အခေါ်အဝေါ်တွေ မပြောင်းဖြစ်သေးဘူး၊ နေတော်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ပြောင်းမှာပါ''

သူ ကမန်းကတမ်း ဝင်ဖြေရှင်းသည်။ ဘာတွေလဲ ကျော်ညီညာ ဟန်ဆောင်နေတာလား။ သူမကို ဘာလို့ကြိုပြောပြမထားတာလဲ။ တကယ်ဆို မနေ့ညက ကြိုပြောပြထားသင့်သည်။

သူ လက်ထပ်ခွင့်တောင်းသည်ဆိုတာက ဘာလဲ။

တစ်ချိန်လုံး စကားတစ်ခွန်းမပြောသော သူ့ဒယ်ဒီက ကားပေါ် ရောက်မှပဲ စကားပြောတော့၏။

''သမီး မိဘတွေကောကွယ်''

''ဖေဖေနဲ့မေမေက ကျွန်မ ငယ်ငယ်ကတည်းက ဆုံးသွားကြပါပြီ၊ ကျွန်မ ငယ်ငယ်ကတည်းက အဘိုးနဲ့အဘွားလက်ထဲမှာ ကြီးပြင်းခဲ့ရတာပါ၊ အဘိုးနဲ့အဘွားကတော့ လွန်ခဲ့တဲ့သုံးနှစ်လောက်ကပဲ ဆုံးကြပါပြီ၊ လက်ရှိတော့ သမီးတစ်ယောက်တည်းပါပဲ၊ ဝမ်းကွဲအဒေါ်တစ်ယောက်နဲ့ အတူနေပါတယ်ရှင်''

''ဪ စိတ်မကောင်းစရာပဲ၊ ဆောရီး သမီးရယ်''

''ရပါတယ် အန်ကယ်''

''မမက သိပ်တော်တယ် ဒယ်ဒီ၊ လက်ရှိဝါသနာပါတဲ့ အအေး သင်တန်းကို ဦးဆောင်နေသလို စီးပွားရေးကုမ္ပဏီတွေမှာလည်း ရှယ်ယာ တွေ ဝင်ထားသေးတယ် သိလား''

ငယ်လေးကတော့ ညအလင်းအကြောင်းတွေ သိထားသမျှ မိဘတွေရှေ့မှာ ဗွတ်တင်ပေးနေသည်။





ညအလင်းတို့အိမ်ကိုရောက်တော့ အရင်ဆုံး နှုတ်ကထုတ်ချီး သူက ကျော်ညီညာ မာမီ။

''အိမ်လေးက ချစ်စရာလေးပါလား''

''ဟုတ်တယ်ကွ ခြံဝင်းလေးကို အန်ကယ်တော့ သဘောကျ ပြီ''

ညစ်ခန်းထဲမှာထိုင်ကြတော့ မိအေးက အအေးဘူးတွေနှင့် ခဲ့သည်၊ ငယ်လေးက သင်တန်းခန်းမဘက်ကို ခေါ်သွားကာ သူ့မာမီ ဘာတွေကြွားနေသည်မသိပါ။

ခဏနားပြီးတော့ ထမင်းဝိုင်းကို ညအလင်းကိုယ်တိုင် ဦးဆောင် ခေါ်လာခဲ့၏။

''မြန်မာထမင်းဟင်းတွေအပြင် ဥရောပအစားအစာလည်း စီစဉ် တယ်၊ အန်ကယ်တို့ သုံးဆောင်ကြပါနော်''

''ကျေးဇူးတင်တယ် သမီး၊ မြန်မာ ထမင်းဟင်း မစားရတာ လို့ တောင့်တနေတာကွဲ့''

''အားမနာတမ်း သုံးဆောင်ပါ အန်တီ''

ကျော်ညီညာ မိဘတွေ အားပါးတရ စားသောက်နေကြတာ တော့ ညအလင်း ဝမ်းသာကျေနပ်မိသည်။ အန်ကယ်က

''သမီးအိမ်က ထမင်းချက်က တကယ်တော်ပါလား၊ အရမ်း ကောင်းတယ်၊ ဟင်းတွေကလည်း စပါယ်ရှယ်လက်ရာပဲဟေ့''

ကျော်ညီညာ ဖခင်စကားကြောင့် လိုအပ်တာတွေ လိုက်လံ



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးနေသော အေးမက သဘောကျစွာရယ်ရင်း

"ဒီ ထမင်းဟင်းတွေကို ကျွန်မတို့ချက်တာ မဟုတ်ဘူး ဦး... မမလေးကိုယ်တိုင် မနက်အစောကြီး ထချက် စီစဉ်ထားတာပါ"

"ဟေ ဟုတ်လား ငါ့သမီးက ဟင်းချက်ကောင်းတာပဲကွ"

"အန်တီတော့ သမီးကို ချီးကျူးတယ်ဟေ့၊ သမီးက မြန်... မိန်းကလေးပီသတယ်၊ သားတော့ ကံကောင်းတာပဲကွယ်"

ညအလင်း မျက်နှာပူပူနှင့် ကျော်ညီညာ မျက်နှာတောင် မကြည့်... ရဲတော့ပါ။ ကျော်ညီညာတော့ စကားတွေ ကျွံလွန်ထားတာ သိပ်ကိုသဘော... နေသည်။

"မာမီတို့ သားနဲ့ညညကို သဘောတူရဲ့လားဟင်"

ဘုရားရေ . . သူမရှေ့မှောက်မှာ မိဘတွေကို သူ့နှုတ်ကတော်... တိုက်ရိုက်ကြီး မေးနေသည်။ တကယ်ဆို သူ့ကို ညအလင်း ဘာ... အဖြေပေးရသေးတာမဟုတ်။ ပြီးတော့ သူကလည်း ညအလင်းကို ချ... တယ်ဟု မပြောရသေးပါ။ ကျော်ညီညာ ရှင်မေ့နေပြီလား။

"သဘောတူတာပေါ့ ငါ့သားရာ၊ မာမီကြီးလည်း ပြောလိုက်... ဦးလေကွာ"

"သဘောတူတာပေါ့ သားရယ်၊ ဒီလောက် အဘက်ဘက်... ပြည့်စုံနေတဲ့ မိန်းကလေးကို မာမီတို့ ခြွင်းချက်မရှိ သဘောတူတာ... ကွယ်"

"ဟယ် အခု မမကို မမယောက်မလို့ လွတ်လွတ်လပ်လပ်...





...နှင့်ရပြီပေါ့ ဝမ်းသာလိုက်တာ"

ဘာမှမသိဘဲ ငယ်လေးက ဝမ်းသာအားရ ထအော်နေသေး... ည၊ ညအလင်းမှာ မျက်နှာတွေထူပူကာ ရှက်လိုက်တာ။

ကျော်ညီညာကလည်း ပြုံးလို့ ကျေနပ်နေတာ အထင်အရှား။ ...ဘာကြောင့် ဒီလိုလုပ်ရတာလဲ။

ဘာသဘောလဲ၊ ခင်မိုးချွန်အတွက် သူမကို အသုံးချနေခဲ့တာ... ခင်မိုးချွန်နှင့်ကျော်ညီညာကို အရင်ကတည်းက သူ့မိဘတွေကပါ ...ဘာတူ ကြည်ဖြူခဲ့တာ သူမ သိသည်။

ခင်မိုးချွန် ပြန်ရောက်နေတာကို ကျော်ညီညာမိဘတွေ မသိ... ကြောင့်လား။

ဘာတွေလဲ ကျော်ညီညာ။ ကိုယ့်ကို ရှင်အသုံးချနေတာသက်... ပဲလား။

တကယ်ဆို ချစ်တယ်ဆိုတဲ့စကားက နှလုံးသားအတွက် ချစ်... အတွက် အရေးပါဆုံးစကားဆိုတာ . . .။

■ ■ ■

စိတ်ထဲက မတင်မကျဖြစ်နေမှုတွေအတွက် သူတို့ပြန်သွားပြီး ...ကမ်းမှပဲ ကျော်ညီညာဆီ ဖုန်းဆက်ဖြစ်တော့သည်။

"ကျော်ညီညာ ရှင့်လုပ်ရပ်တွေကို ကိုယ် လိုက်မမီတော့ဘူး"

"ကိုယ် တောင်းပန်ပါတယ် ညညာ၊ ဒယ်ဒီနဲ့မာမီကို ညက ...ချစ်သူလို့ ပြောထားခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလို့ အဲဒီလိုပြောရတာလဲ"

သူ့အမေးကို သူ ချက်ချင်း ပြန်မဖြေနိုင်သေးဘဲ တိတ်ဆိတ်ခဲ့သေးသည်။ အတန်ကြာမှ

"ကိုယ် အဲဒီလိုပဲ ဖြစ်ချင်နေမိတယ်"

ဘာကြောင့် ချစ်တယ်ဟူသော စကားတစ်ခွန်းကို ထွက် အတွက် သူ့ပါးစပ်က တွန့်ဆုတ်နေရတာလဲ။ သူမ ဒီစကားကို ငံ့လင့် တာ သူ မသိဘူးတဲ့လား။

တမင်ပဲ သိရက်နဲ့ မသိဟန်ဆောင်နေခဲ့တာလား ကျော်ညီ သူမ နားလည်ရခက်လွန်းပါသည်။

"ညည ကိုယ်ပြောတာ ကြားလား"

"ကိုယ့်ကို ဘာပြောလိုက်တာလဲ"

"ညည ကိုယ့်ကိုစိတ်မဝင်စားဘူးဆိုတာ သိပါတယ်၊ ဒါပေ ကိုယ့်မိဘတွေရှေ့မှာတော့ အလိုက်အထိုက် ဆက်ဆံပေးပါနော်"

ရှင် ဘာတွေတောင်းဆိုနေတာလဲ ကျော်ညီညာ။ ကိုယ် လိုချ တာ ဒါမဟုတ်ဘူး။ ဖုန်းထဲမှာမို့ပါ အပြင်မှာဆို ရှင့်ကို ကိုယ် ကိုင်ဆော ပစ်လိုက်မိမှာ သေချာတယ်။

"ညညကို အရေးကြီးတာ ပြောရဦးမယ်၊ သဘက်ခါကျ ပုဂံကို သွားကြမှာ၊ အဲဒါ မာမီရော ဒယ်ဒီကပါ ညအလင်းကို လိုက် ပါတဲ့၊ လေယာဉ်လက်မှတ်တောင် ငါးယောက်စာ ဘိုကင်လုပ်ထားပြီး

"ပုဂံကို သွားလည်ကြမှာလား ကျော်ညီညာ"





"ဟိုတယ်ဖွင့်ပွဲသွားကြမှာ၊ ညည လိုက်ခဲ့ရမယ်နော်၊ မာမီတို့က လိုက်စေချင်နေတာ"

သူလိုချင်တာ ဖြစ်ချင်တာကိုပဲ တောင်းဆိုနေပါလား။ သူမကလည်း ငြင်းဆန်ဖို့ ဆန္ဒမရှိတာ သေချာနေတော့

"ကောင်းပြီလေ ရှင့်မိဘတွေရဲ့ဆန္ဒဆိုတော့ ကိုယ် လိုက်ခဲ့မယ်"

"တကယ်နော် ကိုယ် အရမ်းပျော်တာပဲ"

သူ ဖုန်းပိတ်သွားတော့ ညအလင်း ဘာမှပြောခွင့်မရလိုက်ဘဲ ကျန်ရစ်ခဲ့သည်။

ရှင် ဘာဖြစ်နေတာလဲ ကျော်ညီညာ။ ကိုယ်တော့ စိတ်နာချင်နေပြီ၊ ဒါပေမဲ့ နာလို့မရတာက နလုံးသား။

ဒီတော့လည်း ကိုယ် မင်းရဲ့အရုပ်တစ်ရုပ်ပေါ့ ကျော်ညီညာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မနက်ဖြန်ပဲ လေယာဉ်လက်မှတ်ရတယ် ဒယ်နီ၊ ပုဂံဟိုတယ်မှာလည်း အခန်းယူပြီးပြီ၊ ငါတို့ မနက်ဖြန် သွားကြတာပေါ့"

"အိုကေ ရိန်း နင်နဲ့သွားရမှာမို့ ငါပျော်တယ်၊ ဩော် ဒီနေ့ ငါ့ကို မင်္ဂလာဝတ်စုံရောင်းတဲ့ဆိုင်ကို လိုက်ပို့ပေးဦးနော်"

ဒယ်နီ့စကားကြောင့် ရျာန် ပြုံးမိသည်။ မြန်မာပြည်ရောက်ကတည်းက ဒီမင်္ဂလာဝတ်စုံကိစ္စကိုပဲ ဒယ်နီ ပြောနေသည်။

"အဟင်း နင်ကလည်း မုန့်ဆီကြော်က ဘယ်မှာမှန်းမသိသေးဘူး၊ နှုတ်ခမ်းနာကိစ္စ ပြောနေသလိုပဲ"

"ဟင် ဘာလဲ ဘာပြောတာလဲ၊ ရိန်း ငါ နားမရှင်းဘူး"

"ဆောရီး ငါပြောတာ မြန်မာစကားပုံပါ၊ ဆိုလိုတာက နင်ယူမယ့်ဖနီးလောင်းက ဘယ်ဆီမှာ မသိသေးဘူး၊ မင်္ဂလာဝတ်စုံ နင် ဝယ်





ထားမယ်ဆိုလို့ပြောတာ"

ရျာန် ရှင်းပြတော့ ဒယ်နီ သဘောကျစွာ ရယ်သည်။ မြန်မာမျိုးသမီးကို တစ်နေ့ လက်ထပ်မည်ဆိုသော ဒယ်နီ ဆန္ဒလေးကို ရျာန် သဘောကျမိပါသည်။ ဒယ်နီကတော့ မြန်မာစစ်စစ် မဟုတ်ပေမယ့် မြန်မာချစ်သူပါပဲ။

"မြန်မာပြည်ရောက်တုန်း ဝယ်ထားချင်တယ်ဟာ နင်ကူညီပါ"

"အိုကေ ပါတယ် ပိုးထည်တိုက်တွေရှိတယ် အဲဒီမှာ စိတ်ကြိုက်ရွေးပြီး ဒီဇိုင်နာတွေဆီအပ် ကိုယ်ကြိုက်တဲ့ စီးကွင့်ထိုးခိုင်းပြီး အပ်ခဲ့ယ်လေ နင်ပြန်တဲ့အချိန်လောက် ရမှာပါ"

"ဒါဆို နင်ပြောတဲ့ ပိုးထည်တိုက်တွေဆီ သွားရအောင်"

ဒယ်နီ ဆန္ဒရှိနေတော့လည်း ရျာန် ကားနှင့်လိုက်ပို့ရသည်။ မြန်မာပြည်မှာ ရျာန်တစ်ယောက်ပဲ မိတ်ဆွေရှိသော ဒယ်နီကို ရောက်တုန်းက တာဝန်ကျေချင်သည်။

ရန်ကုန်မြို့အနှံ့လည်း ပို့ပြီးပြီ၊ ပုဂံလည်း ပို့ပေးဖို့ စီစဉ်ထားသည်။ ဒယ်နီ နေထိုင်ဖို့အတွက်တော့ ဟိုတယ်မှာပဲ စီစဉ်ပေးခဲ့သည်။ ရျာန် အိမ်မှာက မိန်းမသားတွေပဲမို့ ဒယ်နီ နေဖို့မသင့်။

မြန်မာ့ယဉ်ကျေးမှုကို သိထားသော ဒယ်နီကလည်း နားလည်သက်ခံပါသည်။

ပိုးထည်တိုက်ရောက်တော့ ဒယ်နီ စိတ်တိုင်းကျ ရွေးချယ်ဝယ်ခြမ်း၏။ ရျာန်နှင့် ခင်မင်သော ဒီဇိုင်နာထံမှာ ဝတ်စုံဝင်အပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခန္ဓာကိုယ်တိုင်းကိုတော့ ဒီက Rain အချိုးအဆစ်နဲ့ပဲ ချုပ်...
ပါ"

ရယ်လည်းရယ်စရာ ကောင်းသည်။ မမြင်မရှိသော ဖန်းလော...
အတွက် ခန္ဓာကိုယ်အတိုင်းကို ဈာန်နှင့်ပဲ ခန့်မှန်းအပ်သည်တဲ့။

"ငါ လက်ထပ်လက်စွပ်ဝယ်ချင်သေးတယ်"

"လက်စွပ်များဟာ နင်တို့ဆီမှာ အများကြီးဥစ္စာ"

"နိုး ငါက မြန်မာမြေက မဂ်လာပစ္စည်းတွေပဲ ဖြစ်ချင်တယ်"

"ဒယ်နီရယ် နင် အဲဒီလောက် မြန်မာဆန်လွန်းချင်ရင် မြ...
ပြည်မှာပဲနေပြီး မြန်မာလူမျိုး ခံယူလိုက်တော့"

"စိတ်ချ Rain ငါရည်ရွယ်ပြီးသား အချိန်တန်ရင် ငါ မြ...
ပြည်မှာနေမှာပါ။ လက်ရှိက ဖေဖေနဲ့ မေမေတို့ လုပ်ငန်းကိစ္စတွေ ရှုပ်...
နေလို့"

"ကဲ ကဲ လာပါဟာ နင်လိုချင်တဲ့ မင်္ဂလာလက်စွပ် ငါကိုယ်...
လိုက်ဝယ်ပေးမယ်"

ဒယ်နီလက်ကိုဆွဲကာ ပိုးထည်တိုက်ထဲက ထွက်ခဲ့ကြသည်...

■ ■ ■

မမြင်ချင်ပါဘဲနဲ့ မြင်ရပြန်ပါပြီ။ နှစ်ယောက်သား လက်ချိတ်...
တွဲလို့ ပိုးထည်တိုက်ထဲက ထွက်လာသည်ဆိုတော့ . . .

"မင်းတို့ လက်ထပ်ကြတော့မယ်ပေါ့ ခင်မိုးချာန်"

သူ့ နာကျင်စွာပြုံးရင်း ရေရွတ်မိ၏။ မကြာသေးခင်တုန်း...





တော့ သူ့နောက်ကို အရိပ်လိုလိုက်ကာ တောင်းပန်ငိုယိုနေခဲ့သော
ခင်မိုးချာန်။

အခုတော့လည်း အဖော်သစ်နဲ့ ပြောင်းလဲနေတာက မြန်ဆန်
လွန်းလိုက်တာ။ မင်း မထင်မှတ်အောင် ပြောင်းလဲသွားလိုက်တာ ခင်မိုး
ချာန်။

ချစ်သူကို တစ်ယောက်တည်းပဲ ထားခဲ့ပြီး အဲဒီတစ်ယောက်ကိုပဲ
မင်း စွဲစွဲမြဲမြဲတွဲခဲ့ ချစ်ခဲ့သူဆိုတာ ငါဘယ်လို ကျိန်တွယ်ပြောပြရမှာလဲ။

ကျောင်းတုန်းက ခင်မိုးချာန် ဆိုတာ တကယ့်ကို မင်းနဲ့ ဘာမှ
မဆိုင်တော့ဘူးပေါ့။

ငါ သိပ်ကံကောင်းပါတယ်။ ရင်ထဲက အကြွင်းအကျန် သံယော
ဇဉ်တွေကို အပြီးတိုင် ဥပေက္ခာပြု သော့ခတ်လိုက်ခွင့်ရလိုက်တာ။

မင်းနဲ့ငါ့ကို ဝေးခွင့်ပြုတဲ့ ကံကြမ္မာကို ကျေးဇူးတင်မိပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညအာလင်း တို့ ပုဂံကိုရောက်တာ ငါးရက်ကြာခဲ့ပြီ၊ ထိုငါးရက်မှာ ကျော်ညီညာ မိဘတွေက ဂရုတစိုက်ရှိတာ၊ သူမအပေါ် သမီးရင်းနှ တစ်ဦးလို ဆက်ဆံတာ ကြုံခဲ့ရသည်။

ကျော်ညီညာကတော့ ထိုအတွက် စိတ်ချမ်းသာ ကျေနပ်နေပုံ ရပါ၏။ သူမမှာသာ ထိုအတွက် ကြည်နူးရသော်လည်း ပြည့်ဝစွာ မပျော် နိုင်။ ဘာပဲဖြစ်ဖြစ် ပုဂံကပြန်လျှင်တော့ သူ့ဆီက တိကျသော စကားကို ကြားချင်သည်။

ကျော်ညီညာ နှုတ်က ဖွင့်ပြောလာလျှင် သူမဘက်က ကြည်နူး အပြုံးလေးနှင့် 'ရှင့်ကို ကိုယ်ချစ်တယ် ကျော်ညီညာ'လို့ ပြောဖို့ ဝန်မလေး တော့တာ သေချာနေ၏။

ပုဂံက ပြန်မည့်ရက်မှာ အားလုံး လေယာဉ်ကွင်းကို အတူသွား ကြဖို့ ဖြစ်သည်။ လေယာဉ်ကွင်းကို ထွက်ခါနီးမှာ





"သြော် မာမိတို့ လေယာဉ်ကွင်းကို သွင်းနှင့်ကြနော်၊ သားရဲ့ သူငယ်ချင်းကို ဝင်နှုတ်ဆက်ချင်လို့"

"သားက လုပ်ပြီ၊ ပြန်ခါနီးမှကွယ်"

"ဒီကောင်တွေ လင်မယားက အခုမှ နယ်ကပြန်ရောက်ကြတာ ဆိုမိရဲ့၊ မနှုတ်ဆက်လို့ မကောင်းဘူး ငယ်သူငယ်ချင်းတွေ"

"ဒါဆိုလည်း သမီးညလေးနဲ့ အတူသွားနှုတ်ဆက် လေယာဉ် နှီးအောင်တော့ လာခဲ့ကြနော်"

ကျော်ညီညာ မေမေက သူမကိုပါ အတူလိုက်ဖို့ ပြောနေတာမို့ ငြင်းသာပဲ လိုက်ခဲ့ရတော့သည်။ တက္ကစီငှားကာ သူမတို့ ထွက်ခဲ့ကြ၏။

"ဒီကောင်က ကိုယ်နဲ့တျောင်းနေဖက်လေ၊ အခုပုဂံဟိုတယ်မှာ မန်နေဂျင်း ဒါရိုက်တာဖြစ်နေပြီ"

လမ်းမှာ သူကရှင်းပြသည်။ ညအာလင်း မျှော်လင့်သော စကား ထွာမှ မပြောဘဲ ဘာမဟုတ်သော သူငယ်ချင်းအကြောင်းတွေပဲ ဆောင်ဖွဲ့လာ၏။

ဟိုတယ် ရောက်တော့ သူ ဝင်နှုတ်ဆက်သည်။ အချိန်က သိပ်မရတာမို့ နှုတ်ဆက်ပြီးသည်နှင့် ပြန်ထွက်ခဲ့ကြသည်။

"မောင်"

"ဟင်"

ဘယ်လိုမှ ထင်မှတ်မထားသော ခင်မိုးစျာန်ကို ဟိုတယ်က ထွက်မှာပဲ ထိပ်တိုက်ဆုံလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မောင် ချာန်နဲ့ ခဏလောက် လိုက်ခဲ့ပေးပါနော်"

"ဟင့်အင်း ကျော်ညီညာ၊ ရှင်လိုက်လို့မရဘူး"

ကျော်ညီညာ လက်ကိုဆွဲထားကာ သူမတားလိုက်မိသည်။ ခင်မိုးချာန်ကလည်း သူမကိုဂရုမစိုက်ဘဲ ကျော်ညီညာရဲ့ ကျန်လက်တစ်ဖက်ကို လှမ်းဆွဲထား၏။

"မောင် ခဏလောက် လိုက်ခဲ့ပါ ချာန်မိန်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ပါ"

"ရှင်လုံးဝမလိုက်ရဘူး ကျော်ညီညာ ရှင်လိုက်ရင်တော့ ကိုယ်နဲ့ အပြတ်ပဲ"

သူမကလည်း အရှုံးမပေးဘဲ ယတိပြတ် စိန်ခေါ်သည်။ ခင်မိုးချာန် ပုဂံအထိ လာနှောင့်ယှက်တာ သည်းမခံနိုင်။

ပြီးတော့ အခုချိန်မှာ သူမဘက်မှာ ကျော်ညီညာရဲ့ မိသားစုက အပြည့်အဝရှိသည်။ ဒါကို ခင်မိုးချာန် မသိဘူးလား။

"မောင်"

"ကျော်ညီညာ"

ခင်မိုးချာန် မျက်ဝန်းတွေက တောင်းပန်နေသလို ညအလင်းကလည်း လုံးဝ အလျှော့မပေးဖို့အသင့်။

ကျော်ညီညာက သူမတို့ နှစ်ဦးကြားမှာ တိတ်ဆိတ်စွာနှင့် ခင်မိုးချာန်နှင့်ပါလာသော နိုင်ငံခြားသား ပုဂ္ဂိုလ်ကို စူးစိုက်ကြည့်နေသည်။





"ခင်မိုးချာန် မင်း ဒီလောက်အထိ သိက္ခာမဲ့ဖို့ မသင့်ဘူး။ ...ကျော်ညီညာက ကိုယ်နဲ့လက်ထပ်တော့မှာ အခု သူမိဘတွေလည်း ပါတယ် ...နော်"

သူမ စကားကြောင့် ခင်မိုးချာန် အံ့ဩသလို မျက်မှောင်ကုပ် ...သွားသည်။ ထိုအခိုက်မှာပဲ နိုင်ငံခြားသားက ခင်မိုးချာန်ကို တွဲခေါ်၏။

"Rain လာပါ ငါတို့ သွားရအောင်"

"ငါ ငါ"

"လာပါဟာ ဒါ နင့်ပြဿနာတွေ ရှင်းပြသင့်တဲ့နေရာ မဟုတ် ...ဘူး၊ ငါ့စကားကို နားထောင်နော်"

ခင်မိုးချာန် နှုတ်ဆိတ်စွာနှင့် ကျော်ညီညာလက်ကို လွှတ်ကာ ...သွားခဲ့သည်။ ဝေ့ဝဲယိုစီးကျလာသော မျက်ရည်တွေကိုတော့ သူမ ...ကျော်ညီညာပါ မြင်လိုက်ကြသည်။

"လာ ကျော်ညီညာ အန်ကယ်တို့ မျှော်နေမယ်"

ကျော်ညီညာ လက်ကိုဆွဲကာ သူမ တက္ကစီကားပေါ် ခေါ်ခဲ့ ...သည်။ ကားလေးထွက်ခဲ့သည်အထိ ကျော်ညီညာ နှုတ်ဆိတ်နေဆဲ။

ဘာဖြစ်သွားတာလဲ။ ကျော်ညီညာ ရှင် တွေဝေသွားခဲ့ပြန်ပြီ ...။

"ဒီမှာ ကားဆရာ၊ ခဏလောက်ရပ်ပါ ညည မင်းပဲလေယာဉ် ...ကို လိုက်သွားလိုက်ပါ"

"ဘာရယ် ရှင်က ဘယ်သွားမလို့လဲ ကျော်ညီညာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကိစ္စလေးရှိလို့ပါ ကဲ လိုက်သွားနော်"

ပြောပြီး ကျော်ညီညာ ကားတံခါးဆွဲဖွင့်ဆင်းသွားသည်။ ခင်
သက်နေသော ကားအရိုင်ဘာကို သူမ အိတ်ထဲက ငါးထောင်တန် နှစ်ရွက်
ကမ်းပေးရင်း

"ရပြီ ကျွန်မတို့ ဒီကပဲ ဆင်းနေခဲ့တော့မယ်"

သူမ ကားတံခါးဖွင့် ဆင်းခဲ့ကာ သူ့နောက်ပြေးလိုက်ခဲ့သည်။
ဒီတစ်ခါတော့ ရှင့်ကို ကိုယ်ခွင့်မလွှတ်နိုင်တော့ဘူး ကျော်ညီညာ။

"ကျော်ညီညာ"

သူ့ရှေ့မှာ ပိတ်ရပ်ပြီး သူမခေါ်တော့ ကျော်ညီညာ မော့ကြည့်
သည်။

"ရှင် သူ့ဆီပြန်မသွားပါနဲ့ ကျော်ညီညာ၊ ကိုယ် ကိုယ့်စကား
နားထောင်ပါနော်"

သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ သူမ တောင်းပန်နေမိသည်။
သူမ မျက်ဝန်းတွေထဲကို သူက စူးစူးနစ်နစ် စိုက်ကြည့်နေရင်း

"ညညု ကိုယ့်ကို ဘာလို့ တားနေတာလဲဟင်"

"ကျော်ညီညာ ရှင်မသိဘူးလား၊ ရှင့်ကိုကိုယ် သိပ်ချစ်တာ
ရှင်တကယ် မသိခဲ့ဘူးလားဟင်"

"ညညု ည ရယ်"

သူက သူမ ပန်းတွေကို သိုင်းဖက်သည်၊ သူမ ဟန်ဆောင်မှု
ကင်းလွတ်ကာ သူ့ပန်းတွေကို တင်းတင်းကြပ်ကြပ် ပြန်သိုင်းဖက်ထားလိုက်





"ရှင့်ကို ကိုယ်ချစ်တယ် ကျော်ညီညာ"

ဒါ သူမနှလုံးသားက ရိုးသားစွာ ပွင့်ထွက်သွားသော စကားပဲ
ဖြစ်သည်။ နှစ်ဦးကြား ကြာလေသွေးလို့ ဝေးမှာစိုးသည့်အလား ဖွေ့ဖက်
ထားတာ စက္ကန့်အတော်ကြာသည်။

ပြီးမှ ကျော်ညီညာက သူမ ပန်းလေးတွေကို ဆုပ်ကိုင်ထားရင်း
ခင်ချင်းခွာသည်။

"ညညု လေယာဉ်ကွင်းကိုပြန်ပါ"

"ရှင် မလိုက်ဘူးလား"

"ကိုယ်ပြန်ခဲ့ပါ့မယ် ညညုတို့ ပြန်နှင့်ပါ ခင်မိုးရှာန်ရဲ့ ပြဿနာ
ပြီးတော့ တစ်ခါတည်း ရှင်းရမယ်"

"ဟင့်အင်း မလိုအပ်တာ"

"လိုအပ်တယ် သူ့ကိုအပြတ်ရှင်းပြီးမှ ညညုကို ကိုယ်လက်ထပ်
မှာ"

ပြောရင်း လမ်းမပေါ်က မောင်းနှင်လာသော တက္ကစီကားကို
သူ လှမ်းတားသည်။

"ရှင် မသွားပါနဲ့ ကျော်ညီညာ"

"ည သွားပါ ကိုယ်ပြန်လာခဲ့မယ်၊ ဒီတစ်ခုတော့ ကိုယ့်ကို
ခွင့်ပြုပါ"

ပြောပြီး သူ ကားတံခါးဖွင့်တက်သည်။ ပြီးတော့ သူမကို



www.burmeseclassic.com

www.burmeseclassic.com



လက်ပြ နှုတ်ဆက်ကာ ထွက်သွားလေပြီ။

လမ်းဘေးမှာ သူမတစ်ယောက်တည်း မတ်တပ်လေး ကျန်ရစ်ခဲ့၏။

သူ ခင်မိုးချာန် ဆီသွားတာလား။ ခင်မိုးချာန်ရဲ့ မျက်ရည်တွေကို သူကြုံဆုံရဦးမှာ သေချာသည်။

သူမ ဘာဆက်လုပ်ရမည်လဲ။ ကျော်ညီညာကို စိတ်ချစွာ ထားရစ်ခဲ့ဖို့က မဖြစ်နိုင်။

ဒီအချိန်ဆို ယယ်လေးတို့ အန်တီတို့ မျှော်နေမှာလည်း သိသည်။ ဒါပေမဲ့ သူမ လေယာဉ်ကွင်းကို မသွားတော့ပါ။

အခုမှ တက္ကစီကမရှိ။ လမ်းကြုံကားက မလာ။ သူမ ခြေထောက်တွေပဲ အားကိုးကာလျှောက်ခဲ့သည်။

ခင်မိုးချာန်တို့ကို တွေ့ခဲ့တာ ပုဂံဟိုတယ်ရှေ့မှာ ဆိုတော့ သူမတို့ ထိုဟိုတယ်မှာတည်းတာပဲ ဖြစ်လိမ့်မည်။

တွေးနေတုန်းမှာ ဆိုင်ကယ်က သူမနံဘေးမှာ ထိုးရပ်သည်။

''အစ်မ ဘယ်သွားမှာလဲ''

''ပုဂံဟိုတယ်ကို''

''ကျွန်တော် ပို့ပေးပါ့မယ် နှစ်ထောင်ပဲပေး''

သူမ ခေါင်းညိတ်ကာ ဆိုင်ကယ်ပေါ်တက်လိုက်ပါသည်။ ဆိုင်ကယ်လေး ဝေါခနဲ မောင်းထွက်တော့ သူမ ဖုန်းလေး မြည်လာ၏။

''သမီး ညအလင်းလား''





''ဟုတ်ကဲ့ အန်တီ''

''သမီးတို့ မလာကြသေးဘူးလား ဒီမှာ လေယာဉ်ကွင်း ထွက်ခိုနိုက နီးနေပြီ၊ သားဆီဖုန်းဆက်တာ ပိတ်ထားတယ် ဘာဖြစ် နေကြတာလဲ''

စိုးရိမ်စွာ မေးနေသော ကျော်ညီညာမိခင်အမေးကို ပြန်ဖြေဖို့ သူမ အပြေးအလွှား စဉ်းစားရသေး၏။

''ဟို သမီးတို့ လိုက်ဖြစ်မှာ မဟုတ်တော့ဘူး အန်တီ''

''ဟင် ဘာဖြစ်လို့လဲ''

''ဟိုလေ ဒီမှာ ကျော်ညီညာ၊ သူငယ်ချင်းက တစ်ရက်လောက် ကျန်နေခိုင်းနေလို့ပါ၊ အန်တီတို့ ပြန်နှင့်နော် နောက်ရက်ကျမှ သမီးနဲ့ ပြန်ခဲ့ပါ့မယ်''

ကျော်ညီညာ မိခင်တွေ သွားပုံရ၏။ နံဘေးက ခင်ပွန်းနှင့် သမီးကိုလည်း အကျိုးအကြောင်း ပြောပြနေပုံရှိ၏။ ပြီးမှ

''ကဲ ကဲ သမီးတို့သဘောပဲ၊ သားကိုလည်း အန်တီတို့ ရန်ကုန်ရောက်ရင် ဖုန်းဆက်ခိုင်းဦး''

''ဟုတ်ကဲ့ အန်တီ''

တစ်ဖက်က ဖုန်းချသွားမှပဲ သူမလည်း ပင့်သက်ရှိုက်မိတော့သည်။ ရှင် တော်တော် ဒုက္ခပေးပါလား ကျော်ညီညာရယ်။

■ ■ ■

ပုဂံဟိုတယ်ကထွက်ခဲ့သည့် တစ်လမ်းလုံး ကျော်ညီညာ ရင်တွေ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်နေခဲ့သည်။ ညအလင်းက သူ့ကိုချစ်သည်တဲ့။

ထိုစကားကို သူ ကြားခဲ့ရစဉ်က ရင်တွေခုန်ကာ အံ့သြနေခဲ့သည်။

ဒါ တကယ်လား။ လက်ထပ်ခွင့်တောင်းတုန်းက ခေါင်းမညိတ် ခေါင်းမခါ လုပ်နေခဲ့သော သူမ ဟန်ဆောင်နိုင်လိုက်တာ။

ဘာပဲဖြစ်ဖြစ် သူ သိပ်ပျော်သည်။ ညအလင်းဆိုတာ ခ နှောင်တွယ် သံယောဇဉ်ကြီးခဲ့သူပါပဲ။

သူမနှင့်ဆုံတုန်းက ခင်မိုးစျာန်နှင့်သာ ချစ်သူတွေ ဖြစ်မနေ လျှင် ကောင်းမှာပဲဟု သူ အမြဲတွေးဖူးသည်။

ခင်မိုးစျာန် ကို အပြန်ချစ်ရေးဆို ဖြစ်ခဲ့တာ သူမဘဝလေး စာနာသနားတာကြောင့် ဖြစ်သည်။ နှလုံးသားက အချစ်ကို ခံစားတင် ခဲ့တာ မဟုတ်ပါ။

အခုမှ အချစ်ကို သူ သိမ်မွေ့စွာ ခံစားတတ်ခဲ့ပြီ။ ဒါကြောင့် လည်း ခင်မိုးစျာန်နှင့် အပြတ်ရှင်းချင်သည်။

ပုဂံဟိုတယ်၏ကားစောင်းမှာ ကားရပ်တော့ သူ ကားခရှင်အ ကာ ညောင်ကြိုကောင်တာသို့ လျှောက်ခဲ့သည်။

ကောင်တာမှာ စုံစမ်းကြည့်တော့ ခင်မိုးစျာန် အမည်နှင့် အခ ကို တွေ့သည်။ ကိုယ်တိုင်ပဲ အခန်းဆီ လျှောက်ခဲ့ကာ အခန်းတံခါး ခေါက်လိုက်၏။

ထွက်လာသူက ရွှေရောင်ဆံပင်နှင့် နိုင်ငံခြားသားမို့





"ဆောရီး"

"နိုး ပြဿနာမရှိပါဘူး၊ Rain အဲ ခင်မိုးစျာန်နဲ့ တွေ့ဖို့ ဆ ျားလာတာလား"

ရုပ်က နိုင်ငံခြားသားပေမယ့် မြန်မာစကားကို ကျွမ်းကျင်စွာ ပြောနေတော့ အံ့သြမိသည်။

"ဟုတ်ပါတယ်"

"ကျွန်တော် ခေါ်ပေးမယ်၊ သူက ဒီဘက်အခန်းဗျ"

ပြောရင်း ထိုပုဂ္ဂိုလ်က ဘေးချင်းကပ် အခန်းတံခါးကို ခေါက် သည်။ အခန်းတံခါး ပွင့်လာတော့ ခင်မိုးစျာန်။ မျက်ဝန်းတွေက နီရဲမို့ ငိုကာ ငိုထားမှန်း သိသာ၏။

"မောင် စျာန်ဆီလာတာလား"

"ကိုယ် မင်းနဲ့နှစ်ယောက်တည်း စကားပြောချင်တယ် မိုးစျာန်"

"အိုကေ ရတယ် ပြောကြပါ"

ထိုပုဂ္ဂိုလ် ထွက်သွားဖို့ပြင်တော့ ခင်မိုးစျာန်က လက်ပြတားရင်း

"ဒယ်နီ မသွားပါနဲ့၊ ဒီမှာ မောင် သူက စျာန်ရဲ့ အခင်မင်ဆုံး ဆ ်ဆွေပါ၊ ပြောစရာရှိတာ သူ့ရှေ့မှာ ပြောလည်းရပါတယ်"

သူမဘက်က ဒီလောက်ထိတောင် မျက်နှာပြောင်တိုက်ရဲနေ တော့လည်း သူဘာမှ ဂရုမစိုက်တော့ပါ။

"ဟုတ်ပြီ မင်းနဲ့သူက ကျောင်းတက်ရင်း တွေ့ခဲ့ကြတာလား"

"မောင် ဘာကိုမေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မိုးချာန် ကိုယ် အရှုံးမဟုတ်ဘူး၊ မင်းတို့ တတွဲတွဲ ရှိနေတာ ငါ မမြင်ချင်အဆုံးပဲ"

"မောင် ချာန်ကို မစော်ကားနဲ့ ရှင်သာ ဒီကိုလာမှန်း သိရင် ချာန်တို့မလာဘူး၊ မောင်တို့ကို တွေ့ရတာ ချာန်ကံဆိုးတာပဲ၊ ချာန် ဆုတောင်းပေးပါတယ်၊ ရှင်တို့ ပျော်ပါစေ"

"အေး မင်း ငါ့ကို ဆက်မနှောင့်ယှက်ဖို့ လိုတယ်၊ ငါမင်းကို ရွံတယ်၊ ကိုယ့်ကိုကိုယ် တန်ဖိုးမထားတဲ့ မိန်းမပဲ"

"ဖြန်း"

"ဟင်"

သူ့ပါးပြင်မှာ နာကျင်သွားခဲ့သည်၊ သူမ ဒီလိုတုံ့ပြန်လိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပါ။

"အဲဒါ ကျွန်မကို စွပ်စွဲဦး စော်ကားဦး"

"ဘာကွ မင်းတို့ မင်္ဂလာပွဲအတွက် စီစဉ်ဝယ်ခြမ်းနေတာတွေ ငါ သိတယ် မိုးချာန်"

သူ ပေါက်ကွဲစွာ အော်တော့ သူမမျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျဆင်းလာရင်း

"ထွက်သွား ရှင်ထွက်သွားတော့၊ ကျွန်မကို စော်ကားတာတွေ ဒီမှာတင်ရပ်တော့ ရှင် ထွက်သွား သွား"

သူမ ရှိုက်ကြီးတငင် ငိုကြွေးကာ သူ့ကို မောင်းထုတ်သည်။ တစ်ချိန်လုံး ငြိမ်နေသော သူမအဖော်က သူ့ပခုံးကို ကြမ်းကြမ်းဆွဲလှည့်





ရင်း

"မင်း သူနဲ့ငါ့ကို စွပ်စွဲနေတာတွေ ရပ်တော့၊ နောက်ထပ် Rain ကို ထပ်ပြောရင် ငါနဲ့တွေ့မယ်၊ သူ့မှာမင်းမသိတဲ့ အကြောင်းတွေ အများကြီးရှိတယ်ကွ အဲဒါ ဘာလဲ မင်းသိလား"

"ဟင့်အင်း ဒယ်နီ မပြောနဲ့၊ သူသိလည်း ဘာမှထူးခြားမှာ မဟုတ်ဘူး"

ခင်မိုးချာန် အော်ဟစ်တားသည်။ ဒယ်နီက ခေါင်းကိုခါရမ်း ငြင်းနေရင်း

"သူ့ကိုပြောပြမှ နင်ခံစားနေရာတွေ ပျောက်မှာပေါ့ Rain"

"ကဲဗျာ ဘာလဲပြော ဒါ လျှို့ဝှက်စရာ မဟုတ်ပါဘူး"

သူကြားထဲက စိတ်မရှည်နိုင်စွာ ဟစ်အော်လိုက်တော့ ဒယ်နီ သူ့ကို လှည့်ကြည့်ရင်း

"သူ့မှာ အစာအိမ် ကင်ဆာဖြစ်နေတယ် ဒါကြောင့် သူ ဆေး ကုသဖို့ ထွက်သွားခဲ့တာ"

"ဟင်"

သူ မယုံနိုင်စွာ ချာန်ကို ကြည့်နေမိ၏။ ချာန်က မျက်ရည်တွေ နှင့် ကျောက်ရုပ်လို ငြိမ်သက်နေဆဲ။

"ချာန် မင်း မင်း ကိုယ့်ကိုဘာလို့ မပြောခဲ့တာလဲ၊ ဒါကို ဘာမှ ငါမသိခဲ့ပါလား"

"အဲဒီကိစ္စကို မင်းမိဘတွေက မသိစေချင်ကြဘူးလေ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်အောင် ကုပြီးပြန်လာမှ မင်းတို့ကိစ္စဆွေးနွေးမယ်တဲ့၊ အခု ...
သက်သာလာမှ မင်းမိဘတွေက ခေါင်းရှောင်ချင်တာ မဖြစ်သင့်ဘူး
ကျော်ညီညာ''

ဒယ်နီ မနေနိုင်ဘဲ ဝင်ပြောတော့မှ သူအားလုံး သိရတော့...
ချာန့်ကိစ္စကို မာမီတို့ပါ လိမ်ညာထားသည်ပေါ့။

မျက်ရည်တွေနှင့် ရပ်နေသော ချာန်အနားကို သူလျှောက်...
သည်။ သူဘာမှ မသိခဲ့သော အကြောင်းတွေကို အခုမှ သိခဲ့ရ၏။

''ချာန် သိပ်ဝမ်းနည်းတယ် မောင်၊ ချာန် ချာန်မောင့်...
ချစ်လွန်းလို့ ချာန်ရောဂါကြီးကို အချိန်ယူ ကုသခဲ့တာပါ၊ ဆေးရုံ...
အကြိမ်ကြိမ် တက်ခဲ့ရတယ်၊ စမ်းသပ်မှုတွေ အကြိမ်ကြိမ် ဆေးဝါး...
နှစ်ချီစားခဲ့ရတယ်၊ အဲဒါ မောင့်ဆီ ပြန်လာချင်လွန်းလို့ပါ''

''ချာန် ချာန်ရယ် မငိုပါနဲ့တော့၊ အခု ချာန် အနားမှာ မောင်...
နေပြီပဲကွယ်''

ချာန် ခန္ဓာကိုယ်လေးကို ထွေးပွေ့ချော့ရင်း သူ နှစ်သိမ့်...
သည်။ ချာန်က သူ့ရင်ခွင်ထဲမှာ ရှိုက်ငိုနေဆဲ။

ချာန် ဝေဒနာတွေနှင့် သောကမျက်ရည်တွေ ဘယ်လောက်...
အထိ ကျခဲ့သည်လဲ။ သူ မတွေးမကြည့်ရဲပါ။

''ချာန် မောင့်ကို သိပ်ချစ်ပါတယ်''

သူ့ရင်ဘတ်မှာ မျက်နှာအပ်ရင်း ချာန်ပြောသည်။ ဒါ...
သူ ရင်ခုန်သံတွေ တိတ်ဆိတ်နေ၏။





ထိုစကားကို ညအလင်းလည်း ပြောခဲ့သည်။ ထိုစဉ်တုန်းက
...ခဲ့သော နှလုံးသားက ထပ်ခုန်ဖို့ မေ့နေပြီလား။

သူတို့အနားက ဒယ်နီ အလိုက်တသိ ထွက်ကာ အခန်းတံခါး
...ပြန်စေ့ပိတ်သွားတာကို နှစ်ဦးစလုံး သတိမထားမိကြ။

လတ်တလောမှာတော့ ချာန်ကို သူ သနားသည်။ ညအလင်း
...တွက်တော့ . . . ။

■ ■ ■

ညအလင်း ဟိုတယ်ထဲလှမ်းဝင်တော့ တွေ့လိုက်ရတာ ခင်မိုး
...ချန်နှင့် အတူတွေသော နိုင်ငံခြားသားကို တွေ့၏။

သူကလည်း သူမကို မှတ်မိကာ အနားလျှောက်လာသည်။

''မင်း ဘယ်သူ့ဆီ လာတာလဲ၊ ကိုယ့်နာမည် ဒယ်နီပါ''

မြန်မာစကားကို ကျွမ်းကျင်စွာ ပြောနေသော သူ့ကို ညအလင်း
...ပြုံးပြမိပေမယ့် အခုချိန်မှာ တွေ့ချင်နေတာ ကျော်ညီညာ။

''ကျော်ညီညာ ဒီကိုလာသလားဟင်''

''သူရှိတယ် သူနဲ့ Rain အဲ ခင်မိုးချာန်တို့ ဆွေးနွေးနေတယ်''

''ဟင် ဘယ်မှာလဲ''

သူမ မေးတော့ သူက လက်ကာတားရင်း

''သူတို့ ဒီမှာမရှိဘူး၊ တစ်နေရာရာမှာ သွားစကားပြောကြ
...ယ်''

''ဟင် ရှင်က ဒါကို ခွင့်ပြုသလား၊ ခင်မိုးချာန်က ရှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နေတာ မဟုတ်ဘူးလား''

''ဟာ လာပြန်ပြီ တစ်ယောက်၊ Rain နဲ့ကိုယ်က အခင်ဆုံး မိတ်ဆွေပါ၊ ကယ်လီဖိုးနီးယားမှာ တွေ့ကြတာပေါ့ ကဲ ခဏထိုင်ပါဦး''

ညအလင်း သူ ဖိတ်ခေါ်ရာ ဟိုတယ်ဝန်းရှေ့က ခုံတန်းလေးမှာ အတူထိုင်လိုက်ရသည်။ ကျော်ညီညာကို စောင့်ရဦးမည်။

''ကိုယ်က ဆရာဝန်တစ်ယောက်၊ Rain နဲ့ခင်မင်ခဲ့တာ Rain ရဲ့ဝေဒနာရောဂါကို ကုသပေးတာ ကိုယ့်ဆရာမို့လေ''

''ဟင် ခင်မိုးချာန်က ဘာဖြစ်လို့လဲ''

''သူ့မှာ အစာအိမ်ကင်ဆာ ရှိတယ်''

''ဘုရားရေ''

အခုမှပဲ ညအလင်း သိခွင့်ရတော့သည်။ ကျော်ညီညာကို စောင်း ရင်း ဒယ်နီဆိုသောသူ ပြောပြတာတွေကို နားထောင်ခဲ့ရ၏။

အားလုံးကို သူမ သိလိုက်ရချိန်မှာ ကျော်ညီညာကို ဆုံးရှုံး ပြီလားဟု တုန်လှုပ်စွာ တွေးမိ၏။

ထိုနေ့က ကျော်ညီညာ ရောက်မလာဘဲ သူမဆီ ဖုန်းဆက်သွယ် မှုပဲ ဝင်လာသည်။

''ညည ကျွန်တော်တို့ တည်းခဲ့တဲ့ ဟိုတယ်ပြန်ပြီး ဒီတစ်ည တည်းလိုက်ပါ''

''ဟင် ရှင်က အခုဘယ်မှာလဲ''

''ကျွန်တော် အရေးကြီးကိစ္စကြောင့် ပြန်မလာနိုင်ဘူး မနက်ဖြန်





ညည ရန်ကုန်ပြန်ဖို့ လေယာဉ်လက်မှတ် စီစဉ်ပေးမယ်''

ပြောပြီးသည်နှင့် ဖုန်းတစ်ခါတည်း ပိတ်သွားခဲ့သည်။ ညအ လင်း ပြန်ခေါ်တော့ ဖုန်းအပြီးပိတ်ထားမှန်း သိရ၏။

''ကိုယ် ဘာကူညီရမလဲ ညအလင်း''

ဒယ်နီက မေးတော့ သူမ နှုတ်ခမ်းတွေ တင်းတင်းစေ့ထား ရင်း ခေါင်းကိုခါမိသည်။

ရှင် ရက်စက်တယ် ကျော်ညီညာ။ ကိုယ့်ကို အရုပ်တစ်ရုပ်လို ကစားသွားခဲ့တာပဲ။ နောက်ဆုံးတော့ ကိုယ် စိုးရိမ်နေခဲ့သလိုပါပဲ။

တည်းခိုခဲ့ဖူးသော ဟိုတယ် ပြန်ရောက်သည်အထိ သူမ အိပ် မပျော်ပါ။ ကျော်ညီညာ ဘယ်မှာရှိနေသည်လဲ။

ခင်မိုးချာန်နှင့်သူ ပြန်လည် နာလည်သင့်မြတ်သွားပြီ ထင်သည်။ ကျော်ညီညာကို ရက်စက်စွာ စွန့်ပစ်ခဲ့တာ မဟုတ်ဟု ဆိုမှတော့ သူ ခင်မိုးချာန်ဆီ စိတ်ပြန်ပါသွားမည်လေ။

တစိမ့်စိမ့်တွေးကာ ရင်ထဲမှာ ဝမ်းနည်းသည်။

ကိုယ့်မှာတော့ ပေးဆပ်မှုတွေများစွာနှင့် သူ့ကိုပေးဆပ်ခဲ့ရသည်။

ရင်ထဲက ချစ်ခြင်းကို သူ ဖွင့်မပြောသေးဘဲတောင် ကိုယ်က ရင်ဖွင့်ဟခဲ့ရ၏။

ဟင့်အင်း ကိုယ်နောင်တမရပါဘူး ကျော်ညီညာ။ ဒါပေမဲ့ နာကျင်ခံလိုက်ပါပြီ။

ကိုယ်ရှုံးသွားခဲ့ပြီ။ ဘာမှလည်း မမျှော်လင့်တော့ပါဘူး။ မင်း

www.burmeseclassic.com

www.burmeseclassic.com



မနှင်ဘဲ ကိုယ် ရန်ကုန်ပြန်ရုံပေါ့။

နှလုံးသားအတွက် ဒဏ်ရာမဟုတ်ပေမယ့် ဝေဒနာတစ်ခုတော့ ကိုယ် တစ်သက်စာ ပိုင်ဆိုင်ယူပါ့မယ်။

အချစ်ကို ကိုယ်တကယ် မပိုင်ဆိုင်ခဲ့ရဘူး ကျော်ညီညာ။ ဒါပေမဲ့ ချစ်တတ်ခဲ့ပါပြီ။

■ ■ ■

## အခန်း (၂၃)

ပုဂံက ပြန်ရောက်ပြီးကတည်းက ကျော်ညီညာ သူမကို လုံးဝ ...က်အသွယ် မလုပ်ခဲ့ပါ။

ဟိုတယ်မှာ တစ်ရက်တည်းပြီး သူမဘာသာ ရန်ကုန်ကို ပြန်ခဲ့ ...ည်။ ရင်ထဲမှာ ဝမ်းနည်းခြင်း ရက်ရှုံခြင်းတွေနှင့် ရှုပ်ထွေးနေခဲ့သည်။ ...ယ်လေးဆီကိုလည်း မသွားခဲ့ပါ။ ငယ်လေးက မိဘတွေရောက်နေက ...ည်းက သင်တန်းကို ခွင့်ယူထား၏။

ညအလင်း ဘဝမှာ တစ်ခါမှ မခံစားဘူးသော ဝေဒနာဆိုး ...က ဆိုးလှသည်။ ညဘက်တွေမှာ အိပ်လို့လည်းမပျော် စားလို့မရသော ...ဒနာက နှိပ်စက်လွန်း၏။

သူမ အရမ်း သိက္ခာမဲ့နေသည်လား။ တစ်သက်လုံး မျိုသိပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသမျှ အခုတော့ သဲထဲရေသွန် ဖြစ်ကုန်သည်။ မဆက်သွယ်လွယ် ဘူးဟု ဆုံးဖြတ်ထားသည့်ကြားက ငယ်လေးထံကို မနေနိုင်သည့် အဆုံး ဖုန်းခေါ်မိ၏။

“ငယ်လေး ငယ်လေးလား ကိုယ်ပါ”

“မမ ငယ်လေးလည်း ဒီနေ့ပဲ မမဆီ ဖုန်းဆက်မလို့ လုပ်နေ တာ”

“ကျော်ညီညာ ကောဟင် ငယ်လေး အခုဘယ်မှာလဲ ပုဂံ ကိုယ်ပြန်ရောက်ပြီး ကတည်းက သူကိုယ့်ဆီကို လုံးဝ မဆက်သွယ်ဘူး သူ ပြန်ရောက်ပြီလား”

“ကိုကို ပြန်ရောက်နေပြီ မမ၊ ငယ်လေးပြောပြမယ်၊ အဲ အချာနားထောင်၊ ကိုကို မမရှာန်နဲ့ ပြန်တွဲနေတယ်”

“သိတယ် ငယ်လေး ကိုယ် အဲဒါသိတယ် သူတို့ပုဂံမှာ ကတည်း က ပြန်အဆင်ပြေသွားတယ်”

“ဟုတ်တယ် အဲဒါကြောင့် ကိုကိုနဲ့ မာမိတို့ ပြဿနာတက်ပြီ တယ်၊ မာမိတို့က မမမိုးရှာန်နဲ့ လုံးဝသဘောမတူဘူး၊ ခါးခါးသီးသီး ငြင်းနေတာ၊ ကိုကိုက အိမ်ပေါ်က ဆင်းသွားပြီ မမ”

“ဟင် ဟုတ်လား”

“ဟုတ်တယ် မမ၊ ကိုကို သိပ်အပြောင်းအလဲ မြန်လွန်းတယ် မမ ငယ်လေး နားမလည်နိုင်တော့ဘူး၊ မမကို အရမ်းမျက်နှာပူတာပဲ”

ငယ်လေး ဘယ်လို ခံစားနေရသလဲ သူမနားလည်ပါတယ်





ဘယ်ဆို သူမခံစားရတာကို သူမ အသိဆုံး။

“အခု သူ ဘယ်မှာလဲ ငယ်လေး”

“ကျောင်းမြောင်းမှာ ကိုကိုရဲ့ တိုက်ခန်းရှိတယ်လေ၊ အဲဒီတိုက် ခန်းမှာ ကိုကိုသွားနေတယ်၊ မမလိုက်ချင် လိုက်သွားလိုက်လေ၊ ဗြော် ဦးတော့ မာမိက ပြောသေးတယ်၊ မမနဲ့တွေ့ချင်လို့တဲ့ ညနေကျရင် အိမ်လာခဲ့ပါလားဟင်”

“အင်း ကိုယ်လာခဲ့ပါ့မယ်၊ အခု ကိုယ် ကျောက်မြောင်းကို လိုက်သွားလိုက်ဦးမယ်”

ညအလင်း ဖုန်းပိတ်ပြီး အဝတ်အစားလဲလိုက်သည်။ ဘာမှ လည်း ပြင်ဆင်ချင်စိတ် မရှိပါ။ အခန်းထဲက အထွက်မှာ ခေါင်းထဲက ဗလာနဲ့ ဖြစ်သွားသေးသည်။

အအိပ်ပျက် အစားပျက်ရက်တွေများတော့ လူလည်း အင်အား ချိနေပြီထင်သည်။ ကားလေးကို ခပ်ဖြည်းဖြည်းပဲ မောင်းခဲ့လိုက်သည်။ ကျောက်မြောင်းက သူတိုက်ခန်းကို သူမသိသည်။

မိဘတွေကို ဆန့်ကျင်ပြီး ခင်မိုးရှာန်ဘက်ကို သူပါသွားပြီပေါ့။ ညအလင်း ရှင့်ဆီလာတာ နောက်ဆုံးပါ ကျော်ညီညာ။

မသဲကွဲသေးတဲ့ စကားတစ်ခွန်းအတွက် ညအလင်း ရှင့်ကို လာခဲ့တာပါ။ ဒါမှ ကိုယ် ဖြေသာမှာလေ။

ရှင်နဲ့ မိုးရှာန်တို့ အနာဂတ်သာယာပါစေလို့ ဆုတောင်းပေး မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်ခဲ့တဲ့ အချစ်တွေကတော့ မီးလောင်တိုင်ထဲ ပစ်သွင်း ရင်တောင် အရည်ပျော်မှာ မဟုတ်ပါဘူး။ ရှင့်ကို ခိုင်ခိုင်မြဲမြဲ ချစ်ခဲ့လ ကြောင့်ပါ။

တိုက်ရှေ့ရောက်တော့ သူ့အခန်းရှိသော သုံးလွှာကို အမြ တက်ခဲ့၏။ သူ့ရဲ့ အခန်းရှေ့ရောက်တော့ ညအလင်း အရမ်းမောဟိုက် နေသည်။ အမောမပြေနိုင်သေးဘဲ အခန်းတံခါးကို ကြည့်မိသည်။

တော်ပါသေးရဲ့ သော့ခတ်မထားပါ။ လူခေါ်ဘဲလ်လေးကို ည အလင်း နှိပ်လိုက်သည်။

တံခါးလာဖွင့်သူက ကျော်ညီညာ။ မထင်မှတ်တဲ့ ညအလင်း မြင်လိုက်တာမို့ မျက်ဝန်းတွေမှာ အံ့သြရိပ်တွေနှင့် မင်သက်နေသည်။

"မောင် ဘယ်သူလဲဟင်"

နောက်ကအသံနှင့်အတူ ထွက်လာသော ခင်မိုးချာနိကို မြ သည်။ ညအလင်း ရင်ထဲမှာ ဆတ်ခနဲ ခံစားရသည်။ သူတို့က အတူ နေကြပြီလား။

"ဪ ညအလင်းကို၊ မောင် အထဲကိုခေါ်ဦးလေ"

"ဪ အင်း လာလေ ညညု၊ အထဲကိုဝင်ထိုင်ဦး"

သူ့အခေါ်အဝေါ်က မပြောင်းသေးပါ။ ဝဲတက်လာသော မျ ရည်တွေကို သူမ မျက်တောင်တွေနှင့် ပုတ်ခတ်ပစ်ရင်း

"ကိုယ် သိချင်တာလေး တစ်ခုရှိလို့ လာခဲ့တာပါ၊ အဲဒါသိ ကိုယ်ပြန်တော့မှာပါ အထဲကို မဝင်တော့ဘူး"





ခင်မိုးချာနိက အလိုက်တသိနှင့် ပြန်လှည့်သွားကာ ဧည့်ခန်း ဆိုင်ခုံမှာ သွားထိုင်သည်။ ညအလင်း သူ့မျက်နှာကို စိုက်ကြည့်ရင်း

"ကျော်ညီညာ ရှင်ကိုယ့်ကို အသုံးချခဲ့တာလား၊ ကိုယ့်ကို အတယ် မချစ်ခဲ့ဘူးလားဟင်"

ကျော်ညီညာ အကြည့်တွေက ချက်ချင်းရှောင်လွှဲသွား၏။ ဘာ ဖြစ်တာလဲ။ သူမကို ရင်ဆိုင်ဖို့ဘာကို ကြောက်နေတာလဲ။

"ဖြေပါ အဲဒီစကားကိုပဲ ကိုယ် ကြားချင်တာ"

"ကိုယ် ကိုယ်တို့ အရင်က ဖြစ်ခဲ့တာတွေ မေ့လိုက်ကြစို့နော်၊ ကိုယ်တို့ ဘာမှ မဖြစ်ခဲ့ဘူးလို့ သဘောထားပေးပါ ညညု"

ကြည့်စမ်း သံယောဇဉ်ကင်းမဲ့သော စကားကို သူဆိုသည်။ ဒီစကားမျိုး တစ်ခါတုန်းက သူမလည်း သူ့ကိုပြောခဲ့ဖူးသည်။

"ဖြန်း"

"အဲဒါ ရှင့်အတွက် ကိုယ့်ရဲ့လက်ဆောင်ပဲ၊ ရှင့်ကို နာကျည်း သယ် ရှင်ဟာ အလကားလူပဲ ကျော်ညီညာ၊ ရှင့်ရင်ထဲက ရှိတဲ့အတိုင်း သောက်ျားပီပီ မပြောရဲဘူး၊ ရင်မှာဘာခံစားချက်မှ မရှိဘူး။ ရှင်ဘယ်တော့ နောင်တမရမိစေနဲ့"

သူမ ပေါက်ကွဲစွာ ပြောပြီး ချာခနဲ လှည့်ထွက်လိုက်သည်။ မြင်အာရုံတွေက ပြာဝေ မှုးမိုက်သွားခဲ့ကာ

"ဟာ ည ညညု"

လှေကားထစ်တွေအတိုင်း သူမပြုတ်ကျသွားမည့် အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



က တစ်စုံတစ်ယောက်ရဲ့ လှမ်းထိန်း ပွေ့ထားမှုကြောင့်ဟု နောက်

သိလိုက်၏။

■ ■ ■

"ဘာ ဘာဖြစ်တာလဲ မောင်"

စိုးရိမ်သံနှင့်မေးရင်း ဈာန် အနားရောက်လာချိန်မှာ ညအ

က သူ့ရင်ခွင်ထဲမှာ သတိလစ်မေ့မျောနေပြီ။

"သူ သတိမေ့လဲသွားတာဈာန် ဆေးရုံကိုခေါ်သွားမှ ဖြစ်

လာ ဈာန်က နောက်ခန်းမှာ သူ့ကိုထိန်းထား မောင် ကားမောင်း

"ဟုတ် ဟုတ်ကဲ့ မောင်"

သူ ညအလင်းကို ပွေ့ချီကာ ဆင်းခဲ့သည်။ ဈာန်က တိုက်

ကို သော့ပိတ်ပြီးနောက်က ပြေးလိုက်ဆင်းလာ၏။

အနီးဆုံးရှိသည့် ဆေးရုံကိုပဲ သူ့ကားကို ဦးတည်မောင်းခဲ့

ဈာန်က သတိမေ့နေဆဲ ညအလင်းကို ပွေ့ထိန်းထားရင်း စိုးရိမ်မျက်

လေးနှင့် ရှိနေ၏။

ဆေးရုံရောက်တော့ ဆရာဝန်ကြီးက လိုအပ်သော စမ်း

တွေကို အသေအချာ စမ်းသပ်စစ်ဆေးပေးသည်။

"သူ သိပ်အားနည်းနေတယ်၊ ဒီရက်ပိုင်းအတွင်း အစာ

အအိပ်ပျက်နဲ့ ပင်ပန်းထားတယ်နဲ့တူတယ် စိတ်မပူနဲ့ ခဏနေရင် သ

လာမှာပါ၊ အခုအားဆေးတွေ သွင်းထားတယ်"

ဈာန်က သူ ပခုံးကိုလှမ်းကိုင်ပြီး ခပ်တိုးတိုးပြောသည်။





"မောင် ညအလင်း အနားမှာနေပေးလိုက်ပါနော်၊ ဈာန် သူ့အတွက် ဝယ်နိုင်းထားတဲ့ ဆေးတွေ သွားဝယ်လိုက်ဦးမယ်"

"အိုကေ ဈာန်"

ဈာန် ခပ်သုတ်သုတ်လေး အခန်းထဲမှထွက်သွား၏။ သတိလစ်နေဆဲ ညအလင်းမျက်နှာလေးကို သူငေးကြည့်နေမိသည်။

သူမ မျက်ကွင်းလေးတွေ ချောင်ကျသွားတာတော့ အမှန်။ သူ့အတွက် ညအလင်း အတော်ထိခိုက် ခံစားရခဲ့ရသည်ဆိုတာ သေချာ၏။

သူ့ရင်ထဲမှာ တကယ်မကောင်းပါ။ ညအလင်းကို သူ့နှလုံးသားက ချစ်ခဲ့တာကို ဘယ်လိုဝန်ခံရမှာလဲ။ အခုချိန်မှာ ဈာန့်အနားမှာ သူ ရှိနေဖို့လိုသည်။

ဈာန် အပေါ်မှာ သူ သစ္စာမဲ့ချင်ပါ။ ဈာန်သည်လည်း သူ့အပေါ်မှာ နားလည်မှုတွေ ပြည့်ဝနေခဲ့သည်ပဲ။

ခွင့်လွှတ်ပါသည်ဟုလည်း ညအလင်းကို သူ နှစ်သိမ့်စကား ဆိုရက်ပါ။ သူမ သူ့ကိုရိုက်ခဲ့တာကိုလည်း လုံးဝ အပြစ်မမြင်ရက်။ ညအလင်း နှလုံးသားက ဒဏ်ရာပျောက်မည်ဆိုလျှင် သူ့ကို စိတ်ရှိလက်ရှိ ရိုက်နှက်လိုက်စမ်းပါ။

ညအလင်း မျက်နှာလေးပေါ် ဝဲကျနေသော ဆံနွယ်လေးတွေကို သူ ညင်သာစွာပဲ သပ်တင်ပေးလိုက်မိသည်။

နွမ်းသန့်ရှင်းနေသော မျက်နှာလေးကို သူ ထိန်းချုပ်မှုကင်းမွတ်စွာနှင့် နမ်းရှိုက်ခဲ့ဖူးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ဖဝါးလေးကို ဆုပ်ကိုင်ထားမိစဉ်မှာ လက်ချောင်းလေးတွေ လှုပ်ခတ်လာတာကို သတိထားမိသည်။ သူမ မျက်တောင်တွေ တဖျပ်ဖျပ် လှုပ်ခတ်ပွင့်လာတော့ သူ ဝမ်းသာသွား၏။

"ည ည သတိရပြီနော်"

သူမ မျက်ဝန်းတွေ သူ့ကို စိမ်းစိမ်းကားကားကြည့်သည်။ ပြီးတော့ အားနည်းသော လေသံတိုးတိုးနှင့်

"ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကိုယ် ညညကို စောင့်နေတာလေ"

သူမ မျက်ဝန်းတွေက သွယ်တန်းထားသော ဆေးပိုက်တွေ သတိထားမိသွားပုံရ၏။

"ကိုယ်ရောက်နေတာ ဆေးရုံလား"

"ဟုတ်တယ် ညည၊ အားနည်းပြီး သတိမေ့သွားတာ"

"ကိုယ် ဘယ်တော့ ဆေးရုံကဆင်းရမှာလဲ"

"အခုသွင်းပေးထားတဲ့ အားဆေးတွေကုန်ရင် ဆင်းရမှာ နောက်ထပ်လိုတဲ့ဆေးတွေ ရှာန်သွားဝယ်နေတယ်"

ညအလင်း နှုတ်ခမ်းလေးတွေ မဲ့ကျကာ အကြည့်တို့ လွှဲသွား သည်။ သူ့ကို ဘာမှမပြောချင်တော့ဟန်နှင့် မျက်လုံးလေးတွေမှိတ် ပြီး သက်သွား၏။

သူ အလိုက်တသိနှင့် အနားကထကာ ပြတင်းတံခါးမှာပဲ ရ နေလိုက်သည်။ ကံကြမ္မာက ဘာကြောင့် သူတို့သုံးယောက်ကို ကြော





တွေနှင့် ဆုံတွေ့ခွင့် ပြုခဲ့တာလဲ။

ညအလင်း ရယ် မင်းက ငါ့နှလုံးသားမှာ စူးစူးနစ်နစ် စိုက်ဝင်နေ တဲ့ မြားတစ်စင်းပါ။ ငါဘယ်တော့မှ အဲဒီမြားကို ဆွဲမနှုတ်ပစ်ဘူး။

ဘာလို့လဲသိလား။ ငါ မင်းကို . . . ။

■ ■ ■

ငွေရှင်းကောင်တာမှာ ဆေးဖိုးကျသင့်ငွေကို ထုတ်ရှင်းအပြီးမှာ ပဲ လက်ကိုင်အိတ်ထဲက မောင့်ရဲ့ ဟန်းဖုန်းလေးက ထမြည်သည်။

ရှာန် ဖွင့်နားထောင်လိုက်တော့ မောင်ရဲ့ညီမလေး ငယ်ညီညာ ဆီကဆက်တာ ဖြစ်နေ၏။

"ဟယ်လို ကိုကိုလား"

"ငယ်လေး ရှာန်ပါ"

"ဩော် မမရှာန် မာမီက မမရှာန်ကို တွေ့ချင်လို့တဲ့ မနက်ဖြန် မမရှာန် အိမ်လာခဲ့ပါလား"

"ဩော် အင်း လာခဲ့ပါ့မယ် ငယ်လေး"

"ဒါနဲ့ ကိုကို အနားမှာရှိလား"

"မရှိဘူး ငယ်လေး ဆေးရုံပေါ်က အခန်းထဲမှာ ကျန်ခဲ့တယ်"

"ဆေးရုံ ဘယ်သူ ဘာဖြစ်လို့လဲဟင် မမရှာန်"

"ညအလင်း မောင့်ဆီလာရင်း သတိမေ့လဲသွားလို့ အဲဒါ ရုံမှာ အားဆေးသွင်းနေရတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အားဆေးကုန်ရင် ချက်ချင်းဆင်းလို့ရပါပြီ အခု မမရှာန် သူ့အတွက်လိုတဲ့ ဆေးတွေ ဆင်းဝယ်နေတာ၊ စိုးရိမ်စရာတော့ မရှိပါဘူး"

"အခု မမရှာန်ကို ဘယ်ဆေးရုံမှာလဲ ငယ်လေး လာခဲ့မယ်"

"April Clinic လေ ငယ်လေး သိလား"

"သိတယ် သိတယ် ငယ်လေး အခုပဲလာခဲ့မယ်"

ငယ်လေး ဖုန်းပိတ်သွားခဲ့သည်။ ငယ်လေး လေသံတွေမှာ ညအလင်းအတွက် စိုးရိမ်စိတ်တွေ ပူပန်နေတာကို ရှာန် သတိထားမိသည်။

တကယ်ဆို မောင်သည်လည်း ညအလင်းပေါ်မှာ သံယောဇဉ် ကြီးမားတာ ရှာန် အကဲခတ်မိပါသည်။ ထိုအတွက် ရှာန် သဝန်မတိုချင် တော့ပါ။ မောင် ပျော်ရွှင်နေတာကိုပဲ ရှာန် မြင်ချင်ပါသည်။

ရှာန် အနားမှာ မောင်ရှိနေလျှင်ပဲ အရာရာ ပြည့်စုံနေပြီ။

အခန်းထဲကို ရှာန် ပြန်ရောက်တော့ မောင်က ပြတင်းတံခါး အနီးမှာရပ်နေသည်။ ခုတင်ပေါ်က ညအလင်းကို ရှာန် ပြုံးပြတော့ ညအလင်းကလည်း ပြန်ပြုံးပြသည်။

"သက်သာရဲ့လား ညအလင်း"

"အင်း သက်သာပါတယ်"

"အခုလေးတင် ငယ်လေး ဖုန်းဆက်တယ်၊ ညအလင်း ဆေးရုံ ရောက်နေတယ်ဆိုတော့ ချက်ချင်းလာခဲ့မယ်တဲ့"

"ညီမလေး ဖုန်းဆက်တာလား ရှာန်"





"ဟုတ်တယ် မောင် အခုလာနေလောက်ပါပြီ"

သွင်းပေးထားသော အားဆေးကုန်တော့ ဆရာဝန်က ခဏ နားပြီး ဆင်းလို့ရပြီဆိုသည်။

"ကိုယ်ပြန်ချင်ပြီ ကျော်ညီညာ"

"ငယ်လေး လာနေပြီလေ ညညရဲ့၊ ခဏလေး နားရင်းစောင့် လိုက်ပါ"

မောင် ပြောနေတုန်းမှာပဲ ငယ်ညီညာ အခန်းထဲကို ခပ်သုတ်သုတ် ဝင်လာသည်။ ညအလင်း နံဘေးမှာ သုတ်ခနဲ ဝင်ထိုင်ရင်း

"မမ မမ သက်သာရဲ့လားဟင်"

'အင်း သက်သာပါ ငယ်လေး"

"မမရယ် ကိုကိုကြောင့် သိလား၊ ကိုကို ရက်စက်လို့ မမဒီလို ဖြစ်ရတာ ကိုကို့ကို ငယ်လေး အရမ်းမုန်းတာပဲ"

ငယ်လေးပြောပြီး ငိုသည်။ မောင်က နှုတ်ဆိတ်စွာ ရပ်နေသည်။ ရှာန်ဘာမှ မပြောဘဲ ငြိမ်နေလိုက်၏။ ငယ်လေး စကားတွေက ရှာန် အနားမှာရှိနေတာကိုတောင် အလေးမထားပါ။

ညအလင်းအတွက် စိုးရိမ်စိတ်တွေ လွန်ကဲနေတာကြောင့်ဟု နားလည်ပေးလိုက်ပါသည်။

"မမ ငယ်လေးနဲ့ ပြန်လိုက်ခဲ့နော် အိမ်ကိုလိုက်ခဲ့နော်"

ဆေးရုံကို ယူလာသော ညအလင်းရဲ့ကားနှင့်ပဲ ငယ်လေး တို့ပြန်နိုင်းလိုက်သည်။ ရှာန်နှင့်မောင်ကတော့ တက္ကစီငှားကာ ပြန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်၊

"မောင် မောင့်တိုက်ခန်းရောက်ရင် နားလိုက်တော့နော်၊ ချာန်လည်း အိမ်တန်းပြန်လိုက်တော့မယ်"

"အင်း ချာန်၊ ချာန်ရဲ့ နားလည်ပေးမှုကို မောင်ကျေးဇူးတင်တယ်"

"ရပါတယ် မောင်ရယ်၊ ချာန် နားလည်ပါတယ်"

မောင့် လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ ချာန် ဆိုမိပါသည်၊ တကယ်ဆို မိဘတွေကို အတိုက်အခံလုပ်ကာ မောင် အိမ်ပေါ်က ဆင်းလာတာ ချာန်သိ၏။

မောင့်ရဲ့ စားဝတ်နေရေးအတွက် ချာန်နေ့စဉ် လာစီစဉ်ပေးသည်။ ချာန်နှင့်မောင်တို့ လက်ထပ်ဖို့အတွက်တော့ မောင်တို့ မိသားစုပြဿနာတွေ အေးချမ်းမှ စီစဉ်ချင်သည်ဆိုသော မောင့်ဆန္ဒကို ချာန် လက်ခံခဲ့၏။

မောင့်ကိုတော့ ချာန် မခွဲနိုင်အောင် မြတ်နိုးပါသည်။

■ ■ ■

"သမီး နေသာသလိုနေနော်၊ အန်တီတို့ကို ဘာမှ အားနာနေ မလိုဘူးနော်"

ငယ်လေးတို့ အိမ်ရောက်တော့ ငယ်လေးမိခင်က ညအလင်း ဂရုတစိုက် ရှိပါသည်။

"မမ ဒီညတော့ အိမ်မှာပဲနေနော်၊ ပြန်ချင်ရင် မနက်ပြန်





ပြန် မမအိမ်မှာ ပြုစုမယ့်သူမှ မရှိတာ"

"ဟုတ်တယ် သမီး၊ အန်တီလည်း သမီးကို မေးစရာလေးတွေ ရှိလို့ ဟို သမီးနဲ့သားက ဘယ်တုန်းကတည်းက သိကျွမ်းခဲ့တာလဲ"

"ကျော်ညီညာနဲ့ကျွန်မ ကျောင်းတုန်းကတည်းက ခင်မင်ခဲ့ကြတာပါ၊ ကျောင်းပြီးတာနဲ့ အဆက်အသွယ်ပြတ်သွားပြီး ပြန်ဆုံကြတာပါ"

"သမီးက သားကို ခင်မင်သံယောဇဉ် ကြီးတယ်နော်"

အခုချိန်မှာ ညအလင်း ဟန်ဆောင်မှုတွေနှင့် မရှိချင်တော့ပါ။ တကယ်ဆို ကျော်ညီညာကိုတောင် နှုတ်က ဝန်ခံခဲ့ပြီးပြီပဲလေ။

"ကျောင်းမှာတုန်းကတည်းက ကျော်ညီညာနဲ့ ခင်မိုးချာန်ချစ်သူတွေဆိုတာ ကျွန်မ သိတယ်၊ ဒါပေမဲ့ ကျွန်မတို့သူငယ်ချင်းလို ခင်ခဲ့ကြတယ်၊ ပြန်တွေ့တော့ ခင်မိုးချာန် သူ့အနားမှာမရှိဘူး၊ သူက လက်ထပ်ပြီးတောင်းတယ်၊ သမီးကိုယ်တိုင်ကလည်း ကျော်ညီညာကို သံယောဇဉ်ရှိမာခဲ့တာပါ အန်တီရယ်၊ သမီးဘဝမှာ ကျော်ညီညာက ပထမဆုံးတွေ့ဆုံမိတဲ့ယောက်ျားပါ"

ရင်ထဲက ခံစားချက်တွေကို ညအလင်း မရှက်စတမ်း ဝန်ခံမိသည်။ ငယ်လေးတို့သားအမိက နားလည်စွာ နားထောင်နေခဲ့ကြ၏။

"ကျွန်မ အရင်က ဒီပုံစံမျိုး မဟုတ်ဘူး၊ ဒါကို ကျော်ညီညာအသိဆုံးပါ၊ အခုတော့ အရာအားလုံး ပြောင်းလဲပြီး သူ့ကို ကျွန်မချစ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ သမီးကို နားလည်ပါတယ်ကွယ်၊ အန်တီကလည်း သားကို သမီးနဲ့ပဲ သဘောတူတာပါ"

"ငယ်လေးလည်း ကိုကို့ကို မမနဲ့ပဲ သဘောတူတယ်"

"ကျေးဇူးတင်ပါတယ် ငယ်လေး၊ ဒါပေမဲ့ ကျော်ညီညာရဲ့နှလုံး သားက ကိုယ့်ဆီမှာ မရှိတော့ပါဘူး"

"အန်တီသိတယ်သမီး သားက ခင်မိုးရှာန်ကို စာနာသနားစိတ် ပြီးတော့ အရင်သံယောဇဉ်နဲ့ မပြတ်သားတာပါ သူ သမီးကိုချစ်တာ အန်တီ သိတယ် အန်တီ မွေးထားတဲ့သားပါကွယ်"

နှစ်သိမ့်ဖေမး စကားလား။ ဒါပေမဲ့ နောက်ဆုံး မျှော်လင့်ချက် တစ်ခုကိုတော့ သူမ မိုက်မဲစွာ ဆုပ်ကိုင်ထားချင်ပါသည်။

ကျော်ညီညာရယ်။ ရှင့်ကြောင့် ကိုယ်ရဲ့သိက္ခာ မာန အားလုံးကို ပေးဆပ်စတေးခဲ့ရတာပါ။

ရှင် ဒါကို တစ်ချက်လေးတောင် စောင်းငဲ့မကြည့်ဘူးနော်။

ကိုယ့်နှစ်လုံးသားကို ရှင်စကားသွားတာ နာကျင်စရာ ကောင်း ပေမယ့် ကိုယ်မနာနိုင်ဘူး၊ မနာရက်ဘူး။

အချစ်စိတ်ရဲ့ ခွင့်လွှတ်နိုင်စွမ်းက အံ့ဩစရာကောင်းလိုက်တာ

■ ■ ■



## အခန်း (၂၄)

တစ်ချိန်တုန်းက ဒီခြံ ဒီအိမ်ကြီးက သူမနှင့် အကျွမ်းတဝင် ...တာ မှန်ပေမယ့် အခုချိန်မှာတော့ သူစိမ်းဆန်လွန်းသလို ဖြစ်နေခဲ့ ...ည်။

အခုလည်း ဧည့်ခန်းဆိုဖာ ထိုင်ခုံမှာ သူမ ဧည့်သည်တစ် ...ယောက်လို မောင့် မေမေကို ထိုင်စောင့်နေခဲ့ရ၏။

ခဏကြာတော့ သွားခေါ်သည့် ငယ်လေး ပြန်ပါမလာတော့ဘဲ ...ောင့်မေမေ တစ်ယောက်တည်း ဧည့်ခန်းကိုထွက်လာသည်။

"မင်္ဂလာပါ အမေ"

ရှာန် မတ်တပ်လေးရပ်ကာ နှုတ်ဆက်တော့ မောင့်မာမီက ...ာ်ခမ်းလေးတွေ လွန့်ခနဲပြုံး ခေါင်းညိတ်ရင်း

"မင်္ဂလာပါကွယ် ရတယ် သမီးထိုင်ပါ နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ ကောင်းသွားပါပြီ အမေ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်မေမေက ချာန့်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ အရင်ကအတိုင်း နူးညံ့ပြီး ချိုသာသော အပြုံးမျက်နှာက ချစ်ခင်ကြင် ရိပ်တို့ အပြည့်ရှိနေဆဲ။

မောင့်မေမေရဲ့ အကဲခတ်အကြည့်တွေ ချာန့်ခန္ဓာကိုယ် ခြေ ခေါင်းအဆုံး လွှမ်းခြုံနေခဲ့တာတော့ စိတ်မှာ မလုံခြုံသလို ခံစားနေ ရသည်။

ဝေဒနာရောဂါဆိုးကြီး၏ ဖိစီးနှိပ်စက်မှုက နှစ်ချီကြာခဲ့သည် ဆိုတော့ ချာန် လူးလိမ့် ခံစားခဲ့ရတာ ပြင်းထန်ပါသည်။ ဒီတော့ ချာန့် ခန္ဓာကိုယ်က သိသာစွာတော့ ပိန်လှီသွားသည်။

မောင့်ဆီ ပြန်မလာခင် အချိန်ကာလဆိုလျှင် ချာန့်ရဲ့ ခန္ဓာကိုယ် က တကယ့်ကို အရိုးပေါ် အရေတင်မတတ်ဖြစ်ခဲ့သေးသည်။

ဒယ်နီက အားပေးစကားတွေနှင့် ပြန်လည် ဖြည့်ဖြိုးလာအောင် အစားအသောက်ကအစ အကြံပေးဂရုစိုက်ခဲ့တာမို့ ချာန် ဒီလို အ အနေကို ပြန်ရောက်လာတာ ဖြစ်၏။

"ခွဲစိတ်တာ အောင်မြင်တယ်လို့ သမီးဦးလေးက ပြောတယ်"

လွင့်ခနဲ ဖြစ်သွားသော အတွေးတွေက ဒေါ်နှင်းမြတ် အ စကားကြောင့် ပြတ်တောက်သွား၏။ ချာန် ခေါင်းလေးညိတ်ရင်း

"ဟုတ်ကဲ့ အောင်မြင်ပါတယ် အမေ"

"ငါးနှစ်ကျော်လောက်တောင် ကြာခဲ့တယ်နော်၊ သမီးပြန်ရောက် တော့ ဘာလို့ အန်တီ့ကိုတောင် အသိမပေးတာလဲ"



"ဦးလေးက မပြန်စေချင်ဘူး၊ ချာန်မောင့်ကို တွေ့ချင်လွန်းလို့ လာတာပါ"

ချာန် စကားကို ဒေါ်ရှင်းမြတ် သိပ်မနှစ်သက်သလို မျက်မှောင် ကုပ်ကြည့်ရင်း

"အန်တီ သမီးဦးလေးနဲ့ တွေ့ဖြစ်ပါတယ်၊ သမီးရောဂါက ပျောက်ကင်းတယ်လို့ မဆိုနိုင်သေးဘူးတဲ့၊ ဆေးဝါးတွေ ဆက်မှီဝဲ အစားအသောက အနေအထိုင်ကအစ ဂရုစိုက်ရမယ်ဆို"

"ဟို ဒီလောက် မဟုတ်တော့ပါဘူး၊ ဆေးတော့ သောက်ရ တယ်၊ ဒါပေမဲ့ အတော်ကြီးကို သက်သာ ပျောက်ကင်းနေပါပြီ"

"နေဦး သားက မင်းရောဂါ အစစ်အမှန်ကို သိထားပြီးပြီလား၊ ဂါကို ကုသဖို့ မင်းသွားခဲ့တာ အန်တီပါ သိတယ်လို့ ပြောလိုက် "

မယုံကြည်သလို မေးသော လေသံတွေက စိမ်းပြတ်နေသလို ည်။ တစ်ချိန်တုန်းက မောင်နှင့်ချာန်ကို ဒေါ်နှင်းမြတ် ကိုယ်တိုင် ကြည်ဖြူထားခဲ့သည်။

အခုတော့ ထိုအခြေအနေမျိုးကို လက်မခံသလို အသွင်ရှိနေ တော့ သေချာ၏။

"ချာန် ဘာမှ မပြောပါဘူး အမေ၊ နောက်ဆုံးမှာတော့ မောင် ခဲ့ပါတယ်၊ ဒယ်နီက ပြောပြလိုက်တာပါ"

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချာန့်ရှင်းပြသမျှကို ငြိမ်သက်စွာ နားထောင်နေသော မျက်[illegible] က တည်ငြိမ်လွန်းနေသည်။ ပြီးမှ

"သမီးကို အန်တီ တောင်းပန်ချင်တယ်၊ အန်တီသားကို [illegible] အလင်းနဲ့ သဘောတူထားပြီးပြီ၊ သမီး သားနဲ့ကင်းကင်းနေပေးပါ"

မောင့်မာမီ့နှုတ်က ဒီလောက်အထိ ပြတ်သားစွာဆိုလာမည်[illegible] မထင်ခဲ့မိပါ။ အခုတော့ သူမကိုတွေ့ချင်သည်ဆိုတာ ဒီစကားတွေ [illegible] ဖို့ဟု နားလည်သိခဲ့ရပြီ။

ဝမ်းနည်းစိတ်ကြောင့် ချာန့် မထိန်းချုပ်နိုင်ဘဲ မျက်ရည်[illegible] ဝဲတက်လာတာ ချက်ချင်း။

"သမီး မောင့်ကို သိပ်ချစ်တယ်၊ သမီးရဲ့ရောဂါပျောက်ကင်း[illegible] မြန်မာပြည်ပြန်ခဲ့ပါလို့ အမေပဲ ပြောခဲ့တယ် မဟုတ်လား အမေရယ်"

"အန်တီလို့ပဲ ခေါ်ပါ ခင်မိုးချာန့်"

ခေါ်နေကျ နာမ်စားကိုတောင် နားခံနားထောင်ဖို့ ဒေါ်နှင်းမြ[illegible] အလိုမရှိတော့ပြီလား။

"ရောဂါ ပျောက်သွားရင် မောင်နဲ့ လက်ထပ်ပေးပါ့မယ်[illegible] အမေပဲ ချာန့်ကို သဘောတူထားခဲ့တာ မဟုတ်လားဟင်"

"အဲဒီ သဘောတူညီမှုကို အန်တီဖျက်တယ်၊ သားနဲ့မင်း[illegible] အန်တီ သဘောမတူနိုင်ဘူး ခင်မိုးချာန့်"

"အန်တီ ချာန့် နှလုံးသားကို မခွဲပါနဲ့၊ မောင့်ကိုချစ်လွန်း[illegible] အန်တီတို့စကားကို ချာန့် နားထောင်ခဲ့တာပါ၊ ချာန့်ဆန္ဒနဲ့ဆို မြန်မာ[illegible]





[illegible]ဘ မသွားဘူး၊ မောင့်နားမှာပဲ သေဖို့ဝန်မလေးခဲ့ဘူး၊ ဒါပေမဲ့ အန်တီ [illegible]ကားကို ချာန့် နာခံခဲ့ပါတယ်၊ ငါးနှစ်ကျော်အထိ မောင့်ကို မဆက်သွယ် [illegible]ဘဲ နေခဲ့တယ်၊ ဒီအတွက်လည်း ချာန့် မောင်အထင်လွဲတာ ခံခဲ့ရတယ်၊ အခု မောင်ရဲ့နားလည်မှုတွေကို သမီးရနေပြီ အမေ၊ သမီးကို မရက်စက် ပါနဲ့နော်"

မျက်ရည်တွေကြားကာ ချာန့် ငိုကြွေးတောင်းပန်မိသည်။ ဒေါ် [illegible]နှင်းမြတ် ခေါင်းကိုခါရမ်းရင်း ထရပ်သည်။

"အန်တီ့သားကို ရောဂါသည်နဲ့ သဘောမတူနိုင်ဘူး၊ အန်တီ အမေတစ်ယောက်အနေနဲ့ တားပါရစေကွယ်"

"အမေ ညအလင်းကြောင့် သမီးကို ရက်စက်နေတာလား"

"ညအလင်းကို သားကိုယ်တိုင်က လက်ထပ်ခွင့်တောင်းခဲ့တာ၊ အန်တီတို့ကိုလည်း အသိပေးခေါ်ခဲ့ပြီးမှ သား အခုလို ထင်ရာလုပ်သွား [illegible]တော့ ညအလင်းဘက်က စဉ်းစားဦးလေကွယ်"

"သမီးဘက်ကကော အမေ"

"တော်ပါတော့ ခင်မိုးချာန့်၊ သမီးကိုလည်း အန်တီ ချစ်ခဲ့တာ သမီးအသိပါ၊ ဒီလိုချစ်လို့ သမီးဆက်ပြီး အသက်ရှင်ခွင့်ရအောင် တိုက် [illegible]တွန်းခဲ့တာပေါ့၊ ဒါပေမဲ့ အန်တီ့ရှေ့မှာ တစ်ချိန်ချိန် သမီးရောဂါသည်းပြ [illegible]န်ရင် အန်တီ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး၊ အန်တီ့ကို နားလည်ပေးပါ သမီး ရယ်"

ပြောရင်း ဒေါ်နှင်းမြတ် မျက်ဝန်းမှာ မျက်ရည်တွေ ဝဲလာသော



www.burmeseclassic.com

www.burmeseclassic.com



ချာန်မြင်ရတော့ ရင်ထဲမှာ မချိ။

"သားကိုချစ်ရင် အန်တီ့ကို စာနာရင် သမီးနောက်ဆုတ်
လိုက်ပါ"

စကားအဆုံးမှာ ဒေါ်နှင်းမြတ် အခန်းထဲကို လှည့်ဝင်သွား
ခဲ့သည်။ ချာန် တစ်ယောက်တည်း ညှော်ခန်းထဲမှာ ကျန်ရစ်ခဲ့ရ၏။

စီးကျလာသော မျက်ရည်တွေကို ပွတ်သုတ်ရင်း ချာန် ညှော်ခန်း
လေးကို ကျောခိုင်းလိုက်သည်။

ရက်စက်လိုက်တာ လောကကြီးရယ်။ ချာန် အပေါ်မှာ ဘာ
ဒီလောက် ရက်စက်ရတာလဲ။

တကယ်ဆို ချာန်မှာ အစာအိမ်ဆိုတဲ့ ရောဂါကြီးရှိနေပြီ ဆိုတာ
သိလိုက်ရချိန်က နောက်ကျနေပြီ။

အစာအိမ်နာက ကင်ဆာဆန်ဆန် အခြေအနေအထိ ဆိုးသွား
နိုင်သည်ဆိုတာကြောင့် မောင့်အမေက ချာန်ကို နှစ်သိမ့်သည်။

"သမီး ရောဂါကို နုတုန်းမှာ ကုသစမ်းပါ၊ ဆေးပညာတိုး
တက်ထွန်းကားနေတဲ့ တိုင်းပြည်အထိ သွားကုနိုင်ရက်နဲ့ သမီးဘာ
ခေါင်းမာနေတာလဲ"

"သမီး မောင့်ကို မခွဲနိုင်ဘူး အမေရယ်"

"သားနဲ့သမီး တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားချင်
ဒီရောဂါကို အချိန်ယူပြီး ကုသပါ၊ အန်တီ တာဝန်ယူတယ်၊ သမီးရော
ပျောက်ကင်းပြီး ပြန်လာတာနဲ့ အန်တီကိုယ်တိုင် သားနဲ့ လက်ထပ်





ယ်"

ကတိတွေပေးကာ ချာန်ကို အမေရိကားမှာ ရောဂါကုဖို့ မောင့်
မေ တိုက်တွန်းခဲ့သည်။ မောင် ထိုကိစ္စကိုမသိအောင်လည်း လျှို့ဝှက်
ားခဲ့သည်။ ချာန် ပညာသင်သည်ဟုပဲ မောင်သိခဲ့၏။

ချာန် မသွားမီလေးမှာ မောင် ကားအက်ဆီးဒင့်ဖြစ်တော့
နုဥ်ဖျက်ဖို့ ချာန် စီစဉ်ခဲ့သေး၏။

"မလိုဘူးသမီး သား အခြေအနေက ဘာမှမပြောပလောက်ဘူး
မီး မရှိလည်း ဘာဖြစ်နိုင်မှာမို့လဲ၊ ကိုယ့်ခရီးကို ဖြောင့်ဖြောင့်သွားပါ
ယ်၊ အချိန်တန်ရင် သမီးဘ၀ အေးချမ်းသွားမှာပါ"

ချာန် ထင်မှတ်ထားသည်ထက်တောင် ချာန်ရဲ့ရောဂါဝေဒနာ
ဆိုးနေခဲ့၏။

ထိုနောက်မှာ ခွဲစိတ်မှုတွေ အကြိမ်ကြိမ်၊ ဆေးရုံးလေးငါးခု
ပြောင်းကာ အချိန်ယူ ကုသခဲ့ရ၏။

ထိုကာလတွေမှာ မောင့်မေမေကတော့ သတိတရ ဖုန်းဆက်
အားပေးစကားတွေ ပြောခဲ့၏။

"သားက သမီးအကြောင်း အမြဲမေးတယ်၊ သမီး ပညာရေး
နှောင့်အယှက် မဖြစ်စေနဲ့လို့ အန်တီ ချော့မော့ထားရတယ်၊ သမီး
မာရေးပဲ ဂရုစိုက်နော်"

မောင့် မေမေရဲ့ အားပေးစကားတွေနှင့် ချာန် ကာလရှည်ကြီး
ရှင်ဆိုင်ကျော်ဖြတ်ခဲ့ရတာ ဖြစ်၏။ ပြီးတော့ ဒယ်ဒီရဲ့ အားပေးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ခွန်အား ဖြစ်ခဲ့သည်။

ရျာန် ရောဂါသက်သာ ပျောက်ကင်းခဲ့သည် ဆိုပေမယ့် ဦးလေး က မြန်မာပြည်ကို မပြန်စေချင်ခဲ့။

"ဒီမှာပဲ အခြေချပါ သမီးရယ်၊ သမီးရဲ့ရောဂါအတွက် လိုအပ်ရင် ဒီမှာပဲ ပြသလို့ရတယ်၊ ဘာလို့ မြန်မာပြည် ပြန်မှာလဲ"

ဦးလေးကို ဆန့်ကျင်ကာ ရျာန် မြန်မာပြည်ကို ပြန်ခဲ့သော ဖြစ်သည်။ မောင်ရဲ့ ဥပေက္ခာတရားတွေကိုလည်း ရင်ဆိုင်ဖြေရှင်းနိုင်ပြီးမှ . . ။

အခုတော့ မောင့် မေမေကိုယ်တိုင်က သဘောမတူနိုင်ဘဲ ဖွင့်ပြောလာခြင်းက ဝမ်းနည်းစရာပါပဲ။

မောင်ရယ် မောင့်ကို ကျွန်မ မခွဲနိုင်ဘူး။

ကျွန်မကို ခွဲမသွားပါနဲ့။ ဘယ်သူမှ ကျွန်မဘက်မှာ မရှိတော့ မောင်ရှိနေပေးပါ။

■ ■ ■

## အခန်း (၂၅)

ဒီနေ့ သူတိုက်ခန်းကို ရျာန်ရောက်လာသည်။ လက်ထဲမှာလည်း အိတ်တွေနှင့် လက်နှစ်ဖက်စလုံး ပြည့်နေသည်။

"ဟာ ရျာန် စောစောစီးစီး လက်ထဲက ဘာတွေလဲ ပင်ပန်းလိုက်တာကွာ"

"ဒီနေ့ မောင်နဲ့အတူ ထမင်းချက်စားကြမလို့လေ၊ ဒီမှာဟင်းတွေပါလာတယ် အစုံပဲ"

"အိုကေ မောင်လည်း ကူလုပ်ပေးမှာပေါ့"

ရျာန်လက်ထဲက အိတ်တွေကို ဝိုင်းကူဆွဲပေးရင်း မီးဖိုခန်းလေးထဲကို နှစ်ဦးသား ဝင်ခဲ့ကြသည်။

"ဘာတွေ ချက်မှာလဲဟင် ရျာန်"

"ကြက်သားဆီပြန်၊ အစိမ်းကြော်၊ ငါးဖယ်ဟင်းချိုနဲ့ နောက်နေ့တွေ မောင်စားလို့ရအောင် ငါးကြော်နှပ်ပေးခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား စုံလှချည်လား"

"ကဲ ကြက်သားချက်ဖို့ ဂျင်းရယ် ကြက်သွန်ဖြူရယ် မောင် နွှာပေးနေ၊ ရေတ်သီးတော့ မောင် ထောင်းတတ်မှာ မဟုတ်ဘူး၊ ဈာန်ပဲ ထောင်းမယ်"

"ဈာန် ရေတ်သီးတွေ ဂျင်း အပူအစပ်တွေ ဈာန်နဲ့ တည့်လို့ လား"

"ရတယ် ဈာန် တစ်ခါတလေ စားတာဘာမှ မဖြစ်ပါဘူး"

ပြောရင်း ဈာန်က ကြက်သားတွေကို ဘေစင်လေးမှာ ရေ အထပ်ထပ်ဆေးကြော ပြင်ဆင်နေသည်။ သူ ကြက်သွန်တွေ နွှာပေးရင်း နံဘေးက လိုအပ်တာတွေ ကူညီပေးနေလိုက်၏။

ဈာန်ကတော့ တစ်ယောက်တည်း ဟင်းတွေ တစ်အိုးပြီး တစ် အိုးတည်ကာ ချက်ကာ ဖယ်ဆက်သလို လုပ်နေ၏။

"ဈာန် ဒါတွေ ဘယ်တုန်းက ချက်တတ်နေတာလဲ"

"အဟင်း ဟင်းချက်နည်းစာအုပ်တွေ ဖတ်ပြီး စမ်းချက်ရင်း တတ်တာပေါ့၊ အဟင်း ရယ်စရာ ပြောဦးမယ်၊ ဈာန် စချက်တုန်းက မြည်းပြီးစားတဲ့ သူက ဒယ်နီလေ"

"အင်း ပြောပါဦး"

"အစပ်အဟပ်မတည့်တော့ ငံလိုက်ပေါ့လိုက် ရသာစုံပေါ့ ဒယ်နီ က မြန်မာထမင်းဟင်း ခရေစီဆိုတော့ ကောင်းကောင်း မကောင်းကောင်း စားတာပဲ သိလား"





"အင်း ဒယ်နီကတော့ ဈာန်အတွက် မိတ်ဆွေကောင်းပါ၊ သူကော နေထိုင်ရ အဆင်ပြေရဲ့လား"

"ပြေပါတယ် အခု မန္တလေးသွားတယ် ပြီးရင် မေမြို့ဆက်သွား မယ်တဲ့၊ မြန်မာပြည်ရောက်တုန်း သူက အနှံ့လည်နေတာလေ"

ဈာန် ပြောပြတာ နားထောင်ရင်း ဒယ်နီကို သူ ပြေးမြင်မိသည်။ မြန်မာစစ်စစ် မဟုတ်ပေမယ့် ဈာန် မိတ်ဆွေဒယ်နီက ခင်မင်စရာ ကောင်းသူဟု သူသိခဲ့ရသည်။

ဈာန်နှင့် အထင်လွဲမိတာကိုတောင် အားနာမိသေးသည်။

"ကဲ မောင် ရေမိုးချိုးနှင့်တော့ ဒီအိုးကျရင် စားလို့ရတော့မှာ"

"ဟား ဈာန်နဲ့မှ အတူချိုးမှာပေါ့"

"အိုး မောင်ကလည်း"

ဈာန် မျက်နှာလေးရဲ့ကာ ရှက်သွေးလွှမ်းသွားတော့ သူ သဘော ကျသလို ရယ်ရင်း ဈာန် နဖူးလေးကို နမ်းလိုက်၏။

"နောက်တာပါကွာ မောင်နဲ့ ဈာန် လက်မထပ်သေးဘဲ မောင် ဘယ်တော့မှ အဆင့်မကျော်ပါဘူး၊ ကဲ မောင်ရေချိုးလိုက်မယ် ပြီးမှ ဈာန် ချိုးပေါ့"

သူ ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ဈာန်နှင့်အတူ ဒီလိုချက်ပြုတ် စားသောက်ရတော့ ညအလင်း အိမ်မှာ စားခဲ့ရသော ထမင်းပွဲကို သတိရ မိ၏။

ဟင်းချက်တော်သော ညအလင်းသည် ဒယ်ဒီနှင့် မာမီတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချီးကျူးမှုကိုတောင် ခံယူခဲ့ရသေးသည်။

တစ်ချိန်မှာ ညအလင်းနှင့် ပျော်စရာကောင်းသော မိသားစု ဘဝလေးကို ပိုင်ဆိုင်ရမည်ဟု သူစိတ်ကူးယဉ်ထားသမျှတွေက ဘယ်တော့မှ ရနိုင်တော့မည် မဟုတ်ပါ။

ချာန် ချက်ထားသော ဟင်းတွေနှင့် နှစ်ယောက်သား အတူ ထမင်းစားဖြစ်သည်။

"ချာန် အငန်အစပ်တွေ သိပ်မစားနဲ့နော်"

"အဟင်း ရပါတယ် မောင်ရဲ့၊ ချာန်က ရောဂါသည်မှ မဟုတ်တော့တာ"

ချာန့်ကို စိုးရိမ်စွာ သူမပြောပေမယ့် ချာန်ကတော့ အားရပါးရ စားနေတာ ထမင်း နှစ်ပွဲတောင်ကုန်သည်။

စားသောက်ပြီးတော့ ချာန် ပန်းကန်တွေ သိမ်းဆည်း ဆေးကြောရင်း

"အ အ နာလိုက်တာ"

"ဟာ ချာန် ချာန်ဘာဖြစ်တာလဲ"

"ဗိုက် ဗိုက်ထဲကနာလို့ ချာန် ထမင်းစားများသွားလို့ ထင်တယ်"

"ဟာ ဖြစ်ရမယ်ကွာ ချာန်ကတော့"

"ရတယ် ချာန် အိတ်ထဲမှာ ဆေးဘူးပါတယ်၊ အ ယူပေးပါ မောင်"





သူ ချာန့်လက်ကိုင်အိတ်ထဲက ဆေးဘူးကို ယူကာ ရေတစ်ခွက်နှင့် ချာန်ဆီ ကမ်းပေးလိုက်၏။

"ဒီမှာခဏထိုင်လိုက် ပန်းကန်တွေ ထားလိုက်စမ်းပါ၊ ပြီးမှ မောင် ရှင်းလို့ရတယ်"

ထိုင်ခုံမှာ ခဏလေးထိုင်လိုက်မှပဲ ချာန် သက်သာသွားကာ မျက်နှာလေး ပြုံးရွှင်သွားခဲ့သည်။

"အိုကေ သက်သာသွားပြီ မောင်"

"မောင် ရင်ထိတ်လိုက်တာ ချာန်ရယ်"

"ဒါဆို ချာန့်ကို ချစ်လို့ပေါ့နော်၊ ချာန်လေ မောင့်ကို သိပ်ချစ်တယ်၊ သေတဲ့အထိချစ်မှာ၊ ဒါပေမဲ့ မောင့်မေမေက ချာန်နဲ့ မောင့်ကို သဘောမတူဘူးတဲ့"

"မာမိက ချာန့်ကို နားလည်မှုလွဲနေတာပါ ချာန် နေကောင်းနေပြီပဲ၊ နောက်တော့ စိတ်ပြေသွားမှာပါ၊ အရင်က ချာန့်ကို မာမိချစ်သလို ပြန်ချစ်လာမှာပေါ့"

"မောင် ချစ်ဖို့ပဲလိုတာပါ၊ ညအလင်းကို မောင် မတွဲနဲ့တော့နော်"

"အင်း မတွဲပါဘူး ချာန်ရယ်"

"ချာန် ကွယ်ရာမှာလည်း မတွဲနဲ့နော် မောင့်ကိုတော့ ယုံပါတယ်၊ ဒါပေမဲ့ သူ့ကိုမယုံဘူး၊ သူ့ရင်ထဲမှာ မောင်ရှိနေတာ ချာန် သိတယ်"

ချာန် သူ့လက်တွေကို တင်းတင်းဆုပ်ကိုင်ထားရင်း ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ပင့်သက်ရှိုက်လိုက်မိတာ ရှာန်မသိ။

ညအလင်း ရင်ထဲမှာ သူ ရှိနေသည်လား။ သူ့ရင်ထဲမှာ လည်း . . . ။

■ ■ ■

## အခန်း (၂၆)

ညအလင်း ဒီနေ့ စောစောထဖြစ်ခဲ့သည်။ ရေမိုးချိုးပြီး အဝတ် အစားတွေလဲကာ ပြင်ဆင်ရသည်။

စိတ်က မပါလှပေမယ့် ငယ်လေးတို့ သားအမိခေါ်တာကြောင့် ဖြစ်၏။ ဒီနေ့ ငယ်လေးနှင့် အန်တီနှင်းမြွတ်တို့ မိတမဲ့ကျောင်းကို သွားလှူ ဒါန်းကြမည်ဆိုသည်။

သင်တန်းပိတ်ရက်ဆိုတော့ ငြင်းလို့မကောင်းပါ။ ကိုယ်နှင့် ကျော်ညီညာနှင့်ပတ်သက်မှု မရှိပေမယ့် ငယ်လေးတို့ သားအမိနှင့်က ရင်းနှီးနေတော့လည်း ခေါင်းညိတ်ရတော့၏။

ကော်လံ အပြားကြီးကြီး လက်ရှည်အကျီဖြူလေးကို စကပ် ရှည်ရှည်ဖားဖား အနက်ရောင်နှင့် တွဲဖက်ဝတ်ဆင်လိုက်သည်။ အညို ရောင်ဆံပင်ဖျော့ဖျော့လေးတွေကို အပြောင်သိမ်းကာ ခပ်မြင့်မြင့်လေး



www.burmeseclassic.com

www.burmeseclassic.com



စုချည်သိမ်း၏။

နားမှာက ပလက်တီနမ်ဆွဲပြားလေးနှင့် စိန်လော့ကတ်သီး သောကြို့။ စိန်ပွင့်စီ ဟန်းချိန်းလေး ဆင်လိုက်တော့ ပြီးသွားခဲ့ပြီ။

ညအလင်း ပုံစံလေးက အဝေးက လှမ်းကြည့်လျှင်တော့ ထင်းခနဲ မြင်တွေ့နိုင်ပါသည်။

ခြံထဲကို မောင်းဝင်လာသော နီနုစ်ရောင် ပရာဒိုကားကိုမြင်တော့ ဘယ်သူလဲဟုတောင် အံ့သြသွားမိသေး၏။

ဆင်ဝင်အောက်မှာ ရပ်တော့မှ ကားကို ငယ်လေးကိုယ်တိုင် မောင်းနှင်လာမှန်း သိလိုက်သည်။

"မမ ရေ အသင့်ပဲနော်၊ လှလိုက်တာ"

ငယ်လေး ဆင်းလာကာ ညအလင်းကို ပြုံးကြည့်ကာပြောသည်။ ကားပေါ်က အန်တီနှင်းမြတ်ကလည်း ပြုံးနှုတ်ဆက်၏။

"ကားပြောင်းသွားတော့ ဘယ်သူလဲလို့"

"အဟင်း ဒါ မာမီတို့ ငယ်လေးအတွက် ဝယ်ပေးတဲ့ ကားလေ"

"ဟုတ်လား ဒါဆို ငယ်လေး သင်တန်းလာရင် လန်းပြီပေါ့"

"သမီးရေ သမီးညီမက ထမင်းကြွားချင်လို့ သူ့ကားနဲ့ လာခေါ် တာကွဲ့ ဟင်း ဟင်း"

ညအလင်း ရှေ့ခန်းမှာပဲ ငယ်လေးနှင့် ဝင်ထိုင်လိုက်သည်။ ငယ်လေးက ကားလေးကို ညင်သာစွာပဲ မောင်းထွက်လိုက်သည်။

"အန်ကယ် မလိုက်ဖြစ်ဘူးလား"





"အရေးကြီး ဧည့်သည်တွေ ရောက်လာလို့ သမီးရေ နောက်ဆို အန်တီတို့က မြန်မာပြည်မှာပဲ စီးပွားရေး အခြေချတော့မှာဆိုတော့ အဲဒီကိစ္စတွေနဲ့ သမီးအန်ကယ် ရှုပ်နေတာပေါ့"

အန်တီနှင်းမြတ် ရှင်းပြတာကို နားထောင်ရင်း ညအလင်း ခေါင်းလေးပဲ ညိတ်မိ၏။ ငယ်လေးက

"မမ ဒီနေ့ အရမ်းလှတာပဲ"

"အဟင်း အရင်က မလှဘူးပေါ့"

"အမြဲတမ်း လှနေတာပါ မမယောက်မရယ်"

"အန်တီကတော့ အဲဒီလို အမြဲတမ်းလှနေတဲ့ သမီးကိုပဲ ချွေးမ တော်ချင်တာ"

အန်တီနှင်းမြတ် စကားကို ညအလင်း အပြုံးယဲ့ယဲ့လေးနှင့် ခေါင်းညိတ်လိုက်ရင်း

"အန်တီကို ကျော်ညီညာ မပြောသေးဘူးထင်တယ်၊ သမီးတို့ သမီးခွဲလိုက်ပါပြီ"

"ဟင့်အင်း အန်တီကတော့ ခင်မိုးချာန်ကိစ္စကို အပြတ်ရှင်းဖို့ ဆုံးဖြတ်ထားတယ်"

မိဘမဲ့ကျောင်းဝင်းထဲကို ကားလေးဝင်လာပြီးမှ စကားစကို ဖြတ်လိုက်ကြသည်။ ကျောင်းဝင်းထဲမှာ ရပ်ထားသော ကျော်ညီညာ ကားလေးကိုမြင်တော့ ညအလင်း အံ့သြမျက်ဝန်းလေး ဝိုင်းသွားသည်။

သူ ဒီမှာ ကြိုရောက်နေမည်ဟု ညအလင်း မထင်ပါ။ ငယ်လေး

www.burmeseclassic.com



ကလည်း ကြိုပြောမထားခဲ့ပါ။

အဖြူရောင် လည်ဂဝိုင်း ရှပ်လက်ရှည်နှင့် ပုလဲဖောက် အနု ရောင် ယောပုဆိုးကို ဝတ်ဆင်ထားသော သူ့အသွင်က ရှင်းခန့်နေသည် အနားမှာ ခင်မိုးချာန် ပါမလာတာတော့ တော်သေးသည်။

ကားပေါ်က ဆင်းလာသော ညအလင်းကိုမြင်တော့ သူလည်း အံ့ဩမျက်ဝန်းတွေနှင့် ကြည့်နေ၏။

"ဘာအံ့ဩနေတာလဲ သား ညအလင်းကို မာမီခေါ်လာတာ"

အန်တီနှင်းမြတ်က ပြောရင်း ညအလင်း လက်ကိုဆွဲ ကျောင်းထဲဝင်သည်။ ငယ်လေးကလည်း ညအလင်း တစ်ဖက်က လိုက် လာသည်။

သူကတော့ အနောက်က အသာတိတ်ဆိတ်စွာ လိုက်လာ

သက်ဆိုင်သူတွေကို ကျောင်းအတွက် ပစ္စည်းနှင့် ငွေတွေ ဒါန်းကြသည်။ အမှတ်တရ ဓါတ်ပုံတွေရိုက်တော့ သူ့အနားမှာ ညအလ ကို အန်တီနှင်းမြတ်က ရပ်စေသည်။

အန်တီနှင်းမြတ်နှင့် ငယ်လေးတို့ တမင်စီစဉ်ထားသည် ဟုတောင် သူမ ထင်မိသေး၏။

ကျောင်းက ညှော်ခံကျွေးမွေးသော ခေါက်ဆွဲကြော်နှင့် အ ကို ငယ်လေးနှင့် ညအလင်းတို့ သုံးဆောင်နေတုန်းမှာ ကျော်ညီညာ အန်တီနှင်းမြတ်တို့ ကျောင်းဝင်းထဲမှာ ရပ်ကာ ဘာတွေပြောနေကြသည် မသိပါ။

■ ■ ■





"မာမီ နောက်ကို အဲဒီလို မလုပ်ပါနဲ့ ညအလင်းနဲ့သား လမ်း ဆိုက်ပြီ"

သူ့စကားကြောင့် မာမီ မျက်နှာက အလိုမကျသလို တင်းမာ သွားခဲ့ရင်း

"ညအလင်းကို လက်ထပ်ပါရစေ၊ ညအလင်းနဲ့ သားကို သဘောတူပေးပါ၊ ညအလင်းဟာ သားဘဝပါလို့ မင်းပါးစပ်ကပဲ ပြော တာ ဘာမှမကြာသေးဘူး၊ အခုတော့ မင်းကအမျိုးမျိုးပါလား၊ ငါမွေး ထားတဲ့သားဟာ ဒီလောက်အထိ မျက်နှာများလိမ့်မယ်လို့ ထင်မထား ငါ နောက်ဆုံးပဲ ပြောတော့မယ်၊ နင် သဘောမတူတဲ့ မိန်းမနဲ့ နေသ၍ ငါ့အိမ်ကို ပြန်မလာခဲ့နဲ့"

"မာမီကို သား တောင်းဆိုထားတယ်လေ၊ သားကို ချာန်နဲ့ပဲ လက်ထပ်ခွင့်ပေးပါ"

"ငါပြောပြီးပြီ ကျော်ညီညာ ငါ ရောဂါသည်မကို ချွေးမ မတော် ဘူး၊ မင်းကို ခင်မိုးချာန်ကို လက်မထပ်ရဘူး"

"သားနဲ့ချာန်ကို မာမီပဲ ဘဘောတူခဲ့တာလေ၊ ပြီးတော့ ချာန် ဆေးသွားကုဖို့ မာမီပဲ တိုက်တွန်းခဲ့တာ၊ ဘာလို့အခုမှ မာမီ ဖျက် ထဲချာ၊ ချာန်ကို သနားပါဦး"

"ချာန်ကို သမီးလေးလို စာနာလို့ ရောဂါသွားကုသဖို့တောင် တိုက်တွန်းခဲ့တာပေါ့၊ ဒါကြောင့်လည်း သူ အခုချိန်ထိ အသက်ရှင် တာ မာမီသာမတိုက်တွန်းခဲ့ရင် သူ အခုချိန်ဆို လောကကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့မှာ မဟုတ်ဘူး သား''

''အခုမှ ဘာလို့ ဈာန်ကို မာမီ သားနဲ့ သဘောမတူတာလဲ''

''ခက်ပါလား သားရယ်၊ ဈာန်ရောဂါက ယတိပြတ် ပျောက်ကင်းတယ် မင်းထင်လား၊ အချိန်မရွေး အန္တရာယ်ရှိတယ်၊ အစား သောက်တစ်ချက် မှားတာနဲ့ ဒုက္ခရောက်နိုင်တယ်၊ ငါက ကိုယ့်သား ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဘဝ မဖြစ်စေချင်ဘူး''

''ဈာန်က သနားစရာ ကောင်းပါတယ် မာမီရယ်''

သူ့စကားကို မာမီ ပင့်သက်ရှိုက် ခေါင်းညိတ်သည်။

''မာမီ လက်ခံတယ်၊ ဒါပေမဲ့ သူ့အတွက် အကောင်းဆုံး လည်း ဒီမှာမနေဘဲ သူနေခဲ့တဲ့ အမေရိကားမှာ ဆက်နေတာက အ တော်ဆုံးပဲ၊ ပြည့်စုံတဲ့ ဆေးဝါးကုသမှု လိုအပ်ရင် အဲဒီမှာလွယ်တယ် သူ့ရောဂါနဲ့ သူ့ဘဝကို ဂရုစိုက်နေနိုင်မှ တန်ကာကျမှာ''

''ဈာန် ဆန္ဒက ကျွန်တော့်အနားမှာပဲ နေချင်တာ''

''ကျော်ညီညာ မင်း ညအလင်းဘက်ကို လုံးဝ ထည့်မတွေး ဘူးလား၊ ဒီကိစ္စမှာ မင်းကို ဒယ်ဒီလည်း တော်တော် ဒေါသထွက် တယ်၊ မင်းလုပ်ပုံက လေုနှန်နှစ်ဖက် နင်းနေသလိုပဲ''

''အဲဒီလိုဖြစ်တာ သား သိခွင့်မရခဲ့တဲ့ အချက်တွေကြောင့် အခုချိန်မှာ ဈာန်ကို သား ဥပေက္ခာပြု မထားနိုင်ဘူး''

''ဒါဆို မင်းက ညအလင်းကို လုံးဝဂရုမစိုက်ဘူးဆိုတဲ့ သဘော ပေါ့''





''သူ့ကိုလည်း သားတောင်းပန်မှာပါ မာမီ''

မာမီ သူ့ကို တိတ်ဆိတ်စွာ ငေးကြည့်နေခဲ့သည်။ ပြီးမှ တည်ငြိမ် သောအသံနှင့်

''အေး ဒါဆိုရင် မင်းငါ့ကိုလုံးဝ ဆက်သွယ်စရာ မလိုဘူး အခု ညအလင်းကို ငါ ထားခဲ့မယ် မင်းလိုက်ပို့ပေးလိုက်''

စကားဆုံးမှာ မာမီ ချာခနဲ လှည့်ထွက်သွားသည်။ သူပင့်သက် ရှိုက်ရင်း ရင်ထဲမှာ မောဟိုက်နှုံးချိနေခဲ့သည်။

ချစ်ခြင်း သံယောဇဉ် အကြင်နာတရားနှင့် စာနာမှုအားလုံးကို သူ ဥပေက္ခာပြုနိုင်သူ မဟုတ်တော့လည်း. . .။

■ ■ ■

အန်တီနှင်းမြတ်က ကျော်ညီညာကားနှင့် ပြန်လိုက်သွားဟု ဆိုတော့ သူမ ဘာမှမငြင်းနိုင်ဘဲ ခေါင်းညိတ်ခဲ့သည်။

ဘာကြောင့်လဲ။ သူက တောင်းဆိုခဲ့တာကြောင့်လား။ သူမကို ဘာပြောချင်တာကြောင့်လဲ။

ငယ်လေးနှင့် အန်တီပြန်သွားတော့ သူက ညအလင်းဆီ လှမ်း လျှောက်လာသည်။

''ညညာ ဒီကိုဘာလို့ လိုက်လာတာလဲ''

''ကိုယ်သိပ်လိုက်ချင်လို့ လိုက်လာတယ် ရှင်ထင်နေသလား မာမီ ကိုယ်တိုင်ခေါ်လို့ လိုက်ခဲ့တာ ရှင် ရှိမယ်တောင် မထင်ဘူး''

''တကယ်ဆို ကိုယ့်ဆီ ညညာ ဖုန်းဆက်မေးသင့်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ဘာကြောင့်မင်းဆီ ဖုန်းဆက်ရမှာလဲ ကျော်ညီညာ"

"ဒါဆို နောက်တစ်ခါ မာမီ ဒါမျိုးခေါ်ရင် ကိုယ့်ဆီ ဖုန်းဆက်ကြို အသိပေးထားပေးပါ"

"မဆက်တော့ ဘာဖြစ်မှာလဲ"

တမင်ပဲ ဘုတွေပဲ ညအလင်း ဆိုနေမိသည်။ သူမာမိနှင့်သူ ဘာတွေပြော ဘာတွေ ဖြစ်ခဲ့တာလဲ ကိုယ်မှ မသိဘဲလေ။

"မာမီရယ် ဈာန်ရယ် ပြဿနာတွေ တက်နေတာ မင်းသိလား"

"ရှင့်အမေနဲ့ ခင်မိုးဈာန်နဲ့ စစ်အေးတိုက်ပွဲဖြစ်နေတာ ကိုယ်ကကြားက ဓားစာခံ ဖြစ်နေတာကိုပဲသိတယ်၊ ရှင်ကတော့ ဒါတွေကို ဘယ်သိမှာလဲ ရှင့်ချစ်သူနဲ့ နှစ်ပါးသွားကခွင့် ရနေတာကိုး"

သူမ နာကျည်းစွာ ပြောမိသည်။ ကျော်ညီညာ မျက်စိမျက်နှာပျက်သွားခဲ့ကာ

"ကိုယ် အဲဒီကိစ္စအတွက် တကယ်ကို တောင်းပန်ပါတယ်ကဲ ကားပေါ်တက်ပါ ပြန်ရအောင်"

"ရှင့်ဘာသာ ရှင်သွားပါ ကိုယ်တက္ကစီနဲ့ ပြန်မယ်"

"ညည တကယ်ပြောတာလား"

"တကယ်ပြောနေတာ"

"အိုကေ ဒါဆို ကိုယ်သွားပြီ"

ကျော်ညီညာ ပြောပြီး တကယ်ပဲ ကားပေါ်တက်မောင်း ထွက်





သွားခဲ့သည်။ ညအလင်း မင်သက်စွာ ကျန်ခဲ့ရင်း

"ကြည့်စမ်း တကယ်ကို ထားသွားတယ်၊ ဒီနေရာနဲ့ ဘတ်စ်ကားမှတ်တိုင် အဝေးကြီးဆိုတာသိရက်နဲ့ တကယ်ယုတ်မာတယ် တောက်တော်တော် ယုတ်မာတဲ့သူ"

ညအလင်း မကျေမနပ် ရေရွတ်ရင်း ကားလမ်းမဘက်အထိ ခပ်သွက်သွက် လျှောက်ခဲ့လိုက်သည်။ ကံကောင်းထောက်မစွာနှင့် ပါစင်ဂျာမပါသော တက္ကစီတစ်စီး တွေ့တာကြောင့် တော်တော့သည်။

တက္ကစီကားလေးငှားကာ သူမ အိမ်ပြန်ခဲ့တော့ ခြံရှေ့မှာ ဆောင်မှတ်ဘဲ မြင်လိုက်ရတာ ကျော်ညီညာ။

ကားကို ထိုးရပ်ထားသော သူ့လက်ထဲမှာ အလွန်လှပသော နှင်းဆီပန်းစည်းကြီးနှင့် သူမအတွက်လား။ ဘယ်လိုလဲ ကျော်ညီညာ။

ရှင် ကိုယ့်ကို ရင်ခုန်တတ်အောင် လာပြန်ကစားပြနေပြန်ပြီသာ။

"ကိုယ်ခေါ်တုန်းကသာ လိုက်ခဲ့ရင် ညည အိမ်ကို ကောင်းကောင်းကြီး ပြန်ရောက်နေပြီ"

"အခုလည်း ကိုယ် အေးအေးဆေးဆေးပါပဲ"

"ညည ကိုယ့်ကို စိတ်ဆိုးနေတာလား"

"ကိုယ် စိတ်နာနေတာ"

"ဟင် ဘာလို့လဲ"

"ရှင့်အကြောင်း ရှင်သိပါတယ်၊ ကဲ မွေ့ကဖယ် ကျွန်မမှာ လုပ်စရာတွေ ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှေ့ပိတ်ရပ်နေရင်း လက်ထဲက ပန်းစည်းကို ကမ်းပေးနေသည်။

"ဖြစ်ခဲ့တာ အားလုံးကို ကျေအေးနော်၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မင်းအတွက် ပန်းဝယ်လာတာ ရော့"

"ဒါ ဘာသဘောလဲ"

"ညညကို ပန်းစည်းပေးပြီး သူငယ်ချင်းအဖြစ် ပြန်နေဖို့ တောင်းဆိုတာလေ"

ညည မျက်နှာလေး မာတင်းသွားခဲ့သည်။

"ရှင် တော်တော် မျက်နှာပြောင်တဲ့ သူပါလား ကျော်ညီညာ ရှင် ကိုယ်တိုင်လက်ထပ်ခွင့်တောင်းဖူးတဲ့ မိန်းမကို ဘယ်လိုမျက်နှာမျိုးနဲ့ သူငယ်ချင်းလို ပြန်ဖြစ်ခွင့် တောင်းနေတာလဲ"

"ကိုယ်တကယ် တောင်းပန်ပါတယ်"

"ကဲ ရော့"

သူ့လက်ထဲက ပန်းစည်းကို လှမ်းယူပြီး တင်းတင်းဆုပ်ထားသော ကျန်လက်သီးတစ်ဖက်နှင့် သူ့ရင်ဘတ်ကို ညအလင်း အားပါးတရ ထိုးချပစ်လိုက်သည်။

"အဟွတ် အားလား လား"

ညအလင်း ချာခနဲ အိမ်ဘက်လှည့်ထွက်ခဲ့သည်။ ဘာကြောင့်များ သူပေးခဲ့သော ပန်းစည်းကို လက်ခံယူခဲ့မိတာလဲ မသိတော့။

ဝေဒနာတွေကို လက်ခံယူနေမိသည့် အဖြစ်မှာ . . .။

■ ■ ■



## အခန်း (၂၇)

သူ့ အိမ်ရှေ့ ဝရန်တာလေးမှာ ဂစ်တာ ထွက်တီးနေမိသည်။ ...ခါတုန်းက ညအလင်း တောင်းဆိုဖူးတဲ့ သီချင်း။ လေးဖြူရဲ့ စာမျက် ...တစ်ဆယ့်ငါး။

"ဟိုတစ်ကွက် ဒီတစ်ကွက် ပိတ်ကားထက် . . . အရင်လို ...ညို့မကောင်းပေမယ့် မြင်ရတယ် . . . အဓိပ္ပါယ်မရှိတာ သိထားလည်း ... တစ်ခါတလေ တိုက်ဆိုင်မှုတွေရှိလာတိုင်း . . . အမှတ်တမဲ့ မင်းကို ...ပါတယ်"

ညအလင်း ငါကတော့မင်းကို အမြဲတမ်း လွမ်းနေခဲ့တာ။ သတိ ...ခဲ့တာပါ။ ဒါပေမဲ့ ဒါကို ဖွင့်ဟခွင့်မရှိဘဲ ရင်ထဲမှာပဲ သိုဝှက်ထားရတဲ့ ...ပါ။

တစ်ချိန်ခါတုန်းက မင်းလည်း ငါ့လိုပဲ ဟန်ဆောင်ကောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ် မဟုတ်လား။ အခု ငါ ဟန်ဆောင်တတ်နေပြီ ညအလင်းရယ်။

"ဘယ်ဆီကို မင်းရောက်နေသလဲ ... ဘာတွေကို မင်းလုပ်နေသလဲ ဘယ်နေရာမှာ မင်းရှိနေမလဲ .. တွေးမိပါတယ် ... ငါလွမ်းမောရင်းနဲ့ ... တမ်းတရင်းနဲ့ ... သတိရပါတယ်"

ထိုသီချင်းပိုဒ်လေးရောက်တော့ ညအလင်းကို သူပိုလို့ သတိရလာသည်။ ဂစ်တာကို ရပ်ပစ်ကာ ဖုန်းလေး ကောက်ယူပြီး သူမဆီ ဖုန်းခေါ်သည်။

"ရက်စက်တယ်ကွာ ဘာလို့ ဖုန်းပိတ်ထားတာလဲ"

သူ စိတ်ညစ်စွာရေရွတ်ရင်း သူ့ဆီဖုန်းပြန်ဆက်ဖို့ မက်ဆေ့ခ်ျ ပို့လိုက်သည်။ ပြီးတော့ ဂစ်တာကို ကောက်ယူကာ ကြိုးတွေကို တီးခတ်ကစားနေမိသည်။

စိတ်အာရုံကတော့ ညအလင်းနှင့် ဆုံခဲ့ပတ်သက်ခဲ့သော အတိတ်တွေ တွေးမောရင်း

"ဘယ်ဆီကို မင်းရောက်နေသလဲ ... ဘယ်နေရာမှာ မင်းရှိနေသလဲ"

ရုတ်တရက် သူ့ဖုန်းထဲက သီချင်းလေး ထမြည်တော့ ဝမ်းသာအားရ ကောက်ကိုင်လိုက်မိ၏။

"ဟယ်လို ညညလား"

"မောင် ချာန်ပါ"

သေလိုက်စမ်း။ နံပါတ်ကိုမကြည့်ဘဲ အပိုင်ပြောလိုက်မိတာ





တကယ့်တလွဲပါလား။

"ဩော် ချာန် ပြောလေ ဘာကိစ္စလဲဟင်"

"မောင်ဘာလို့ ညအလင်း ဖုန်းကို မျှော်နေတာလဲဟင်"-

"မဟုတ်ပါဘူး ငယ်လေးက သူဖုန်းဆက်မယ် ပြောထားလို့ပါ"

ညီမလေးကို ခုတုံးလုပ်ကာ ညာလိုက်ရသည်။ ချာန် အထင်လွဲသွားမှာသေချာသည်။

"ထားလိုက်ပါတော့ အခု ချာန်ကမုန်းပွဲကို သွားမလို့ ဝယ်စရာလေးတွေရှိလို့ မောင် လိုက်ပို့ပေးနော်"

"အိုကေ ချာန် စောင့်နေလေ၊ မောင်အခုထွက်ခဲ့မယ်"

"အသင့်ပဲ မောင်"

သူ အဝတ်အစားလဲပြီး ချာန်ဆီကို ထွက်ခဲ့လိုက်သည်။ ရွှေရောင်ဆံပင်ခွေကောက်ကောက်လေးတွေကို ချာန် ဖားဖျားလေး ချထားသည်။ လှပြီးသော မျက်နှာလေးကို နုညက်အောင်ပြင်ဆင်ကာ အဝါရောင် ကြိုးတစ်ချောင်း အင်္ကျီလေးဝတ်ဆင်ထားသည်။ ပေါင်လယ်အောက်အထိပဲ ရှည်သော အနက်ရောင် ဂျင်းဘောင်းဘီတိုလေးနှင့် တွဲဝတ်ထား၏။

တကယ့် နိုင်ငံခြားသူ တစ်ယောက်နှင့်တူနေသည်။ ချာန်ဆော်တော်လေး ပိန်သွားတာတော့ သူ သတိထားမိသည်။

"မောင် ဘာငေးကြည့်နေတာလဲ"

"ချာန် အရမ်းလှနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် မြှောက်နေတာလား"

ပြုံးပြုံးလေးပြောရင်း သူ့လက်မောင်းကို ဆွဲကာ ချာန် ကား... လျှောက်လာသည်။ ညအလင်း ကိစ္စမပြောဘဲ တခြားအကြောင်းတွေ... ချာန် တစ်လမ်းလုံး ပြောလာသည်။

ဂမုန်းပွင့်ရောက်တော့ ချာန် အင်္ကျီတွေကိုသာမက အ... အသောက်တွေပါ စုံလင်အောင် ဝယ်တော့သည်။

"တစ်ခုခု စားရအောင် ဗိုက်ဆာလာပြီ"

ဒိုးနတ်စ်နှင့် ချောကလက် မစ်ရှိတ်ကို ချာန် သောက်သည်... သူကတော့ ကော်ဖီအေးပဲ မှာသောက်ဖြစ်သည်။

"မောင် မောင့်ဆိုင်အတွက် လိုအပ်တာတွေကို ဘယ်သူဝယ်... တာလဲဟင်"

"မောင်ကိုယ်တိုင် ဝယ်တာပေါ့။ တစ်ပတ်မှာ နှစ်ရက် ဆိုင်မှာ... အပ်တာတွေကို မောင်ကိုယ်တိုင် ထွက်ဝယ်တာပေါ့"

"ဟင် ပစ္စည်းတွေ အများကြီးဝယ်ရမှာပေါ့"

"ဒါပေါ့"

"မောင် အရမ်းပင်ပန်းမှာပေါ့နော်"

"အခု ပင်ပန်းတာပေါ့၊ နောက်ဆိုရင်မပင်ပန်းတော့ပါဘူး"

"ဘာလို့လဲဟင်"

"နောက်ဆိုရင် မောင့်အနားမှာ ချာန်ရှိနေပြီလေ၊ ချာန်... နှစ်ယောက် အတူဝယ်မှာပေါ့"





"ချာန်က ရောဂါသည်လေ"

"ဒီအကြောင်းတွေ မပြောနဲ့လေ ချာန် နေကောင်းနေပါပြီ"

သူ ပြောတော့ ချာန် ပြုံးကာ ခေါင်းလေးညိတ်ရင်း စားပွဲပေါ်... က သူ့လက်ကို ဆုပ်ကိုင်ထားသည်။

"မောင် အခုတလော ညအလင်းနဲ့ တွေ့ဖြစ်သေးလား"

"မတွေ့ဖြစ်ပါဘူး ဘာလို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ စိတ်မချလို့ မေးကြည့်တာပါ"

"ချာန်ရယ် မောင့်ကို စိတ်ချစမ်းပါ၊ ချာန်မသိဘဲ မောင် ဘာမှမလုပ်ပါဘူး၊ ကဲ ပြန်ကြစို့နော်"

"ယုံပါတယ် မောင်ရယ်"

ချာန် သူ့လက်ကလေးဆွဲကာ ရပ်ထားသော ကားဆီ ပြန်ခဲ့ကြ... ချိန်အထိ ညအလင်းအကြောင်း မပြောတော့ပါ။

ချာန်ကို သူ သနားတာ ဒါတွေကြောင့်ပဲ ဖြစ်သည်။ ညအလင်း မေ့လဲလို့ ဆေးရုံပို့ရတုန်းကလည်း ချာန်သည် သူနှင့်အတူ ကူညီခဲ့... သည်။

မာမီတို့ မကြည်ဖြူတာတွေကိုလည်း ဥပေက္ခာပြုပေးသောအား... သူ့အနားရှိနေပေးသည်။

သူ့မိတ်ဆွေ ဒယ်နီကလည်း နားလည်မှု အပြည့်ရှိပါသည်။

ချာန်နှင့် သူတို့ကြားမှ အနှောင့်အယှက်မဖြစ်ရအောင်တ... ...ကာ သွားစရာရှိတာကို တစ်ယောက်တည်း သွားသည်။ ချာန်ကို အားမနာဘဲ...



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောသည်။

သူ့ဆီကို မျှော်လင့်ချက် တစ်ခုတည်းနှင့် ပြန်ရောက်လာသော ရျာန်ကို သူ ဘယ်လိုနည်းနှင့် ဥပေက္ခာပြုရက်နိုင်မည်လဲ။

တစ်ချိန်တုန်းက ရျာန်က သူ့ချစ်သူဆိုပေမယ့် နှလုံးသားမှာ ညအလင်း ရောက်လာချိန်မှာ အချစ်ကို သူ ပိုလို့ခံစားတတ်ခဲ့သည်။

ဒါပေမဲ့ ရျာန်ကို သူ ဥပေက္ခာမပြုရက်။

အချစ်မဟုတ်ခဲ့ရင်တောင် သံယောဇဉ် စာနာမှုတွေနှင့် ရျာန် အပေါ် ယုယကြင်နာပေးသင့်သည်ပဲ။

■ ■ ■

## အခန်း (၂၈)

သူပေးခဲ့သော အလှပန်းစည်းကြီးကို သူမရဲ့ အိပ်ခန်းထဲမှာပဲ ထားဖြစ်ခဲ့သည်။

သူ့အနားမှာ အမြဲတမ်းရှိနေသလို ခံစားရ၏။ သူနှင့် မတွေ့နိုင်တော့တာကြာပြီ၊ နောက်ဆိုလျှင် သူနှင့် လမ်းတွေလို့ နှုတ်ဆက်ခွင့်တောင် ရှိမှာမဟုတ်။

"ကိုကိုတို့ လပ်မထပ်သေးတာ အမှန်ပဲ မမ၊ မမရျာန်ကလည်း သူ့အိမ်မှာပဲနေတာ၊ ကိုကိုကလည်း တိုက်ခန်းနဲ့ဆိုင် တစ်လှည့်ဆီ နေတာ၊ မာမီက နင်တို့လက်ထပ်ချင်ထပ် ဒီလိုလုပ်မနေနဲ့ ဆိုတော့ ကိုကိုက သူနဲ့မမရျာန် ကင်းရှင်းတယ်တဲ့၊ မာမီကို ခွင့်လွှတ်ပါတယ် ဆိုတဲ့ စကားကြားမှ လက်ထပ်မှာတဲ့လေ"

ငယ်လေး ပြောပြမှ သူနှင့် ခင်မိုးရျာန်တို့ အတူမနေကြ



www.burmeseclassic.com

www.burmeseclassic.com



ညအလင်း သိခဲ့တာ ဖြစ်သည်။

ဒါပေမဲ့ သူမာမီရဲ့ ခွင့်လွှတ်မှုကို သူ ရနိုင်ပါ့မည်လား။ သူ တော့ အခုချိန်ထိ တင်းထားသည်။

သူမာမီကကော ဘယ်အချိန်ထိ ကင်းနိုင်မည်လဲ။ ကြား သူမကြောင့်ဆိုတာမျိုး မဖြစ်စေချင်ပါ။

ဒါကြောင့်လည်း ငယ်လေးတို့ အိမ်ကို ညအလင်း အ မရောက်ဖြစ်တော့ပါ။ ဓာတ်လမ်းကတော့ အဆုံးသတ်သင့်နေပြီ။

ပိုင်ဆိုင်ခွင့် မရသည့်အဖြစ်မှာ အလွမ်းတွေကိုပဲ သူမ အောင် ကြိုးစားရမည်ပေါ့။

အတွေးတွေ ဖြန့်နေတုန်း ခြံထဲကို လှမ်းဝင်လာသော တစ်ယောက်ကြောင့် ညအလင်း အသေအချာ ကြည့်မိ၏။

"ဟယ် နောင်ထွေး နင်ဘယ်တုန်းက ရန်ကုန်ကို ရောက် လာမယ်ဆိုရင်လည်း ကြိုပြောပေါ့ဟယ်၊ ငါ အရမ်းဝမ်းသာတယ် သိ ဟိုလွန်ခဲ့တဲ့ သုံးလလောက်က မော်ဘီမှာ နင့်အစ်ကိုနဲ့တွေ့တယ် မိုးကုတ်မှာ မိန်းမရနေပြီဆို"

"အမလေး မိညရယ် ဖြည်းဖြည်းပြောပါဟ"

"မရဘူး ပြောချင်တာတွေ အများကြီးပြောမှာ၊ လာ ထဲဝင်ထိုင်ဟာ"

ဧည့်ခန်းမှာ ထိုင်ဖြစ်တော့မှပဲ နောင်ထွေးက ညအလ တာတွေကို ပြန်ဖြေနိုင်တော့၏။





"ငါ့မှာ သားတစ်ယောက်တောင် ရနေပြီ၊ သုံးနှစ်ရှိပြီ နင်နဲ့ ပေးစားမလို့နော် နင့်စောင့်ပေး ဟား ဟား"

"ရတယ်လေ ငါကြိုက်တဲ့ အသည်းပုံဂျယ်လီ ကားတစ်စီး တိုက်နဲ့လာတင်တောင်း အိုကေစေရမယ် ဟဲ ဟဲ"

"ဟား ဟား နင်ကတော့ ကျောင်းတုန်းကအတိုင်းပဲ ဘာမှ မပြောင်းလဲဘူးနော်"

နောင်ထွေး စကားကြောင့် ညအလင်း နှုတ်ခမ်းလေးမဲ့ပြုံးရင်း

"ကျောင်းတုန်းကထက် ရင့်ကျက်နေပါပြီဟာ၊ ကဲ ခဏလေး ဒီတို့ အပြင်ထွက် တစ်ခုခုစားရအောင်၊ ဒကာခံမယ် နင်ဒီနေ့ လာတာ ကောင်းတယ်၊ ငါ့သင်တန်း ပိတ်ရက်လေ"

"နင် အကသင်တန်း ဖွင့်ထားတယ်ဆို"

"အေး ဘယ်သူပြောလဲ"

"ငါ့အစ်ကိုပြောတာ ငါတောင် အံ့ဩတယ်၊ နင်က ဒါလည်း တာပဲလား"

"ရပြီးသားလေ ညအလင်းပဲ ဒါနဲ့ နင်ဘယ်တော့ ပြန်မှာလဲ ဘယ်မှာတည်းသလဲ"

"မော်ဘီမှာတည်းတာ နှစ်ရက်လောက်ပဲနေရမယ်၊ ဒီခါနီးနဲ့ သားကို လွမ်းတယ်ဟ"

"သေနာကောင် နင်ပြန်ရင် နင့်သားနဲ့မိန်းမအတွက် ငါဝတ် စုံတွေ ဝယ်ပေးချင်လို့ ကဲ ခဏလေးဟာ"



www.burmeseclassic.com

www.burmeseclassic.com



ညအလင်း အခန်းထဲဝင်ကာ အဝတ်အစားလဲလိုက်သည်။ ပြီးတော့ နောင်ထွေးနှင့်အတူ ထွက်ခဲ့လိုက်သည်။

မဆုံတာကြာသည့် သူငယ်ချင်းတွေ ပြောစရာစကားတွေ အများကြီး။

■ ■ ■

ဆိုင်ရှေ့မှာ သူမကားကို တွေ့လိုက်တာမို့ သူ ဆိုင်ထဲကို လှမ်းကြည့်မိတာဖြစ်သည်။

မြင်လိုက်ရသော မြင်ကွင်းက ရင်ထဲကို နင့်ခနဲ ခံစားရသည်။ ညအလင်းနှင့် ထိုင်စကားပြော ရယ်မောကြည်နူးနေသည့် ယောကျ်ား တစ်ယောက်။

သူကားရပ်တာတောင် သတိမထားမိဘဲ ရယ်ပွဲဖွဲ့နေကြပုံက တော်တော် ကြည်နူးနေသည့် ပုံပါပဲ။

သူမှာတော့ နွေးနွေးညည သတိရနေလိုက်တာ။ ညအလင်း သူ့ကိုတမင် အရွဲ့တိုက်တာလား။ ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲက ဝန်တိုမှုက ထိန်းချုပ်မရ။

ကားတံခါး ဖွင့်ဆင်းကာ သူ ဆိုင်ထဲကို တန်းတန်းမတ်မတ် လျှောက်ခဲ့လိုက်၏။ ပြီးတော့ သူမရဲ့နံဘေးက ထိုင်ခုံကို ပိုင်စိုးပိုင်နင်း ဆွဲယူထိုင်ရင်း

"ဟာ အသည်းက ဒီရောက်နေတာကိုး မောင်နောက်ကျသွား တယ်၊ အသည်း ဆေးခန်းသွားပြီးပြီလား၊ ဆရာဝန်က ကိုယ်ဝန်ကို





ဘာပြောလိုက်သေးလဲဟင်"

"ရှင် ဘာတွေလာပြောနေတာလဲ ကျော်ညီညာ"

ညအလင်း မျက်နှာလေးရဲကာ သူ့ကို အူတူတူ ပြန်ပြောသည်။ သူ ခပ်တည်တည်နှင့် ဆက်ပြောပစ်၏။

"အဟဲ အသည်းက ညှော်သည်ရှိလို့ ရှက်တာလား၊ ဒီမှာသူ ငယ်ချင်း သူက ကျွန်တော့်ချစ်သူပါ"

"ဟော့ကောင် ညီညာ၊ ငါ နောင်ထွေးလေ"

"ဟေ့ နောင်ထွေး ဟာ"

"ခွေးကောင် ငါ့ကိုတောင် မမှတ်မိဘူးလား၊ ဒါနဲ့မင်းနဲ့မိညက ဒီအခြေအနေ ရောက်နေတာတောင် မင်္ဂလာမဆောင်သေးဘူးလား၊ တော်ကြာ မင်္ဂလာဆောင်မှ သားဦးလေးကို လက်ဆွဲနေရဦးမယ် ဟား ဟား"

"အာ နောင်ထွေး မဟုတ်ဘူး၊ ငါနောက်တာ ဟို ညညကို အခြား ယောကျ်ားနဲ့ ထိုင်နေတယ်ထင်လို့ ည ညည ဆောရီးဟာ"

သူ ကပျာကသီ တောင်းပန်ပေမယ့် ညအလင်း မျက်နှာရဲရဲ ဖြစ်နေသည်။ နောင်ထွေးကိုကြည့်ကာ ထရပ်ရင်း

"နောင်ထွေး နင်မပြန်ခင် ငါ့ဆီ လာခဲ့ဦး၊ ငါသွားတော့မယ်"

"ဟင် မိည နေပါဦး၊ ညီညာ ဘာဖြစ်တာလဲ"

နောင်ထွေး အူတူတူမေးသည်။ ညအလင်းက ရပ်ထားသော ကားပေါ်လှမ်းတက် ထွက်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



''သွားပါစေ နောင်ထွေး၊ ငါအားလုံး ရှင်းပြမယ် ငါ့တို့သုံးဖွင့် ဆိုင် ပြဿနာကြီးကို မင်းကို ရင်ဖွင့်ချင်တယ်''

''ဘာတွေလဲ ငါသိချင်တယ်ကွာ''

''လာကွာ ဒီဆိုင်မှာ ရင်ဖွင့်လို့ မကောင်းဘူး''

သူ နောင်ထွေးနှင့် ဘီယာစတေရှင် တစ်ခုကို ရောက်ခဲ့သည်။ နောင်ထွေး မသိသေးသော သူခံစားနေရသော ခံစားချက်တွေအတွက် ရင်ဖွင့်ဖြစ်သည်။

ပြောရင်း သောက်ရင်း နောက်ဆုံးတော့ ရေချိန်လွန်သွားသူက သူပဲဖြစ်သည်။

နောင်ထွေး ကားနှင့်ပြန်လိုက်ပို့တာ သိသည်။ ကိစ္စရှိလို့ ညအိပ် မရဟုဆိုကာ ပြန်သွားတာလည်း သိသည်။

ထို့နောက်ပိုင်း အဖြစ်အပျက်တွေက ဝေဝါးစွာ။

■ ■ ■

သူ နိုးလာတော့ ခေါင်းတွေကိုက်ခဲနေသည်။ ခုတင်ပေါ်က လူးလဲထကာ နာရီကို လှမ်းကြည့်တော့ ည တစ်နာရီ ကျော်နေပြီ။

ရေဆာလာတာမို့ ခုတင်ပေါ်က အဆင်းမှာ

''ဟင်''

သူ့အိပ်ရာပေါ်မှာ တွေ့လိုက်တာ ဈာန်ရဲ့ ခေါက်ပိုက်ဆံအိတ် ကလေးဖြစ်သည်။

ဈာန် ရောက်လာသည်လား။ ဘယ်တုန်းက ရောက်လာတာလဲ





သူ မသိခဲ့ပါ။ အာရုံထဲမှာ နောင်ထွေးပို့ခဲ့တာ မှတ်မိသည်။

ပူလောင်နေသော ရင်ကို ရေခဲသေတ္တာထဲက ရေတစ်ဘူးနှင့် ငြိမ်းသတ်တာတောင်မရ။

''ဟား ငါတော်တော် သတိကင်းလွတ်ခဲ့တာပဲ''

ဈာန်ကို ဖုန်းဆက်မေးချင်ပေမယ့် အချိန်မတော်ကြီးမို့ စိတ်လျှော့ လိုက်သည်။

အိပ်ခန်းထဲ ပြန်ဝင်ခဲ့ကာ ခုတင်ပေါ်မှာ သူ ငုတ်တုတ်ကြီး ထိုင်မိ၏။ လက်ထဲရှိနေဆဲ ဈာန် ပိုက်ဆံအိတ်လေးကို ဖွင့်ကြည့်မိ၏။

သူ့ရဲ့ ဓါတ်ပုံလေးကို တွေ့သည်။ ဈာန် သူ့ဆီရောက်လာခဲ့သည် ဆိုလျှင် သူ ဘာတွေပြောခဲ့ ဖြစ်ခဲ့သလဲ။ ဦးနှောက်က စဉ်းစားမရအောင် ထူနေခဲ့သည်။

သူ သိက္ခာရှိစွာ ဖြူစင်စွာ ဆောက်တည်ထားသော အရာတွေ အားလုံး ပျက်ဆီးသွားခဲ့ပြီလား။

မင်း အလကားကောင်ပဲ ကျော်ညီညာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သူတစ်နေ့လုံး အပြင်မထွက်ဖြစ်ပါ။ ရေချိုးလွန်ပြီး နာနေသော ဒဏ်ကြောင့်လည်း စိတ်ကမလန်းပါ။

တိုက်ခန်းထဲမှာပဲ အချိန်ဖြုန်းနေလိုက်သည်။ ချာန်လည်း ရောက်မလာသလို ဖုန်းလည်း မဆက်တော့ သူလည်း မဆက်ဖြစ်။

တစ်နေကုန် လှဲလိုက် အိပ်လိုက်နှင့် ညနေရောက်တော့ ရေချိုး လိုက်သည်။ သည်တော့မှပဲ လူက လန်းလန်းဆန်းဆန်း ဖြစ်သွားခဲ့သည်။ ဆိုင်ရဲ့ လချုပ်စာရင်းတွေ စစ်ဆေးစရာရှိတာ သတိရပြီး အလုပ်စား ပွဲမှာ ဝင်ထိုင်လိုက်၏။

အလုပ်ပြီးပြတ်တော့ ညနေ ခြောက်နာရီတောင်ကျော်လို့ မှောင် စပျိုးနေပြီ။ အခုမှပဲ ဗိုက်ထဲက ဆာလောင်လာသည်။

မနက်ကလည်း သူ ဘာမှမစားခဲ့။ ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်





တစ်ခုပဲစားဖြစ်ခဲ့သည်။ စားသောက်ခန်းထဲမှာ ကြက်သားကြော်နှင့် ငါး ကြော်တွေ ရှိနေတာသိသည်။

ချာန်က သူ့အတွက် အဆင်ပြေအောင် စီစဉ်ပေးထားတာ ဖြစ်ပေမယ့် မစားချင်တာမို့ အပြင်ထွက်စားဖို့ စိတ်ကူးလိုက်၏။

အပြင်ထွက်ဖို့ အဝတ်စားလဲပြီးမှ သတိရလာတာ ညအလင်းကို ဖြစ်သည်။ နောင်တွေး ရှေ့မှာ သူ ပေါက်ကရပြောခဲ့တာ ညအလင်း ကော်ဆိုးနေတုန်းပဲ ထင်သည်။

တွေ့ချင်စိတ်က ထိန်းချုပ်မရတော့ သူ ဖုန်းလေး ကောက်ကိုင် ကာ ဆက်ပြီးဖြစ်နေ၏။ ဟယ်လိုဆိုသော သူမ အသံ ကြည်ကြည်လင် လင်လေးကို ကြားရသည်။

ညအလင်းကို ဒီအတိုင်း ခေါ်လိုက်တော့ သူမလာမည်မဟုတ်။

"ဟယ်လို"

"ည ညညလား အား ကျွတ် ကျွတ်"

"ကျော် ကျော်ညီညာလား ဘာဖြစ်လို့လဲ ရှင်ဘာဖြစ်နေတာလဲ"

သူမ အသံလေးမှာ စိုးရိမ်ရိပ်တို့ ရာနှုန်းပြည့် ပါနေတော့ သူ ပြုံးပျော်သွားသည်။

"ကိုယ် ရေချိုးခန်းဘက်မှာ ချော်လဲတာ ခေါင်းပေါက်သွားလို့ အ ကျွတ် ကျွတ် သွေးတွေထွက်တာ များသွားတယ်၊ လက်တလည်း ဆောက်လိုက်တာ ကျိုးသွားသလားမသိဘူး၊ အရမ်းနာနေတာ အ အား အခုတောင် ခေါင်းတွေမူးလာလို့"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး နေဦး နည်းနည်း အားတင်းထား၊ ကိုယ်အခုလာခဲ့မယ်၊ ရှင် ကျောက်မြောင်းမှာပဲလား။ ကိုယ်လာပြီ ခေါင်းကဒက်ရာကို အဝတ်သန့်တစ်ခုနဲ့ အုပ်ထားဦး"

"အင်း အ မြန်မြန်လေး လာခဲ့နော်"

ပြောပြီး သူ ဖုန်းကိုပိတ်ပစ်လိုက်သည်။ အခုလောက်ဆို ညအလင်း စိုးရိမ်တကြီး ရောက်လာတော့မှာ သေချာသည်။

သူ ညာတာသိရင် စိတ်ဆိုးမည်လား။ မတတ်နိုင်ပါ။ ဆိုးချင်ဆိုးတော့ သူ ညအလင်းကို အရမ်းတွေ့ချင်နေတာပဲ သိသည်။

■ ■ ■

ကျော်ညီညာ ဆီက ဖုန်းဝင်လာတော့ သူမ ပျာယာခတ်သွားသည်။ သူမအခုမှ အပြင်ကပြန်ရောက်ပြီး နားမလို့ ကြံစည်တုန်းပဲ ရှိသေးသည်။

နောင်ထွေးရှိရာ မော်တီကပြန်လာ ရေမိုးချိုးပြီးရုံပဲ ရှိသေးချိန် ဖုန်းဝင်လာတာမို့ ကသုတ်ကရိုက် အဝတ်အစားလဲကာ ထွက်ခဲ့၏။

သုံးလွှာရှိ သူ့တိုက်ခန်းဆီကို အပြေးတပိုင်း တက်ခဲ့ရတာ လူကမောပန်းသွားသည်။ ခပ်ဟဟ ဖြစ်နေသော အခန်းတံခါးကို ဖွင့်လိုက်တော့

"ဟင်"

ဆိုဖာထိုင်ခုံမှာ ပြုံးပြုံးကြီးထိုင်နေသော ကျော်ညီညာကို မြင်လိုက်ရတော့ သူမ အံ့ဩသွားသည်။





"ရှင် ရှင်ဘာမှ မဖြစ်ဘူးပေါ့"

"နှိုး"

"ဘာ"

သူမ တကယ်ပဲ စိတ်ဆိုးသွားရသည်။ ဒီလောက်အထိ စနောက်တာတော့ လွန်လွန်းပြီထင်သည်။

"ရှင် ဘာလို့ ကိုယ့်ကို ညာခေါ်တာလဲ"

"ကိုယ် ညညကို အရမ်းတွေ့ချင်နေလို့"

"ရှင် ရူးနေလား။ ရှင်တော်တော် ရက်စက်တဲ့သူ၊ အခုချက်ချင်း ကိုယ့်ကို ပြန်ပို့ပေး၊ ကိုယ်ဘာနဲ့ လာရသလဲသိလား။ တက္ကစီနဲ့လာရတာ ကိုယ့်ဘီးပေါက်နေလို့ သိရဲ့လား"

"ဆောရီး ကိုယ်တောင်းပန်ပါတယ်"

"ရှင် တော်တော် ရက်စက်တဲ့လူပဲ"

"ကိုယ် စချင်ရုံ သက်သက်ပါ ညညရယ်"

"ရှင်ရဲ့ ခင်မိုးရှာန်ကို စပါလား"

"ဟင့်အင်း ကိုယ် အရမ်းသတိရတာ မင်းကိုပါ အခုထိ ကိုယ်ဆန်နေလုံးဘာမှ မစားရသေးဘူး အပြင်ထွက်ပြီး တစ်ခုခု စားရအောင်"

"သေလိုက် ကျွန်မဘာယ်မှ မသွားချင်တော့အောင် ပင်ပန်းနေပြီ စောစောကပဲ နောင်ထွေးဆီက ပြန်လာတာ ကားကဘီးပေါက်နဲ့ နေလည်ရိုက်နေခဲ့တာ"

"ဒါဆို ကိုယ့်စားသောက်ခန်းထဲမှာ ကြက်သားကြော်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ အသားဘူးတွေရှိတယ်၊ စိတ်ကြိုက်စားနော်၊ ရေခဲသေတ္တာထဲမှာ ဂျယ်လီတွေလည်း ရှိတယ်၊ အသည်းပုံ သေးသေးလေးတွေ''

သူမ အကြိုက်ကို သူ မမေ့သေးပါလား ဟူသော အသိနှင့် စိတ်က ဒေါသတွေ ပြေသွားသည်။ မိုက်ထဲက ဆာလောင်လာတာနှင့် စားသောက်ခန်းဘက် သူမလှမ်းခဲ့သည်။

စားသောက်ခန်းထဲကိုဝင်ပြီး သူမ စိတ်တိုင်းကျ ယူစားပစ် လိုက်သည်။ သူက သူမရှေ့ထိုင်ခုံမှာ ထိုင်ကာ ပြုံးပြုံးလေး ကြည့်နေတာ မြင်မှ

''ရှင်လည်း မစားရသေးဘူးဆို''

''ညည အားပါးတရ စားနေတာကြည့်ပြီး ဝနေပြီ အစားပုပ်တာ တော့ ကျောင်းကအတိုင်းပဲနော်''

''အဲဒါ ဘာဖြစ်လဲ ရှင်ဒုက္ခပေးတာနဲ့ တန်အောင်စားရမှာပေါ့''

သူ ဟက်ခနဲ တစ်ချက်ရယ်ကာ ရေခဲသေတ္တာထဲက ရေဘူး ထုတ်ကာ ငှဲ့ပေးသည်။ ပြီးတော့ ဂျယ်လီအထုပ်ကြီး ယူလာပေးသည်။

ရေတစ်ခွက် မော့သောက်ကာ ဂျယ်လီဘူးလေး ဖောက်ကာ သူမ စားတော့

''ဖြည်းဖြည်းစားပါကွာ အန်ထွက်နေဦးမယ်''

''ကိုယ်စားတာကို ရှင်မနာလို ဖြစ်နေသလား၊ စိတ်ချ မစားနိုင် မသောက်နိုင်တဲ့ မိန်းမမျိုးနဲ့ ရှင်ရမှာ''

သူမ ဘာရယ်မဟုတ် ပြောလိုက်တာ ဖြစ်ပေမယ့် သူ့မျက်နှာ





ကွက်ခနဲ ပျက်သွားတာ မြင်တော့ သနားသွားမိ၏။

''ဆောရီး ကိုယ် စတာနော် ကဲ နောက် ပြန်တော့မယ်''

''အင်း ကိုယ်လိုက်ပို့ပေးပါ့မယ်''

ထိုစဉ်မှာပဲ သူ့ဟန်းဖုန်းလေးထဲက လေးဖြူသီချင်းလေးက ပေါ် ထွက်လာသည်။

''အတိတ်တွေက မှုန်ဝါးပေမယ့်. . ငါတို့ နှစ်ဦးဇာတ်လမ်း မှာ. . တချို့နေရာက အကောင်းတိုင်း ရှိနေဆဲပါပဲ''

''ဖုန်းလာနေတယ်လေ''

ညအလင်း သတိပေးမှ သူ ဖုန်းကိုလှမ်းယူလိုက်သည်။ ချာနီ ဆီက ဆက်လာတာဖြစ်သည်။

''ဟယ်လို''

''မောင် ချာနီခေါ်နေတာ ကြာလှပြီ၊ ဘာလို့ ဖုန်းမကိုင်တာ လဲ''

''အင်း ကိုယ် ကားမောင်းနေလို့''

''ဟင် ဒီအချိန်ကြီး ဘယ်သွားမလို့လဲ''

''ကိစ္စလေးရှိလို့''

''အရေးကြီးလို့လားမောင်၊ မောင့်ဘေးမှာ ဘယ်သူရှိသေးလဲ''

''နိုး ဘယ်သူမှ မရှိပါဘူး''

''အိုကေ အိုကေ မနက်ဖြန် မောင့်ဆီ ချာနီလာခဲ့မယ်၊ ပြောစရာ တွေရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ချာန် ဖုန်းလေးချသွားသည်။ စပီကာ ဖွင့်ထားတာနဲ့ သူတို့စကားတွေကို ကြားနေရသော ညအလင်း မျက်မှောင်ကုပ်ကြည့်ရင်း

"ရှင်က ပညာတွေ သိပ်တတ်နေတယ်ပေါ့"

"ဟင် ဘာပညာလဲ ညညရဲ့"

"ညာတတ်တဲ့ ပညာလေ၊ ရှင့်ဘေးမှာ ကိုယ်တစ်ယောက်လုံး ရှိနေတာကိုသိရက်နဲ့ ဘယ်သူမှ မရှိဘူးညာတာလေ၊ ဘာလဲ ခင်မိုးချာန် စိတ်ဆိုးသွားမှာ ကြောက်နေတာလား"

"ညည ထင်ချင်သလို ထင်နိုင်ပါတယ်"

"ဟုတ်တယ် ကိုယ်ကလည်း တုံးလွန်းတာပါ ရှင့်ချစ်သူရှိနေရက်နဲ့ ကိုယ့်ကို ဖုန်းဆက်ခေါ်ကတည်းက စဉ်းစားမိဖို့ ကောင်းတယ်"

"မင်း စိုးရိမ်သွားတယ်မို့လား"

"ရှင့်အသံက သေမလို ဖြစ်နေတာကိုး"

ပြောရင်း ဒေါသလေး ဝင်လာတာမို့ ညအလင်း မျက်စောင်းလေးထိုးတော့

"ယောကျ်ားတစ်ယောက်ကို မျက်စောင်း ခဏခဏထိုးတာ ကျွန်မကို ချစ်ပါလို့ ပြောတာနဲ့ အတူတူပဲ"

"သေလိုက် ကျော်ညီညာ၊ ရှင့်မျက်နှာကို မှန်ထဲပြန်ကြည့်လိုက်ဦး၊ ရှုံ့စရာတောင် ကောင်းနေပြီ"

"အဲသလောက်တောင်ပဲလား"





"ရှင် ကိုယ့်ကို ချစ်နေတာလား ဘာကိုမှ မစဉ်းစားပဲ၊ ရှင့်ရင်ထဲမှာ ရှိနေတဲ့အတိုင်းပဲပြောပါ၊ ရှင်ဝန်ခံတာကိုပဲ လိုချင်တယ်"

"ကိုယ့်ပုံစံက အဲဒီလိုမျိုး ဖြစ်နေသလား မရိုးသားဘူးလား"

"မိန်းမတစ်ယောက်ကို ညအချိန်မတော် ရှင် ညာခေါ်တာက ငါမင်းကို သတိရတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲဆိုတာ ရှင်မသိဘူးလား၊ မိန်းကလေးတစ်ယောက်ကို တွေဝေအောင် မလုပ်ပါနဲ့ ကျော်ညီညာ"

"ဆောရီး မင်း တွေဝေနေတယ်လို့ ကိုယ်မထင်ဘူး"

"တော်တော့ ကျော်ညီညာ၊ ဟုတ်တယ် ကိုယ်သိပ်ပျော့ညံ့နေပြီ အချစ်ကြောင့် တွေဝေနေတဲ့ ကိုယ့်အဖြစ်က သိပ်ကလေးဆန်လွန်းနေပြီ၊ ကိုယ်တစ်ခုခုကို ပြတ်သားရတော့မယ်"

"စကားအဆုံး သူမ လှည့်ထွက်ခဲ့တော့ သူ အနောက်က လိုက်လာသည်။ အိမ်ကို သူပြန်ပို့ပေးသည့် တစ်ချိန်လုံး စကားမပြောဖြစ်ပါ။

သူမ သိပ်ကို ညံ့လွန်းပါသည်။ ကျော်ညီညာ စိတ်တိုင်းကျကစားနေတဲ့ကပွဲထဲမှာ ကိုယ်က သားကောင်လား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဖုန်းမြည်လာတာမို့ ညအလင်း ကောက်ယူ နားထောင်လိုက်တော့ မိုးဈာန်ဖြစ်နေသည်။

"ညအလင်း တို့ပါ"

"ကိစ္စရှိလို့လား၊ ခင်မိုးဈာန်"

"ဟုတ်တယ် တို့ ညအလင်းနဲ့ တွေ့ချင်တယ် မစ္စတာဂစ်တာက စောင့်နေမယ်၊ ခဏလောက်လာခဲ့လို့ ရမလားဟင်"

"အင်း လာခဲ့မယ်လေ"

ပြောပြီး ဖုန်းချရင်း နာရီကိုကြည့်တော့ ဆယ့်နှစ်နာရီ ထိုးနေပြီ ရေချိုးခန်းဝင် ရေမိုးချိုးပြီးတော့ မှန်တင်ခုံရှေ့ထိုင်ကာ စိတ်တိုင်းကျ ပြင်ဆင်လိုက်သည်။

Mr. Guiter ကိုရောက်တော့ တစ်နာရီ ငါးမိနစ်သာသာပဲ ရှိ





သေးသည်။ ညအလင်း ကြိုတွေးထားသည့်အတိုင်း ခင်မိုးဈာန်လည်း ရောက်နေပြီ။

ပန်းနုရောင် ဂါဝန်လေးနှင့် ခင်မိုးဈာန် တစ်မျိုးချစ်စရာ ကောင်းနေသည်။ မျက်နှာလေးကလည်း နုနုညက်ညက် လေးလှသည်။ ဒါပေမဲ့ သူမ မျက်ဝန်းတွေက ညှိုးမှိန်နေသည် ထင်၏။

ကျော်ညီညာကြောင့် သူမလည်း စိတ်ညစ်နေသည်လား။

"တို့ခေါ်လိုက်ရတာ တောင်းပန်ပါတယ် ညအလင်း"

"ရပါတယ် ကိုယ်လည်း အားနေပါတယ်"

"လိုရင်းကိုပဲ ပြောပါရစေ၊ ရှင် မောင့်ကို တကယ်ချစ်တာလား"

"ကိုယ်လား ဘဝမှာတစ်ခါပဲ ချစ်ခဲ့တာ၊ ဒါပေမဲ့ ရင်ထဲမှာပဲ သိုဝှက်ခဲ့တယ်၊ ဘာလို့လဲဆိုတော့ မင်းနဲ့ကျော်ညီညာက ချစ်သူတွေ ဖြစ်နေခဲ့တာမို့ပေါ့၊ မင်း သူ့အနားမှာ မရှိချိန်မှ ကိုယ်တို့ပြန်ဆုံတာ သူ လက်ထပ်ခွင့်တောင်းတယ်၊ ကိုယ် သိပ်ပျော်တာပေါ့၊ ဒါပေမဲ့ မင်း ပြန်ရောက်လာတယ်၊ ပြီးဆုံးနေတဲ့အတိတ်ကို မင်း ပြန်ဆက်နေတာပဲ ခင်မိုးဈာန်"

"မောင်ကို တို့ သိပ်ချစ်တယ် ညအလင်း၊ သူ တွေဝေနေတာပါ၊ ညအလင်းသာ လွှတ်လပ်ခွင့်ပေးလိုက်ရင် မောင်နဲ့တို့ လက်ထပ်ဖြစ်ပြီ"

"ကိုယ် သူ့ကို စိတ်ရှုပ်အောင် မလုပ်ပါဘူး၊ ပြီးတော့ မင်းပြောတာကိုလည်း ကိုယ် နားမထောင်နိုင်ဘူး၊ မင်းနဲ့ မျက်နှာချင်းဆိုင် ပြောလိုက်တာ ပိုကောင်းမယ်ထင်လို့ ကိုယ်လာတာပါ၊ ကိုယ် သူ့ကိုစိပါး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကိုလည်း မခိုးတတ်ဘူး၊ ဒါပေမဲ့ သူ ကိုယ့်ကို တကယ်ချစ်တာ ဆိုရင် ကိုယ် သူ့ကို လက်ခံရမှာပဲ ခင်မိုးချာန်''

သူမဘက်က ယတိပြတ်ပဲ ပြောပစ်လိုက်သည်။ ခင်မိုးချာန် သူမကို ငေးငေးလေးကြည့်ရင်း

''တို့လျှောက်မယ့်လမ်းကို တို့ရွေးထားတယ် ညအလင်း၊ လမ်း ပျောက်သွားမယ်ဆို တို့ ဘာဆက်လုပ်ရမလဲဟင်''

''မင်း အသက်က ငယ်ပါသေးတယ်၊ ငယ်တယ်၊ လှတယ် ပြီးတော့ ချမ်းသာတယ်၊ မင်းမှာ အခွင့်အရေးတွေ အများကြီးရှိတယ် ခင်မိုးချာန်၊ ကိုယ့်မှာဘာမှ မရှိဘူး၊ ကျော်ညီညာက ကိုယ့်ဘဝရဲ့ နောက် ဆုံးသူပဲ''

''ရှင်က ကျွန်မထက် ကျန်းမာနေတာပဲ''

''ဟုတ်တယ် ကိုယ်က ကျန်းမာတယ် ဒါပေမဲ့ နှလုံးသားက တော့ အမြဲတမ်း မပြည့်ဝခဲ့ဘူး''

''ညအလင်း ရှင်က စားချင်တာစား သောက်ချင်တာသောက် နိုင်ပါတယ်၊ အဲဒီလို မဟုတ်တဲ့ တို့ဘဝက ခက်ခဲမယ်ဆိုတာ ရှင်သိမှာပါ တို့လည်း ရှင့်လိုတောင့်တောင့်တင်းတင်းနဲ့ ကိုယ်လုံးလှလှလေး ကျန်းမာ တဲ့ ခန္ဓာကိုယ် ပိုင်ဆိုင်ချင်တာပေါ့ ဒါပေမဲ့''

ပြောရင်း ခင်မိုးချာန် အသံလေး တိမ်ဝင်ကာ ငိုသည်။ ဘေး ဝိုင်းကလူတွေတောင် သူမတို့ကို ကွက်ကြည့်ကွက်ကြည့် ကြည့်ကုန်၏

''အဲဒီလို ငိုမနေနဲ့ ကိုယ်ကမင်းကို နှိပ်စက်နေတယ်လို့ လူတွေ





ထင်ကုန်ဦးမယ် ခင်မိုးချာန်၊ ကိုယ်ပြောမယ် မင်းသူ့ကို ပိုင်ဆိုင်ပြီးမှ ကိုယ်သူနဲ့ မပတ်သက်တော့ဘူး''

''ဘယ်လို''

''ရှင်းပါတယ် သူ မင်းကို တကယ်ချစ်လို့ လက်ထပ်ပြီဆို ကိုယ့်နှလုံးသားကို သော့ပိတ်ပြီး ထာဝရ မျိုသိပ်လိုက်မယ်၊ ရပါတယ်၊ အချစ်ဆိုတာ ရင်ထဲက ချစ်နေလို့ရတာပဲ၊ ကိုယ် အရှုံးပေးနောက်ဆုတ် တာ မဟုတ်ဘူးနော်၊ ကျော်ညီညာရဲ့ ဆုံးဖြတ်ချက်ကို အလေးထားတာ ပါ၊ ကဲ ကိုယ်သွားမယ် ခင်မိုးချာန်''

ပြောပြီး သူမ လမ်းခွဲ နှုတ်ဆက်ခဲ့သည်။

အခုချိန်မှာ ပြတ်သားစွာ တစ်ခုခုကို ဆုံးဖြတ်ရမှာ ကျော်ညီညာ ပဲလေ။ ကိုယ့်ထက် သူ့ဘဝမှာ ခင်မိုးချာန်က အရေးပါသည်ဆိုလျှင်. . .။

ကိုယ် မင်းတို့အတွက် ပြုံးပြုံးလေး ဆုမွန်ကောင်းတောင်းပေး နိုင်ပါတယ် ကျော်ညီညာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ရင်ထဲမှာ မွန်းကြပ်မှုလောင်နေသည်။ ညအလင်း ပြောခဲ့သော စကားတွေက တုန်လှုပ်စေခဲ့သည်။

မောင်ရဲ့ ဆုံးဖြတ်ချက်က အဓိကတဲ့။ ဒါဆိုရင် . . . ။

မမေ့နိုင်သေးသော မောင့်ရင်ထဲက ခံစားချက် စကားတွေကို ချာန်သိခဲ့ ကြားခဲ့ရသည်။ ထိုညနေက မောင့်ရဲ့ တိုက်ခန်းကို ချာန် ရောက်ခဲ့သည်။

တိုက်ခန်း တံခါးကလည်း ပွင့်နေသည်။ အခန်းတံခါး တွန်းဖွင့်ကာ ချာန် ဝင်ခဲ့တော့ မောင် ဆိုဖာပေါ်မှာ ပိုးလိုးပက်လက်။

"မောင် မောင်"

စိုးရိမ်စွာနှင့် မောင့်အနားမှာ ချာန် ဒူးထောက်ထိုင်ပြီး လှုပ်နှိုးတော့ မောင် ခေါင်းပင်မထောင်နိုင်။

"အေ့ နောင်ထွေး လား"





"မောင် မောင်"

"သူငယ်ချင်း အေး ငါ့ရင်တွေကွဲနေပြီ အေ့ ဘယ်သူမှ မသိဘဲ ကွဲနေတာ၊ ည ညည ကြောင့် အေ့"

မောင် သတိအသိကင်းလွတ်ကာ တမ်းတနေတာ သူမ မဟုတ်ဘဲ ညအလင်းကို ဖြစ်နေတော့ သူမ ရင်ထဲမှာ ခံစားရသည်။

"ည ညညကို ငါ တကယ်ချစ်တာ မြတ်နိုးတာ၊ ဒါပေမဲ့ ချာန် ချာန်ကိုလည်း ငါ သနားတယ် အေ့"

မောင်ရယ် မောင့်ရင်ထဲက ခံစားချက်တွေတဲ့လား။

"ဘဝနဲ့ အချစ် အေ့ အချစ်နဲ့ဘဝ ထပ်တူမကျဘူးကွ၊ ငါ ငါ ည ကို ချစ် ဒယ်"

ချာန် နှလုံးသားကို နာကျင်စေသော မောင့် စကားသံ ဝလုံးဝထွေးတွေက တိတ်ဆိတ်သွားခဲ့ပြန်သည်။

ချာန် ရှိုက်ကာငိုနေမိသည်။ အတန်ကြာမှ ဆိုဖာပေါ်မှာ အိပ်ပျော်နေသော မောင့်ကို အိပ်ခန်းထဲပို့နိုင်ဖို့ ကြိုးစားရတော့၏။

"မောင် မောင် ထ ထပါ"

"အင်း အင် ဘယ်တူရဲ"

ခေါင်းငိုက်စိုက်နှင့် မောင် လူးလဲထသည်။ ချက်ချင်း ပြန်ယိုင်လဲတော့ ချာန် တွဲကာထိန်းပေးထားရ၏။

"အခန်းထဲ သွားရအောင်နော် မောင်"

"အင်း ည ညလား ဆောရီးကွာ၊ မင်းကြားချင်တဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောခွင့် မရှိဘူး ညရယ်''

အနားမှာ ရှိနေတာ ချာန်။ ဒါပေမဲ့ မောင် တမ်းတထင်မှတ်နေတာ ညအလင်း။ မျက်ရည်တွေကြားက မောင့်ကို ချော့မော့ကာ ·တွဲခေါ်ခဲ့ရသည်။

ချာန် ပခုံးကို သိုင်းဖက်ထားရင်း မောင့်နှုတ်က ညအလင်း အမည်ကိုပဲ ရေရွတ်နေခဲ့တာ ချာန် ဘယ်လိုခံစားရမှာလဲ။

ခုတင်ရှေ့ရောက်တော့ မနိုင်မနင်း မောင့်ခန္ဓာကိုယ်ကို ပွဲလာရတာ မောဟိုက်နေပြီ။ ခုတင်ပေါ်ကို မောင်နှင့်ချာန် လုံးထွေးကျသွားခဲ့သည်။

''အို မောင်''

''ည ညည ကိုယ့်ကို မမုန်းလိုက်နဲ့နော် အေ့''

ဗလုံးဗထွေးပြောရင်း မောင့်လက်တွေက ချာန့် ခန္ဓာကိုယ်လေးကို တင်းကြပ်စွာ ဖက်တွယ်ထားခဲ့သည်။

ယစ်မူး မွှတ်သိပ်သော အနမ်းတွေက ချာန် မျက်နှာအနှံ့ ကျရောက်လာ၏။ နဖူးကလေးနမ်း လက်ကလေးနမ်းဖို့တောင် တွန့်ဆုတ်နေသော မောင့်ဆီက အကြင်နာအနမ်းတွေကြားမှာ ချာန့် နစ်မျောသွားခဲ့သည်။

''ချစ် ချစ်တယ် ညညရယ်''

''ဟင်''

တလှပ်လှပ် ခုန်နေသော ရင်ခုန်သံတွေက ချက်ချင်းပဲ ရပ်ဆိုင်း





သွားခဲ့ကာ မောင့်အနမ်းတွေထဲက ချာန် ရုန်းထွက်လိုက်မိသည်။

''ည ညည မင်းကြောင့် ကိုယ် တွေဝေနေတာ အေ့ ချာန့်ကို သနားတယ်''

တော်ပါတော့ မောင်ရယ်၊ ချာန်ဘာမှ ကြားနိုင်စွမ်း မရှိတော့ဘူး။ ချာန့် နှလုံးသားတွေကို မနင်းချေပါနဲ့ကွယ်''

ချာန် တောင်းပန်နေတာကို မောင် မကြားနိုင်။ ပြောချင်တာတွေကို ပြောရင်း မွှတ်သိပ်သော အနမ်းတို့ဆင့်ကဲ ချွေနေသည်။

ညင်သာသော အနမ်းတို့သည် ချာန်အတွက်တော့ ကျင်စက်နှင့် တို့ထိခံရသလို နာကျင်စရာ ကောင်းနေခဲ့သည်။

မောင့်ကို ဆုံးရှုံးမခံနိုင်သော စိတ်က အာရုံထဲ ဝင်လာချိန်မှာ ချာန် မိုက်မဲပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်မိသည်။

မောင်နှင့် ရင်ချင်းအပ်ကာ မောင်ရဲ့ အနမ်းတွေကို ပြန်တုံ့ပြန်ရင်း မောင့်တစ်ဘဝလုံးကို အပိုင်သိမ်းဖို့ ကြိုးစားမိ၏။

''ချစ် ချစ်တယ် မောင်ရယ်''

''ဟင်''

နားစည်ထဲကို ဗုံးတစ်လုံးနှင့် ပစ်ခွင်းသလို ကြားလိုက်ရသော မောင့်အသံကြောင့် ချာန် ဆတ်ခနဲ ထထိုင်လိုက်မိ၏။

''ည ညည မောင့်ကို ခွဲမသွားနဲ့''

လိုက်ခုန်နေသော ရင်ခုန်သံတွေ ချက်ချင်း သေဆုံးကာ သွေးရူးသွေးတန်း လှမ်းလာသော မောင့်လက်တွေ ရှောင်တိမ်းကာ ချာန် ညောင်

www.burmeseclassic.com



ပေါ်က ဆင်းလိုက်သည်။

"ည ညည ‌အေ့"

"မောဝ်ရယ် ရှင် သိပ်ရက်စက်တယ်"

ပိုးပိုးပေါက်ပေါက် ကျလာသော မျက်ရည်တွေကြားက ချာန် တွန့်ကြေနေသော အဝတ်အစားတွေကို ဆွဲဆန့်လိုက်သည်။

မောင့်ရဲ့ အချစ်ကို ဒီလိုနည်းနှင့် ချာန် မပိုင်ဆိုင်ချင်ဘူး။ မသိမ်းပိုက်ချင်တော့ဘူး မောင်ရယ်။

ချာန် မောင့် အခန်းထဲက လှည့်ထွက်ခဲ့သည့်တိုင် မောင် ည အလင်းကို တမ်းတရင်း ကျန်ရစ်ခဲ့ရှာသည်။

တိုက်ခန်း တံခါးကိုပိတ်ကာ ပြေးဆင်းခဲ့သည်အထိ ချာန် မျက်ရည်တွေ စီးကျနေခဲ့၏။

မောင်ရဲ့ ချစ်ခြင်းကို ပိုင်ဆိုင်ရပြီဟု ထင်မှတ်ယုံကြည်ထား သမျှ အခုတော့ ထင်ရားခဲ့ပြီ။ မောင့် နှလုံးသားက ညအလင်းတဲ့လား။

ချာန်ဆိုတဲ့ မိန်းမက မောင် စာနာသနားမှုနဲ့ ကြင်နာယုယ ပြနေတဲ့ ဟန်ဆောင်အချစ်တွေ ပိုင်ဆိုင်နေရတဲ့ မိန်းမတစ်ယောက်ပေါ့။

မောင့်ဆီက ချာန် သိခွင့်ရလိုက်သော လျှို့ဝှက်ချက်ကြီးက ချာန်ကို ထိခိုက်နာကျင်စေခဲ့၏။ နောက်ရက်တွေမှာ မောင့်ဆီ မရောက်ခဲ့ မောင့်ရဲ့ မျက်နှာကို ရင်မဆိုင်ရဲပါ။

မောင့်ကို မြင်လျှင် ညအလင်းကိုပဲ ပြေးမြင်မိမှာ သေချာသည်။

အခုလည်း ညအလင်းက ကြေညာသွားခဲ့သည်၊ မောင်ရဲ့





ဆုံးဖြတ်ချက်က အဓိကတဲ့။

မောင့် မိဘတွေကို ဆန့်ကျင်ပြီး ချာန့်ဘက်မှာ ရှိနေသည်ဆို ပေမယ့် ချက်ချင်း လက်မထပ်ဘဲ တွန့်ဆုတ်နေတာ ညအလင်းကြောင့် ပေါ့။

ချာန် သိခဲ့ပြီ မောင်ရယ် သိခဲ့ပါပြီ။

တားဆီးမရသော မျက်ရည်တွေ ဘယ်အချိန်ထိ ကျဆင်းနေ ခဲ့သည်မသိပါ။ ဗိုက်ထဲက ရှုးရှူးနစ်နစ် နာကျင်လာသော ဝေဒနာကြောင့် ချာန် သတိဝင်လာ၏။

"အ အား နာ နာလိုက်တာ"

ဒီရက်တွေမှာ အစားပျက် အအိပ်ပျက်ခဲ့သော ဒဏ်တွေကြောင့် ဟု ချာန် ချက်ချင်းသိသည်။ တစ်ချိန်တည်းမှာပဲ ဒယ်နီ အမြဲမှာခဲ့တာကို သတိရ၏။

"Rain နင် အစားအသောက်ကို ဂရုစိုက်နော်၊ နင်က လူကောင်း တစ်ယောက် မဟုတ်ဘူး"

အခုတော့ ချာန် ဥပေက္ခာပြုမိတာနှင့် ဒုက္ခပေးချေပြီ။ ဝေဒနာ ကို တင်းခံရင်း ချာန် စားပွဲပေါ်က ဆေးဘူးလေးကို လှမ်းယူလိုက်၏။

အမြဲတမ်း တစ်လုံးသောက်ရသော ဆေးကို နှစ်လုံးယူကာ ပါးစပ်ထဲထည့် မျိုချပစ်လိုက်သည်။ ဝေဒနာဆိုးကြီးက သက်သာပါစေ တော့။

ခုတင်ပေါ်မှာ ပြန်လှဲကာ ဝေဒနာ သက်သာလာစေဖို့ ချာန်



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပေမယ့် မသက်သာ။ ဝေဒနာကြောင့် ချွေးသီးချွေးပေါက်တွေ တောင် ရွှဲနစ်လာ၏။

“မောင် မောင်”

အားကိုးတကြီး တမ်းတနေတုန်းမှာ ကြားလိုက်ရသော အသံ တစ်ခု။

“Rain Rain ရေ”

“ဟင် ဒယ် ဒယ်နီ”

ဒီနေ့ ဒယ်နီ ပြန်ရောက်မည်ဟု ဖုန်းဆက်ထားတာ သတိရ သည်။ လူက ကုန်းသချင်ပေမယ့် ဝမ်းဗိုက်က နာကျင်မှုက မခံမရပ် နိုင်ပါ။

“Rain Rain နင်ဘယ်မှာလဲ”

“ဒယ် ဒယ်နီ အ အား”

ရှိသမျှ ခွန်အားလေးနှင့် သူခေါ်တော့ ဒယ်နီ ကြားသွားကာ အခန်းရှေ့ ရောက်လာ၏။

“ငါ ငါ ဝင်ခဲ့မယ်နော် Rain”

ခွင့်တောင်းပြီး ဒယ်နီအခန်းတံခါးဖွင့် ဝင်လာသည်။ ဈာန် အဖြစ်ကို မြင်တော့ စိုးရိမ်တကြီး ရောက်လာ၏။

“Rain ဘာ ဘာဖြစ်တာလဲ”

“ငါ ဗိုက်ထဲက အောင့်နေတယ်၊ ဆေးသောက်လည်း မ မရ အား အား”





“ဒုက္ခပဲ နင် ကိုယ့်ကိုယ်ကို ဂရုမစိုက်လို့ ဖြစ်တာ၊ လာ ငါနဲ့ ဆေးရုံသွားမယ်”

ဒယ်နီ သူမကို ဇွဲခနဲ ပွေ့ချီကာ ဆင်ဝင်အောက်က ကားဆီ ခေါ်သည်။ ပြီးတော့ နောက်ခန်းတံခါးဖွင့်ကာ ထိုင်စေသည်။

“ခဏလေး၊ အားထင်းထားနော် ရိန်း”

ပြောရင်း ဒယ်နီကားကို မောင်းထွက်ခဲ့သည်။ ဈာန် မျက်ဝန်း လေးမှိတ်ထားရင်း ဝေဒနာကို ငြိမ်ငြိမ်လေး ခံစားနေလိုက်သည်။

အထူးကု ဆေးရုံကြီးရောက်တော့ အရေးပေါ် ခန်းမထဲကို ဈာန်ကို ပို့ကြသည်။ ဒယ်နီက သူမလက်ကလေးကို ဆုပ်ကိုင်ထားရင်း

“ ရိန်း ဘာမှ အားမငယ်နဲ့သိလား။ ငါ ကျော်ညီညာဆီ ဖုန်း ဆက်လိုက်မယ်”.

“ဟင့်အင်း မ မဆက်ပါနဲ့”

သူ့ တားမြစ်တာကို နားမလည်နိုင်သော မျက်ဝန်းတွေနှင့် ဒယ်နီကြည့်၏။

“ငါ့စကားကို နင်နားထောင်ပေးနော်၊ ပြီးမှ ငါတို့ စကားတွေ ဆက်ပြောမယ် အင်း”

ဒယ်နီ ခေါင်းညိတ်သည်။ မကြာခင်မှာပဲ ဆရာဝန်ကြီးတွေ ဝင်လာသည်။ ဒယ်နီ အခန်းအပြင်ဘက် ထွက်သွားရင်း

]]ig&@ew , f&df? နင် သက်သာသွားမှာပါ”

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘာ ဘာရယ် ရိန်း နင် သူ့ကို စွန့်လွှတ်လိုက်မယ် ဟုတ်လား"

"ဟုတ်တယ် ဒယ်နီ ငါ ဆုံးဖြတ်လိုက်ပြီ"

"အဓိပ္ပါယ်မရှိတာ၊ နင် သူ့ကို သိပ်ချစ်တာပါ၊ သူ့ကြောင့် နင့်ဝေဒနာကြီးကို နင် နှစ်ချီကုသခဲ့တာ၊ ဘာလဲ နင့်ကို သူ သစ္စာမဲ့လို့ လား၊ ဟိုတစ်ယောက်နဲ့ သူ မပြတ်သေးလို့လား"

ဒယ်နီ မကျေမနပ်နှင့် မေးသည်။ ရျာန် ခေါင်းလေးခါပြရင်း

"သူ့ ရင်ထဲမှာ တကယ်ရှိနေတာ ညအလင်းပဲ၊ ပြီးတော့ သူ ငါ့ကို လက်ထပ်မှာ ငါသိတယ်"

"ဟင် နင်လိုချင်တာ ဒါပဲလေ"

"ဟင့်အင်း ငါ အဲဒါမလိုချင်တော့ဘူး"

"ဟား ဘာတွေလဲ Rain ရယ်"





"ငါ့ဘဝကြီးကို စာနာပြီး သူ့လက်ထဲမှာ ဒါပေမဲ့ ငါကလည်း သူ့ကို အဲဒီဒုက္ခတွေ မပေးချင်ဘူး၊ ငါသိတယ် ဒယ်နီ၊ ငါ့ရောဂါကြီးက ငါတစ်ချက်မှားတာနဲ့ ဒုက္ခပေးနေတာ စိတ်ညစ်စရာတွေကို မပေးစေချင်ဘူးဟာ"

"နင် သက်သာနေပြီပဲ၊ ဂရုစိုက်ဖို့ပဲလိုတာ"

ဒယ်နီ စကားကို ရျာန်လက်ခံပါသည်။ ဆရာဝန်ကြီးကလည်း အသေအချာ မှာထားခဲ့သည်။

ရျာန် ဝေဒနာက အစားအသောက် အနေအထိုင် ဂရုတစိုက် နှင့် ရှင်သန်နိုင်မှ ကောင်းမည့်ဘဝ။

ဒီလိုဘဝကြီးနှင့် မောင့်အနားမှာ နေရမည့်ဘဝကို ရျာန်မလိုချင် ပါ။ မောင့်အတွက် စိတ်သောကတွေ ဝေမပေးချင်။ ပြီးတော့ မောင့် မိဘတွေလည်း ပြောဖူးသည်။

ရျာန့်ရဲ့ ရောဂါကြီးက မိသားစုဘဝမှာ အနှောင့်အယှက်ကြီး ဖြစ်လာနိုင်သည်တဲ့။

"ငါ ဆုံးဖြတ်လိုက်ပြီ ဒယ်နီ"

"ဘာကိုလဲ Rain "

"ငါ အမေရိကား ပြန်မယ်၊ နင်နဲ့အတူ ခေါ်သွားပေးပါ"

"ဟင် မြန်မာပြည်ကို နင် လာခဲ့တာ အပြီးအပိုင်လေ၊ နင့်ဦး လေးကို ဆန့်ကျင်ပြီး လာခဲ့တာပဲ"

"ဟုတ်တယ် အခု ငါစိတ်ပြောင်းသွားပြီဟာ၊ ငါပြန်ဖို့ နင်



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ပေးပါ၊ ပြီးတော့ ငါဖြစ်ချင်တာတွေကို နင်ကူညီပေးပါနော် ဒယ်နီ"

ရျာန် တောင်းဆိုသမျှ ဒယ်နီ ခေါင်းညိတ်သည်။

သူ့ဘဝမှာ Rain ဆိုသော သူမသည် အခင်မင်ဆုံး သံယောဇဉ်အဖြစ်ရဆုံး။ ဝန်ခံရလျှင် မြတ်နိုးချစ်ရသော မိန်းကလေးပဲလေ။

Rain ဖြစ်စေချင်တာ သူမ ဘာမဆို လုပ်ပေးဖို့ အသင့်။

အခုလည်း သူမလေးကိုကူညီဖို့ ရန်ကုန်လိုက်ခဲ့တာ ဖြစ်သည်။ သူတစ်ယောက်တည်း ပြန်ရမည်ဆိုတော့ ရင်ထဲမှာ ကြေကွဲခံစားရသည်။

အခု Rain ကပြန်ခေါ်ဖို့ ပြောနေတော့ သူ ဝမ်းသာမိတာ အမှန်။ Rain နှလုံးသားက တခြားတစ်ယောက်ဆီမှာ ကျန်နေခဲ့ဦးတော့ Rain သူနှင့် အနီးပါလာတာ ကျေနပ်စရာပါပဲ။

အချစ်ကို ချစ်တတ်ပုံချင်း မတူခဲ့ကြဘူး Rain ရယ်။

ငါနင့်ကို မြတ်နိုးတာကာ ဘာပိုင်ဆိုင်မှုမှ မလိုဘူး။ ပေးဆပ်နေရတာ၊ ယုယနေရတာနဲ့ ကျေနပ်နေတာမျိုးပါ။

အခုလည်း နင်က ကျော်ညီညာကို ပေးဆပ်ချင်စိတ်နဲ့ ချစ်လိုက်တာပေါ့။ ငါနားလည်တယ် Rain ။

■ ■ ■

၁၄၄

## အခန်း (၃၃)

"ဘယ် ဘယ်လို ရျာန်၊ မောင် အဲ ကိုယ့်ကို ရျာန် တကယ်ပြောနေတာလား"

ကျော်ညီညာ တအံ့တသြ မယုံနိုင်သလို မေးသည်။ ရျာန်ကိုသာ နံဘေးမှာရှိနေသော ဒယ်နီကိုပါ မယုံသင်္ကာ မျက်ဝန်းတွေနှင့်ကြည့်၏။

"ရျာန် တကယ်ပြောတာပါ ကျော်ညီညာ၊ အကောင်းဆုံး အခြေအနေကို ရျာန်ရွေးချယ်တာပါ၊ ရျာန်ရောဂါက အကင်းမပျောက်သေးဘူးဆိုတော့ ရက်က သေမလောက် ခံလိုက်ရတယ်"

"ရျာန် ဘာလို့ ကိုယ့်ဆီ ဖုန်းမဆက်တာလဲ"

"ရျာန့်အနားမှာ ဒယ်နီ ရှိနေတယ်လေ၊ ဒယ်နီကပဲ အားလုံးကူညီပေးနေခဲ့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ချာန်စကားကြောင့် ကျော်ညီညာ မျက်နှာပျက်သွားသည်။ ဒယ်နီက ကြားဝင်ပြော၏။

"ကိုယ် ပြန်ရောက်လာတော့ Rain မိုက်နာနေတာနဲ့ဆုံလို့ ဆေးရုံပို့လိုက်တာပါ ကျော်ညီညာ"

"အင်း ကျေးဇူးတင်ပါတယ် ဒယ်နီ"

"ကျော်ညီညာ ချာန် ပွင့်ပွင့်လင်းလင်း ပြောပါရစေ၊ ချာန် အမေရိကား ပြန်တော့မှာ"

"ဟင်"

"ဟုတ်တယ် ကိုယ်ဆက်ပြီး အသက်ရှည်ရှည်နေခွင့်က ဟိုမှာ အကောင်းဆုံးလေ ပြီးတော့ ကိုယ့်အတွက် အသင့်တော်ဆုံး အဖော်က ဒယ်နီပဲ"

"ချာန်"

"ခဏလေး ကျော်ညီညာ၊ နှင့်ရင်ထဲမှာ တကယ်ရှိနေတာ ညအလင်း ပါ၊ ဒါ ချာန်သိတယ်"

သူ မငြင်းနိုင်ဘဲ နှုတ်ဆိတ်နေသည်။ ဒါ ဝန်ခံခြင်းဟု ချာန် သိပြီးဖြစ်သည်။

"တို့ နောက်ဆုတ်ပေးလိုက်တာပါ ကျော်ညီညာ၊ အတိတ်က ပြီးဆုံးသွားပြီလေ၊ ပြီးတော့ တို့နဲ့ သင့်တော်တဲ့ နေရာကို တို့ပြန်မယ် နှင် တို့အတွက် စိတ်ပူမှာဆိုရင် မပူပါနဲ့ ဒယ်နီရှိတယ်"

သူ့ဘာမှ မပြောဘဲ နှုတ်ဆိတ်တွေဝေနေဆဲ ချာန် ယုံ့ယုံ့လေး





ပြုံးလိုက်ပါသည်။

"နှင် တို့အပေါ်မှာ ကြင်နာ စာနာပေးတာတွေအတွက် သိပ် ကျေးဇူးတင်ပါတယ် ကျော်ညီညာ၊ ငါတို့ အခင်မင်ဆုံး သူငယ်ချင်း တွေအဖြစ် အမြဲရှိမှာပါ"

"ချာန် နှင်တကယ် ဆုံးဖြတ်လိုက်တာလားဟင်"

"တကယ်ပါ ဒယ်နီနဲ့အတူ ပြန်ဖို့တောင် စီစဉ်ထားပြီ၊ ပြီးတော့ ငါတို့ ဟိုရောက်ရင် လက်ထပ်ဖြစ်မယ်၊ ဒယ်နီဝယ်ထားတဲ့ သူတို့သမီး ဝတ်စုံတွေက ငါ့အတွက်လေ အဟင်း"

ချာန် စကားကြောင့် ဒယ်နီ ရှက်သလို မျက်နှာရဲသွားသည်။ ကျော်ညီညာက ခေါင်းတညိတ်ညိတ်နှင့် ဒယ်နီကို လက်ကမ်းရင်း

"ဒယ်နီ ခင်ဗျားအတွက် ဝမ်းသာပါတယ်"

"အိုကေ ကိုယ်လည်း ဂုဏ်ယူပါတယ် ကျော်ညီညာ"

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်နေတာကို ချာန် ငေးကြည့်ရင်း ပြုံးပြုံးလေးပဲ ကြည့်နေလိုက်၏။

"ချာန် ငါတို့ သူငယ်ချင်းတွေအဖြစ် ရှိခွင့်ပေးမယ်ဆိုရင် နှင်တို့ ပြန်တဲ့နေ့ကျ ငါလိုက်ပို့ပေးပါရစေ၊ ပြီးတော့ နှင်နဲ့ဒယ်နီ မင်္ဂလာပွဲကျရင် ငါ့ကိုဖိတ်ပါ ငါအရောက်လာခဲ့မယ်"

"စိတ်ချ ကျော်ညီညာ အဲဒီပွဲကို နှင်နဲ့အတူ ညအလင်းပါ အတူလာခဲ့နော်"

သူမ စကားကြောင့် ကျော်ညီညာ ကြည်ကြည်နူးနူးပြုံးသည်။

www.burmeseclassic.com



ပြီးတော့ သူမဆီ လက်ကမ်းပေးရင်း

"ရှာန် နင့်ကိုငါ ကျေးဇူးအရမ်းတင်တယ်၊ ငါ တွေဝေနေခဲ့ပါတယ်၊ နင်ကတော့ ရင့်ကျက်စွာ ဆုံးဖြတ်နိုင်တယ်၊ နင်နဲ့ ဒယ်နီတို့ ပျော်ရွှင်ချမ်းမြေ့ပါစေ။

"ကျေးဇူးပါ သူငယ်ချင်း"

ဆုပ်ကိုင်မိသော လက်ဖဝါးချင်း နွေးထွေးစွာ ဆုံးမိကြသည်။ ဒယ်နီက နားလည်စွာနှင့် သူမကို ကြည့်နေသည်။

ထိုထက် ရင့်ကျက်လာအောင်တော့ သူမ ကြိုးစားရဦးမည် ညအလင်းနှင့် သူ့အတွက် သူမ ကြည်နူးကျေနပ်နိုင်ဖို့ ပြီးတော့ သူမကို နားလည်နိုင်ဆုံး ဒယ်နီကို ပြန်နားလည်ပေးဆပ်ဖို့။

အချိန်တွေက သူမ အနာဂတ်မှာ ကြိုဆိုနေခဲ့သည်။

■ ■ ■

## အခန်း (၃၄)

ရှာန်နှင့်ဒယ်နီတို့ ပြန်သည့်နေ့က သူကော မာမိတို့ပါ လိုက်ပို့ခဲ့သည်။ ငယ်လေးလည်း လိုက်ပို့သည်။

ညအလင်းကတော့ သူမရဲ့ အကသင်တန်း ဆင်းပွဲတစ်ခုရှိတာမို့ မလိုက်နိုင်ခဲ့ပါ။

"ကျော်ညီညာ ညအလင်း ငါ့ဆီဖုန်းဆက်တယ်"

"ဟင် ဟုတ်လား"

သူ အံ့ဩမိသည်။ သူ ဖုန်းဆက်တော့ ပိတ်ထားသည်၊ ရှာန်ဆီတော့ ဖုန်းဆက်သည်တဲ့။

"ငါ့ကို နှုတ်ဆက်တာလေ သူ လိုက်မပို့တာ တောင်းပန်တယ်"

"သြော် အင်း"

"ငယ်လေး မမရှာန် သွားမယ်နော်၊ ညအလင်းကိုလည်း နှုတ်ဆက် ဆုတောင်းခဲ့တာ ပြောပေးဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမချာန်"

မာမီက မျက်ရည်ဝိုင်းလျက် ချာန်ကို သိုင်းဖက်သည်။ ပြီးတော့ ချာန် ဆံနွယ်လေးတွေ ပွတ်သပ်ရင်း

"သမီးကို မာမီချစ်ပါတယ်ကွယ်၊ သမီး ကျန်းမာရေးကို အမြဲ ဂရုစိုက်ပါ၊ မာမီ့ကို သမီး နားကျည်းနေလားဟင်"

"ဟင့်အင်း အန်တီက သမီးမေမေပဲလေ၊ ဘယ်တော့မှ မမုန်း နိုင်ဘူး။ တကယ်ဆို သမီးဒီနေ့အထိ အသက်ရှင်ခွင့်ရခဲ့တာ မေမေ့ ကျေးဇူးကို နားထောင်ခဲ့လို့ပါ"

"သမီးရယ်"

မာမီ မျက်ရည်တို့သုတ်ကာ ချာန်ပါးပြင်လေးကို ငုံ့နမ်းသည်။ ချာန်က မာမီ့ကို ဒူးတုပ်ကန်တော့သည်။

"သာဓု သာဓု သာဓုပါ သမီး။ မေမေ့သမီးလေး ကျန်းမာချမ်း သာလို့ အမြဲတမ်း အေးချမ်းတဲ့ဘဝ ပိုင်ဆိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ မေမေ"

ချာန်နှင့် ဒယ်နီတို့စုံတွဲ လက်ပြနှုတ်ဆက်ကာ လေယာဉ်ဆီ လှမ်းသွားတော့ သူတို့လက်ပြ နှုတ်ဆက်ဖြစ်ကြသည်။

အပြန်မှာ မာမီနှင့် ငယ်လေးကို သူ အိမ်ပြန်ပို့ပေးရသည်။ မာမီက သူ့ကိုကြည့်ရင်း

"သား မင်းဘယ်တော့ အိမ်ပြန်လာမှာလဲ"

"ဒီနေ့ပဲ ပြန်လာမှာပေါ့ မာမီရဲ့၊ အခု ညညဆီကို သွားမလို့"





"ကိုကို မမကို ဘာဒုက္ခပေးမလို့လဲ"

"ဟာကွာ ငယ်လေးကလည်း၊"

"ဟုတ်တယ်လေ ကိုကို့ကြောင့် အားလုံး စိတ်ဒုက္ခတွေ ရောက်ခဲ့ ကြတယ်၊ မမဆို သနားစရာပဲ"

"ဟုတ်ပါပြီ အားလုံးဝမ်းသာ ကြည်နူးရအောင် ညညကို အိမ် ခေါ်ခဲ့မယ်၊ မာမီက အမြန်ဆုံး မင်္ဂလာဆောင်ပေးပါ"

သူ့စကားကို မာမီပြုံးကာ ခေါင်းညိတ်သည်။ ငယ်လေးလည်း မြုံးပြုံးလေး ကြည့်နေသည်။ သူကတော့ ညညကို တွေ့ချင်လှပြီမို့ အမြန်ဆုံး ထွက်ခဲ့လိုက်သည်။

ညအလင်း အိမ်ရောက်တော့ ဧည့်ခန်းမှာ မိအေးနှင့်တွေ့သည်။

"မိအေး ညအလင်းကော"

"မမ မရှိဘူး"

"ဟင် ဘယ်သွားလဲ၊ ဒီနေ့ သင်တန်းဆင်းပွဲ ရှိတယ်ဆို"

"အင်းလေ သင်တန်းဆင်းပွဲက ပြီးသွားပြီ"

"ဒါဆို ညအလင်း ဘယ်သွားတာလဲ"

"ဟို အိမ်ထဲမှာ မရှိဘူး ပြောတာပါ၊ ခြံထဲမှာရှိတယ်၊ ရေ ကန်ဘက်မှာ ထင်တယ်"

"ဟာ တော်တော် နောက်တဲ့ ကောင်မလေး"

သူ ပြောရင်း ပြန်ထွက်ခဲ့တော့ မိအေး သဘောကျစွာ ရယ်မော ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးကန်လေးဘက်ကို သူ လှမ်းခဲ့တော့ ကန်ဘောင်မှာ လမ်းလျှောက်နေသော ညအလင်းကို တွေ့သည်။

အဝါရောင် ဒူးဖုံးဂါဝန်လေးနှင့် ဆံနွယ်ညိုညိုတွေကို ဖြန့်ချ ထားသော ညညာ သိပ်ကို ကြည့်ကောင်းနေသည်။

"ည ညညာ"

သူ လှမ်းခေါ်ပြီး ညအလင်းအနားရောက်တော့ ညအလင်း မျက်မှောင်လေး ကုပ်ကြည့်ရင်း

"ရှင်နဲ့ ကိုယ်ဘာမှ မဆိုင်တော့ဘူး"

"ဟင် စိတ်ဆိုးနေတာလား"

"ကိုယ် အတည်ပြောနေတာ၊ ဘာလဲ ရှင့်ချစ်သူက ရှင့်ကို စွန့်ပြေးလို့ ကိုယ့်ဆီရောက်လာတာလား"

"ဟာကွာ ဒီလိုမပြောပါနဲ့"

"ပြောမှာပဲ ရှင် ဒီလိုလုပ်ခဲ့တာလေ၊ ကျွန်မကိုယ်က အရုပ်တစ် ရုပ်မဟုတ်ဘူး"

"သိတာပေါ့ အရုပ်တစ်ရုပ်ဆို ချက်ချင်းပွေ့ချီပြီး မာမီ့ဆီ ခေါ်ပြေးမှာ"

သူ့စကားကြောင့် ညအလင်း တွန့်ခနဲ ဖြစ်သွားခဲ့ရင်း မျက်နှာ လေး ကျုံ့ကြည့်သည်။

"ဘာလုပ်ဖို့ ခေါ်ပြေးမှာလဲ"

"မြန်မြန် ကိုယ်နဲ့လက်ထပ်ခိုင်းမလို့ မင်းကို ကိုယ်မခွဲနိုင်တော့





ဘူး ညညာရယ်"

ပြောရင်း သူ ဆတ်ခနဲ ပွေ့ဖက်လာတော့ ညအလင်း မကျေ မနပ်လေး ရုန်းကန်သည်။ ဒါပေမဲ့ သူ ပိုတိုးဖက်တော့ မရုန်းသာတော့ပါ။

"တော်စမ်းပါ ရှင်က သတ္တိမရှိတဲ့သူ ဝန်မခံတတ်တဲ့ ယောကျ်ား ပဲ ကျော်ညီညာ"

"ဟာကွာ နှလုံးသားထဲက ဆန္ဒတွေ ခံစားချက်တွေကို ခိုဝှက် ထားရတာပါ"

ညအလင်း ပြုံးမိသည်။ ရှာန်ဆီ ဖုန်းဆက်တုန်းက ကျော်ညီ ညာ မူးပြီး သူမကို ချစ်သည့်အကြောင်းတွေ ပြောပြတာ ကြားခဲ့ပြီးပြီ။

ရှာန်ကတော့ ခံစားရမှာ သေချာသည်။ သူမကတော့ ရင်တွေခုန် ကာ ကြည်နူးခဲ့ရ၏။

"ညညာ ကိုယ် အတည်အလေးအနက် တောင်းဆိုတယ်၊ ကိုယ် ညညာကို လပ်ထပ်ခွင့်ပေးပါ"

"ဟင့်အင်း ရှင်ပြောရမှာ အဆင့်ကျော်နေတယ်၊ ကိုယ့်ကို ချစ်တယ်လို့ ရှင် မပြောရသေးဘူး"

"ဟင် အဲဒါ အရေးကြီးလို့လား"

"သိပ်အရေးကြီးတာပေါ့ ရှင်ကချစ်တယ်လို့ မပြောဘဲ ကိုယ်က လက်ထပ်ခွင့် မပေးနိုင်ဘူး။ ရှင့်စကားကို ကြားချင်လို့ ကိုယ့်သိက္ခာတွေ မာနတွေ၊ ဣန္ဒြေတွေ ခဝါချ ရင်းခဲ့ရတာလေ"

"အိုကေ ညညာသိအောင် လက်တွေ့ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူက ညအလင်းကို ရင်ခွင်ထဲသွင်းကာ မျက်နှာချင်းအပ် အုပ်မိုးလာတော့

"အိုး ရှင်ဘာလုပ်တာလဲ"

"ဝန်ခံရင်း သက်သေပြမလို့ ညညကို ကိုယ်သိပ်ချစ်တယ်၊ မြတ်နိုးတယ် ပိုင်ဆိုင်ချင်တယ် ပြီးတော့"

"အိုး ကျော်ညီညာ"

အနမ်းမိုးတွေ ညအလင်း မတားနိုင်အောင် ရွာချသည်။ ရင်တွေ တငြိမ့်ငြိမ့်ခုန်လျက် ချစ်သူရဲ့ ကြင်နာခြင်းတွေကို သူမ မိန်းမောစွာ ခံယူနေမိခဲ့သည်။

ကိုယ်နဲ့ရှင် ရင်ခုန်သံချင်း ထပ်တူမျှခဲ့ပြီပေါ့ ကျော်ညီညာရယ်။

အားလုံးအတွက်
နတ်သမီး

www.burmeseclassic.com